
www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ရှောင်လင်သိုင်းကာညှာ

ကျင်းထုံ၏ ရှောင်လင်လုံနီ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၀၇၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၈၅၁၀၀၈

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

"ကျား…"

အော်ဟစ်မာန်သွင်းသံနှင့်အတူ ဝန်ယုကောင်းက ညာလက်ဝါးကို ဆန့်ထုတ်ကာ ရိုက်ချလိုက်သည်။

တောင်ပြိုလက်ဝါးရိုက်ချက်။

ဝန်ယုကောင်း လေ့ကျင့်တတ်မြောက်ထားသည့် သိုင်းကွက်သိုင်းဟန်များတွင် အားအထားရဆုံးနှင့် အပိုင်နိုင်ဆုံးတိုက်ကွက်။

ဤတောင်ပြိုလက်ဝါးရိုက်ချက်ဖြင့် ကျန်းလီကို အနည်းဆုံးသော့ သိုင်းဟန်ပျက်သွားအောင် ပြုလုပ်နိုင်လိမ့်မည်ဟု ဝန်ယုကောင်းက တွက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းလီ သိုင်းဟာန်ပျက်သွားသည်နှင့် ပွဲကို ချက်ချင်းရပ်ပြီး မိမိဘက်က အနိုင်ရပြီဟု အော်ဟစ်လိုက်ရန်လည်း အကြံကြီးကြံထားသည်။

ကျွန်းလီ၏သိုင်းပညာ မိမိထက် သာလွန်ကြောင်း ဝန်ယုကောင်း သိသည်။

ထို့ကြောင့်လည်း ယခုလို တစ်ဖက်လှည့်ဖြင့် အကြံအဖန်လုပ်ခြင်း ဖြစ်သည်။

ပြီးတော့ ယခုပွဲသည် သိုင်းပညာယှဉ်ပြိုင်တာလည်း မဟုတ်။

အကြိတ်အနယ် တိုက်ခိုက်ခြင်းလည်းမဟုတ်။

ယီမေချိန်း၏ရှေ့မှောက်တွင် ဟာန်ရေးပြမှု သက်သက်သာဖြစ်သောကြောင့် သိုင်းပညာယှဉ်ပြိုင်ပွဲနှင့် ရင်ဆိုင်တိုက်ခိုက်မှုများ၏ စည်းကမ်း နည်းလမ်းများကို လိုက်နာဖို့ မလိုဟုလည်း ဝန်ယုကောင်းက မှတ်ယူထားလေသည်။

ကျွန်းလီ အိုးနင်းခွက်နင်း ဖြစ်သွားအောင် လုပ်နိုင်ဖို့က အဓိက။

သို့ရာတွင်...

ဝန်ယုကောင်း မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါ။

သူ၏တွက်ကိန်းတွေ လွဲကုန်သည်။

ကျွန်းလီသည် ညာခြေကို ဘေးသို့ တစ်ကွက်လှမ်းလျက် ကိုယ်ခန္ဓာကိုလည်း ဘယ်ဘက်သို့ ခပ်စောင်းစောင်းလေး ပြုလိုက်ရုံဖြင့် ဝန်ယုကောင်း အားကုန်အင်ကုန် ရိုက်ချသော တောင်ပြို့လက်ဝါး



ရိုက်ချက်ကို ရှောင်လိုက်နိုင်သည်။

ဤသို့ဖြင့် ဝန်ယုကောင်း၏ လက်ဝါးရိုက်ချက်မှာ လေကိုသာ ရိုက်မိသည်။

ဝန်ယုကောင်း တွက်ထားသလို ကျွန်းလီသည် သိုင်းဟာန်လည်း မပျက်။

အိုးနင်းခွက်နင်းလည်းမဖြစ်။

ရှောင်တိမ်းလိုက်သည့် သိုင်းဟာန်ကလည်း လှပ်ရှားသွက်လက်သည်။

သေသပ်ပိရိ အကွက်ကျလှပေရာ ကြည့်၍ပင် အတော်ကောင်းသွားသည်။

ဝန်ယုကောင်းမှာသာ အားကုန် ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက်က လေကိုသာ ရိုက်မိပြီး အားလွန်သွားရာ မိမိ၏အားကို မိမိ ပြန်မထိန်းနိုင်ဘဲ မှောက်လျက်လဲကျသွားမည်ကဲ့သို့ပင် ဖြင်သွားရလေသည်။

အကယ်၍ ကျွန်းလီကသာ ဖြတ်၍ တိုက်ကွက်တစ်ကွက်ဆင်လျှင် ဝန်ယုကောင်း ဘယ်လိုမှ ရှောင်နိုင်မည်မဟုတ်။

ကျုကျနန အထိခံရမှာ သေချာသည်။

ဝန်ယုကောင်း၏မျက်နှာ နီရဲသွားသည်။

အတော်လည်း ရှက်သည်။

ထိုနေရာတွင် ဆက်၍ပင် မနေလိုတော့။

ထို့ကြောင့် ချာခနဲလှည့်ကာ မပြေးရုံတစ်မည် ခြေလှမ်းသွက်သွက်ဖြင့် အမြန်ဆုံး လျှောက်လှမ်း၍ သွားလေတော့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ခစ်...ခစ်...ခစ်၊ ဘာမှ အဖြစ်မရှိဘဲနဲ့ တိုက်ချင်ခိုက်ချင်နေတယ်၊ နိုင်အောင်လဲ မတိုက်နိုင်ဘဲနဲ့"

ယီမေချိန်၏ ရယ်မော လှောင်ပြောင်လိုက်သံက ဝန်ယုကောင်း၏ နားထဲသို့ သံပူရည် လောင်းချလိုက်သည့်အလား မခံချင်စဖွယ် ဝင်ရောက်လာသည်။

ဝန်ယုကောင်းသည် နောက်သို့ လှည့်မကြည့်။

အံကို တင်းတင်းကြိတ်၊ လက်သီးနှစ်ဖက်ကို ကျစ်တျစ်ပါအောင် ဆုပ်ကာ ဆက်လက် လျှောက်လှမ်း ထွက်လာခဲ့လေသည်။

➤ ➤ ➤

BURMESE CLASSIC



"ဝန်ယုကောင်းက တို့ထက် သိုင်းပညာအဆင့် အများကြီးနိမ့်တယ်၊ ဝါလဲနုတယ်၊ သူက တို့ကို ဘယ်လိုလုပ်ပြီး နိုင်အောင် တိုက်နိုင်မှာလဲ၊ တို့အနေနဲ့ကလဲ ကိုယ့်ထက် ပညာဝါနုတဲ့ လူတစ်ယောက်ကို မတိုက်ခိုက်ချင်ပါဘူး၊ အခု သူက အတင်းဝင်တိုက်လာတာကို အသာ ရှောင်တိမ်းပေးရုံပါပဲ၊ တို့ကို နိုင်အောင် မတိုက်နိုင်လို့ ဝန်ယုကောင်း အစွမ်းအစ ညံ့တယ်လို့တော့ ပြောဖို့ မသင့်ဘူးထင်တယ်"

ကျန်းလီက ယီမေချိန်းကို ပြောသည်။

"အစ်ကိုကတော့ သိပ်ကို သဘောကောင်းနေ၊ ဝန်ယုကောင်းက သိုင်းပညာချင်း မယှဉ်နိုင်တာကြောင့် အစ်ကို့ကို ကိုယ်ပိုင်သိုင်းဟန်ပျက်ပြီး အရှက်ရအောင် အကောက်ဉာဏ်နဲ့ကြံခဲ့တာ၊ သူ့ အကြံအတိုင်းမဖြစ်လို့ တစ်ချီးတည်း ထွက်ပြေးသွားတာ မဟုတ်လား၊ အဲဒါကို အစ်ကိုလဲ သိသားနဲ့ မှတ်လောက်အောင်ဖြစ်ဖြစ် နည်းနည်းပါးပါး တုံ့ပြန်တိုက်ခိုက်လိုက်ဖို့ ကောင်းတယ်"

ယီမေချိန်းက မကျေမနပ် ပြောသည်။

ကျန်းလီက ဘာမှမပြော။

အသာပင် ပြုံးနေလိုက်လေသည်။

ကျန်းလီသည် ဝါးဖြူရွာ လူငယ်သိုင်းသမားများတွင် ခေါင်းဆောင်ဖြစ်သည်။

ဝါးဖြူရွာတွင် သိုင်းပညာ အတော်ဆုံးဟုလည်း ဆိုနိုင်လေသည်။

ကျန်းလီသည် အသက် နှစ်ဆယ်ခန့် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်မြင့် ကိုယ်ခန္ဓာ ကျစ်လျစ်သန်မာသည်။

ရုပ်ရည် ရည်မွန်ခန့်ညားသည်။

စိတ်နေစိတ်ထားလည်း ကောင်းမွန်သည်။

ကျန်းလီတို့ နေထိုင်ကြရာ ဝါးဖြူရွာသည် သိုင်းမိသားစုရွာ တစ်ခုဟုပင် ဆိုနိုင်သည်။

ဝါးဖြူရွာ၏ ရွာသူရွာသားအားလုံးပင် မိရိုးဖလာသိုင်း ပညာများကို ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း သင်ကြားတတ်မြောက်ထားကြသည်။

ဝါးဖြူရွာ၏ မိရိုးဖလာ သိုင်းပညာသည် အဆင့်တော့ သိပ်မမြင့်ပါ။

ဒုတိယတန်းစား အဆင့်လောက်တွင်သာ ရှိသည်။

ကျန်းလီသည် ဝါးဖြူရွာ၏ သိုင်းပညာ စွမ်းရည်ကို ပိုမိုမြင့်မားအောင် လုပ်ဆောင်လိုသည်။

ထို့ကြောင့် မိရိုးဖလာ သိုင်းပညာများကို မိမိ၏ဖခင်ထံမှ သင်ကြားတတ်မြောက်ပြီးနောက် အသက် တစ်ဆယ့်ခြောက်နှစ်သား အရွယ်တွင် လို့ရန်မြို့သို့ သွားရောက်ကာ ခွန်လွန်ဂိုဏ်းမှ သိုင်းသမားကြီး ယိုပန်းတော်ထံတွင် တပည့်ခံကာ အဆင့်မြင့် သိုင်းပညာများကို သုံးနှစ်သုံးမိုး သင်ကြားခဲ့လေသည်။

ကျန်းလီတစ်ယောက် ဝါးဖြူရွာသို့ ပြန်ရောက်သည်မှာ တစ်နှစ်သာသာခန့်သာ ရှိသေးသည်။

ကျန်းလီသည် ဝါးဖြူ၏ လူငယ်သိုင်းသမားများကို စုစည်းကာ မိမိ တတ်မြောက်လာခဲ့သော အဆင့်မြင့် သိုင်းပညာများကို



ဆင့်ပွား သင်ကြားပေးနိုင်ရန် စီစဉ်လုံးပန်းနေဆဲ အချိန်လည်း ဖြစ်သည်။

စိတ်သဘောထားကောင်းပြီး သိုင်းပညာလည်း ထူးချွန်သော ကျန်းလီကို ဝါးဖြူရွာသူ အပျိုချောတို့က အလေးပေးကြသည်။

ထိုသို့ အလေးပေးကြသည့် အပျိုချောများတွင် ယီမေချိန်းလည်း တစ်ယောက်ပါဝင်သည်။

ကျန်းလီကလည်း ယီမေချိန်းအပေါ် စိတ်ဝင်စားမှု ရှိသည်။

သို့သော် ဝါးဖြူရွာ၏ လူငယ်သိုင်းသမားများကို အဆင့်မြင့် သိုင်းပညာများ သင်ကြားပေးရေးအတွက် ကြိုးပမ်းလုပ်ကိုင်နေရချိန် ဖြစ်သောကြောင့် ကိုယ်ရေးကိုယ်တာ အချစ်ရေးကိစ္စကို ဦးစားမပေးနိုင်ဘဲ ရှိနေသည်။

ဝန်ယုကောင်းကတော့ ယီမေချိန်းကို တစ်ဖက်သတ် ကြိုက်နေသည်။

သဲသဲမဲမဲ ပိုးပန်းလျက် ရှိသည်။

ယီမေချိန်းကတော့ ဝန်ယုကောင်းကို စိတ်မဝင်စား။

အရေးလည်း မပေးပေ။

ကျန်းလီကိုသာ ခင်ခင်မင်မင်လုပ်သည်။

သို့ဖြင့် ဝန်ယုကောင်းသည် ကျန်းလီကို အလိုလိုနေရင်း မနာလိုဝန်တို ဖြစ်လာသည်။

ကျန်းလီကတော့ ဝန်ယုကောင်းအပေါ်တွင် ဘယ်လိုမှ ခလိုမုန်းထား မရှိပါ။

တစ်ရွာတည်းသား လူငယ်လူရွယ်ချင်း ခင်မင်သည့် သ

www.burmeseclassic.com

www.burmeseclassic.com



ဘောသာရှိသည်။

➤ ➤ ➤

ယီမေချိန်း၏ ရှေ့မှောက်တွင် အရေးမလှ ဖြစ်ခဲ့မှုကြောင့် ရှက်လည်းရှက်၊ စိတ်လည်းညစ်နေသော ဝန်ယုကောင်းသည် ဝါးဖြူရွာအနောက်ဘက် တောစပ်နားရှိ အဘိုးအိုမိန်၏ တဲကုပ်လေးသို့ လာခဲ့သည်။

အဘိုးအိုမိန်သည် တစ်ကိုယ်တော်နေထိုင်သော ယစ်ထုပ်ကြီးတစ်ယောက် ဖြစ်သည်။

အရက်ချက်လည်း အတော်တောင်းသည်။

အမဲလိုက်လည်း ကျွမ်းကျင်သည်။

အရက်ကြိုက်တတ်သူများနှင့် အဘိုးအိုမိန် ချက်လုပ်သည့် အရက်များနှင့် အဘိုးအိုမိန် ပစ်ခတ်ရရှိသော တောကောင်များကို လာရောက်ဝယ်ယူ စားသောက်ကြရာမှ အဘိုးအိုမိန်၏တဲကုပ်သည် အရက်ဆိုင်တစ်ခု ဖြစ်လာခဲ့လေသည်။

အဘိုးအိုမိန်၏တဲကုပ်သို့ ဝန်ယုကောင်း ရောက်သွားသောအခါ လူရွယ်နှစ်ယောက် အရက်တစ်အိုးနှင့် အသားခြောက်ကြော်တစ်ပန်းကန် အလယ်တွင်ချကာ အရက်ထိုင်သောက်နေကြသည်ကို တွေ့ရသည်။

လူရွယ်တစ်ယောက်က ဝန်ယုကောင်းနှင့်ရွယ်တူ တစ်ဆယ့်ကိုးနှစ်သားခန့် ရှိသည်။



ကျန်တစ်ယောက်ကတော့ တစ်ဆယ့်ရှစ်နှစ် သာသာခန့်။

"ဟေ့… ဝန်ယုကောင်း၊ အတော်ပဲ၊ ငါက မင်းကိုတောင်လာရှာတော့မလို့"

အသက် တစ်ဆယ့်ကိုးနှစ်ခန့်သာရှိသော လူရွယ်က ဝန်ယုကောင်းကို မြင်သောအခါ လှမ်း၍ပြောသည်။

"ဘာကိစ္စရှိလို့လဲ ဟိုဖိန့်"

ဝန်ယုကောင်းက ပြန်မေးရင်း အရက်ဝိုင်းတွင် ဝင်ထိုင်သည်။

လှမ်းနှုတ်ဆက်လိုက်သည့် လူရွယ်မှာ ဝန်ယုကောင်း၏ သူငယ်ချင်း ဟိုဖိန့်ဖြစ်သည်။

"ဟောဒီကောင် လုအိမ်လိမ် အကြံအစည်ကောင်း တစ်ခုရလာလို့ကွ၊ မင်းနဲ့ တိုင်ပင်မလို့၊ ဟော့ အရက်တစ်အိုး ထပ်သွားယူကွာ"

"အဘိုးကြီးမိန် ထောင်ချောက်နဲ့ ကြေ့ကွင်းတွေ သွားကြည့်နေတယ်၊ မကြာခင် ပြန်ရောက်လာမှာပါ၊ ကံကောင်းရင် တောကောင်ဟင်းကောင်း စားရမှာကွ၊ အခုတော့ ရှိတဲ့ ဆတ်သားခြောက်ကြော်လေးနဲ့ပဲ စားနေနှင့်ဦး၊ ရော့ သောက်"

ဟိုဖိန့်က အရက်တစ်ခွက် ပေးရာစိတ်ညစ်နေသော ဝန်ယုကောင်းလည်း အကုန် မော့သောက်ချပစ်လိုက်သည်။

"ဟဲ့ကောင်… အသောက်ကြမ်းလှချည်လား၊ ဖျင်းပြီးသောက်စမ်းပါကွ"

"ငါစိတ်ညစ်လာလို့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... ယီမေချိန်းက ကျန်းလီကို အရေးပေးနေတဲ့ အတွက်ကြောင့်ပဲလား"

"မမှားဘူး"

ပြောပြောဆိုဆို ဝန်ယုကောင်းက အရက်တစ်ခွက်ငှဲ့ယူသည်။

ထိုအရက်ကိုပါ စောစောကလို မော့သောက်ချမည်အပြု ဟိုဖိန့်က အသာဆွဲထားလိုက်သည်။

"ဟော့ကောင်..အရမ်းသောက်မနေနဲ့၊ မူးပြီး လဲနေလိမ့်မယ်"

"မူးပြီး လဲသွားတာ အကောင်းဆုံးပဲကွ၊ ဖယ်စမ်းပါ"

"နေဦးလေ....ငါတို့ လုအိမ်လိမ်ရဲ့ အကြံအစည်ကို နားထောင်စမ်းပါဦး၊ ဒီအကြံအစည် အောင်မြင်ရင် ယီမေချိန်းလည်း မင်းလက်ထဲရောက်လာမှာ သေချာတယ်"

စိတ်ညစ်နေသော ဝန်ယုကောင်းသည် လုအိမ်လိမ်၏အကြံအစည်ဆိုသည်ကို စိတ်မဝင်စားလှပါ။

လုအိမ်လိမ်သည် ဝါးဖြူရွာသားတစ်ယောက် မဟုတ်ပေ။ ရေမျောကမ်းတင်ဆိုသလိုပင် ခြေသလုံးအိမ်တိုင် ဘဝမျိုးဖြင့် ဝါးဖြူရွာသို့ ရောက်လာသူဖြစ်သည်။

ဟိုဖိန့်တို့ မိသားစု၏ ကြည့်ရှုစောင်မမှုဖြင့် လုအိမ်လိမ်သည် ဝါးဖြူရွာတွင် တစ်ဝမ်းတစ်ခါး စားသောက်နေထိုင်နိုင်ခဲ့သည်။

လုအိမ်လိမ်သည် လူကသာ ခြေသလုံးအိမ်တိုင်ဖြစ်သည် အကြံကတော့ အတော်ကြီးသည်။



ချမ်းသာကြွယ်ဝရေးအတွက် အမြဲပင် ကြံစည်နေသည်။

သူ၏အကြံအစည်များကတော့ စိတ်ကူးယဉ် အိပ်မက်တွေသာများလှသည်။

ဤအကြောင်းကို သိနေသည့်အတွက် ဝန်ယုကောင်းက လုအိမ်လိမ်၏ အကြံအစည်ဆိုသည်ကို အစက စိတ်မဝင်စားခဲ့သော်လည်း မိမိနှင့် ယီမေချိန်းတို့ နီးစပ်နိုင်မည်ဆိုတော့ ဘယ်လို အကြံအစည်ဆိုသည်ကို စိတ်ဝင်စားလာသည်။

"ဘယ်လို အကြံတွေများ ရှိလို့လဲကွ၊ ပြောစမ်းပါဦး"

အနည်းငယ် စိတ်ဝင်စားလာသောကြောင့် ဝန်ယုကောင်းကမေးလိုက်လေ၏။

ထိုအချိန်တွင် လုအိမ်လိမ်သည် အရက်အိုးတစ်အိုး မလျက် ပြန်ရောက်ရှိလာရာ ဟိုဖိန့်က လုအိမ်လိမ်ကို ခေါင်းတစ်ချက်ဆတ်ပြကာ....

"ကိုင်းဟေ့ လုအိမ်လိမ်၊ မင်းအကြံကို မင်းကိုယ်တိုင်ပဲရှင်းပြလိုက်ပေတော့ကွာ"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဝန်နဲ့ အစ်ကိုယိုတို့ရော ကျွန်တော်ပါ စိတ်တိုင်းကျ သုံးဖြုန်းပျော်ရွှင်နိုင်အောင် ဖြတ်လမ်းကနေ သူဌေးဖြစ်ကြဖို့ပါပဲ"

လုအိမ်လိမ်က စကားအစပျိုးသည်။

"ဖြတ်လမ်းက သူဌေးဖြစ်ကြမယ်ဆိုတော့ ဓားပြတိုက်ဖို့ပဲ ရှိမှာပေါ့ကွာ"

ဝန်ယုကောင်းက ကြားဖြတ်ကာပြောသည်။

စိတ်ညစ်ညူးနေသည့် အချိန်တွင် ဖြတ်လမ်းက သူဌေးဖြစ်အောင် လုပ်ဖို့သာ ပြောနေသည့်အတွက် ဝန်ယုကောင်းက ဘုတောလိုက်မိခြင်းဖြစ်သည်။

သို့သော်…

လုအိမ်လိမ်က ညာခက်ပေါင်ကို ညာလက်ဝါးဖြင့် ဖျောင်းခနဲမြည်အောင်ပင် ရိုက်လိုက်ကာ…

"ဟုတ်လိုက်လေ အစ်ကိုဝန်ရာ၊ ကျွန်တော့်အကြံက ပစ္စည်းဥစ္စာတွေ တစ်ခါတည်းနဲ့ အပုံလိုက်ရအောင် အစ်ကိုကြီး ဓားပြတိုက်ဖို့ပဲဗျ"

လုအိမ်လိမ်၏ အကြံအစည်မှာ တကယ်ပင် ဓားပြတိုက်ရန် ဖြစ်နေသောကြောင့် ဝန်ယုကောင်း မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်မှလဲ လုပ်စမ်းပါကွာ၊ ဘယ်နေရာမှာသွားပြီး အချီကြီးနဲ့ ဓားပြတိုက်မှာလဲ၊ ဒီနေရာဒီဒေသမှာ ပစ္စည်းဥစ္စာများများစားစား ဓားပြတိုက်ယူနိုင်လောက်အောင် ချမ်းသာတဲ့လူ တစ်ယောက်မှမရှိတာ၊ မင်းလဲ အသိသားနဲ့ကွာ"

"ဒေသခံတွေထဲမှာ လူချမ်းသာမရှိပေမယ့် ဒီနေရာဒီဒေသ



ကို ဖြတ်သွားနေကြတဲ့ ခရီးသွားတွေထဲမှာတော့ ပစ္စည်းဥစ္စာတွေ အများကြီး ပါလာကြပါတယ်"

"အဲဒါတွေက သိုင်းသမားအစောင့်အရှောက် အပြည့်အစုံပါတဲ့ အာမခံသယ်ယူပို့ဆောင်ရေး အဖွဲ့တွေ မဟုတ်လား၊ မင်းတို့ ငါတို့ရဲ့ သိုင်းပညာမဖြစ်စလောက်လေးနဲ့ သွားတိုက်လို့ ဘယ်လိုလုပ် နိုင်မှာလဲ၊ မဖြစ်နိုင်တာတွေ ပြောမနေတဲ့ကွာ"

"အာမခံ သယ်ယူပို့ဆောင်ရေးအဖွဲ့တွေ မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် သွားကြတဲ့ ခရီးသွားတွေလဲ ရှိပါတယ်ဗျ"

"အေး…ရှိပါတယ်၊ ကိုယ့်ဘာသာကိုယ် သွားကြတယ်ဆိုပေမယ့် အဖိုးတန် ပစ္စည်းဥစ္စာပါလာတဲ့ လူတွေက အာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့တွေနဲ့ အတူ ခရီးကြုံလိုက်ကြတာပဲ မဟုတ်လား၊ အဲဒီလို ခရီးကြုံမလိုက်ဘဲ သီးသန့်သွားတဲ့လူတွေကတော့ မရှိဆင်းရဲသားတွေချည်းပဲ၊ သူတို့ဆီက ဓားပြသွားတိုက်လို့ကတော့ ထမင်းထုပ်ရယ်၊ အဝတ်အစားစုတ်တွေပဲရမယ်"

ဟိုဖိန့်က ကြားဝင်ကာ…

"လုအိမ်လိမ်ရဲ့ အစီအစဉ်တွေကို သေသေချာချာ နားထောင်ပါဦးကွ၊ ဒီတစ်ခါ ဒီကောင် ကြံစည်ထားတာက အတော်ကို အကွက်စေ့တာကွ"

ဝန်ယုကောင်း နှုတ်ဆိတ်သွားသည်။

လုအိမ်အိမ်က သူ၏ အစီအစဉ်ကို ပြောဆိုရှင်းပြသည်။

"မနက်ဖြန် ညကျရင် စင့်မော်ဘုံကျောင်းပျက်စခန်းနား သွားပျံ့သယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ ခရီးသွားအုပ်စု တစ်ခုရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး စခန်းချနားနေကြလိမ့်မယ်၊ သူတို့နဲ့အတူတူ တန်အမျိုးအနွယ် သူဌေးကြီးမိသားစုလည်း ခရီးကြုံလိုက်လာကြတယ်လို့ သိရတယ်၊ စခန်းချတဲ့အခါမှာတော့ တန်အမျိုးအနွယ် သူဌေးကြီးမိသားစုက သူတို့ဘာသာ သီးသန့်နေရာယူကြမှာပဲ၊ ကျွန်တော်တို့က ပိပိရိရိဝင်ပြီးလုယက်တိုက်ခိုက်ရင် ကျားပုံသယ်ယူပို့ဆောင်ရေး အဖွဲ့က သိုင်းသမားတွေ သိနိုင်မှာ မဟုတ်ဘူး"

ဝန်ယုကောင်းက အနည်းငယ် စဉ်းစားလိုက်ကာ…

"သူတို့က သီးသန့် နေရာယူကြမယ်ဆိုပေမယ့် ကျားပုံသယ်ယူပို့ဆောင်ရေးအဖွဲ့က သိုင်းသမားတွေ မမြင်နိုင်မကြားနိုင်အောက်အောင်တော့ ဝေးဝေးနေကြမှာ မဟုတ်ဘူးကွ"

"ဒါကတော့ ကျွန်တော်တို့ကလဲ အချိန်တိုတိုအတွင်း အသံဗလံတွေ သိပ်မထွက်ရအောင် ပိပိရိရိ လုပ်ရမှာပေါ့၊ အစ်ကိုတို့ရဲ့ သိုင်းပညာတွေက ဒီလောက်တော့ စွမ်းနိုင်မှာပါ"

"ငါတို့ သင်ထားတဲ့ သိုင်းပညာတွေကို ဒီလိုတိုက်ခိုက်လုယက်တဲ့ နေရာမှာသုံးဖို့ မသင့်ဘူးထင်တယ်ကွ"

ဝန်ယုကောင်းက အင်တင်တင်ဖြစ်နေရာ ယိုဖိန့်က ကြားဝင်သွေးဆောင်ရပြန်သည်။

"ဒီမယ် သူငယ်ချင်း၊ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့၊ ဒီလိုအခွင့်ကောင်းကြုံတုန်းမှ သူဌေးမဖြစ်ဘူးဆိုရင် မင်းအနေနဲ့ ယိမေချိန်းကို အရယူဖို့လဲ စိတ်မကူးနဲ့တော့၊ တစ်ခါတည်း လက်လျှော့လိုက်ပေတော့"

"မင်းတို့ ဓားပြတိုက်မယ့်ကိစ္စက ယိမေချိန်းနဲ့ဘာဆိုင်လို့လဲ"



"ဘယ်မဆိုင်ရမှာလဲ၊ ဒီမယ် ဝန်ယုကောင်း၊ ငါပြောတာကို သေသေချာချာ စဉ်းစား၊ လောကကြီးမှာ စာပေပညာဖြစ်ဖြစ် မြောက်မြောက် တတ်ရင်တတ်၊ သိုင်းပညာထူးချွန်ရင် ထူးချွန်၊ ဒါမှမဟုတ် ချမ်းသာရင်လဲ ချမ်းသာမှ မိန်းမတွေက သဘောကျတာကွ၊ မဟုတ်ရင် အရေးတောင် လုပ်တာမဟုတ်ဘူး၊ ဟိုကောင် ကျန်းလီကစာပေပညာလေးဘာလေး တတ်ပြီး သိုင်းပညာထူးချွန်လို့ ယိမေချိန်းက မျက်နှာသာပေးနေတာ မင်းလဲ အသိပဲ မဟုတ်လား"

ဝန်ယုကောင်း ငိုင်ကျသွားသည်။

ယိမေချိန်းက ကျန်းလီနှင့် ရင်းရင်းနှီးနှီး လိုက်လိုက်လျောလျောနေသည်ကို ဝန်ယုကောင်း အထူးမခံချိမခံသာ ဖြစ်နေရာ ယိုဖိန့်စကားများက ဝန်ယုကောင်း၏ပျော့ကွက်ကို ကျကျနနထိသွားခဲ့သည်။

တစ်ဖက်တွင်လည်း မိမိ သင်ကြားတတ်မြောက်ထားသော သိုင်းပညာကို ဓားပြတိုက်သည့် အလုပ်တွင် အသုံးမချသင့်ကြောင်း စဉ်းစားမိကာ ချီတုံချီချ ဖြစ်နေသည်။

"ဘယ်လိုလဲ ဝန်ယုကောင်း၊ ငါတို့နဲ့အတူတူ လိုက်လုပ်ဖို့ သဘောတူသလား"

ဟိုဖိန့်က မေးသည်။

"ကျားပုံသယ်ယူပို့ဆောင်ရေးအဖွဲ့က သိုင်းသမားတွေ မသိအောင် လုပ်ရှားဖို့ကတော့ အတော့်ကို ခက်ခက်ခဲခဲတော့ ရှိမှာပေါ့၊ ကြိုးစားပမ်းစားလဲ လုပ်ရမှာပေါ့၊ ငှက်ပျောသီးအခွံနွှာစားသလိုတော့ ဘယ်လွယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က သိုင်းသမားတွေလုပ်ပြီး ခားပြတိုက်တာ ကောင်းပါ့မလားကွာ"

ဝန်ယုကောင်း ချီတုံချချ ဖြစ်နေဆဲ။

"မင်းပြောရတာ တယ်လက်ဝင်တာကိုး၊ ငါကတော့ အခုလို ဘာမဟုတ်ညာမဟုတ် အခြေအနေနဲ့ အရိုးထုတ်ရမှာကို လုံးဝမလိုလားဘူး၊ ဒါကြောင့် ချမ်းသာရာ ချမ်းသာကြောင်းလုပ်ရမှာပဲ၊ လုအိမ်လိမ်ရဲ့ အစီအစဉ်အတိုင်းလုပ်ဖို့ ငါတော့ ယတိပြတ်ဆုံးဖြတ်ပြီးပြီ၊ မင်းကို ငါ့ရဲ့အခင်မင်ဆုံး သူငယ်ချင်းမို့ တိုင်ပင်ပြီး လက်တွဲခေါ်တာ၊ မင်းရဲ့အခြေအနေကိုလဲ မင်းအသိပဲ၊ ဒီတော့ ငါတို့ လုပ်မယ့်ကိစ္စကို သဘောတူရင်လဲ အတူတူပါ၊ သဘောမတူဘူးဆို ရင်လဲ အသာဘေးဖယ်နေပေါ့ကွာ၊ ဒါပဲရှိတယ်"

ဟိုဖိန့်က အပြတ်ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်နဲ့ အစ်ကိုဟိုတို့တတော့ ဒီနေ့ညလုပ်ရှားကြမှာ အသေအချာပဲ"

လုအိမ်လိမ်ကလည်း ဝင်ပြောသည်။

ဝန်ယုကောင်းသည် ခပ်ပေပေနေတတ်သော်လည်း လူဆိုးလူမိုက်တစ်ယောက်တော့ မဟုတ်။

သိုင်းပညာကိုလည်း မကောင်းမှုဒုစရိုက်အလုပ်တွင် မသုံးလို…။

သို့သော်…

ဟိုဖိန့်သည် ဝန်ယုကောင်း၏ အခင်ဆုံးသူငယ်ချင်း ဖြစ်နေသည်။



ခပ်ပေပေနေတတ်သော ဝန်ယုကောင်းကို အခြားသော သက်တူရွယ်တူ လူရွယ်များက သိပ်ရင်းရင်းနှီးနှီး မပေါင်းကြသည့်အတွက် ဟိုဖိန့်တစ်ယောက်တည်းသာ ခင်မင်ရင်းနှီးသူဟူ၍ ရှိသည်။

ယခုကိစ္စ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဟိုဖိန့်သည် ဤရွာကို ကျောခိုင်းကာ ထွက်သွားမည်ကတော့ သေချာသည်။

မိမိ တစ်ယောက်တည်း ခင်မင်ရင်းနှီးသော အပေါင်းအသင်းမရှိဘဲ ဘက်ပဲ့ကျန်ရစ်ခဲ့မှာကိုလည်း ဝန်ယုကောင်းက မလိုလား။

ထို့ပြင်…

အတွေ့အကြုံနည်းပါးကာ အသက်လည်း ငယ်ရွယ်သေးသည့် ဝန်ယုကောင်းအနေဖြင့် မိမိတွင် ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝလာလျှင် ယီမေချိန်းနှင့် နီးစပ်နိုင်မည့် အခွင့်အလမ်းတွေ ပွင့်လာမည်ဟုလည်း တွေးမိသည်။

ထို့ကြောင့်…

နောက်ဆုံးတွင် လုအိမ်လိမ်၏အကြံအစည်အတိုင်း လုပ်ရန် သဘောတူလက်ခံဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

"အေးကွ…မင်းက လုပ်ဖို့ဆုံးဖြတ်ထားပြီးပြီဆိုတော့ ငါလဲ လိုက်လုပ်မယ်၊ ဟေ့…လုအိမ်လိမ် တစ်ခွက်ထည့်ကွာ"

ဝန်ယုကောင်းက မိမိ၏ဆုံးဖြတ်ချက်ကို ထုတ်ပြောပြီး အရက်ခွက် ကမ်းပေးသည်။

လုအိမ်လိမ်က အရက်အိုးကို ကောက်မကာ ဝန်ယုကောင်း

www.burmeseclassic.com

www.burmeseclassic.com



၏ခွက်ထဲ အရက်အတော်များများ ထပ်ဖြည့်ပေးသည်။

ဟိုဖိန့်ကလည်း သူ့ခွက်ထဲရှိ အရက်လက်ကျန်ကို အပြတ်ရှင်းလိုက်ပြီး…

“ဒီလိုလုပ်စမ်းပါ သူငယ်ချင်းရာ၊ ယောက်ျားပဲ တုံးတိုက်တိုက် ကျားကိုက်ကိုက် စွန့်စားစရာရှိ စွန့်စားမှပေါ့ကွ၊ ဟော့ လုအိမ်လိမ် ငါ့ခွက်ထဲလဲ ထပ်ထည့်ကွာ၊ ဆိတ်သားခြောက်ကြော်လဲ ထပ်ယူခဲ့ဦး”

“ဟုတ်ကဲ့ အစ်ကိုဟို”

လုအိမ်လိမ်သည် မ ထားသော အရက်အိုးထဲမှ အရက်များကို ဟိုဖိန့်၏ခွက်ထဲသို့ ခပ်သွက်သွက်ပင် ဖြည့်ထည့်ပေးသည်။

ထို့နောက်…

အရက်အိုးကိုချကာ ဆိတ်သားခြောက်ကြော်များ အမြန်သွားယူ၏။

သူ၏အကြံကို ဟိုဖိန့်ကရော ဝန်ယုကောင်းကပါ လက်ခံပြီမို့ လုအိမ်လိမ် အတော်ကို ကျေနပ်ကာ ပေါ့ပါးသွက်လက်နေသည်။

သည့်နောက်တွင်တော့ သုံးယောက်သား ဆက်လက်လှုပ်ရှားလုပ်ဆောင်ရမည့် အစီအစဉ်များကို ပြောဆိုတိုင်ပင်ကြလေတော့သည်။

➤ ➤ ➤

# အခန်း(၂)

လမိုက်ညတော့ မဟုတ်ပါ။

ကောင်းကင်တွင် လတစ်ခြမ်းကွေးလေး သာနေသည်။

ညသည် ဝိန်းပိတ်အောင် မှောင်မိုက်မနေ။

လရောင်ထိုးကျ သောနေရာများတွင် လင်းနေသည်

စင့်မော်ဘုံကျောင်းပျက်ကြီးသည် အတော်ကို ကြီးမားသော အဆောက်အအုံဖြစ်သည်။

အဆောင်ဆောင် အခန်းခန်းရှိသည်။

အုတ်ရိုးအထပ်ထပ် ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစိတ်အပိုင်း အတော်များများက ပျက်စီးနေပြီ။

ဤအရပ်ဒေသမှ ဖြတ်သန်းသွားကြသော ခရီးသွားများသည် တစ်ခါတစ်ရံတွင် စင့်မော်ဘုံကျောင်းပျက်ကြီးတွင် ညအိပ်စခန်းချလေ့ရှိသည်။

ဘုံကျောင်းပျက်ကြီး၏ ရေကန်ငါးကန်တွင် နှစ်ကန်သည် အတန်ကောင်းမွန်စွာ ရှိနေသေးမှုက ခရီးသွားများအတွက် များစွာ အဆင်ပြေစေသည်။

ပျက်စီးယိုယွင်းနေသော ဘုံကျောင်းပျက်ကြီး၏ အဆောင်အခန်း တစ်ခုခုတွင် အနည်းငယ် လှည်းကျင်းသန့်ရှင်းလိုက် လျှင်တစ်ညတာနားနေအိပ်စက်ရာ နေရာတော့ အဆင်ပြေသွားတတ်ပေသည်။

ပြိုကျနေသော နံရံများ၊ အုတ်ပုံများ၊ စသည်တို့ကြောင့် ဘုံကျောင်းပျက်ထဲတွင် လရောင်မလင်းဘဲ မှောင်ရိပ်ကျသော နေရာတွေလည်း ဖြစ်ပေါ်နေသည်။

ယနေ့ညတွင် စင့်မော်ဘုံကျောင်းပျက်ကြီးတွင် ကျားပျံ့သယ်ယူပို့ဆောင်ရေးအဖွဲ့၏ ခရီးသွားမြင်းလှည်းအုပ်စုတစ်စု ညအိပ်စခန်းချနေသည်။

ကျားပျံ့သယ်ယူပို့ဆောင်ရေးအဖွဲ့ မြင်းလှည်းအုပ်စုတွင် ဝန်တင်မြင်းလှည်း သုံးစီး၊ မြင်းလှည်းမောင်းသမား ခြောက်ဦး၊ မြင်းစီးအစောင့်သိုင်းသမား ကိုးယောက်ရှိပါသည်။

ကျားပျံ့ သယ်ယူပို့ဆောင်ရေးအဖွဲ့ ခရီးသွားအုပ်စုများတွင် မြင်းလှည်းမောင်းသမားများသည် သာမန်ရိုးရိုး မြင်းလှည်းမောင်း



သမားများ မဟုတ်ကြဘဲ သိုင်းပညာ အသင့်အတင့် တတ်မြောက်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့်…

ယခု မြင်းလှည်းအုပ်စုတွင် အစောင့်ရှောက် သိုင်းသမားအင်အား တစ်ဆယ့်ငါးယောက်ရှိသည်ဟု ဆိုရမည်။

အစောင့်အကြပ်အင်အား အတော်ပင် တောင့်တင်းပြည့်စုံနေပေသည်။

မြင်းလှည်းသုံးစီးကို ရေကန်ဘေးနားတွင် စီ၍ရပ်ထားသည်။

လှည်းဆွဲမြင်းများကို ဖြုတ်ပြီးလွှန်ထားသော်လည်း မြင်းလှည်းအဖုံးအကာများကိုတော့ မဖွင့်။

သည်အတိုင်းထားရှိကာ သိုင်းသမားသုံးယောက် ကင်းစောင့်နေကြသည်။

ကျန်သယ်ယူပို့ဆောင်ရေး အဖွဲ့သားများကမူ ရေကန်နှင့် ဝေးသုံးဆယ်ခန့်ကွာသော အခန်းပျက်ကြီးတစ်ခုထဲတွင် နားနေအိပ်စက်ကြသည်။

ထိုအခန်းပျက်ကြီးနားတွင်လည်း သိုင်းသမားတစ်ယောက်ကို ကင်းချထားသည်။

ချန်အမျိုးအနွယ် သူဌေးကြီးမိသားစုတွင်တော့ သူဌေးကြီးနှင့်မောင်နှံ၊ ဆယ်နှစ်သားအရွယ် သားယောက်ျားလေးတစ်ယောက်၊ မြင်းလှည်းမောင်းသမား တစ်ယောက်နှင့် လက်ပါးစေသူငယ် တစ်ယောက်ပါရှိသည်။

ချန်အမျိုးအနွယ် မိသားစုသည် ကျားပျံ့သယ်ယူပို့ဆောင်

www.burmeseclassic.com



ရေးအဖွဲ့သားများ အနားယူအိပ်စက်နေသည့် အခန်းပျက်ကြီးနှင့် ပေနှစ်ဆယ်သာသာခန့် အကွာတွင်ရှိသော အခန်းတစ်ခုထဲတွင် နေရာယူထားကြသည်။

ထိုအခန်းသည် သိပ်မကျယ်သော်လည်း အပျက်အစီးနည်းပါးကာ အတော်အသင့် ကောင်းမွန်သည်။

ထိုအခန်းထဲတွင် သူဌေးကြီးတို့ ဇနီးမောင်နှံနှင့် သားလေးတို့ အိပ်စက်ကြသည်။

သူတို့မြင်းလှည်းကိုလည်း ရေကန်၏ဘေးနားတွင် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့၏ မြင်းလှည်းသုံးစီးနှင့် မလှမ်းမကမ်း၌ ရပ်ထားသည်။

မြင်းလှည်းမောင်းသမားနှင့် လက်ပါးစေလုလင်တို့သည် မြင်းလှည်းပေါ်၌ အိပ်ကြသည်။

လှည်းဆွဲမြင်းနှစ်ကောင်ကိုတော့ ကြိုးရှည်ရှည်နှင့် လှန်ထားလေသည်။

သီးခြားနားနေ စခန်းချကြသော်လည်း ချန်အမျိုးအနွယ် သူဌေးကြီး မိသားစုတို့၏နေရာ၌ တစ်စုံတစ်ရာ ထူးခြားသော အရေးကိစ္စဖြစ်ပေါ်လျှင် ကျားပျံသယ်ယူပို့ဆောင်ရေး အဖွဲ့သားများ အနေဖြင့် ကောင်းစွာ ကြားသိမြင်တွေ့နိုင်သည်။

ဘုံကျောင်းပျက်ကြီးတွင် ကျားပျံသယ်ယူပို့ဆောင်ရေး အဖွဲ့သားများ ညအိပ်စခန်းချနေကြသည့်နေရာသည် ဘုံကျောင်းပျက်ကြီး၏ အရှေ့ပိုင်းတွင် ဖြစ်သည်။

➤ ➤ ➤



ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့ သုံးယောက်သားစင့်မော်ဘုံကျောင်းပျက်ကြီးထဲ ဝင်ရောက်လာသည်။

သူတို့သည် ဘုံကျောင်းပျက်ကြီး၏ အနောက်ဘက်ပိုင်းမှနေ၍ ဝင်ရောက်လာခြင်းဖြစ်သည်။

အနောက်ဘက်ပိုင်းမှ ဝင်ရောက်သည့်အတွက် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့၏ အစောင့်ကင်းများကို ရှောင်ကွင်းနိုင်သော်လည်း ချန်အမျိုးအနွယ်သူဌေးကြီး မိသားစု အိပ်စက်နေရာအခန်းဆီသို့ အရောက်သွားရန်တော့ ဘုံကျောင်းပျက်ကြီး၏ အပြိုအပျက်များကို တစ်နံတစ်လျားပင် ကျော်ဖြတ်သွားဖို့ လိုပေသည်။

လုအိမ်လိမ်သည် ဘုံကျောင်းပျက်ကြီးထဲသို့ မကြာခဏ ရောက်ဖူးသည်။

အားအားရှိလျှင် ဤဘုံကျောင်းပျက်ကြီးထဲသို့သာ လာနေလေ့ရှိရာ ထိုနေရာမှာ လုအိမ်လိမ်၏အိမ်လိုပင် ဖြစ်နေသည်။

မည်သည့်နေရာ၌ ဘာရှိသည်ကို လုအိမ်လိမ်ကောင်းကောင်းသိသည်။

လုအိမ်လိမ်၏ ရှေ့ဆောင်လမ်းပြမှုဖြင့် ဝန်ယုကောင်းနှင့် ဟိုဖိန့်တို့သည် ထိုဘုံကျောင်းပျက်ကြီး အရှေ့ဘက်ပိုင်းဆီသို့ အသာဝင်ချဉ်းကပ်လာခဲ့ကြသည်။

သူတို့သည် အထူးပင် ခြေသံကိုလုံအောင် ဂရုစိုက်ကြသည်။

မှောင်ရိပ်ကျသော နေရာများ၌ အသာခိုကာ လျှပ်ရှားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာကို အထူးပင် ရင်းနှီးကျွမ်းဝင်နေသော လုအိမ်လိမ်ပါရှိလာမှုက သူတို့အတွက် များစွာပင် အထောက်အကူရနေသည်။

လုအိမ်လိမ်သာ ဘုံကျောင်းပျက်ကြီး၏ အနေအထားကို မကျွမ်းကျင်လျှင် အုပ်ပုံအပြုအပျက်ကြား၌ မျက်စိလည်နေနိုင်လောက်သည်။

လုအိမ်အိမ်သည် ကျားပုံ့သယ်ယူပို့ဆောင်ရေး အဖွဲ့သားများနှင့် ချန်အမျိုးအနွယ် သူဌေးကြီးမိသားစုတို့ မည်သည့်နေရာတွင် စခန်းချအိပ်စက်ကြသည် ဆိုခြင်းကိုလည်း ကြိုတင်ကာ ချောင်းမြောင်းကြည့်ရှု လေ့လာထားခဲ့ပေသည်။

ချန်အမျိုးအနွယ် သူဌေးကြီးတို့ အိပ်စက်နေကြသောအခန်းနှင့်ပေတစ်ရာခန့် အကွာသို့ ရောက်သောအခါတွင်တော့ သုံးယောက်သားအသာပင် ငြိမ်၍နေကာ အခြေအနေကို အကဲခတ်ကြည့်ရှုသည်။

တစ်ချက်တစ်ချက် လေအဝှေ့တွင် သစ်ပင်ချုံနွယ်များ လှုပ်ရှားသွားသည်ကလွဲ၍ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။

အခြေအနေ စိတ်ချလောက်ပြီမို့ ဝန်ယုကောင်းနှင့် ဟိုဖိန့်တို့နှစ်ယောက် ချန်အမျိုးအနွယ်မိသားစု အိပ်စက်နေရာအခန်းသို့ အသာ ဆက်လက်တိုးကပ်လာခဲ့ကြသည်။

လုအိမ်လိမ်ကတော့ နောက်ချန်၍ နေခဲ့သည်။

လုအိမ်လိမ်၏ သိုင်းပညာသည် ဝန်ယုကောင်းနှင့် ဟိုဖိန့်တို့ထက် အဆင့်များစွာ နိမ့်သည်။

သိုင်းပညာ အနည်းအကျဉ်းလောက်သာ တတ်ကျွမ်းသည်။

ကိုယ်ဖော့ပညာတော့ လုံးဝမတတ်။

ယခု သူတို့သည် ကျားပုံ့ သယ်ယူပို့ဆောင်ရေးအဖွဲ့၏ အစောင့်ကင်းသမားများ စောင့်ကြပ်နေကြသော စည်းအတွင်းသို့ တိုးဝင်ရတော့မည်ဖြစ်ရာ အထူးပင် လျှို့ဝှက်ပိရိစွာ လှုပ်ရှားဖို့ လိုအပ်သည်။

ထို့ကြောင့် ကိုယ်ဖော့ပညာ တတ်မြောက်သော ဝန်ယုကောင်းနှင့် ဟိုဖိန့်နှစ်ယောက်သာ ရှေ့ဆက်တိုးကြလျက် ကိုယ်ဖော့ပညာမတတ်မြောက်သော လုအိမ်လိမ်က အသာနောက်ချန်နေခဲ့ပေသည်။

ချန်အမျိုးအနွယ် မိသားစု သူဌေးကြီးတို့ အိပ်စက်နေရာအခန်း၏ အနီးအနားတစ်ဝိုက်တွင်လည်း အုတ်ပုံအကျိုးအပျက်တွေ သိပ်မရှိ၊ လရောင်ထိုးကျကာ လင်းနေသည့်နေရာတွေက ပိုများ၏။

မှောင်ရိပ်ကျရာနေရာ အနည်းငယ်မျှသာ ရှိသည်။

ဝန်ယုကောင်းနှင့် ဟိုဖိန့်တို့နှစ်ယောက်မှာ မတ်မတ်ရပ်၍ ထင်လျှောက်လှမ်းသွားခြင်း မပြုဘဲ ကိုယ်ကိုအသာကိုင်းကာ ပုနိုင်သမျှပုလျက် ခြေသံကိုလည်း အတတ်နိုင်ဆုံး လုံအောင်ပြုကာ လျင်မြန်သွက်လက်စွာ ရှေ့လျားချဉ်းကပ်သွားနိုင်ခဲ့သည်။

မှောင်ရိပ်ထဲတွင် အသာဝပ်ကာ စောင့်ကျန်ခဲ့သော လုအိမ်လိမ်သည် ဝန်ယုကောင်းနှင့်ဟိုဖိန့်တို့ နှစ်ယောက်၏လှုပ်ရှားမှုများ



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်တ်မမဖြင့် စောင့်ကြည့်နေသည်။

လှုပ်ရှားမှုသည် သူတို့ အကြံအစည်၏ သော့ချက်ဖြစ်သည်။

ကျားပျံသယ်ယူပို့ဆောင်ရေး အဖွဲ့သားများ မရိပ်မိမသိရှိရအောင် ခြေသံလုံလုံနှင့် လျင်မြန်သွက်လက်စွာ လှုပ်ရှားချဉ်းကပ်နိုင်လျှင် သူတို့အကြံအောင်ဖို့ သုံးပုံနှစ်ပုံ သေချာနေပြီ။

ဝန်ယုကောင်းနှင့်ဟိုဖိန့်တို့နှစ်ယောက် ချန်အမျိုးအနွယ်သူဌေးကြီးတို့ အိပ်စက်နေရာ အခန်းနားသို့အရောက် ချဉ်းကပ်သွားနိုင်တော့မှ လုအိမ်လိမ် သက်ပြင်းကြီးတစ်ချက်ချမိသည်။

"သူတို့နှစ်ယောက် ကိုယ်ဖော့ပညာ တယ်ကောင်းကြတာပဲကိုး သူတို့ဆီက ဒီပညာ ငါရအောင်သင်ယူရမယ်"

လုအိမ်လိမ် စိတ်ထဲမှ တွေးလိုက်မိသည်။

တကယ်တော့ ဝန်ယုကောင်းနှင့် ဟိုဖိန့်တို့မှာ သိုင်းပညာသိပ်အဆင့်မမြင့်ကြပါ။

သိုင်းပညာ အနည်းအကျဉ်းသာ တတ်မြောက်သောလုအိမ်လိမ်အဖို့သာ အတော်ကို အစွမ်းကောင်းသည် ဟုအထင်ကြီးစရာ ဖြစ်နေပေသည်။



ဝန်ယုကောင်းနှင့် ဟိုဖိန့်တို့နှစ်ယောက် အခန်းနားသို့ ချဉ်းကပ်ရောက်ရှိသွားကြသည်။

သူတို့နှစ်ယောက်လည်း သက်ပြင်းများ ကြိတ်၍ ချလျက်နေကြသည်။

ဤလို ခိုးကြောင်ခိုးဝှက် အလုပ်မျိုး တစ်ခါမျှ မလုပ်ဖူးကြသည့်အတွက်လည်း နှစ်ယောက်လုံး စိတ်လှုပ်ရှားနေကြသည်။

သူဌေးကြီးတို့ မိသားစု အိပ်စက်နေသည့် အခန်းသည်အပျက်အစီး သိပ်မရှိ၊ ခေါင်မိုးတစ်ခြမ်းနှင့် နံရံတစ်ခု၏ အပေါ်ဘက်ပိုင်းသာ ပျက်နေကာ နံရံသုံးဖက်မှာ အကောင်းပကတိအတိုင်း ရှိနေကြသေးသည်။

ဝန်ယုကောင်းနှင့်ဟိုဖိန့်တို့ ချဉ်းကပ်မိသည့်နေရာမှာ အပေါ်ပိုင်းဘက်တွင် ပြိုပျက်နေသော နံရံဘက်တွင်ဖြစ်သည်။

အခန်းထဲသို့ ဝင်ပေါက်က ကပ်လျက်နံရံဘက်တွင် ရှိသည်။

ထိုအပေါက်သို့ အရောက် နံရံထောင့်ချိုးကို ဖြတ်၍သွားရသည်။

ထိုနံရံထောင့်ချိုးနေရာသည် တကယ့်ကို ရှင်းရှင်းလင်းလင်းရှိနေသည်။

အုတ်ခဲကျိုးအပျက်လေး တစ်ခုတလေပင်မရှိ။

လရောင် ကလည်း အပြည့်အဝ ထိုးကျနေရာ မီးတိုင်ထွန်းသည်ထက်ပင် လင်းလင်းချင်းချင်း ရှိနေသည်။

ပြီးတော့ ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့၏ အစောင့်ကင်းသမားရှိနေရာနှင့်လည်း မျက်နှာချင်းဆိုင်တည့်တည့်။

www.burmeseclassic.com

www.burmeseclassic.com



ထိုထောင့်ချိုးနေရာ ဖြတ်အကူးတွင် အစောင့်ကင်းသမား လှမ်းအကြည့်နှင့် တိုးမိလျှင် ထင်းထင်းကြီး တွေ့မြင်သွားနိုင်သည်။

ကင်းသမား၏မျက်လုံးအကြည့် ထိုနေရာသို့ မရောက်သည့် အခါတွင် ဖြတ်ကူးနိုင်လျှင် ဘေးကင်းမည်။

သို့သော်...

ကင်းသမားက ထိုထောင့်ချိုးနေရာဆီသို့ လှမ်းကြည့်မကြည့် အကဲခတ်ဖို့ကတော့မလွယ်။

ဝန်ယုကောင်းတို့အနေဖြင့် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့၏ အစောင့်ကင်းသမားကို လှမ်းမြင်နေရသော်လည်း မျက်နှာသွင်ပြင်တော့ မကွဲပြား။

သည်တော့ လောင်းတမ်းကစားသလို စွန့်စားရပေမည်။

ဝန်ယုကောင်းက ဟိုဖိန့်ကို အသာခေါင်းတစ်ချက် ဆတ်ပြပြီး ထောင့်ချိုးနေရာလေးကိုဖြတ်ကာ ချန်အမျိုးအနွယ်သူဌေးကြီးမိသားစုတို့ အိပ်စက်နေသော အခန်းထဲသို့ ပြေးဝင်သည်။

ပြေးလွှားမှုအရှိန်မြန်သလို ခြေသံလည်းလုံသည်။

လှစ်ခနဲ ဆိုသလိုပင် အခန်းထဲရောက်သည်။

ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့ အစောင့်ကင်းသမားသည် ဘယ်လိုမှ လူပ်လှုပ်ရှားရှားမဖြစ်။

ထောင့်ချိုးနေရာလေးဆီသို့ လှမ်းမကြည့်သောကြောင့် ဝန်ယုကောင်း ဖြတ်ပြေးသွားသည်ကို မြင်မိဟန်မတူပေ။

ဝန်ယုကောင်းတော့ အခန်းထဲသို့ ရောက်သွားပြီ။

ဟိုဖိန့်အနေဖြင့်လည်း နောက်ချန်မနေသာတော့။



အသက်ကို ဝအောင်ရှူကာ လျင်မြန်သော ခြေလှမ်းသိုသိပ်သောခြေသံတို့ဖြင့် လှစ်ခနဲပြေးကာ အခန်းထဲသို့ ဝင်သည်။

ကံကြမ္မာက သူတို့ဘက်က မျက်နှာသာပေးနေသည် ထင်သည်။

ဟိုဖိန့် ဖြတ်ပြေးသည်ကိုလည်း အစောင့်ကင်းသမား မမြင်လိုက်ပေ။

ဝန်ယုကောင်းရော ဟိုဖိန့်ပါ နှစ်ယောက်စလုံး ချန်အမျိုးအနွယ် သူဌေးမိသားစု အိပ်စက်နေသော အခန်းထဲသို့ ရောက်သွားကြပြီ။

သူဌေးကြီး'ချန်' သူ၏ဇနီးသည်နှင့် သားငယ်တို့သည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေကြသည်။

ဟိုဖိန့် အခန်းထဲရောက်လာသည်နှင့် ဝန်ယုကောင်းသည် သူဌေးကြီးချန်၏ အကြောင်းများကို ထိုးပိတ်လိုက်သည်။

ဟိုဖိန့်ကလည်း ကျန်နှစ်ယောက်၏ အကြောင်းများကို ထိုးပိတ်သည်။

သူဌေးကြီးချန်တို့ မိသားစုသုံးယောက်မှာ စိတ်ချလက်ချလင်း နှစ်ခြိုက်စွာ အိပ်ပျော်နေကြရာ ဝန်ယုကောင်းနှင့် ဟိုဖိန့်တို့အဖို့ အကြောင်းများ ထိုးပိတ်ရသည်မှာ ဘာမျှအခက်အခဲမရှိ။

လွယ်ကူလှသည်။

မြန်ဆန်လှသည်။

မျက်စိတမှိတ် လျှပ်တပြက်မျှသော အချိန်အတွင်း ပြီးမြောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

ပစ္စည်းများကို ရှာကြသည်။

သူဌေးကြီးချန်၏အနီးတွင် ငွေသေတ္တာကို အသင့်ပင်တွေ့ရသည်။

ငွေသေတ္တာထဲ၌ ရွှေဒင်္ဂါးအချို့နှင့် အာမခံငွေလွှဲလက်မှတ်များတွေ့ရသည်။

ရွှေဒင်္ဂါးများကိုသာ ယူသည်။

အာမခံငွေလွှဲလက်မှတ်များကိုတော့ မီးခိုးကြွက်လျှောက်ဆိုသလို မိမိတို့နောက်သို့ လိုက်လာနိုင်သောကြောင့် မယူဘဲထားလိုက်သည်။

သူဌေးကြီးချန်၏ လည်ပင်းတွင် ဆွဲထားသော အိတ်ရှုံ့လေးထဲမှ အရည်အသွေးကောင်းလှသော ကျောက်စိမ်းလုံးချောသုံးခုနှင့် ပုလဲခုနစ်လုံးတွေ့ရသည်။

သူဌေးကြီးချန်တို့ မိသားစုသုံးယောက် ကိုယ်ပေါ်တွင်ဆင်ထားကြသော လက်ဝတ်လက်စားများကိုလည်း ဖြုတ်ချွတ်ယူလိုက်ကြသည်။

ရရှိသော ပစ္စည်းများသည် သူတို့မျှော်မှန်းထားသလောက် အများအပြားကြီး မဟုတ်သော်လည်း နည်းတော့ မနည်းပေ။

မြင်းလှည်းပေါ်တွင် ရွှေငွေပစ္စည်းများ ရှိကောင်းရှိနိုင်သော်လည်း ဝန်ယုကောင်းနှင့် ဟိုဖိန်တို့သည် မြင်းလှည်းရှိရာသို့ သွားရန်မှုစိတ်မကူးတော့။

ထိုမြင်းလှည်း ရပ်ထားရာနေရာအနီးတွင် ကျားပုံပို့ဆောင်



ရေးအဖွဲ့၏ အစောင့်သိုင်းသမားတွေ ပို၍များပြားသည် မဟုတ်ပါလား။

ယခု ရရှိသည့် ပစ္စည်းများကလည်း သိပ်မနည်းလှသည်မို့ ရှိမှုကိုသာယူ၍ အခန်းထဲမှ လျင်မြန်စွာ ပြန်၍ထွက်လာခဲ့ကြ၏။

သူတို့နှစ်ယောက် အခန်းထဲမှ ပြန်ထွက်ခဲ့ကြသည့် အချိန်အား ကောင်းကင်၌ သာနေသော လတစ်ခြမ်းပဲ့လေးကို တိမ်ဖုံးသွားရာ လရောင်ကွယ်ပျောက်၍ မှောင်ရီသန်းလာရာ သူတို့လှုပ်ရှားရသည်က ပို၍အဆင်ပြေသွားသည်။

ဝန်ယုကောင်းနှင့်ဟိုဖိန်တို့ နှစ်ယောက်သည် လုအိမ်လိမ်စောင့်ကျန်ခဲ့သောနေရာသို့ အနှောင့်အယှက်မတွေ့ရဘဲ ပြန်ရောက်လာခဲ့ကြသည်။

"ဘယ့်နှယ်လဲ...အဆင်ချောတယ် မဟုတ်လား"

လုအိမ်လိမ်က လေသံဖြင့် မေးသည်။

"အေး...အဆင်ပြေပါတယ်၊ မင်းပြောသလို အချိုကြီးတော့ မရှိခဲ့ဘူး၊ ဒါပေမယ့် သိပ်တော့လဲ မနည်းပါဘူး"

ဟိုဖိန်နှ အသံတိုးတိုးဖြင့် ပြန်ဖြေသည်။

"ဒါဆို ကျွန်တော်တို့ လစ်ကြစို့"

သူတို့သုံးယောက် ထိုနေရာမှ ထွက်သွားကြမည် ပြုဆဲမှာ —

"ဟိတ်...ဘယ်သူတွေလဲ"

ကျားပုံ့သယ်ယူပို့ဆောင်ရေးအဖွဲ့၏ အစောင့်သိုင်းသမား တစ်ယောက်၏ အော်ဟစ်မေးမြန်းသံ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ယုကောင်းတို့သုံးယောက် ထိတ်လန့် တုန်လှုပ်သွားကြသည်။

"ရန်သူဟေ့..ရန်သူ"

နောက်ထပ် အော်သံပေါ်လာသည်။

ပြီးတော့ ကျားပုံသယ်ယူပို့ဆောင်ရေးအဖွဲ့မှ သိုင်းသမားတွေ သောသောရုတ်ရုတ် ဖြစ်ကြသည်။

အစောင့်တာဝန်ကျသူများသာမက အိပ်နေကြသူတွေပါ အိပ်ရာမှထကာ ပြေးလွှားထွက်ခွာလာကြသည်။

"ထွက်ပြေးလို့ လွတ်မှာမဟုတ်ဘူး၊ ပုန်းနေမှဖြစ်မယ် လာ"

လုအိမ်လိမ်က ပြောပြောဆိုဆို ပြေးသွားရာ ဝန်ယုကောင်းနှင့်ဟိုဖိန့်တို့နှစ်ယောက်လည်း ထက်ကြပ်မကွာ လိုက်သွားကြသည်။

လုအိမ်လိမ်သည် ဤဘုံကျောင်းပျက်ကြီး အတွင်းအပြင် အနေအထား အခြေအနေများကို ကောင်းစွာသိရှိ ကျွမ်းကျင်နေရာ ပုန်းအောင်းနေရန် နေရာကောင်းကလည်း ချက်ချင်းပင် ရွေးချယ်နိုင်ခဲ့သည်။

သူရွေးလိုက်သည့်နေရာက ဘုံကျောင်းပျက်ကြီး၏ ပျက်စီးယိုယွင်းနေသော အခန်းပျက်တစ်ခုဖြစ်သည်။

ထိုအခန်းပျက်၏နံရံများ၊ အမိုးများ အားလုံးနီးပါး ပြိုကျကာ အုတ်ပုံအုတ်ကျိုးများ ဖြစ်နေသည်။

ထိုအုတ်ပုံအုတ်ကျိုးများ၏ အောက်၌ အတန်ကျယ်ဝန်းသော နေရာရှိနေရာ လျှို့ဝှက်လိုဏ်ဂူတစ်ခုလို ဖြစ်နေသည်။

တိုးဝင်ရမည့်နေရာကို မသိလျှင် ဤအုတ်ပုံ အုတ်ကျိုးများ



အောက်၌ လိုဏ်ဂူလိုနေရာ ရှိနေသည်ကိုလည်း သိမည်မဟုတ်။

ပုန်းအောင်းရန် အလွန်ကောင်းသောနေရာ ဖြစ်သည်။

လုအိမ်လိမ်က ဝင်ရမည့်နေရာကို လမ်းပြကာ ရှေ့မှခေါ်သည့်အတွက် ဟိုဖိန့်နှင့် ဝန်ယုကောင်းတို့လည်း အခန်းပျက်အုတ်ပုံအုတ်ကျိုးများအောက်တွင် ဖြစ်ပေါ်နေသော 'နေရာဝှက်လိုဏ်ခေါင်း' ထဲသို့ ရောက်သွားကြသည်။

အုတ်ပုံအုတ်ကျိုးများသည် စေ့စေ့အလုံပိတ်နေခြင်း မဟုတ်၊ အကျိုးအကြားတွင် အပေါက်လေးတွေ ဟိုနားတစ်ခု သည်နားတစ်ခုရှိနေရာ အုတ်ပုံအောက်ဘက်ရှိ လိုဏ်ခေါင်းနေရာတွင် လေဝင်လေထွက် ကောင်းနေသည်။

ထို့ပြင် အပေါက်မှနေ၍လည်း အပြင်ဘက်ရှိ အခြေအနေများကို ချောင်းကြည့်နိုင်ပေသည်။

ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့ သုံးယောက်လုံးသည် အပေါက်တစ်ခုစီမှနေ၍ အပြင်ဘက်သို့ ချောင်းကြည့်ကြသည်။

လတစ်ခြမ်းပဲ့လေးကပို တိမ်ဖုံးထားဆဲ ဖြစ်သောကြောင့် အရောင်က သိပ်မရှိလှသေး။

မြင်ကွင်းသည် မသဲကွဲ၊ ဝိုးတိုးဝါးတားသာ မြင်နိုင်သည်။

အသံတွေကိုတော့ ကြားနေရသည်။

သူတို့ မြင်ရ၊ ကြားရသမျှမှာ....

➤ ➤ ➤

www.burmeseclassic.com

မှုန်ပျပျ အလင်းရောင်တွင် ပြေးလွှားလှုပ်ရှားနေကြသော လူရိပ်သဏ္ဌာန်များကို ရှုပ်ရှုပ်ထွေးထွေးပင် ဝိုးတဝါး မြင်နေရသည်။

အော်ဟစ်သံများ၊ လက်နက်ချင်းထိတွေ့သံများ၊ တိုက်ခိုက်သံများ၊ ကြိမ်းဝါးသံများကိုတော့ ထင်ရှားစွာ ကြားနေရသည်။

လှုပ်ရှားမှုများကို မထင်မရှား ဝိုးတိုးဝါးတားသာ မြင်ရ သော်လည်း ကြားရသောအသံများကတော့ ပြင်းထန်ကြမ်းတမ်း သော တိုက်ပွဲတစ်ခုဖြစ်ကြောင်း သိသာနိုင်သည်။

"ကျားပျံ့သယ်ယူပို့ဆောင်ရေးအဖွဲ့ကို အခြားအုပ်စုတစ် ကဝင်တိုက်နေတာကိုး"

ဟိုဖိန့် မှတ်ချက်ချသည်။

"အေး..ဟုတ်တယ်၊ ငါတို့ကို တွေ့လို့မဟုတ်ဘဲ၊ အဲဒီအုပ် ကိုတွေ့လို့ အစောင့်ကင်းတာဝန်ကျတဲ့လူတွေက ရန်သူလို့အော်ကြ တာပဲကွ"



ဝန်ယုကောင်းက ပြောသည်။

"မားပြဂိုဏ်းတစ်ခုက အပိုင်ဝင်စီးတာများလား မသိဘူး"

လုအိမ်လိမ်က သူ၏ထင်မြင်ချက်ကို ပြောသည်။

ထိုအချိန်တွင် လကိုဖုံးအုပ်နေသော တိမ်သည် ရွေ့လျား၍ သွားရာ လရောင်ပြန်လည် လင်း၍လာသည်။

စောစောကထက် မြင်ကွင်းပို၍ကောင်းလာသည်။

ထို့ကြောင့် သုံးယောက်သား စကားမဆိုကြတော့ဘဲ မြင် နေရသည့် လှုပ်ရှားမှုများကိုသာ အထူးအာရုံစိုက်၍ ကြည့်နေကြ လေသည်။

ကျားပျံ့သယ်ယူပို့ဆောင်ရေးအဖွဲ့မှ သိုင်းသမားများသည် ဝတ်စုံနက်များဝတ်လျက် မျက်နှာဖုံးနက်များ စွပ်ထားကြသူများနှင့် အကြိတ်အနယ် တိုက်ခိုက်နေကြသည်ကို လှမ်းမြင်နေရသည်။

ဝတ်စုံနက်များသည် လူအင်အားများသည်။

ကျားပျံ့ သယ်ယူပို့ဆောင်ရေးအဖွဲ့ အစောင့်ကာ သူတို့ တာဝန်ယူ သယ်ယူ လာသော ပစ္စည်းဥစ္စာများ ဝတ်စုံနက်တွေ ထက်သို့ ရောက်ကုန်တော့ မည်ဟုပင် ဝန်ယုကောင်းတို့ တွေးမိကြ သည်။

သို့သော်....

သူတို့ မထင်မှတ်သော အခြင်းအရာတစ်ခု ရုတ်တရက်ပေါ် ပေါက်လာသည်။

ဝတ်စုံနက်များက ကျားပျံ့သယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်း သမားများကို အုပ်စီးမိလုလု အချိန်တွင် စူးရှသောခရာသံတစ်ခုပေါ်

www.burmeseclassic.com



ထွက်လာသည်။

ထိုခရာသံအဆုံးမှာပင် မြင်းလှည်း တစ်စီးတွင် အုပ်ကာထားသော အဝတ်စများပွင့်ကာ မြင်းလှည်းပေါ်မှလူတွေ တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းလာကြသည်။

ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့သည် အထင်အရှား မြင်းစီးကာ လိုက်ပါလာကြသည့် အစောင့်သိုင်းသမားများအပြင် မြင်းလှည်းတစ်စီးထဲတွင်လည်း သိုင်းသမားအချို့ လျှို့ဝှက်စွာ ပုန်းအောင်းပါရှိလာခဲ့သည်။

ယခုတစ်ခေါက် သူတို့ တာဝန်ယူသယ်ဆောင်လာခဲ့သည့် ပစ္စည်းများမှာ ရွှေဒင်္ဂါးသေတ္တာများဖြစ်ပေရာ အကယ်၍ မသင့်မှတ်သောအကျဉ်းအကြပ် အန္တရာယ်ကြုံတွေ့ရပါက စစ်ကူနိုင်စေရန် ထိုသို့ကြိုတင်စီမံ လုပ်ဆောင်လာကြခြင်း ဖြစ်သည်။

ဝတ်စုံနက်များ အလစ်ဖမ်းကာ စီးနင်းတိုက်ခိုက်မှု အောင်မြင်လုလုအချိန်တွင် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့၏ပုန်းအောင်းလိုက်ပါလာကြသော အရန်သိုင်းသမားအင်အားများ ပေါ်ထွက်လာခဲ့ကြလေပြီ။

ဝတ်စုံနက်များ ပြန်၍ အငိုက်မိကုန်သည်။

မထင်မှတ်တဲ့ မြင်းလှည်းပေါ် မှ ခုန်ဆင်းပေါ်ထွက်လာကြသော ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားများ၏ တိုက်ခိုက်မှုကို အလူးအလဲ ခံကြရသည်။

တိုက်ပွဲအခြေအနေသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။



အပိုင်အုပ်စီးမိလုလု ဖြစ်နေသော ဝတ်စုံနက်များ အကြီးအကျယ် အရေးနိမ့်ကုန်သည်။

ဖရိုဖရဲ ဖြစ်ကုန်ကြသည်။

➤ ➤ ➤

တိုက်ပွဲအခြေအနေ တစ်မျိုးတစ်ဖုံပြောင်းလဲသွားပြီးနောက် ခဏအကြာတွင် ဝန်ယူကောင်းတို့ ပုန်းအောင်းနေကြသော အခန်းပျက် အုတ်ပုံအုတ်ကျိုးများအနားသို့ ဝတ်စုံနက် ဆယ်ယောက် အပြေးအလွှား ရောက်လာကြသည်။

တစ်ယောက်က ကျွန်းသေတ္တာကြီးတစ်ခုကို ထမ်းထားသည်။

ကျွန်းသေတ္တာကြီးသည် အတော့်ကို လေးပုံရသည်။

ထမ်းလာသူသည် ကြံ့ခိုင်သန်စွမ်းသော်လည်း ခါးညွတ်အောင် ထမ်းထားရသည်။

"ငါတို့ ဒီအတိုင်းသွားကြရင် မဖြစ်ဘူး၊ ဒီတော့ ရန်တာ့တို့နဲ့ အင်စိုက်တို့နှစ်ယောက်က ရွှေဒင်္ဂါးသေတ္တာကိုယူပြီး သွားနှင့်ကြ၊ ငါတို့က ဟိုကျားပျံကောင်တွေ မင်းတို့နောက် မလိုက်နိုင်အောင် လှည့်စားတိုက်ခိုက် ခြေရာဖျောက်လိုက်မယ်၊ ကျောက်သုံးလုံးရေတံခွန်ကနေ ငါတို့ကိုစောင့်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်ဟန်တူသူက အရေးတကြီး စီမံခန့်ခွဲသည်။

ရွှေဒဂုံးသေတ္တာဆိုသည့် စကားလုံးကို ကြားရသော ဝန်ယုကောင်းတို့ သုံးယောက်မှာ အထူးစိတ်ဝင်စားကြသည်။

ဤကျွန်းသေတ္တာသည် အတန်ပင်ကြီးပေရာ ရွှေဒင်္ဂါးတွေလည်း နည်းမည်မဟုတ်။

ရန်တဘွတို့နှင့် အင်စိုက်တို့နှစ်ယောက် ရွှေဒင်္ဂါးသေတ္တာနှင့် ထွက်သွားကြသည်။

ကျန်ဝတ်စုံနက်များကတော့ နောက်ကြောင်း ပြန်လှည့်သွားကြသည်။

မကြာခင်ပင် တိုက်ခိုက်သံများ အော်ဟစ်သံများ ဆူဆူညံညံ ပေါ်ထွက်၍လာပြန်သည်။

"ကျွန်တော်တို့ ဟိုလူနှစ်ယောက်လက်က ရွှေဒင်္ဂါးသေတ္တာကို အရယူကြရအောင်၊ ဒါမှ တကယ်ကို အချိုကြီးဗျ"

ဝတ်စုံနက်များ ထွက်သွားသောအခါ လုအိမ်လိမ်က အကြံပေးသည်။

"အေး..ကောင်းတယ်၊ ဒါ အခွင့်အရေးကောင်းပဲ"

ဟိုဖိန့်ကလည်း အားတက်သရောပင် သဘောတူထောက်ခံသည်။

ဝန်ယုကောင်းသည် မငြင်းသာတော့။

စခွဲမိပြီမို့ အဆုံးတိုင်အောင် အတူလိုက်ပါ လုပ်ဆောင်ရပေတော့မည်။

သုံးယောက်သား ပုန်းအောင်းနေရာမှ အမြန်ပင် ထွက်လာကြသည်။



"ဟိုလူနှစ်ယောက်ကို လိုက်တာထက် ကျောက်သုံးလုံးရေတံခွန်ကို အရင်ရောက်အောင်သွားပြီး ကြိုတင်စောင့်နေတာပိုကောင်းတယ်ကွ၊ သူတို့ရောက်လာတော့ အလစ်ဖမ်းပြီး အပိုင်ကိုင်လိုက်ရုံပဲ"

ဟိုဖိန့်က ပြောသည်။

"ဟုတ်တယ်၊ အဲဒီအကြံ ကောင်းတယ်၊ ကျောက်သုံးလုံးရေတံခွန်ကိုသွားတဲ့ ဖြတ်လမ်းကိုလဲ ကျွန်တော်သိတယ်"

လုအိမ်လိမ် အားတက်သရော ပြောသည်။

သူသည် အဘိုးအိုမိန်နှင့်အတူ အမဲလိုက် မကြာခဏအဖော်လိုက်ပါဖူးရာ တောလမ်းများကို ကျွမ်းသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သုံးလုံး ရေတံခွန်သည် စင့်မော်ဘုံကျောင်းဟျက်ကြီး၏မြောက်ဘက် ငါးမိုင်ခန့်အကွာ တောအုပ်ထဲတွင် တည်ရှိသည်။

သာမန် သွားရိုးသွားစဉ် ခရီးလမ်းကြောင်းအတိုင်း သွားလျှင် နှစ်နာရီခန့် အချိန်ကြာသည်။

လုအိမ်လိမ်က ဖြတ်လမ်းမှ ခေါ်ဆောင်သွားရာ ဝန်ယုကောင်းတို့သည် ကျောက်သုံးလုံး ရေတံခွန်သို့ အချိန်တစ်နာရီကျော်ကျော်လောက်အတွင်းမှာပင် ရောက်ရှိသွားကြလေသည်။

ဖြတ်လမ်းက သွားရသည့်အတွက် ခရီးကတော့ အတော်လေးကြမ်းတမ်းသည်။

သို့သော် သူတို့သုံးယောက်လုံးမှာ ခရီးကြမ်းများ သွားလာနေကျမို့ သိပ်တော့ မပင်ပန်းလှပါ။

အချိန်တိုတိုနှင့် မြန်မြန်ဆန်ဆန် ရောက်လာနိုင်မှုအတွက် ကျေနပ်နေကြသည်။

ကျောက်သုံးလုံး ရေတံခွန်တည်ရှိရာ နေရာဝန်းကျင်သည် တောနက်ကြီးတော့ မဟုတ်ပါ။

သို့သော် ခရီးလမ်း သိပ်အဆင်မပြေသောကြောင့် ထိုနေရာသို့ လူသူအရောက်အပေါက် နည်းသည်။

ရေတံခွန်က ဆယ့်ငါးပေသာသာခန့် မြင့်သည်။

ရေတံခွန် စီးကျနေရာ၏ အောက်တည့်တည့်တွင် အနိမ့်အမြင့်အရွယ်အစား မတူသော ကျောက်တုံးကြီးသုံးတုံးက လှေကားသုံးဆင့်သဖွယ် တည်ရှိလေသည်။

ရေတံခွန်သည် ထိုကျောက်တုံးကြီး သုံးခုကို ဖြတ်ကျော်ထိ



တွေ့ကာ ဆက်လက်စီးဆင်းသွားသည်။

လူသူကင်းဝေးသည့်အတွက် ဒုစရိုက်သမားများအတွက် အချိန်းအချက်လုပ်ရန် သင့်တင့်ကောင်းမွန်သော နေရာတစ်ခုလိုဖြစ်နေသည်။

ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့သည် ကျောက်သုံးလုံးရေတံခွန်အနီးတစ်ဝိုက်ရှိ သစ်ဝင်ချုံနွယ်များ အကြားတွင် လူစုခွဲကာ ပုန်းအောင်းလိုက်ကြသည်။

သူတို့ သုံးယောက်သည် တာဝန်ကိုယ်စီလည်း ခွဲဝေထားကြသည်။

ရွှေဒင်္ဂါးသေတ္တာနှင့် ရန်တာ့တိုတို့နှစ်ယောက် ရောက်ရှိလာလျှင် ဟိုဖိန့်က အလစ်ဖမ်းကာ အပိုင်တိုက်ခိုက်ရမည် ဖြစ်သည်။

ဟိုဖိန့်တစ်ယောက်တည်းနှင့် အခြေမလှပါက ဝန်ယုကောင်းကထွက်၍ကူညီပေးရန် ကြိုတင်တိုင်ပင်စီစဉ်ထားသည်။

လုအိမ်လိမ်ကတော့ ကျန်ဝတ်စုံနက်များကို စောင့်ကြည့်ရသည့်တာဝန်ကို ယူထားသည်။

ဝတ်စုံနက်များ ရောက်လာသည်ကို လှမ်းမြင်ရလျှင် အချက်ပေးရမည်။

ဝတ်စုံနက်များ ရောက်မလာပါက လုအိမ်လိမ်အနေဖြင့် ဘာမှအထွေအထူး လှုပ်ရှားလုပ်ဆောင်စရာမလို။ အသာငြိမ်နေရန်သာဖြစ်သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် သန်းခေါင်ကျော်ကာ အရုဏ်တက်ချိန်ပင် နီးလာလေပြီ။

မိုးကောင်းကင်၏ အရှေ့ဘက်ပိုင်းဆီတွင် အရုဏ်ဦးရောင်နီများ အစပျိုးလာသည်။

ထိုရောင်နီဦးတို့ တစ်စတစ်စ ပိုအားကောင်းလာသည်။

ထို့နောက် နေဝန်းကြီးသည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှ ပြူ၍ ထွက်ပေါ်လာသည်။

နေဝန်းကြီး ပိုမိုပြူထွက်လာသည်နှင့်အမျှ အလင်းရောင်အားကပို၍ ပို၍ ကောင်းလာသည်။

နေ့သစ်တစ်ခု စတင်လာလေပြီ။

မကြာမီပင် မိုးစင်စင်လင်း၍ လာလေတော့သည်။

ဝန်ယုကောင်း၊ ဟိုဖိန်နှင့် လုအိမ်လိမ်တို့ သုံးယောက်သားမှာမူ ကျောက်သုံးလုံး ရေတံခွန်ဘေးနားတွင် ငြိမ်သက်စွာ ပုန်းအောင်း၍ စောင့်ဆိုင်းနေကြသည်။

သူတို့ ဤနေရာသို့ရောက်ရှိပြီး ယခုလို ပုန်းအောင်းစောင့်ဆိုင်းနေကြသည်မှာ အချိန်သုံးနာရီကျော်ကျော် ကြာမြင့်ခဲ့လေပြီ။

သို့သော် သူတို့သုံးယောက်လုံးပင် စိတ်ရှည်စွာထား၍ စောင့်နေကြသည်။

ရန်တာ့တိုနှင့် အင်စိုက်ဆိုသည့် ဝတ်စုံနက်နှစ်ယောက်သည် လေးလံလှသာ ရွှေဒင်္ဂါးသေတ္တာကြီးကိုသယ်ကာ ခက်ခဲကြမ်းတမ်းသော တောလမ်းခရီးမှ လာရမည်ဖြစ်ရာ ခရီးဖင့်၍ အချိန်ကြာမြင့်နိုင်ကြောင်း သူတို့ ကောင်းကောင်း သဘောပေါက်သည်။



ထို့ကြောင့်လည်း မည်သို့မျှ စိတ်မပျက်ကြသေးဘဲ စောင့်နေကြလေသည်။

ရွှေဒင်္ဂါးသေတ္တာ ယူလာကြမည့် ရန်တာ့တိုနှင့်အင်စိုက်တို့ အလျင်ဦးစွာ ရောက်လာကြရန်သာ သူတို့က ကြိတ်၍ဆုတောင်းနေကြသည်။

လူစုခွဲကာ ထွက်သွားကြသည့် အခြားဝတ်စုံနက် ဝတ်သူများ ဦးစွာရောက်လာကြမည်ဆိုလျှင် သူတို့အတွက် လုပ်ရအတော်ခက်မည်။

ဝတ်စုံနက်ဝတ်သူများတွင် လူအင်အား ပိုများသွားမည်မို့ သူတို့အနေဖြင့် အနိုင်ရနိုင်ဖို့လည်း ပို၍အခွင့်အလမ်း နည်းသွားမည်။

ကျန်ဝတ်စုံနက်များသည် လူလွတ်လာကြရမည်ဖြစ်ရာ လေးလံသော ရွှေဒင်္ဂါးသေတ္တာကြီး ထမ်းပိုးသယ်ဆောင်လာကြရသည့် ရန်တာ့တိုတို့ထက် အလျင်ဦးစွာ ရောက်လာနိုင်စရာ အကြောင်းလည်း ရှိနေပေသည်။

မိုးစင်စင်လင်းပြီ ဖြစ်သော်လည်း ကျောက်သုံးလုံး ရေတံခွန်အနီးဝန်းကျင်မှာမူ မြူများဆိုင်းနေသောကြောင့် လင်းလင်းချင်းချင်း မမြင်သေး။

မပီပိုးတဝါး အခြေအနေတွင် ရှိနေပေသည်။

မြူတွေ ဖုံးလွှမ်းထားသောကြောင့် အနီးအနားကိုပင် သဲသဲကွဲကွဲ မမြင်နိုင်။

လေကလည်း ငြိမ်နေသောကြောင့် မြူခိုးတို့က ပို၍ သိပ်သည်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်း မကောင်းသောကြောင့် ဝန်ယုကောင်းတို့သည် သောတအာရုံကိုသာ ပို၍အားထားကြရသည်။

နားကို အစွမ်းကုန်စွင့်ကာ ထူးခြားသော လှုပ်ရှားသံကို သာ အာရုံစိုက်၍ နားထောင် နေကြသည်။

လေငြိမ်နေသလို ပတ်ဝန်းကျင်တခိုသည် မည်သည့်အသံမျှ မပေါ်ထွက်ဘဲ တိတ်ဆိတ်လွန်းနေသည်။

တိုးညင်းသော ခြေသံနှင့် လှုပ်ရှားသံသဲ့သဲ့ကို စတင်ကြားကြရသည်။

ဝန်ယုကောင်းတို့ သုံးယောက်လုံး စိတ်တွေ လှုပ်ရှားကုန်သည်။

လူတွေကတော့ ငြိမ်နေလျက် ကြားလာသောအသံများကို အထူးဂရုစိုက် နားထောင်နေသည်။

ထိုအချိန်မှာပင် ငြိမ်နေခဲ့သောလေသည် ရုတ်တရက် အသက်ဝင်လာသလို ခပ်ကြမ်းကြမ်း ကွေ့ပတ်တိုက်ခတ်သည်။

လေအဟုန်ကြမ်းမှုကြောင့် သစ်ကိုင်းသစ်ရွက်များ မြက်ပင်ရှည်များ လှုပ်ရှားကုန်ရာ စောစောက တိတ်ဆိတ်ငြိမ်သက်နေလေသော ပတ်ဝန်းကျင်သည် အသံဗလံမျိုးစုံဖြင့် စီစီညံဖြစ်လာသည်။

ထိုအသံတို့ကြောင့် ခြေသံဖွဖွနှင့် လှုပ်ရှားသံ သဲ့သဲ့သည် စုန်းစုန်းမြုပ်စ ပျောက်သွားသည်။

သို့သော်...

လေပြင်းတိုက်ခတ်မှုကြောင့် မြူခိုးများ လွင့်စဉ်လျော့ပါးသွားရာ မြင်ကွင်းအနည်းငယ် ကောင်းလာသည်။



ထိုအခါ...

ကျောက်သုံးလုံး ရေတံခွန်ရှိရာသို့ ရှေးရှုလျှောက်လှမ်းလာနေကြသော လူနှစ်ယောက်ကို ဘွားခနဲ တွေ့ကြရလေတော့သည်။

ထိုလူနှစ်ယောက်သည် ဝတ်စုံနက်များ ဝတ်မထားကြပါ။ ခေါင်းစွပ် မျက်နှာဖုံးများလည်း စွပ်မထားကြပါ။

ကျေးတောသားများ ဝတ်လေ့ရှိသော ချည်ကြမ်းဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

တစ်ယောက်၏ ပခုံးထက်တွင် လေးလံစွာ ထမ်းလာသော ကျွန်းသေတ္တာကြီးကတော့ အသွင်မပြောင်းသွားပါချေ။

ထို့ကြောင့် ဤချည်ကြမ်းဝတ်စုံ ပြောင်းလဲဝတ်ထားသော ကျေးတောသားများ အသွင်မျိုး ပြုလုပ်ထားကြသူ နှစ်ယောက်သည် ရွှေအင်္ဂီးသေတ္တာကို သယ်လာကြသော ရန်တာ့တိုနှင့် အင်စိုက်တို့ ရှိကြောင်း ဝန်ယုကောင်းတို့က ဒက်ခနဲ ဧနေအောင်ပင် အတတ်သိထိုက်ကြလေသည်။

ဟိုဖိန့်က လှုပ်ရှားတိုက်ခိုက်ရန် အသင့်ပြင်သည်။ အရင်ဆုံး တိုက်ခိုက်ရမည့် ပစ်မှတ်ကိုရွေးသည်။

ဝန်ယုကောင်းကလည်း လိုအပ်လျှင် ဟိုဖိန့်ကို အမြန်ဆုံး ဝင်ရောက်ကူညီပေးနိုင်ရန် အသင့်ပြင်သည်။

ရန်တာ့တိုနှင့် ဝင်အင်စိုက်တို့ကမူ သူတို့အတွက် အန္တရာယ် သင့် စောင့်နေမှန်း လုံးဝမသိကြ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ရန်တာ့တိုနှင့် အင်စိုက်တို့နှစ်ယောက်အဖို့ ရွှေဒင်္ဂါးသေတ္တာကြီးကို ထမ်းပိုးရမှုနှင့် တောလမ်းခရီး၏ ခက်ခဲကြမ်းတမ်းမှုတို့ကြောင့် ကိုယ်ကာယအားဖြင့် ပင်ပန်းသည့်အပြင် ကျားပုံသဏ္ဌာန်ယူပိုဆောင်ရေးအဖွဲ့ သိုင်းသမားများက မိမိတို့ကို ခြေရာခံမိကာ တိုက်ခိုက်လာလေမည်လားဟု စိုးရိမ်ပူပန်နေရသော စိတ်ပင်ပန်းမှုကလည်း ရှိနေပြန်သည်။

ကျောက်သုံးလုံး ရေတံခွန်အနီးသို့ ရောက်လာသောအခါတွင်လည်း ဝန်းကျင်တစ်ခို၌ မြူခိုးများအုပ်ဆိုင်းကာ ရှေ့ဆယ်ပေခန့်အကွာကိုပင် ကောင်းစွာ မမြင်နိုင်သည့်အတွက် အတော့်ကို စိတ်ပျက်လက်ပျက် ဖြစ်ကြရပြန်သည်။

ခလုတ်ကန်သင်းများကို မတိုက်မိကြရလေအောင် မြူခိုးများအကြားတွင် စမ်းတဝါးဝါးနှင့် သတိထားကာ လျှောက်လှမ်းသွားနေကြရသည်။

ခရီးပန်းတိုင်သို့ ရောက်လုကာနီးမှ တုံ့နှေးကာ ခရီးဖင့်နေကြသည်။

လေပြင်းပြင်း တိုက်ခတ်လိုက်၍ မြူခိုးများ ပြိုကွဲလွင့်သွားကာ မြင်ကွင်းထင်ရှား ကောင်းမွန်လာသောအခါမှ သူတို့နှစ်ယောက် ဟင်းချနိုင်ကြသည်။

မလှမ်းမကမ်းတွင် ကျောက်သုံးလုံး ရေတံခွန်ကို မြင်ရမှုကလည်း သူတို့အဖို့ ပို၍ စိတ်အားတက်လာစေသည်။

"ဟောဟိုမှာ ကျောက်သုံးလုံး ရေတံခွန်ကို မြင်ရပြီ၊ ကဲ မင်းတစ်လှည့် ထမ်းပေတော့"



ရန်တာ့တိုက ထိုသို့ပြောပြီး သူ့ပခုံးပေါ်၌ ထမ်းလာသော ရွှေဒင်္ဂါးသေတ္တာကြီးကို အင်စိုက်သို့ လက်လွှဲလိုက်သည်။

သစ်ခုတ် လက်ဝါးသိုင်းသည် ဝါးဖြူရွာ၏ မိရိုးဖလာ လက်ဆင့်ကမ်း သင်ကြားလေ့လာခဲ့ကြသော သိုင်းပညာရပ်များအနက်မှ တစ်ခုဖြစ်သည်။

ဝန်ယုကောင်းက တောင်ဖြူဂ လက်ဝါးသိုင်းကို ကျွမ်းကျင်သည့် ပုံဖိန့်က သစ်ခုတ်လက်ဝါးသိုင်းကို အားအထားဆုံးဖြစ်သည်။

ရန်တာ့တိုသည် အင်စိုက်ကက် လူကောင်ပိုကြီးသည်။

အားအင် ပိုသန်သွမ်းသည်။

တောလမ်းတောင်လမ်း ပို၍ကျွမ်းသည်။

ထို့ကြောင့် ခရီးလမ်းတလျှောက်တွင် ရွှေဒင်္ဂါးသေတ္တာကို ရန်တာ့တိုက အချိန်အများဆုံး ထမ်းပိုးလာခဲ့သည်။

ခရီးအဆင်ချောသော နေရာများနှင့် ရန်တာ့တို အမောဖြေသည့်သောအခါများတွင်သာ အင်စိုက်က တစ်လှည့်ထမ်းရသည်။

ယခု ခရီးလမ်းအဆုံး ကျောက်သုံးလုံး ရေတံခွန်သို့ ရောက်သည်အထိ ရန်တာ့တိုသည် အချိန်အတော်ကြာပင် ဆက်တိုက်သေတ္တာကိုထမ်းခဲ့ရသည်။

မူလကတော့ ကျောက်သုံးလုံး ရေတံခွန်နှင့် မလှမ်းမကမ်းသို့အရောက်တွင် အင်စိုက်ကို တစ်လှည့်ထမ်းစေဖို့ ဖြစ်သည်။

သို့သော်...

ကျောက်သုံးလုံး ရေတံခွန်၏ ဝန်းကျင်တစ်ခိုတွင် မြူခိုးများအုပ်ဆိုင်းကာ မြင်ကွင်းမရှင်းသည့်အတွက် ရန်တာ့တိုကပင် ဆက်

www.burmeseclassic.com

www.burmeseclassic.com



ကာထမ်းလာခဲ့ရသည်။

အနားမရသည့်အတွက် ရန်တော့တို အတော့်ကို ပင်ပန်းနေသည်။

ထို့ကြောင့် မြူနိုးများ လွင့်ပြယ်ပြီး မြင်ကွင်းကောင်းကာ ကျောက်သုံးလုံးရေတံခွန်သို့လည်း ရောက်ရတော့မှာမို့ ရန်တော့တိုက အင်စိုက်ပခုံးပေါ် ရွှေဒင်္ဂါးသေတ္တာကို လွှဲပြောင်းထမ်းခိုင်းလိုက်ခြင်း ဖြစ်သည်။

ခရီးဦးတည်ရာသို့ ရောက်လာကြပြီမို့ သူတို့နှစ်ယောက် စိတ်ချလက်ချ ရှိသွားကြသည်။

ဘာအန္တရာယ်မှ မတွေ့နိုင်တော့ဟုပင် ထင်သည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကိုလည်း စေ့စပ်စွာ အကဲမခတ်တော့ဘဲ သတိမမူသလို ဖြစ်သွားကြသည်။

ကျောက်သုံးလုံး ရေတံခွန်သို့ အမြန်အရောက်သွားကာ အနားယူလိုသည့် ဆန္ဒစောတွေက ပို၍များနေသည်။

ဤအချိန်အခါမှာပင် ဘယ်လိုမှ မျှော်လင့်မထားသော တိုက်ခိုက်မှုကို သူတို့ရင်ဆိုင်ကြရလေတော့သည်။

➤ ➤ ➤



အခွင့်အခါကောင်းရသည်နှင့် ဟိုဖိန့်သည် ပုန်းအောင်းနေရာမှ လှစ်ခနဲ ခုန်လွှားထွက်လာကာ တရကြမ်းပင် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

အနီးဝန်းကျင်ကို အကဲမခတ်ဘဲ သတ်လက်လွတ်လို ဖြစ်နေကြသော ရန်တော့တိုနှင့်အင်စိုက်တို့မှာ ကောင်းကောင်းကြီး အငိုက်မိသွားကြသည်။

ဟိုဖိန့်သည် ရွှေဒင်္ဂါးသေတ္တာ ထမ်းထားသော အင်စိုက်ကို အရင်မတိုက်။

လူလွတ်ဖြစ်နေသည့် ရန်တော့တိုဘက်သို့သာ ပထမ ဆုံးတိုက်ကွက်ကို မြှားဦးတည်လိုက်သည်။

"သစ်ခုတ်လက်ဝါးသိုင်း' ကိုသုံးကာ အားပြည့်စောင်းထက်သော လက်ဝါးရိုက်ချက်ဖြင့် ရန်တော့တို၏လည်ကုပ်ကို ရိုက်ချသည်။

ယုန်ဖြူရွာသူရွာသားများ ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း သင်ကြားခဲ့သည့် သိုင်းပညာတွင် သစ်ခုတ်လက်ဝါးသိုင်းလည်း ပါဝင်သည်။

ဝန်ယုကောင်းက 'တောင်ဖြိုလက်ဝါးသိုင်း'ကို အထူးအားကိုးသလို ဟိုဖိန့်က 'သစ်ခုတ်လက်ဝါးသိုင်း'ကို လက်စွဲပြုလေ့ရှိသည်။

သစ်ခုတ်လက်ဝါးသိုင်းသည် ဟိုဖိန့်၏ အပိုင်နိုင်ဆုံးနှင့် အားကိုးဆုံးသော သိုင်းပညာ ဖြစ်သည်။

သစ်ခုတ်လက်ဝါးသိုင်းသည် လက်ဝါးသိုင်းဟု အမည်တပ်ထားသော်လည်း အမှန်စင်စစ် တိုက်ကွက်များသည် လက်ဝါးစောင်းချက် ပိုမြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားသော လက်ဝါးသိုင်းများလို လက်ဝါးဖြင့် အားပြည့်ကွက်ပြည့် ရိုက်နှက်ခြင်းမျိုး မဟုတ်။

ရိုက်ချက်၏ ဦးတည်ရာနေရာများကလည်း အရေးပါသော သွေးကြောကွက်နေရာများချည်း ဖြစ်သည်။

ကျကျနန ရိုက်ချက်အထိခံရလျှင် တစ်ချက်တည်းနှင့်ပင် ပွဲပြီးနိုင်သည်။

အတန်ငယ် ကြမ်းတမ်းရက်စက်သော သိုင်းပညာဟုပင် ဆိုနိုင်သည်။

ဟိုဖိန့်၏ သစ်ခုတ်လက်ဝါးရိုက်ချက်သည် ရန်တာ့တို၏ လည်ကုပ်အထက်ပိုင်းကို ကျကျနနပင် ထိမိသည်။

"ဒုတ်"

"အွတ်"

"ဘုံး"

ရိုက်ချက်ထိသွားသံ၊ ရန်တာ့တို၏ ညည်းတွားသံ၊ လဲပြိုသံတို့ ဆက်တိုက်ပင် ပေါ်ထွက်လာသည်။

ရန်တာ့တိုခမျာမှာ မိမိ မည်သို့မည်ပုံ ဖြစ်သွားသည်ကိုပင် မသိလိုက်။

မပီမသ တစ်ချက်သာအော်နိုင်ကာ ပင်ခြေမှ ပုဆိန်သွားထက်ထက်ဖြင့် ခုတ်ဖြတ်ခြင်းခံရသည့် သစ်ပင်ပျိုတစ်ပင်လို ဘုံးခနဲ လဲကျသွား၏။

အလစ်အငိုက်တွင် အခွင့်ကောင်းကို မိမိရရ အသုံးချလျက် ရန်တာ့တိုကို လက်ဝါးရိုက်ချက် တစ်ချက်တည်းနှင့် အပြတ်ရှင်းပြီး



နောက် ဟိုဖိန့်သည် အင်စိုက်ဘက်သို့ တိုက်စစ်လမ်းကြောင်းပြောင်းသည်။

မြှားဦးလှည့်သည်။

အင်စိုက်မှာလည်း ရုတ်တရက်မို့ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ရန်တာ့တို ဘုံးခနဲ လဲကျသွားသည်ကို တွေ့ရသောအခါတွင်မူ မိမိတို့ရန်သူ၏ တိုက်ခိုက်ခြင်း ခံရပြီဖြစ်ကြောင်း နားလည်သဘောပေါက်သည်။

လမ်းခရီးတွင် ကြားဖြတ်တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရလျှင် ရွှေဒင်္ဂါးသေတ္တာထမ်းသူက အလွတ်ရုန်း၍ပြေးရန် ရန်တာ့တိုနှင့် အင်စိုက်တို့ ကြိုတင်၍ပြောဆို တိုင်ပင်ထားခဲ့ကြသည်။

ရွှေဒင်္ဂါးသေတ္တာ ထမ်းထားသူ အလွတ်ရုန်းပြေးနိုင်ရန်အတွက် ကျန်လူလွတ်က ရန်သူကို ဟန့်တားပိတ်ဆို့ပေးထားရမည် ဖြစ်သည်။

ထို့ကြောင့် အတိုက်ခံရမှန်းသိသည်နှင့် အင်စိုက်သည် ဘာမှုမစဉ်းစားတော့ဘဲ ရွှေဒင်္ဂါးသေတ္တာကိုထမ်းကာ တစ်ချိုးတည်း အွတ်ပြေးလေတော့သည်။

အရေးပေါ်အခြေအနေ ရုတ်တရက် ကြုံရသောအခါ ကြိုတင်စီစဉ်ထားသည့်အတိုင်း အလိုအလျောက် လှုပ်ရှားလုပ်ဆောင်သွားသည့်သဘော ဖြစ်ပေသည်။

အင်စိုက်သည် ထိုသို့ ထွက်အပြေးတွင် ဟိုဖိန့်ကို လက်ဆောင်နမ်းအပ်ပုံတစ်ဆုပ်ဖြင့် လှမ်းပစ်သွားလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဖိန့် သူ့နောက်သို့ ချက်ချင်းလိုက်လံတိုက်ခိုက်ခြင်း မပြုနိုင်ရန် ဟန့်တားလိုက်သည့် သဘောပင်။

အင်စိုက် ပစ်လွှတ်လိုက်သော အပ်ပုံများသည် ဟိုဖိန့်ကို တစ်ချောင်းမျှမထိ။

သို့သော် ထိုအပ်ပုံများကို ရှောင်တိမ်းနေမှုကြောင့် ဟိုဖိန့် အနေဖြင့် အင်စိုက် ပြေးထွက်သွားမှုကို မည်သို့မျှ ကြားဖြတ်တိုက်ခိုက်ခြင်းမရှိခဲ့ပေ။

ထို့ကြောင့် အင်စိုက်၏ ဟန့်ကွက်ဆင်လိုက်မှု အောင်မြင်သည်ဟု ဆိုရပေလိမ့်မည်။

ဟိုဖိန့်က အဆိပ်အပ်ပုံများကို ရှောင်တိမ်းနေသည့် အချိန်တွင် အင်စိုက်မှာ အတော်လှမ်းလှမ်းသို့ ရောက်သွားခဲ့လေပြီ။

ထိုအချိန်မှာပင် အင်စိုက်ဘက်မှ ဝင်ရောက်အားပေး ကူညီပေးသည့်အလား ခပ်ပြင်းပြင်း တိုက်ခတ်နေသော လေအဟုန်သည် ရပ်တန့်သည်။

မြူခိုးများ ပြန်လည်အုပ်ဆိုင်းလာသည်။

မြင်ကွင်းက မပီဝိုးဝါး ဖြစ်ရပြုသည်။

မြူခိုးများ ပိုမို၍ အုံ့ဆိုင်းကာ မြင်ကွင်းပို၍ ဝိုးဝါးသွားလျှင် အင်စိုက်ကိုမမီလိုက်။

ဖမ်းရာစေဖို့ အလွန်ကို ခက်သွားပေတော့မည်။

ဟိုဖိန့် ထိတ်ထိတ်ပျာပျာ ဖြစ်သည်။

အကယ်၍ မြူခိုးများ ပြန်၍ ဆိုင်းမလာဟုဆိုလျှင် ဟိုဖိန့် အနေဖြင့် အင်စိုက်ကို လွတ်ထွက်မပြေးရအောင် အမီလိုက်နိုင်သည်။



အချိန် အနေးအမြန်သာ ရှိမည်။

အပြီးသတ်တွင်တော့ အမီလိုက်ကာ အပိုင်တိုက်ခိုက်နိုင်မှာ သေချာသည်။

ယခု မြူခိုးများ ပြန်လည်အုံ့ဆိုင်းလာစ ပြုသည့်အတွက် ဟိုဖိန့်အဖို့ အခက်ကြုံရသည်။

မြူခိုးများသည် စောစောပိုင်းတုန်းကလို ပြန်လည်၍ သိပ်သိပ်သည်းသည်း လွှမ်းမိုးလာလျှင် ဘာကိုမှ ကောင်းစွာမမြင်နိုင်တော့သည့်အတွက် အင်စိုက်နောက်သို့ အမီ လိုက်ဖို့ကလည်း အကြီးအကျယ် ခက်ခဲသွားပေတော့မည်။

မြူခိုးများ ပြန်လည်အုံ့ဆိုင်းလာကာ မြင်ကွင်း ဝိုးဝါးစပြုသော အခိုက်အတန့်လေးမှာ အလွန်ကို အရေးကြီးနေသည်။

အခိုက် အတန့် အချိန်ပိုင်းလေးအတွင်း အင်စိုက်ကို ပိုင်နိုင်အောင် အတင်းဝင် တိုက်ခြင်း မပြုလျှင် လုံးဝ လက်လွှတ်သွားရမည်သာ ရှိတော့သည်။

အင်စိုက်နှင့် ဟိုဖိန့်တို့၏အကြားတွင် ပေတစ်ရာသာသာခန့် အကွာအဝေးကို ရှိနေသည်။

ထိုအချိန်၌ အင်စိုက်ထံသို့ အမီလိုက်နိုင်ဖို့ကတော့ အတော့်ကို ခက်သည်။

ဒါပေမယ့် ဟိုဖိန့်ကတော့ ဤအခိုက်အတန့်လေးသာ အချိန်ရသည်မို့ ရသမျှအချိန်အတွင်း အစွမ်းကုန်တော့ ကြိုးစားရပေမည်။

"ပြေးလို့လွတ်မယ် ထင်သလား"

ဟိုဖိန့်သည် ပါးစပ်မှ ကျိုးဝါးလျက် အင်စိုက်နောက်သို့ ပြေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အင်စိုက်သည် နောက်သို့လှည့်၍ပင်မကြည့်။

သေတ္တာကြီးကို ထမ်းလျက် အစွမ်းကုန် ပြေးလွှားနေလေသည်။

လေက ဆက်၍ ငြိမ်နေသောကြောင့် မြူခိုးတို့သည်လည်း ပို၍ သိပ်သည်းစွာ လွှမ်းမိုးလာသည်။

မြင်ကွင်း မကောင်းတော့။

"အား"

"ပုန်း"

ရှေ့ဆယ်ပေသာသာခန့် အထိသာ ခပ်ဝါးဝါး မြင်နိုင်လောက်အောင် မြူခိုးများ သိပ်သည်းစွာ အုံ့ဆိုင်းလာသည့် အချိန်မှာပင် အော်ဟစ်သံနှင့် လဲပြိုသံများကို ဟိုဖိန့် ကြားလိုက်ရသည်။

ထို့အပြင်...

"အစ်ကိုဟိုနဲ့ အစ်ကိုဝန်တို့ရေ၊ ဒီမှာ အပိုင်လုပ်လိုက်ပြီဗျ၊ မြန်မြန်လာကြ"

အားရဝမ်းသာ အော်ဟစ်ပြောဆိုလိုက်သော လုအိမ်လိမ်၏ အသံကိုပါ တစ်ဆက်တည်း ကြားရသည်။

ရွှေဒင်္ဂါးသေတ္တာကိုထမ်းကာ သုတ်ခြေတင်၍ ပြေးသွားသော အင်စိုက်သည် လုအိမ်လိမ် ပုန်းအောင်းနေသည့် ချုံပုတ်ကြီးအနားမှ ဖြတ်ကျော်သွားခဲ့ရသည်။

ထိုသို့ ဖြတ်အသွားတွင် ချုံပုတ်ထဲမှ လုအိမ်လိမ်က သားရေကျော့ကွင်းနှင့် လှမ်းပစ်လိုက်သည်။



လုအိမ်လိမ်မှာ သိုင်းပညာ သိပ်မတတ်လှပေ။

တကယ်တမ်း တိုက်ခိုက်မည်ဆိုလျှင် အင်စိုက်ကို ဘယ်လိုမှ မယှဉ်နိုင်။

အလစ်ဖမ်းကာ တိုက်ခိုက်ဖို့ပင် မလွယ်။

ယခု လုအိမ်လိမ် ပစ်လွှတ်သော သားရေကျော့ကွင်းနှင့် လှမ်းပစ်တိုက်ခိုက်မှုသည် ဘာသိုင်းကွက်မျှမဟုတ်။

တောလိုက်မုဆိုး များက ပြေးလွှားနေသော သားကောင်များကို ကျော့ကွင်းနှင့် လှမ်းပစ်ဖမ်းသည့် လှုပ်ရှားကွက်သာ ဖြစ်သည်။

အဘိုးအိုမိန့် အမဲလိုက်ထွက်ရာတွင် မကြာခဏ အတူပါနေကျဖြစ်သော လုအိမ်လိမ်သည် မုဆိုးအတတ်ပညာအချို့ကို တတ်မြောက်နေရာ ကျော့ကွင်းပစ်ဖမ်းမှုတွင်တော့ အကျွမ်းကျင်ဆုံး ဖြစ်သည်။

ယခု သူအကျွမ်းကျင်ဆုံးသော ကျော့ကွင်းပစ် ပညာဖြင့် အနားမှဖြတ်ပြေးသွားသော အင်စိုက်ကို လှမ်းပစ်တိုက်ခိုက်ခဲ့ရာ အင်စိုက် ကောင်းကောင်းကြီး ခံသွားရသည်။

လုအိမ်လိမ် ပစ်လိုက် သော သားရေကျော့ကွင်းသည် အင်စိုက်၏ခေါင်းမှ စွပ်မိကာ လည်ပင်းကို အမိအရ ရစ်သိုင်းမိသည်။

အင်စိုက်လည်း သူ့အဖော် ရန်တာ့တို့၏နောက်သို့ လိုက်သွားရလေပြီ။

ဟိုဖိန့်နှင့် ဝန်ယုကောင်းတို့နှစ်ယောက်လည်း လုအိမ်လိမ်၏ အသံပေါ်လာရာသို့ အမြန်ပင် ချဉ်းကပ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်းစင်းကြီး လဲကျနေသော အင်ဝိုက်၏ဘေးတွင် ရွှေဒင်္ဂါးသေတ္တာကြီးက မပျက်မစီးဘဲ ရှိနေသည်ကို တွေ့ကြရသည်။

လုအိမ်လိမ်ကမူ ရွှေဒင်္ဂါးသေတ္တာနားတွင် မြိန့်မြိန့်ကြီး ရပ်၍နေသည်။

"ငါတို့ ဒီနေရာက အမြန်ခွာကြမှ ဖြစ်မယ်"

ဟိုဖိန့်က ပြောသည်။

"ဟုတ်တယ်၊ သေတ္တာကို တစ်ယောက်တစ်လှည့် ထမ်းခဲ့ကြတာပေါ့၊ ကျွန်တော် အရင်ဆုံးထမ်းမယ်"

ပြောပြောဆိုဆို လုအိမ်လိမ်က ရွှေဒင်္ဂါးသေတ္တာကြီးကို ကောက်၍ထမ်းလိုက်သည်။

➤ ➤ ➤



ရွှေဒင်္ဂါးသေတ္တာကြီးကို အရယူနိုင်ပြီးနောက် အမြန်ထွက်ခဲ့ကြရာ အချိန်အနည်းငယ်အကြာတွင် လူသံများ ကြားရသည့်အတွက် ဝန်ယုကောင်းတို့သုံးယောက်သည် သစ်ပင်ချုံနွယ်များ အကြားတွင် တိုးဝင်ကာ ပြားနေအောင် ဝပ်၍ ပုန်းအောင်းနေလိုက်ကြသည်။

ယခုလောလောဆယ် အခြေအနေတွင် သူတို့သည် မည်သူနှင့်မျှ ရင်ဆိုင်မတိုးချင်ပါ။

တတ်နိုင်သမျှ ရှောင်တိမ်းနေချင်ကြသည်။

သူတို့နှင့် မလှမ်းမကမ်းမှ ဝတ်စုံနက်ဝတ်သူ လူသုံးယောက် ကျောက်သုံးလုံး ရေတံခွန်ဘက်သို့ ရှေးရှုကာ သုတ်သုတ်သွားသွား လျှောက်လှမ်းသွားကြသည်ကို မြင်ကြရသည်။

ထိုဝတ်စုံနက်ဝတ် လူသုံးယောက်၏ အဝတ်အစားများ နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြွတ်နေကာ သွေးတွေလည်း ပေကျံနေကြသည်။

အပြင်းအထန် တိုက်ခိုက်ပြီး ကသောကမျော ထွက်ပြေးလာကြမှန်း ထင်ရှားသိသာနိုင်သည်။

"ကြည့်ရတာ အခြေအနေ သိပ်မကောင်းဘူးကွ၊ ငါတို့က ဒီသေတ္တာကြီးနဲ့ လျှောက်သွားနေလို့ သင့်ပါ့မလား"

ဝတ်စုံနက်ဝတ် လူသုံးယောက် ဖြတ်ပြေးသွားကြပြီးသောအခါ ဟိုဖိန့်က ပြောသည်။

"ဟုတ်တယ်၊ တစ်နေရာရာမှာ အသာဝင်ပုန်းပြီး ငြိမ်နေတာ အကောင်းဆုံးဖြစ်လိမ့်မယ်"

ဝန်ယုကောင်းက ပြောသည်။

ပုန်းအောင်းရန် အကောင်းဆုံးနေရာကို စဉ်းစားကြရာ နောက်ဆုံးတွင် 'စင့်မော်ဘုံကျောင်းပျက်ကြီး'ကို ရွေးချယ်လိုက်ကြသည်။

ယခုကိစ္စရပ်များသည် စင့်မော်ဘုံကျောင်းပျက်ကြီးတွင် အစပျိုးခဲ့ကြပေရာ ပေါ်ပေါက်လာသော အန္တရာယ်များကို ရှောင်ပုန်းရန် ပုန်းအောင်းဖို့နေရာမှာ ထိုဘုံကျောင်းပျက်ကြီးသာ အကောင်းဆုံးဖြစ်နေပေသည်။

သို့ဖြင့် ဝန်ယုကောင်းတို့သုံးယောက်သည် ဖြတ်လမ်းမှနေ၍ စင့်မော်ဘုံကျောင်းပျက်ကြီးဆီသို့ ပြန်လာခဲ့ကြသည်။

ရွှေဒင်္ဂါး သေတ္တာကြီးကိုမူ လမ်းခုလတ်ရှိ ကျောက်ချပ်အက်ကြောင်းတစ်ခုထဲတွင် ထည့်ကာ သိမ်းဝှက်ထားခဲ့ကြသည်။

အခြေအနေ ငြိမ်သွားမှ ပြန်ယူကာ ဝေစုခွဲကြရန်လည်း သုံး



ဦးသုံးဖလှယ် သဘောတူ ကတိကဝတ် ပြုခဲ့ကြသည်။

နံနက်ပိုင်း ခုနှစ်နာရီကျော်ကျော်လောက်တွင် စင့်မော်ဘုံကျောင်းပျက်ကြီးသို့ သုံးယောက်သား ပြန်ရောက်သွားကြသည်။

ဘုံကျောင်းပျက်ကြီးသို့ ရောက်သောအခါ တိုက်ခိုက်သံများ အော်ဟစ်သံများကို ကြားကြရလေသည်။

"ဟာ...တိုက်နေခိုက်နေကြတုန်းပါလား"

ဟိုဖိန့်က တအံ့တသြပင် ရေရွတ်သည်။

တိုက်ခိုက်မှုများ တစ်ခန်းသိမ်းကာ ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့လည်း ဘုံကျောင်းပျက်မှ ထွက်ခွာသွားကြလောက်ပြီဟု သူတို့က ထင်နေခဲ့ကြပေသည်။

"သူတို့ဘာသာ တိုက်ချင်သလောက် တိုက်နေကြပါစေကွာ နောက်ဆုံးတော့ ပွဲပြီးသွားမှာပါပဲ၊ ငါတို့ ပုန်းနေကြဖို့သာ အရေးကြီးသည်၊ ဘယ်နေရာမှ ပုန်းနေရမယ်ဆိုတာကိုသာ ပြကွာ လုအိမ်လိမ်"

ဝန်ယုကောင်းက ဟိုဖိန့်ကို ပြောပြီးနောက် လုအိမ်လိမ်ကို ဆက်၍ ပြောလိုက်သည်။

လုအိမ်လိမ်က ပျက်စီးနေသော ကျောင်းဆောင်မြင့်တစ်ခုဆီသို့ ခေါ်ဆောင်သွားသည်။

ထိုကျောင်းဆောင်မြင့်သည် မူလက အထပ်မည်မျှရှိသည်ကိုတော့မသိ။

ယခုတော့ အထပ်သုံးထပ်သာ ကျန်တော့သည်။

ထိုအထပ်သုံးထပ်မှာလည်း အတော်ကြီးကို ပျက်စီး၍နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကျော်ကျော်လောက် ပြိုကျနေသည်။

ပြိုကျနေသော အုတ်ပုံအကျိုးများကိုနင်းကာ သုံးထပ်သို့ အရောက်တက်ခဲ့ကြသည်။

ထိုသုံးထပ် အခန်းပျက်ထဲတွင် ဝင်ကာ ပုန်းအောင်းကြသည်။

ထိုနေရာသည် အမြင့်ပိုင်းတွင်ဖြစ်ရာ တိုက်ခိုက်နေကြသည့် နေရာသို့ အပေါ်စီးမှ လှမ်း၍မြင်နိုင်သည်။

ကျားပျံသယ်ယူပို့ဆောင်ရေး အဖွဲ့သားများသည် အစိမ်းရောင်ဝတ်စုံဝတ်ထားသူများနှင့် အပြင်းအထန် အကြိတ်အနယ် တိုက်ခိုက်နေကြသည်ကို တွေ့ကြရသည်။

"ဟာ...ဝတ်စုံနက်တွေနဲ့ မဟုတ်တော့ဘူး ဝတ်စုံစိမ်းတွေနဲ့ တိုက်နေကြတာပါလား၊ ဘယ်လိုဖြစ်ကုန်တာပါလိမ့်"

ဝန်ယုကောင်းက တအံ့တသြပြောသည်။

"ဟိုဝတ်စုံနက်တွေ ထွက်ပြေးကုန်ကြပြီး ဒီဝတ်စုံစိမ်းတွေက နောက်ထပ် ဝင်တိုက်ကြတာ ဖြစ်မယ်ထင်တယ်ကွ"

"သူတို့တစ်ဖွဲ့တည်းလား"

"ဟုတ်မယ် မထင်ဘူး၊ သတ်သတ်စီ ဖြစ်လိမ့်မယ်"

"ဒီဝတ်စုံစိမ်းတွေက ဝတ်စုံနက်တွေထက် ပိုပြီး သိုင်းပညာစွမ်းတယ်နော်"

"အေး...တိုက်နေကြတာတော့ အကြိတ်အနယ်ပဲ၊ နှစ်ဖက်လုံး အထိနာကြဖို့ သေချာတယ်"

ထိုအခါ လုအိမ်လိမ်က ကြားဖြတ်၍...



"သူနိုင်ကိုယ်နိုင် အကြိတ်အနယ် တိုက်ကြရင်း နှစ်ဖက်လုံး အကုန် သေကုန်ကြရင် ကျွန်တော်တို့အပွဲပဲ၊ လှည်းတွေထဲမှာ ရှိနေသေးတဲ့ ရွှေဒင်္ဂါးသေတ္တာတွေ အားလုံးကို အသာဝင်ယူလိုက်ကြရုံပဲ ဗျ"

"အေး... မင်းပြောသလို ဖြစ်လာရင်တော့ အကောင်းသား၊ ...ပမယ့် တစ်ဖက်ဖက်ကဖြစ်ဖြစ် အနိုင်ရဖို့က သေချာပါတယ်၊ အားလုံး တစ်ယောက်မကျန်တော့ သေမကုန်နိုင်ပါဘူး"

ဟိုဖိန့်က ပြန်ပြောသည်။

"အဲဒီ ကျန်တဲ့ဘက်ကို ကျွန်တော်တို့က အပြတ်ရှင်းပစ်လိုက်ရင်ကော..."

"တိုက်နေခိုက်နေကြပုံကို ကြည့်ရှုရင် နှစ်ဖက်လုံး တကယ့်သိုင်းပညာစွမ်းထက်တဲ့ သိုင်းသမားချည်းပဲ၊ တစ်ယောက်လောက်ပဲ ကျန်ခဲ့ရင်တောင် ငါတို့နိုင်အောင် တိုက်နိုင်မှာမဟုတ်ဘူးကွ၊ အသာဘေးက ကြည့်နေတာ ဘေးကင်းလိမ့်မယ်"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှုများသည် တကယ်ပင် ပြင်းထန် ကြမ်းတမ်းလှသည်။

အဆုံးအဖြတ် တိုက်ပွဲတစ်ခု၏ စစ်တလင်းနှယ် သူပြုတ်ကိုယ်ပြုတ် အပြတ်တိုက်နေကြသည်။

ဟိုဖိန့်က အကဲဖြတ်သလိုပင် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့သားများရော တစ်ဖက် ဝတ်စုံစိမ်းဝတ်သူများပါ သိုင်းပညာစွမ်းရည်ကောင်းကြသည်။

အသေအကြေ တိုက်ခိုက်ကြရာ တိုက်ပွဲသည် အတော်ကိုအချိန်ကြာသည်။

နှစ်ဖက်လုံးလည်း အထိနာသည်။

ဝန်ယုကောင်းတို့လူစု ရောက်ရှိလာကြပြီး နာရီဝက်ခန့် အကြာတွင် တိုက်ခိုက်မှုများ အဆုံးသတ် နိဂုံးချုပ်သည်။

ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့ဘက်မှ လူအားလုံးပင် အချေမှုန်းခံလိုက်ကြရ၏။

ဝတ်စုံစိမ်းဝတ်လူများဘက်တွင်လည်း နှစ်ယောက်သာ ကျန်သည်။

ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့သား အများစုကို ဝတ်စုံစိမ်းနှစ်ယောက်ကသာ ချေမှုန်းတိုက်ခိုက်ခဲ့ပေသည်။

တိုက်ခိုက်မှုများ အဆုံးသတ်သွားသောအခါ ထိုဝတ်စုံစိမ်းဝတ်လူနှစ်ယောက်သည် ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့၏ မြင်းလှည်းနှစ်စီးပေါ်သို့ တစ်ယောက်တစ်စီး ခုန်တက်လိုက်ကြသည်။

ထိုမြင်းလှည်းနှစ်စီးပေါ်တွင် ကျားပျံ သယ်ယူပို့ဆောင်ရေး



အဖွဲ့မှ တာဝန်ယူ စောင့်ကြပ်သယ်ဆောင်လာသော ရွှေဒင်္ဂါးသေတ္တာများ ရှိကြောင်းကို ဝန်ယုကောင်းတို့ နားလည်အကဲခတ်မိကြသည်။

ဝတ်စုံစိမ်းများသည် ရွှေဒင်္ဂါးသေတ္တာများကို အပိုင်တိုက်ခိုက် လုယက်နိုင်ကြပြီးနောက် ယူဆောင် ထွက်သွားကြခြင်း ဖြစ်မည်ဟုလည်း တွေးမိကြသည်။

သို့သော်...

ဝတ်စုံစိမ်းဝတ်နှစ်ယောက်က မြင်းလှည်းများကို ဘုံကျောင်းပျက်အတွင်းသို့ မောင်းနှင် ဝင်ရောက်လာသည်ကို တွေ့ရသော သူတို့ အံ့အားသင့်ကုန်ကြသည်။

ဘာကြောင့် လွတ်ရာကျွတ်ရာသို့ မသွားဘဲ ဘုံကျောင်းထဲမောင်းဝင်လာကြသနည်းဟုလည်း သို့လော သို့လော အတွေးပွားကုန်ကြသည်။

အုတ်ပုံအုတ်ကျိုးများနှင့် ခလုတ်ကန်သင်း များပြားလှသော ဘုံကျောင်းပျက်အတွင်းသို့ မြင်းလှည်းနှစ်စီးကို မောင်းဝင်လာခြင်းမှာ တစ်စုံတစ်ရာသော ထူးခြားသည့်ရည်ရွယ်ချက် မရှိဘဲနှင့် မဖြစ်နိုင်။

ဘယ်လိုရည်ရွယ်ချက် ရှိလို့နည်းဟု သိနိုင်ရန်အတွက် ဝန်ယုကောင်းတို့သုံးယောက်သည် အခြေအနေကို ဆက်၍စောင့်ကာ အကဲခတ် ကြည့်နေကြသည်။

ထိုဝတ်စုံစိမ်းဝတ် လူနှစ်ယောက်သည် မြင်းလှည်းမောင်းရာတွင်လည်း အတော်ပင် ကျွမ်းကျင်ကြသည်။

ဘုံကျောင်းပျက်ကြီး၏ အပျက်အစီး အုတ်ပုံအကျိုးအပျက်

www.burmeseclassic.com

www.burmeseclassic.com



များ အကြားတွင် မြင်းလှည်းနှစ်စီးကို တိမ်းမှောက်ခြင်း မရှိရအောင် မောင်းဝင်လာနိုင်ကြသည်။

ဘုံကျောင်းပျက်ကြီး၏ အတွင်းဘက်တစ်နေရာတွင် မြင်းလှည်းများကို ရပ်လိုက်ကြသည်။

မြင်းလှည်းများ ရပ်သောနေရာသည် ဝန်ယုကောင်းတို့ သုံးယောက်သား ပုန်းအောင်းကာ လှမ်းကြည့်နေသော အဆောင်မြင့်အပျက်နှင့် အလှမ်းမကွာလှပေ၊ အနီးလေးဟုပင် ဆိုနိုင်သည်။

မြင်းလှည်းများကို ရပ်တန့်ပြီးသည်နှင့် ဝတ်စုံစိမ်းဝတ်လူနှစ်ယောက်တို့သည် တစ်ယောက်ကို သေတ္တာတစ်လုံးထမ်းလျက် မြင်းလှည်းများပေါ်မှ အသီးသီး လွှားခနဲ ခုန်ဆင်းကြသည်။

ပြီးတော့ အနားရှိ ပြိုပျက်နေသော အဆောင်ကြီးတစ်ခုအတွင်းသို့ လျင်မြန်စွာပင် ပြေးလွှား ဝင်ရောက်သွားကြလေသည်။

လေးလံသော ရွှေဒင်္ဂါးသေတ္တာကြီးများကို ထမ်းထားသည့်တိုင် ဝတ်စုံစိမ်းဝတ် လူနှစ်ယောက်၏ လှုပ်ရှားမှုများသည် အတော့်ကို သွက်လက်မြန်ဆန်လှပေသည်။

ဝတ်စုံစိမ်းဝတ် လူနှစ်ယောက် ပြေးဝင်သွားကြသော အဆောင်ကြီး၏ အကာနံရံများသည် အနည်းငယ်သာ ကောင်းမွန်လျက် အများအပြား ပျက်စီးနေ၏။

ခေါင်းမိုးမှာမူ ဘာမှုမကျန်တော့အောင်ပင် လုံးဝပျက်ကျနေသည်။

အမိုးဟင်းလင်း ဖြစ်နေသော အခြေတွင် ရှိပေသည်။

ထို့ကြောင့် ကျောင်းဆောင်မြင့်အပျက်၏ သုံးထပ်နေရာအ



ဆက်စီးမှ လှမ်းကြည့်နေကြသော ဝန်ယုကောင်းတို့အနေဖြင့် အဆောင်ပျက်ကြီးထဲသို့ ဝင်ရောက်သွားကြလေသော ဝတ်စုံစိမ်းဝတ်လူနှစ်ယောက်၏ လှုပ်ရှားလုပ်ဆောင်ပုံများကို အတိုင်းသားပင် ထင်ထင်ရှားရှား လှမ်းမြင်နေကြရလေသည်။

ဝတ်စုံစိမ်းဝတ်လူနှစ်ယောက်တို့သည် အဆောင်ပျက်ကြီး၏ ထောင့်ဘက်ထောင့်နေရာဆီသို့ တစ်ခါတည်းတွန်း၍သွားသည်။

ထိုနေရာရှိ ကြမ်းပြင်သည် အတော့်ကိုသန့်၍ ရှင်းလင်းနေသည်။

အုတ်ကျိုးအုတ်ပဲ့ အစအနများပင် မရှိ။

ကြိုတင်၍ ရှင်းလင်းထားကြောင်း ထင်ရှားသိသာနိုင်သည်။

ဝတ်စုံစိမ်းတစ်ယောက်သည် ထမ်းထားသော သေတ္တာကြီးကို အသာချကာ ကြမ်းပြင်တစ်နေရာတွင် ဒူးထောက်ထိုင်သည်။

ထိုသူ ဘာလုပ်လိုက်သည်ကို ဝန်ယုကောင်းတို့ မတွေ့ကြသော။

သို့ရာတွင် ထိုသူ၏ရှေ့ရှိ ကြမ်းပြင်ပေါ်တွင် အပေါက်တစ်ခုသတ်ရက် ပေါ်လာသည်ကို လှမ်းတွေ့ရသည့်အတွက် လျှို့ဝှက်ခလုတ်တစ်ခုခု ကို နှိပ်လိုက်ခြင်း ဖြစ်မည်ဟုမှန်းဆ နားလည်လိုက်ကြသည်။

ဝတ်စုံစိမ်းသည် ပေါ်လာသော အပေါက်မှနေ၍ သေတ္တာထမ်းလျက် လျှောက်လှမ်းဆင်းသွားသည်။

လျှို့ဝှက်ခလုတ်နှိပ်၍ အဝင်တံခါးပေါက်ဖွင့်လိုက်သူ ဝတ်စုံစိမ်းသည်း ချထားသော သေတ္တာကြီးကို ကောက်ထမ်းလျက် သူ့

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံနောက်မှ ရှေ့ဆင့်နောက်ဆင့်ဆိုသလို လိုက်ပါသွားသည်။

လုအိမ်လိမ်က တစ်စုံတစ်ရာ ပြောမည်ပြုရာ ဟိုဖိန့်က မေးသည့်အသံမျှမပြုရန် လက်ဟန်ဖြင့် ပြသဟန့်တားသည်။

ဝတ်စုံစိမ်း နှစ်ယောက်တို့၏ သိုင်းပညာ အထူးမြင့်မားထက်မြက်ပေရာ မိမိတို့၏ အသံတစ်ခုခုပြုမိလျှင် ကြားသွားနိုင်ကြောင်း တွေးမိသောကြောင့် ဖြစ်သည်။

လုအိမ်လိမ်လည်း ထိုအခါမှ အခြေအနေကို နားလည်ကာ ဘာမျှမပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်။

ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့ သုံးယောက်သည် စကားမပြောကြရုံသာမဟုတ် မည်သူမျှလည်း မလှုပ်ရှားဘဲ ကျောက်ရုပ်တွေလို ငြိမ်ကုပ်၍ နေကြလေသည်။

အဆောင်ပျက်ကြီးထဲသို့သာ စိတ်ဝင်တစား ဆက်လက်ကြည့်ရှုနေကြလေသည်။

➤ ➤ ➤



ဝင်သွားပြီး ခဏအကြာမှာပင် ဝတ်စုံစိမ်းနှစ်ယောက် အဆောက်ထဲမှ ပြန်တက်လာကြသည်။

သူတို့ ထမ်းသွားသော သေတ္တာနှစ်လုံး ပါမလာတော့။

ဝတ်စုံစိမ်းနှစ်ယောက်သည် မြင်းလှည်းများထံသို့ အမြန်ပြန်လာကြသည်။

သေတ္တာ တစ်ယောက်တစ်လုံးစီ ထမ်းကာ အဆောင်ပျက်ကြီးထဲရှိ အပေါက်မှနေ၍ မြေအောက်သို့ ဆင်းသွားကြ ပြန်သည်။

ဤသို့ဖြင့် ဝတ်စုံစိမ်းနှစ်ယောက်တို့သည် မြင်းလှည်းပေါ်ရှိ ရွှေဒင်္ဂါးသေတ္တာများကို တစ်ခေါက်ပြီးတစ်ခေါက် သယ်ယူကာ အဆောင်ပျက်ကြီး၏ မြေအောက်ထပ်ထဲသို့ ထည့်သွင်းနေကြလေသည်။

မြင်းလှည်းပေါ်တွင် အုပ်မိုးထားသည့် ရွက်ဖျင်များကို ဖယ်ချလိုက်ကျသည့်အတွက် ဝန်ယုကောင်းတို့မှာ မြင်းလှည်းများပေါ်တွင် ပါလာကြသော ရွှေဒင်္ဂါးသေတ္တာများကို လှမ်းမြင်နိုင်ကြသည်။

မျက်မြင် ရေတွက်မှတ်သားကြည့်ရာ ပထမမြင်းလှည်းပေါ်တွင် သေတ္တာငါးလုံး ပါရှိကြောင်း သိကြရသည်။

မြင်းလှည်းတစ်စီးလျှင် ရွှေဒင်္ဂါးသေတ္တာ ခြောက်လုံးစီ ပါလာပြီး ဒုတိယမြင်းလှည်းပေါ်မှ သေတ္တာတစ်လုံးကို ဝတ်စုံနက်များ အတိုက်ခိုက်လုယက် ယူသွားခဲ့သောကြောင့် ယခု ရွှေဒင်္ဂါးသေတ္တာ ငါးလုံးနှင့်တစ်လုံးသာ ကျန်နေခြင်းဖြစ်ကြောင်း ဝန်ယုကောင်းတို့ ဆက်စပ်တွေးစားကာ နားလည်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်းဝတ်လူနှစ်ယောက်တို့သည် ဝန်ယုကောင်းတို့လူစုအဆောင်မြင့်အပျက်၏ သုံးထပ်နေရာပေါ်တွင် ရှိနေကြသည်ကို လုံးဝ မရိပ်မိကြပါ။

သူတို့သည် သိုင်းပညာစွမ်းရည် အတော်မြင့်မားကြသော်လည်း ဝန်ယုကောင်းတို့က ကြိုတင်၍ ရောက်ရှိနေကြသည့်အပြင် မည်သည့်အသံမျှ မပေါ်ရအောင် စကားလည်းမပြော လှုပ်လည်းမလှုပ်ရှားဘဲ အပြည့်အဝ ငြိမ်နေသည့်အတွက် ဝန်ယုကောင်းတို့ရှိနေမှု၏ အစအနကိုပင် ဝတ်စုံစိမ်းနှစ်ယောက် အနေဖြင့် မကောက်မိကြ။

မိမိတို့နှစ်ယောက်မှအပ အနီးဝန်းကျင်တွင် မည်သူမျှ မရှိနိုင်ဟု စိတ်ချလျက် သူတို့လုပ်စရာရှိသည်များကို လျင်မြန်စွာ လုပ်ဆောင်နေကြသည်။

တိုတောင်းလှသော အချိန်အတောအတွင်းမှာပင် ရွှေဒင်္ဂါးသေတ္တာ ဆယ့်တစ်လုံးစလုံးကို အဆောင်ပျက်ကြီး၏ မြေအောက်ခန်းထဲသို့ ပို့ဆောင်မှု ပြီးစီးသည်။

ဘုံကျောင်း၏ အခြားသော အဆောင်အခန်းခန်းများနည်းတူ ထိုအဆောင်ကြီးသည် ပျက်စီးယိုယွင်းနေသော်လည်း မြေအောက်ခန်းကတော့ အကောင်းပကတိအတိုင်း ခိုင်ခန့်လုံခြုံစွာ ရှိနေဆဲဖြစ်သည်။

မြေအောက်ခန်း ဆောက်လုပ်ထားပုံကလည်း အထူးဝင်သေသပ်ကာ စနစ်ကျကောင်းမွန်သည်။ မြေအောက်ခန်းထဲတွင်ပင် အလုံပိတ်အခန်းတစ်ခု ရှိသေးသည်။



ထိုတံခါးကို ကြီးမားသော ကျောက်တံခါးကြီး တစ်ခုဖြင့် အဝင်အထွက်အပေါက်ကို ပိတ်ဆို့ထားသည်။

အလုံပိတ်ခန်း၏ ကျောက်တံခါးကြီးကို သော့နှစ်ချောင်းဖြင့် ဖွင့်ရပိတ်ရသည်။

ထိုဝတ်စုံစိမ်းနှစ်ယောက်သည် မော်စုချုံနှင့် မော်နန်စိန်ဟု အခေါ်ရှိကြလျက် သစ်စိမ်းဂိုဏ်းမှ ထိပ်တန်း အကျော်အမော်များ ဖြစ်သည်။

စင့်မော်ဘုံကျောင်းပျက်ကြီးနှင့် ဆက်နွယ်ပတ်သက်မှုရှိခဲ့ကြသော အမျိုးအနွယ်မှ ဆင်းသက်လာကြလျက် ဘုံကျောင်းပျက်ကြီး၏ လျှို့ဝှက် မြေအောက်အလုံပိတ်ခန်းအကြောင်းကို ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း ပြောကြားချက်များအရ သိရှိနေခဲ့ကြသည်။

သစ်စိမ်းဂိုဏ်းသည် ဒုစရိုက်အဖွဲ့အစည်းတစ်ခုတော့ မဟုတ်ပေ။

သို့သော် မော်စုချုံနှင့် မော်နန်စိန်တို့နှစ်ယောက်မှာမူ ဖြတ်လမ်းဖြင့် ကြီးပွားချမ်းသာလိုစိတ် ပြင်းပြ ထက်သန်ကြကာ အကွက်ကောင်းတွေ့လျှင် တစ်ချီတည်းနှင့် သူဌေးဖြစ်ကြနိုင်ရန် လက်သပ်မွေး တပည့်များကို လျှို့ဝှက်စွာ ထားရှိကာ အခွင့်အရေးကောင်းကို စောင့်မျှော်နေခဲ့ကြသည်။

မော်စုချုံနှင့် မော်နန်စိန်တို့သည် လက်သပ်မွေးတပည့်များကို ဦးဆောင်ကာ နှစ်ကြိမ် လုယက်တိုက်ခိုက်ခဲ့ကြပြီး ဖြစ်လေသည်။

သို့သော် သူတို့မျှော်လင့်ထားသလောက် ပစ္စည်းဥစ္စာများ မရခဲ့သည့်အတွက် ထင်ကြေးမကိုက်ဘဲ ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု တတိယအကြိမ် လုယက်တိုက်ခိုက်သောအခါတွင်တော့ နေရာဒေသကအစ အားလုံးအဆင်ပြေ ကောင်းမွန်ချောမွေ့ကာ ရွှေဒင်္ဂါးသေတ္တာ ဆယ့်တစ်လုံး အပိုင်အနိုင် ရရှိခဲ့သည့်အတွက် (မိမိတို့၏လက်သပ်မွေး တပည့်အားလုံး ကိစ္စချောကုန်ကြသော်လည်း) မော်စုချူနှင့် မော်နန်စိန်တို့သည် အထူးအားရကျေနပ်လျက် လုယက်ရရှိသော ရွှေဒင်္ဂါးသေတ္တာများကို သူတို့နှစ်ယောက်သာ သိရှိသည့် စင့်မော်ဘုံကျောင်းပျက်၏ မြေအောက်အလုံပိတ်ခန်းထဲသို့ လာရောက် သိမ်းဝှက်ထားကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်သည် မြေအောက် အလုံပိတ် အခန်းအကြောင်းကို သိကြသလို အလုံပိတ်အခန်း၏ ကျောက်တံခါးကြီးကို ဖွင့်ပိတ်ရာတွင်သုံးရသော သော့နှစ်ချောင်းကိုပါ ရှာဖွေရရှိကြပြီး တစ်ယောက်တစ်ချောင်းစီ ကိုယ်နှင့် မကွာဆောင်ထားခဲ့ကြသည်။

အလိုလောဘ ကြီးကြသူတွေပီပီ မိမိတို့၏ လက်သပ်မွေး တပည့်အားလုံး ဆုံးရှုံးသွားရသည်ကို ဝမ်းမနည်းသည့်အပြင် ဝေစုခွဲပေးစရာ မလိုတော့သည့်အတွက် တစ်ဖက်က ဝမ်းသာ၍ပင် နေကြပေသေးသည်။

အတ္တကြီးသူများ ဖြစ်သည့်အလျောက် ရွှေဒင်္ဂါးသေတ္တာအားလုံးကို မောင်ပိုင်စီးလိုစိတ်များကလည်း ပြင်းပြစွာ ဖြစ်ပေါ်၍ လာလေသည်။

ရွှေဒင်္ဂါးသေတ္တာ ဆယ့်တစ်လုံး အလုံပိတ်အခန်းထဲသို့ ထည့်သွင်းပြီးနောက် ကျောက်တံခါးကြီးကို ပိတ်သည်။

မိမိတို့၌ရှိသော သော့တစ်ချောင်းစီဖြင့် ကျောက်တံခါးကြီး



ကို သော့ခတ်ကြသည်။

"ငါတို့ အခုတစ်ခေါက်ရလိုက်တာ တကယ့် အချိုကောင်းကြီးပဲ၊ တစ်သက်မပြောနဲ့ ဆယ်သက်စားလို့ မကုန်တော့ဘူး၊ ဒါပေမယ့် အခုလောလောဆယ်တော့ ဒီအလုံခန်းထဲမှာ ထည့်သိမ်းထားပြီး ငါတို့ အသာလေး ငြိမ်ငြိမ်ဝပ်ဝပ် နေကြဖို့လိုတယ်၊ ဒီလို အခုခံလိုက်ရတဲ့အတွက် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့က စုံစမ်းအရေးယူတာတွေ၊ ခြေရာခံတာတွေ လုပ်မယ့်အပြင် ငါတို့လို လူစားတွေကလဲ လိုက်အနံ့ခံတာမျိုးတွေလဲ ရှိနိုင်တယ် မဟုတ်လား"

ကျောက်တံခါးချပ်ကြီးကို သော့နှစ်ချောင်းဖြင့် အပြည့်အဝ ခတ်ကာ ပြန်ပိတ်ပြီးနောက် မော်စုချူက ပြောသည်။

"ဒါတွေ ငါနားလည်ပါတယ်ကွာ၊ ဒါပေမယ့် အချိန်တော့ သိပ်ကြာကြာဆိုင်းမနေနိုင်ဘူး၊ ကောင်းစားချင်လှပြီကွ"

မော်နန်စိန်က ပြန်ပြောသည်။

"ငါက မင်းလိုပဲ ရှိတာပေါ့ကွာ၊ အခြေအနေအရ အသာလေး သည်းခံစောင့်လိုက်ပါဦး"

"အချိန်အကြာကြီးတော့ မစောင့်နိုင်ဘူး"

"ကိုင်း...ပြောစမ်း၊ မင်းက အလွန်ဆုံး ဘယ်လောက်စောင့်နိုင်မှာလဲ"

"အမှန်အတိုင်းပြောရင်တော့ ဘယ်လောက်မှ မစောင့်ချင်ဘူး၊ အခုချက်ချင်းပဲ ဝေစုခွဲပြီး သုံးပစ်ချင်နေတာ"

"ဟာ... ဒီလိုကြီးတော့ ဘယ်ဖြစ်မှာလဲကွ"

"အေးပါ... မဖြစ်မှန်းသိလို့ စောင့်ဖို့ သဘောတူရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ကဲ… ငါအပြတ်ပြောမယ်၊ တစ်နှစ်ပဲ ငါစောင့်ချင်တယ်၊ ဘယ်လို လဲ"

မော်စုချူက အနည်းငယ် စဉ်းစားလိုက်ကာ…

"ကောင်းပြီ၊ တစ်နှစ်စောင့်မယ်၊ အခု ဆယ်လပိုင်း ဆယ်ရက်နေ့၊ ရှေ့နှစ် ဆယ်လပိုင်း ဆယ်ရက်နေ့ကျရင် မင်းနဲ့ ငါ ဒီနေရာမှာ အတူတူဆုံကြပြီး အလုံပိတ်ခန်းကို ဖွင့်မယ်၊ ရွှေဒင်္ဂါးတွေကို တစ်ယောက်တစ်ဝက် ခွဲယူကြတာပေါ့"

"ကောင်းတယ်"

"ဒါဆို သွားကြစို့"

ပြောပြောဆိုဆို မော်စုချူသည် မြေအောက်ခန်းမှ အပေါ်သို့တက်ရာ လှေကားဆီသို့ ကိုယ်ကို လှည့်လိုက်သည်။

ဤသို့ ကိုယ်အလှည့်တွင် မော်စုချူ၏ ညာဘက်လက်သည် ဆတ်ခနဲ လှုပ်ရှားသည်။

ဓားတိုလေးတစ်လက်ဖြင့် မော်နန်စိန် ကို အလစ်ဖမ်းကာ လက်ပြန်ပစ်လိုက်ခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် မော်နန်စိန်ကလည်း လှည့်ထွက်သွားသော မော်စုချူနောက်ကျောကို ညာလက်ဝါးဖြင့် တအားကုန် ရိုက်ချသည်။

မော်နန်စိန်ရော မော်စုချူပါ လောဘရမ္မက် ကြီးကြရာ၊ ရွှေဒင်္ဂါးများကို တစ်ဦးတည်း မောင်ပိုင်စီးလိုသောကြောင့် ကျန်တစ်ယောက်ကို ပိုင်ကွက်ဖမ်းကာ အပြတ်ရှင်းပစ်ကြခြင်း ဖြစ်ပေသည်။

နှစ်ယောက်သား အကြံတူကာ ပြိုင်တူပင် တိုက်ခိုက်မိကြရာ မော်နန်စိန်၏ လက်ဝါးရိုက်ချက်၊ မော်စုချူ၏ ကျောကုန်းပေါ်သို့ ကျရောက်သည့် အချိန်နှင့် မရှေးမနှောင်းမှာပင် မော်စုချူ ပစ်လွှတ်လိုက်သော ဓားတိုလေးက မော်နန်စိန်၏ ဘယ်ဘက်ရင်ဘတ်ကို ဘည့်မတ်စွာ စိုက်မိသည်။



လက်ဝါးရိုက်ချက်အားမှာ ပြင်းထန်လှပေရာ မော်စုချူသည် ဘိုင်းခနဲပင် မှောက်ရက်သား လဲကျသည်။

တုတ်တုတ်ပင် မလှုပ်နိုင်တော့။

မော်နန်စိန်မှာမူ မော်စုချူလို တစ်ခါတည်း လဲကျမသွား။ မိမိရင်ဘတ်တွင် ထိုးစိုက်မိသော ဓားတိုလေးကို ဆတ်ခနဲပြန်၍ ဆွဲနုတ်လိုက်လေသေးသည်။

သို့သော် ချက်ကောင်းနေရာကို ကျကျနန ထိမှန်သည့်အပြင် ဓားတိုလေးတွင် အဆိပ်များ သုတ်လိမ်းထားသောကြောင့် ခဏအကြာတွင် မော်နန်စိန်လည်း ခွေလျက်သား လဲကျသွားပြန်လေတော့သည်။

အလိုကြီး၍ လောဘဇောထိုက်သူတို့ ဇာတ်သိမ်းမကောင်းနိုင်ကြပါ။

➢ ➢ ➢

www.burmeseclassic.com

www.burmeseclassic.com



ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့ သုံးယောက်သား ပျက်စီးနေသော အဆောင်မြင့်ပေါ်မှ ငြိမ်သက်စွာ စောင့်၍ ကြည့်နေကြသည်။

မြင်းလှည်းပေါ်မှ နောက်ဆုံး ရွှေဒင်္ဂါးသေတ္တာအားလုံး မြေအောက်ခန်းထဲသို့ သယ်ယူချပြီးနောက် ဝတ်စုံစိမ်းနှစ်ယောက် ဘာဆက်လုပ်ကြမည်နည်းဟု အလွန်ကို သိလိုနေကြသည်။

အချိန်တွေ အတော်ကြာသည်အထိ ဝတ်စုံစိမ်းနှစ်ယောက် မြေအောက်ခန်းထဲမှ ပြန်ထွက်မလာသောအခါ ဝန်ယုကောင်းတို့လူစု အတွေးရခက်လာကြသည်။

“ဟိုလူနှစ်ယောက် ပြန်ထွက်မလာကြပါလား၊ ဘယ်လိုဖြစ်တာလဲ၊ အခြားအပေါက်တစ်ခုခုကများ ထွက်သွားကြတာလား”

ငြိမ်သက်နေရာမှ ဟိုဖိန့်က တိုးတိုးလေသံဖြင့် စကားစသည်။

“အစ်ကိုဟိုပြောတာ ဖြစ်တော့ ဖြစ်နိုင်တယ်၊ ရွှေဒင်္ဂါးအားလုံး သယ်ချပြီးပြီဆိုတော့ မြေအောက်ခန်းထဲမှာ သူတို့ ဆက်နေစရာ အကြောင်းမရှိဘူး”

လုအိမ်လိမ်ကလည်း အသံတိုးတိုးဖြင့် ပြောသည်။

“အခြေအနေမှန်ကို သိရအောင် အနားကပ်ပြီး ချောင်းကြည့်ကြရင် မကောင်းဘူးလား”

ဝန်ယုကောင်းက တိုက်တွန်းသည်။

“စဉ်းစဉ်းစားစား လုပ်နော်၊ ဟိုလူနှစ်ယောက် အထဲမှာ ရှိနေသေးရင် ငါတို့ အပြတ် ဒုက္ခရောက်မှာ”



ဟိုဖိန့်က ပြောရာ ဝန်ယုကောင်းနှင့် လုအိမ်လိမ်တို့နှစ်ယောက် ဇက်လေးများပင် ပုသွားကြလေသည်။

ဝတ်စုံစိမ်းတို့နှစယောက် မည်မျှ လက်စွမ်းလက်စ ထက်မြက်ကြသည်ကို သူတို့ကိုယ်တွေ့မျက်မြင် သိရှိထားပြီး ဖြစ်ကြလေပြီ။

သုံးယောက်သား ငြိမ်၍ ဆက်ကာ စောင့်ကြည့်ကြပြန်သည်။

အချိန်တွေ ထပ်မံကုန်ဆုံးသွားသည်။

မွန်းတည့်ချိန်ပင် ရောက်လာတော့မည်။

ဤဘုံကျောင်းပျက်ကြီးသို့ အခြားသော ခရီးသွားများလည်း ရောက်လာကောင်း ရောက်လာနိုင်ရာ၊ ထိုသို့ ရောက်လာလျှင် အခြေအနေတွေအားလုံး ရှုပ်ထွေးကုန်နိုင်သောကြောင့် ယခုလို လူသူကင်းရှင်းနေသေးခိုက် ဝတ်စုံစိမ်းနှစ်ယောက်နှင့် ရွှေဒင်္ဂါးသေတ္တာများ၏ အခြေအနေကို ဖြစ်နိုင်သမျှ စွန့်စားကာ စူးစမ်းကြည့်ရန် ဝန်ယုကောင်းတို့သုံးယောက်က စိတ်ပိုင်းဖြတ်လိုက်ကြလေတော့သည်။

ထို့ကြောင့် သုံးယောက်သား ပျက်စီးယိုယွင်းနေသော အဆောင်မြင့်ပေါ်မှ အောက်သို့ အသာဆင်းခဲ့ကြသည်။

ဝတ်စုံစိမ်းနှစ်ယောက် ဝင်ရောက်သွားရာ အဆောင်ပျက်ကြီးဆီသို့ သတိဖြင့် ဖြည်းဖြည်းချင်း ချဉ်းကပ်၍ သွားကြသည်။

“ဟွီး...ဟီး...ဟီး”

သူတို့ ချဉ်းကပ်လာကြသည့် လှုပ်ရှားမှုကြောင့်လားမသိ၊

www.burmeseclassic.com

www.burmeseclassic.com



လှည်းဆွဲမြင်းတစ်ကောင်က ဟီသံပြုသည်။

ဝန်ယူကောင်းတို့သုံးယောက်မှာ ထိတ်လန့်ကုန်ကြလျက် ရောက်ရာနေရာတွင် ပြားပြားဝပ် မှောက်ချလိုက်ကြလေသည်။

အဆောင်ပျက်ထဲမှ မည်သည့်ထူးခြားသော လှုပ်ရှားမှုမှ ပေါ်ပေါက်မလာ။

သူတို့သုံးယောက် အနည်းငယ် စိတ်အေးကြလျက် တစ်ယောက်ကိုတစ်ယောက် လက်ဟန်ပြ အားပေးကာ အဆောင်ပျက်ဆီသို့ ဆက်လက်ချဉ်းကပ်သည်။

နောက်ဆုံးတော့ အဆောင်ပျက်နားသို့ အရောက်လာနိုင်ကြသည်။

အဆောင်ပျက်ထဲသို့ ချောင်းကြည့်သည်။

စိတ်ချရတော့မှ အဆောင်ပျက်ထဲသို့ တစ်လှမ်းချင်း လျှောက်လှမ်း၍ ဝင်ကြသည်။

ထို့နောက်...

ပွင့်နေဆဲဖြစ်သည့် အပေါက်မှနေ၍ မြေအောက်ခန်းထဲသို့ ဆင်းကြလေသည်။

➤ ➤ ➤



## အခန်း(၃)

နောင်မင်ဟန်းရွာလေးသည် မြောင်နယ်တောင်ဘက်ပိုင်းတွင် တည်ရှိသည်။

အိမ်ခြေသုံးဆယ်ခန့်ပင် မပြည့်တတ်သော ရွာငယ်လေးတစ်ခု ဖြစ်သည်။

ယနေ့မှာမူ 'ဈေးနေ့ကြီး' ဖြစ်နေသောကြောင့် နောင်မင်ဟန်းရွာလေးမှာ စည်စည်ကားကား ရှိ၍နေသည်။

မြောင်နယ်သည် တောတောင် ထူပိတ်သည်။

လူနေကျဲပါးသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးရွာကြီးဟူ၍ ပြောပလောက် အောင်ပင်မရှိပါ ရွာငယ်လေးတွေသာ ဖြစ်ကြသည်။

ထို့ကြောင့် ဈေးဆိုင်ကန္နားများလည်း အခြေတကျ ကြပါ။

ဈေးနေ့များတွင်သာ ဈေးသည်တို့ ရောက်လာကြလျှ ရောင်းဝယ်ဖောက်ကားကြသည်။

နောင်မင်ဟန်းရွာ တည်ရှိရာ နေရာဒေသတွင် အရက်သ ဆယ်လျှင် တစ်နေ့ ရောင်းဝယ်သော 'ဈေးနေ့ကြီး'နှင့် ငါးရက်လ တစ်နေ့ ရောင်းဝယ်ကြသော 'ဈေးနေ့လေး'ဟူ၍ ဈေးနေ့နှစ်မျိုး သည်။

ဈေးနေ့လေးများတွင် ရွာနီးချုပ်စပ်မှ ရွာသူရွာသားများ သာ မိမိတို့၏ရွာထွက်၊ အိမ်ထွက်ပစ္စည်းများကို လာရောက်ရောင်း ကြသည်။

ဈေးနေ့ကြီးများတွင်တော့ နယ်လှည့်ဈေးသည်များ၊ တ နယ်တစ်ကျေးမှ ဈေးသည်များပါ ရောင်းကုန်စည် အမျိုးအမည်စုံ လာရောက်ရောင်းချကြသည်။

ထို့ကြောင့် ဈေးနေ့ကြီးသည် နောင်မင်ဟန်းရွာ၏ အ ကားဆုံးသော အခါသမယ ဖြစ်ပေသည်။

နောင်မင်ဟန်းရွာ၏ ဤဈေးနေ့ကြီးသို့ လာရောက် ဝယ်ကြသူများထဲတွင် ကေမိဝါလည်း တစ်ယောက်အပါအဝင် သည်။

ကေမိဝါသည် မြောင်နယ်သူ တစ်ယောက်တော့ မဟုတ်



န်လူမျိုး မိန်းမပျိုတစ်ယောက် ဖြစ်သည်။

အသက်(၁၈)နှစ်ခန့် ရှိသည်။

အရပ်မြင့်မြင့်၊ ကိုယ်ဟန်သွယ်သွယ်နှင့် ချစ်စရာကောင်း သော ရုပ်ရည်ရူပကာ ရှိသည်။

သွက်လက်ချက်ချာသည်။

အသက်ငယ်ရွယ်သေးသော်လည်း သိုင်းပညာတတ် မြောက်၍ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့်ရှိသည်။

ကေမိဝါ နေထိုင်ရာ 'ကျောက်စိမ်းမြိုင်စခန်း'သည် နောင် င်ဟန်းရွာနှင့် မိုင်နှစ်ဆယ်သာသာခန့် ဝေးသည်။

ကေမိဝါသည် ကျောက်စိမ်းမြိုင်စခန်းမှ နောင်မင်ဟန်းရွာ သို့ တောလမ်းခရီးအတိုင်း အဖော်မပါ တစ်ယောက်တည်း ဈေးလာ ယ်ရဲသည်အထိ သတ္တိကောင်းကာ ရဲဝံ့လေသည်။

ကျောက်စိမ်းမြိုင်စခန်းတွင် အိမ်ခြေသုံးအိမ်၊ လူနေဆယ် ယောက်သာရှိပြီး ခြောက်ကပ်ပျင်းရိဖွယ် ကောင်းလှပေရာ ကေမိဝါ ့ နောင်မင်ဟန်းရွာ၏ ဈေးနေ့များတွင် ဈေးလာဝယ်ရခြင်းကိုသာ ပျော်ရွှင်မှုတစ်ခုသဖွယ် သဘောထားနေရလေသည်။

ကေမိဝါသည် ဈေးနေ့ကြီးရော၊ ဈေးနေ့လေးပါ အလွတ်မ

ဝယ်စရာအထွေအထူး မရှိသည့်တိုင် မပျက်မကွက် ရောက်

ယခု ဈေးနေ့ကြီးသို့လည်း ကေမိဝါသည် ထုံးစံအတိုင်း ောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ဤဈေးနေ့ကြီးသည် ကေမိဝါအတွက် ထူးခြားသော အ တွေ့အကြုံများ အစပျိုးရာ နေ့တစ်နေ့ ဖြစ်မည်ကိုတော့ မိန်းကလေး မသိခဲ့ပါ။

➤ ➤ ➤

ကေမိဝါသည် ဘာမျှဝယ်ခြမ်းခြင်း မပြုသေးဘဲ ဈေးတန် ထဲ လျှောက်ကြည့်နေခိုက် လုလင်ပျိုတစ်ယောက်နှင့် ဆုံမိသည်။

ထိုလုလင်ပျိုသည် ကေမိဝါနှင့် သက်တူရွယ်တူ၊ ပြီးတော ဟန်လူမျိုးတစ်ယောက်လည်း ဖြစ်သည်။

ဟန်လူမျိုးတစ်ယောက်၏ အဝတ်အစားများ ဝတ်ထာ သော ထိုလုလင်ပျိုသည် မြောင်လူမျိုးများအကြားတွင် အထူး သိသာထင်ရှားနေသည်။

ကေမိဝါမှာလည်း ဈေးတန်းထဲရှိ အခြားသော လူများနှ မတူဘဲ ရုပ်ရည်သွင်ပြင်၊ ဝတ်စားဆင်ယင်မှုကအစ ကွဲပြားခြားန နေရာ ဟန်လူမျိုး လုလင်ပျိုလည်း ကေမိဝါကို ချက်ချင်းပင် သတိ မိသည်။

ဟန်လူမျိုး မိန်းမပျိုတစ်ယောက် ဖြစ်ကြောင်းလည်း အ ခတ်မိသည်။

လုလင်ပျိုသည် ကေမိဝါထံသို့ ခပ်သွက်သွက် လျှော လှမ်းလာကာ...



"မင်းက ဟန်လူမျိုးထင်တယ်၊ ဟုတ်လား"

"အင်း...ဟုတ်တယ်"

ကေမိဝါက ခေါင်းညိတ်ပြကာ ပြန်ဖြေသည်။

"တို့ကို တစ်ခု ကူညီပါလား"

"ဘာကူညီရမယ်ဆိုတာ ပြောဦးလေး"

"ဟို...တို့က ဒီမှာ တည်းခိုဖို့ နေရာလိုက်ရှာနေတာပါ၊ ဒီ လူတွေ နားလည်အောင် ဘယ်လိုမှ မပြောတတ်မဆိုတတ် ဖြစ် နေလို့..."

ဟန်လူမျိုး လုလင်ပျို၏ အခက်အခဲကို ကေမိဝါ ကောင်း ောင်းနားလည် သဘောပေါက်သွားသည်။

မြောင်နယ်တွင် ဟန်ဘာသာစကားနားလည်သူ မရှိသ လောက်ပင် ရှားသည်။

ဒေသခံ မြောင်ဘာသာ စကားပင်လျှင် ဆက်သွယ်ပြောဆို ၍ အကြီးအကျယ် အခက်တွေ့နိုင်သည်။

ကေမိဝါကတော့ မြောင်ဘာသာစကား ကောင်းကောင်း တ်သည်။

ထို့ပြင် ဤနေရာ အနီးဝန်းကျင်အကြောင်းကိုလည်း နှံ့စပ် ခင်သည်။

"ရှင်က တည်းခိုခန်းရှာနေတာလား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင်တော့ ကျွန်မ ကူညီနိုင်ပါတယ်"

"ဟင်...ဘာကြောင့်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ နောင်မင်ဟန်းရွာက ရွာငယ်ကလေးရှင့်၊ ဘယ်မှာ တည်းခိုခန်း ရှိနိုင်မှာလဲ"

"ဟာ... ဒါဆို ဒုက္ခပါပဲ၊ တို့က ဒီရွာမှာ အချိန်အတော်ကြာကြာနေရမှာ၊ တည်းခိုခန်းမရှိဘူးဆိုရင် ခက်ပြီ"

ဟန်လူမျိုး လုလင်ပျိုက စိတ်ပျက်လက်ပျက် ပြောသည်။

"တည်းခိုခန်း မရှိပေမယ့် ဘာမှခက်ခဲစရာ မလိုပါဘူးရှင်"

"ဟာ...မခက်ခဲဘဲ နေပါ့မလား၊ တည်းခိုခန်း မရှိရင် ကျို့က ဘယ်မှာသွားနေရမှာလဲ"

"နေဖို့ကတော့ လွယ်ပါ့ရှင်"

"ဘယ်လိုလွယ်တာလဲ၊ ပြောစမ်းပါဦး"

"ရွာထဲမှာပဲဖြစ်ဖြစ်၊ ရွာပြင်မှာပဲဖြစ်ဖြစ် ယာယီတဲထိုးပြီး နေလိုက်ပေါ့၊ လွယ်လွယ်လေး"

"ဟင်...အဲဒီလိုနေလို့ ရလို့လား"

"ရတာပေါ့၊ ဒီကလူတွေ ဒီလိုပဲနေကြတာပဲ၊ ယာယီရွက်ဖျင်တဲတွေတောင် ဈေးတန်းထဲမှာ ဝယ်လို့ရသေးတယ်"

"ဒီလိုဆိုရင် တို့ကို တစ်ခုလောက် ဝယ်ပေးပါလား"

"ရပါတယ်၊ လာ...လိုက်ခဲ့"

ကေမိဝါမှာ ဟန်ဘာသာစကားဖြင့် ပြောဆိုရသည့် စကားပြောဖော်ရသောကြောင့် အတော်လေး စိတ်လက်ကြည်လင်နေ၏။

သက်တူရွယ်တူလည်းဖြစ်သော လုလင်ပျိုပေါ်တွင် ခင်မင်သောစိတ်များ ရှိလာသည်။

ထို့ကြောင့် လုလင်ပျိုအကူအညီတောင်းသည်ကို လွယ်လွယ်



[illegible]ကူပင် လိုက်လျောကာ ယာယီရွက်ဖျင်တဲများ ရောင်းသည့်ဆိုင်[illegible]သို့ခေါ်ဆောင်သွားလေသည်။

မြောင်လူမျိုးတို့၏ ယာယီရွက်ဖျင်တဲများမှာ မွန်ဂိုများ၏ [illegible]ယာယီရွက်ဖျင်တဲများလိုတော့ ကောင်းမွန်ခြင်း မရှိလှပါ။

သုံးဖြစ်ရုံလောက်သာ ရှိသည်။

သို့သော် ပုံပန်းသိပ်မကျလှသော အခြေအနေကပင် ရိုး[illegible]င်းလျက် တစ်မျိုးတော့ နှစ်လိုဖွယ် ကောင်းသည်။

ထို့ပြင် မွန်ဂိုရွက်ဖျင်တဲများထက် သယ်ယူရာတွင် ပိုလွယ်[illegible] ပေါ့ပါးသည်။

ဆောက်လုပ်ဖို့ကလည်း သိပ်မခက်။

ကေမိဝါက လုလင်ပျိုကို မြောင်လူမျိုး ယာယီရွက်ဖျင်တဲ[illegible]ခု ရွေးချယ်ဝယ်ယူ ပေးလိုက်လေသည်။

"စားနပ်ရိက္ခာတွေနဲ့ အခြားလိုအပ်တဲ့ ပစ္စည်းတွေ ဘာတွေ[illegible]သေးဘူးလား၊ ဒီလိုပစ္စည်း အမျိုးအမယ် စုံစုံရတဲ့ ဈေးနေ့ကြီးက [illegible]သုံးဆယ်မှာ တစ်ခါပဲရှိတာ၊ ကြိုတုန်း ဝယ်စရာရှိတာတွေ ဝယ်[illegible]ပါလား"

ယာယီရွက်ဖျင်တဲ ဝယ်ပြီးနောက် ကေမိဝါက စေတနာပိုပို[illegible] ပြောမိလေသည်။

"တို့က ဖြစ်သလို နေတတ်စားတတ်တယ်၊ အမှန်အတိုင်း [illegible]ရင် ဝယ်တာခြမ်းတာတွေလည်း မတတ်ဘူး၊ ဒီတော့ မင်းအ[illegible] အချိန်ပေးနိုင်ပြီး ကူညီမယ်ဆိုရင် လိုမယ်ထင်တာလေးတွေ [illegible]ခြမ်းပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဒီရွာမှာ ဘယ်လောက်ကြာကြာ နေမှာလဲ"

လုလင်ပျိုက မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်ပြီး…

"အဲဒါတော့ ခန့်မှန်းရခက်တယ်၊ အနည်းဆုံး ဆယ်ရက် ဆယ့်ငါးရက်လောက်တော့ နေမှာပဲ၊ ဒီထက်ကြာချင်လည်းကြာမယ်"

"ဒီလိုဆိုရင် ဒီလိုလုပ်လေ၊ ဒီရွာမှာ ငါးရက်တစ်ခါတော့ ဈေးနေ့လေးတွေရှိတယ်၊ ဈေးနေ့ကြီးလောက်တော့ မစုံဘူးပေါ့၊ စားနပ်ရိက္ခာ ငါးရက်စာရယ်၊ ဈေးနေ့လေးတွေမှာ မရနိုင်တဲ့ ပစ္စည်းတွေရယ် အခုဝယ်ပေးထားလိုက်မယ်၊ စားနပ်ရိက္ခာလိုရင် ဈေးနေ့လေးတွေမှာ ထွက်ဝယ်ပေါ့၊ မကောင်းဘူးလား"

"အင်း…အင်း…ကောင်းပါတယ်"

ကေမိဝါက လုလင်ပျိုအတွက် လိုအပ်သည်များကို ထပ်မံဝယ်ပေးသည်။

ထို့နောက် နှုတ်ဆက်စကားဆို၍ လူချင်းခွဲလိုက်ကြသည်။

ကေမိဝါက မိမိဝယ်လိုသည်များကို ဆက်လက်၍ ဝယ်ခြမ်းနေပေသည်။

➤ ➤ ➤



မိမိနှင့် သက်တူရွယ်တူ ဟန်လူမျိုးတစ်ယောက်နှင့် တွေ့ဆုံသိကျွမ်းခဲ့ရသည့်အတွက် ကေမိဝါ အတော်လေး ပျော်နေသည်။

ကေမိဝါသည် မြောင်လူမျိုးကို ခင်မင်သော်လည်း ရိုးသားအေးအေးဆေးဆေး နေတတ်သော မြောင်လူမျိုးများသည် ကေမိဝါ၏သွက်လက်ချက်ချာသော စရိုက်နှင့် မကိုက်ညီခဲ့ပေ။

ဟန်လူမျိုး မိတ်ဆွေတစ်ယောက်ရှိလျှင် ကောင်းမည်ဟု ကေမိဝါ တမ်းတနေမိသည်က ကြာပြီ။

တစ်နေ့တော့ ထိုတမ်းတမှုနှင့် ပြည့်စုံရသည်။

ဒါကြောင့် ကေမိဝါသည် စိတ်လက်ပေါ့ပါးကာ အတော်လေး ရွှင်ပျနေသည်။

"ဟောတော့…သူ့နာမည်ကိုတောင် မမေးလိုက်မိပါလား၊ ငါ့နာမည်ကိုလည်း ပြောမပြလိုက်မိဘူး၊ အင်း…သူနဲ့နောက် ဆုံကြဦးမှာပါပဲ၊ အဲဒီတော့မှ နာမည်တွေပြောပြီး သေသေချာချာ မိတ်ဆက်ရမယ်"

ဈေးဝယ်နေရင်း ကေမိဝါ စိတ်ထဲတွင် ဤသို့တွေးမိသည်။

လူချင်းခင်မင်ခဲ့ပြီးမှ နာမည်ပြောဆို မိတ်ဆက်မှု ပြုလုပ်ရသည့်အဖြစ်ကို တွေးကာ ရယ်ချင်မိသည်။

"ဟော့…ကေမိဝါ၊ ငါဒီမှာ ကေမိဝါ"

ကိုယ့်အတွေးနှင့်ကိုယ် ရယ်ချင်ချင်ဖြစ်နေသော ကေမိဝါသည် ခေါ်သံကြား၍ လှမ်းကြည့်လိုက်ရာ ဈေးနေ့ကြီးများတွင် အသားဆန်ပြုတ် ရောင်းနေသော မြောင်လူမျိုး ဈေးသည်ကြီး ဆမ်း[illegible]ကိုတွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အဘ၊ ဘာများ အကြောင်းထူးလို့လဲ"

ဈေးသည်အဘိုးကြီး ဆမ်းကျင်းကို ကြည့်ရသည်မှာ ရေးကြီးသုတ်ပျာဟန် ရှိသောကြောင့် ကေမိဝါက မေးလိုက်လေသည်။

"ငါ့ဆိုင်မှာ ဟန်လူမျိုး ခရီးသည်တစ်ယောက် ရောက်နေတယ်၊ သူက တစ်ခုခုကို စုံစမ်းနေတဲ့ပုံပဲ၊ ဒါပေမယ့် သူပြောတာကို ငါကနားမလည်ဘူး၊ သူနားလည်အောင်လည်း ငါက မပြောတတ်တာကြောင့် မင်းကိုလာခေါ်တာ၊ မင်းက ဟန်စကား ကောင်းကောင်း ပြောတတ်တာဆိုတော့ အဆင်ပြေနိုင်မယ်လေ"

မိမိနှင့်ဆုံခဲ့သည့် လုလင်ပျို အဘိုးကြီးဆမ်းကျင်း၏ဆိုင်သို့ ရောက်နေခြင်းဖြစ်မည်ဟု ကေမိဝါ တွက်ဆမိသည်။

သည်တစ်ခါတော့ လုလင်ပျို၏အမည်ကို မေးဖြစ်အောင် မေးလိုက်မည်ဟုလည်း စိတ်ကူးသည်။

"ဟုတ်ကဲ့၊ ကျွန်မ လိုက်ခဲ့မယ်လေ၊ လာ သွားစို့"

ကေမိဝါသည် အဘိုးကြီးဆမ်းကျင်းနှင့် အမြန်ပင် လိုက်လာခဲ့လေသည်။

သူမ၏ခြေလှမ်းများလည်း အတော်သွက်နေသည်။

အဘိုးကြီးဆမ်းကျင်း၏ အသားပြုတ်သည် ဈေးတန်းကြီး၏အဝင်ဝနားတွင် ရှိသည်။

ယာယီတဲကြီးနှစ်ခုဆက်ကာ ထိုးထားလျက် ကျကျနနဆိုင်ဖွင့်ရောင်းချခြင်းဖြစ်သည်။

စားပွဲဝိုင်းကြီးများ မရှိသော်လည်း စားပွဲပုလေးများ သပ်သပ်ရပ်ရပ် ချထားသည်။



လူကြိုက်များသောဆိုင် ဖြစ်သည့်အတိုင်း စားသောက်သူများ စည်ကားလျက် လက်မလည်အောင်ပင် ရောင်းချနေရလေသည်။

ဆိုင်အလုပ်သမားတော့ မရှိပါ။

ဆမ်းကျင်း၏သားနှင့် ချွေးမ၊ မြေးများက ဝိုင်းဝန်းရောင်းချလုပ်ကိုင်ပေးသော မိသားစုဆိုင်ဖြစ်သည်။

အစွန်ဆုံးနားရှိ စားပွဲပုလေးမှ ခွေးခြေပုလေးတစ်ခုတွင် လူရွယ်တစ်ယောက် ထိုင်နေ၏။

သူ့ရှေ့မှ စားပွဲပေါ်တွင် အသားစုံပြုတ်ပန်းကန်လုံးကြီးရှိလျက် ခပ်ဖြည်းဖြည်း စားသောက်နေသည်။

ဆိုင်တွင် လူစည်ကားနေသော်လည်း ထိုလူရွယ် ထိုင်နေသော စားပွဲတွင်တော့ အခြားမည်သူမျှ ဝင်မထိုင်။

လူရွယ်တစ်ယောက်တည်းသာ သီးသီးသန့်သန့်စားသောက်နေသည်။

လူရွယ်၏ အထက်တန်းကျကျ ဝတ်စားထားသော အဝတ်အစားကြောင့် ထိုစားပွဲတွင် ဝင်ထိုင်ရန် အခြားလူများက ရှိန်ကြဟန်တူသည်။

ထိုသူသည် ကေမိဝါ စောစောပိုင်းက တွေ့ဆုံကူညီပေးခဲ့သည့် လုလင်ပျိုတော့ မဟုတ်ပါ။

ဟန်လူမျိုးတစ်ယောက်တော့ ဟုတ်မှန်ပါသည်။

ကေမိဝါ ဆုံတွေ့ခဲ့ရသည့် လုလင်ပျိုထက် အနည်းငယ် သက်ကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်လူမျိုး လူရွယ်တစ်ယောက်နှင့် ထပ်မံတွေ့ဆုံရသည့် အတွက်တော့ ကေမိဝါ ကျေနပ်ပျော်ရွှင်မိပါသည်။

"ရှင့်ကြည့်ရတာ ပြည်မကြီးကလာတဲ့ ဧည့်သည်နဲ့တူတယ်"

ကေမိဝါသည် လူရွယ်ထိုင်နေသော စားပွဲပုလေးရှိရာသို့ တစ်ခါတည်းတန်းသွားကာ ပြုံးရယ်၍ ဟန်စကားဖြင့် ပြောလိုက်သည်။

"ဟာ..ဟုတ်ပါတယ်၊ မင်းလို ဟန်လူမျိုး မိန်းကလေးတစ်ယောက်နဲ့ လာဆုံတွေ့ရတာ အများကြီး ဝမ်းသာပါတယ်၊ ထိုင်ပါဦး"

လူရွယ်က ပျူပျူငှာငှာပင် တုံ့ပြန်စကားဆိုကာ ဖိတ်မန္တကပြုသည်။

လူရွယ်က မိမိကိုလှမ်းကြည့်သော အကြည့်သည် အနည်းငယ်စူးစူးစိုက်စိုက်ရှိသည်ဟု ကေမိဝါ၏ စိတ်ထဲတွင် ထင်မိသည်။

စူးရဲသော ထိုအကြည့်ကြောင့် အနည်းငယ်ပင် အနေခက်သွားသည်။

သို့သော်...

မြောင်နယ် တောကောင်များထဲတွင် တစ်ယောက်တည်းသွားလာရဲသော ကေမိဝါမှာ ကြောက်ရွံ့နောက်တွန့်ခြင်းတော့ မရှိပေ။

ခွေးခြေပုလေးတစ်ခုတွင် ခပ်ရဲရဲပင် ဝင်၍ထိုင်လိုက်သည်။

အဘိုးကြီးဆမ်းကျင်းကမူ ကေမိဝါအကြိုက် အသားဆန်ပြုတ်ကို ကိုယ်တိုင်စီမံယူဆောင်ပေးရန် ဆိုင်အတွင်းဘက်သို့ ဝင်သွားလေပြီ။



"အသားဆန်ပြုတ် စားပါဦးလား"

ကေမိဝါ ထိုင်မိသောအခါ လူရွယ်က ကိုယ့်ကိုပြောပြီး အသားဆန်ပြုတ် လှမ်းမှာမည်ပြုရာ ကေမိဝါ လက်ကာပြလျက်...

"မှာနေစရာ မလိုပါဘူးရှင်၊ ဆိုင်ရှင်အဘိုးကြီးက ကျွန်မအတွက် အသားဆန်ပြုတ် လုပ်နေပါပြီ၊ ဟော..ဟိုမှာ ပြောရင်းဆိုခင်းတောင် ယူလာနေပြီ"

အဘိုးကြီးဆမ်းကျင်းသည် အငွေ့ထောင်းထောင်းထနေသော ဆန်ပြုတ်ပန်းကန်လုံးကို သစ်သားလင်ပန်းပေါ်တင်ကာ ကေမိဝါတို့ထံသို့ ရောက်လာသည်။

ကေမိဝါ၏ရှေ့၌ ချပေးသည်။

ပြီးတော့ ခွေးခြေပုလေးတစ်ခုတွင် ဝင်ထိုင်သည်။

"ကျွန်မနာမည် ကေမိဝါပါ၊ သူကတော့ ဒီဆိုင်ရဲ့ဆိုင်ရှင် ဆမ်းကျင်းလို့ ခေါ်တယ်"

ကေမိဝါက စတင်၍ မိတ်ဆက်ပေးသည်။

ပထမဆုံး တွေ့ခဲ့ရသော လုလင်ပျိုတုန်းကလို လူချင်း သိကျွမ်းခဲ့သည့်တိုင် နာမည်မမေးမိဘဲ ရှိမည်စိုးသောကြောင့် မိတ်ဆက်စကားနှင့် အစပျိုးလိုက်ခြင်း ဖြစ်သည်။

"ဩော်... အဲ...တို့နာမည်က တန်အိဖ... အဲ... တန့်အိဖန်လို့ ခေါ်ပေါ့"

လူရွယ်သည် မိမိ၏အမည်ကို ထုတ်ဖော်ပြောရသည်ကို စကားအထစ်ထစ် အငေါ့ငေါ့ ဖြစ်နေရာ ကေမိဝါ စိတ်ထဲတွင် ထူးခြားသလို ထင်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အဘဆမ်းကျင်းကို ဘာများ မေးချင်လို့လဲ၊ မေးချင်တာရှိရင် မေးပါ။ ကျွန်မ စကားပြန်ပေးပါ့မယ်"

"ကျောက်စိမ်းမြိုင်စခန်း ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းချင်လို့ပါပဲ"

ကေမိဝါ မျက်မှောင်လေး ကြုတ်၍သွားသည်။

မိမိနေထိုင်ရာ နေရာအကြောင်း မေးမြန်းနေသည့်အတွက် အံ့အားသင့်သွားမိလေသည်။

ထို့ကြောင့် အဘိုးအိုဆမ်းကျင်းကို စကားပြန်မပြောတော့ဘဲ ကိုယ်တိုင်ပင် ပြန်မေးခွန်းထုတ်လိုက်မိသည်။

"ရှင်က ကျောက်စိမ်းမြိုင်စခန်းကို သွားမလို့လား"

"အင်း...အဲဒီကို သွားမယ်လို့ ပြောရင်တော့ ရပါတယ်"

"ကျောက်စိမ်းမြိုင်စခန်းက ဘယ်သူ့ဆီကို သွားမှာလဲ"

"ဘယ်သူ့ဆီကိုမှ မဟုတ်ပါဘူး"

တန်အိဖန်ဆိုသူ လူရွယ်၏ အဖြေစကားက ကေမိဝါအဖို့ စိတ်ဝင်စားစရာ ဖြစ်လာသည်။

"ဒါဆို ရှင်က အဲဒီကို ဘာသွားလုပ်မှာလဲ"

စိတ်ဝင်စားလာသည်မို့ ကေမိဝါက မေးခွန်းတစ်ခု ဆက်၍ မေးမိသည်။

တန်အိဖန်က ချက်ချင်းမဖြေ။

အနည်းငယ် စဉ်းစား၍နေသည်။

"သူက ဘာတွေ ပြောနေတာလဲ"

အဘိုးကြီးဆမ်းကျင်းက ကြားဖြတ်ကာ မြောင်ဘာသာ



စကားဖြင့် ဝင်မေးသည်။

"သူက ကျွန်မတို့ရဲ့ နေရာကို သွားမလို့တဲ့၊ အဲဒါ ဘယ်သူ့ဆီကို သွားမှာလဲဆိုတော့ ဘယ်သူ့ဆီကိုမှ မဟုတ်ပါဘူးတဲ့"

ကေမိဝါက မြောင်ဘာသာဖြင့် ပြန်ပြောလိုက်သည်။

"ဟင်...ဒါဆိုရင် သူက အဲဒီကို ဘာကိစ္စနဲ့ သွားမှာလဲ"

အဘိုးကြီးဆမ်းကျင်း ဘာအံ့တသြဖြင့် ပြောသည်။

"အဲဒါကို အခု ကျွန်မ မေးနေတာပေါ့"

ကေမိဝါသည် အဘိုးကြီးဆမ်းကျင်းကို ပြန်ဖြေရင်း တန်အိဖန်ဘက် လှည့်လိုက်ပြီး...

"ကိုင်း...ပြောစမ်းပါဦး၊ ရှင်က ကျောက်စိမ်းမြိုင်စခန်းကို ဘာသွားလုပ်မှာလဲ"

"အင်း...ဘယ်လိုပြောရမလဲ၊ အဲ... ကျောက်စိမ်းမြိုင်စခန်း အနီးအနားက သင့်လျော် အဆင်လဲပြေတဲ့နေရာ တစ်နေရာရာမှာ ခေတ္တစခန်းချနေဖို့ ဆိုပါတော့"

တန်အိဖန်၏ အဖြေစကားမှာ သိပ်တော့ ရေရေရာရာ မရှိလှပါ။

"ရှင်က ဆေးပင်ဆေးမြစ်တွေ စုဆောင်းဝယ်ယူချင်လို့လား"

"မဟုတ်ပါဘူး"

"ရှားပါးတဲ့ သစ်ခွပန်းတွေ ရှာချင်လို့လား"

"ဟာ...ဒါလဲ မဟုတ်ပါဘူး"

"ရွှေတို့၊ ကျောက်စိမ်းတို့ ဝယ်ဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ တိရစ္ဆာန် သားရေတို့ အရိုးတို့လည်း မဝယ်ခ
ဘူး၊ အကောင်းစား ပျားရည်တွေ ဘာတွေလဲ လိုချင်လို့ မဟုတ်ဘူး

တန်လူမျိုး လူရွယ် တန်အိဖန်က စကားကို ဝိတ်ကာ ပြေ
လိုက်သည်။

ဤနယ်ပယ်ဒေသတွင် အစွမ်းထက်သော ဆေးပင်ဆေး
မြစ်များရှိသည်။

ရွှေနှင့် ကျောက်စိမ်းလည်း အတန်အသင့် ထွက်သည်
တောတိရစ္ဆာန်မျိုးစုံတို့၏ အရိုးများ၊ သားရေများ၊ ဆေးဖက်ဝင်သ
အကောင်းစား ပျားရည်များ အပါအဝင် သစ်တောထွက် ပစ္စည်းမျိုး
ရရှိနိုင်သည်။

ကေမိဝါတို့၏အဘိုးသည် ဤပစ္စည်းများကို စုဆောင်းဝ
ယူရန် ဤဒေသသို့ ရောက်လာကာ ပြည်မသို့ မပြန်တော့
ကျောက်စိမ်းမြိုင်စခန်းတွင် အခြေစိုက် နေထိုင်ခဲ့လေသည်။

ကျောက်စိမ်းမြိုင်စခန်းတွင် ကေမိဝါတို့ သူတို့မိသားစု
အရောင်းအဝယ် လုပ်ငန်းများတွင် ကူညီရပ်ဆောင်နေသည့် အလ
သမားဟု ဆိုရမည့် မြောင်လူမျိုး မိသားစုအချို့ နေထိုင်ကြသည်

ယခုအခါတွင် ကေမိဝါတို့၏အဘိုးမှာ အသက်ရှစ်ဆယ်
ရှိနေပေပြီ။

ကျန်းမာသန်စွမ်းဆဲတော့ ဖြစ်သည်။

သူစတင်လုပ်ခဲ့သော လုပ်ငန်းများလည်း အတော်ပင်
ခြေကျလာပြီး စီးပွားတိုးတက်နေသည်။

ကေမိဝါ မိဘများသည် ပြည်မနှင့် ကျောက်စိမ်းမြိုင်စခ



းချည်သန်းချည် သွားလာနေကြသည်။

မြောင်နယ်မှ ဝယ်ယူရရှိသည့် ပစ္စည်းများကို ပြည်မသို့
ရောက်၍ ရောင်းဝယ်ဖောက်ကားသည်။

ပြည်မမှ ပစ္စည်းများကို မြောင်နယ်တွင် ပြန်လည်ရောင်းချ
ကျောက်စိမ်းမြိုင်စခန်းသို့ သယ်ယူလာကြသည်။

ကျောက်စိမ်းမြိုင်စခန်း၏ လုပ်ငန်းဆောင်တာများကိုတော့
မိဝါ၏အဘိုးက စီမံကွပ်ကဲ လုပ်ဆောင်သည်။

ကေမိဝါကတော့ လိုအပ်သည်များ ဝိုင်းဝန်းကူညီပေးရ
သည်။

ကေမိဝါ၏ မိဘနှစ်ပါးသည် ကျောက်စိမ်းမြိုင်စခန်းတွင်
သည့်အချိန် နည်းပါးသည်။

ခရီးသွားနေကြသည်က များသည်။

ကျောက်စိမ်းမြိုင်စခန်းနားတွင် လာရောက်နေထိုင်လိုသည်
တန်အိဖန်က ပြောလာရာ မိမိတို့ မိသားစုကဲ့သို့ပင် ဤဒေသမှ
သော ပစ္စည်းပစ္စယများ ဝယ်ယူရန်မှုသာဟု တွေးမိသော
ကြောင့် ကေမိဝါက မေးခွန်းများထုတ်ခြင်း ဖြစ်သည်။

တန်အိဖန်က ဘာမှဝယ်ဖို့ရှာဖို့ မဟုတ်ဟု ယတိပြတ် ပြော
သည့်အတွက် ကေမိဝါအဖို့ အစဉ်းစားရ ခက်နေလေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူမှာ လျှို့ဝှက်ချက် တစ်ခုခုတော့ ကေန်ရှိရမယ်၊ ဒ
ကြောင့် သူဘာကြောင့် ဒီနယ်ဘက် ရောက်လာရတယ်ဆိုတာ သေ
သေချာချာ ထုတ်မပြောတာပေါ့"

တန်အိဖန်ဆိုသူ ဟန်လူမျိုးနှင့် ပတ်သက်၍ ကေမိဝါ
စိတ်ထဲတွင် ဤသို့ တွေးမိသည်။

ပျို့ရွယ်သော မိန်းကလေးတစ်ယောက်ပီပီ တန်အိဖန်
လျှို့ဝှက်ချက်ကို သိလိုနေသည်။

သို့သော် ယခုအချိန်တွင် မေးမြန်းစူးစမ်းကြည့်လျှင် ဘာ
အကြောင်း မထူးနိုင်ကြောင်းကိုလည်း တွေးမိသောကြောင့် မေးခွ
များ ထုတ်နေခြင်းကို ရပ်လိုက်သည်။

မိမိတို့ စခန်းအနီးအနားတွင် နေထိုင်မည်မို့ တန်အိဖန်နှ
ပတ်သက်သည့် ထူးခြားချက်များကို မိမိအနေဖြင့် စုံစမ်းဖော်ထုတ်
နိုင်လိမ့်မည်ဟု ကေမိဝါ တွက်သည်။

"ကျောက်စိမ်းမြိုင်စခန်းက ဒီရွာရဲ့မြောက်ဘက် မိုင်နှ
ဆယ် အကွာလောက်မှာ ရှိတယ်"

ကေမိဝါက ကျောက်စိမ်းမြိုင်စခန်းသို့ သွားရမည့် ခရီး
လမ်းကို သေသေချာချာ ပြောဆို လမ်းညွှန်ပေးလိုက်သည်။

မိမိ ကျောက်စိမ်းမြိုင်စခန်းတွင် နေထိုင်ကြောင်းကိုတော့
တမင်ပင် မပြောဘဲ ထိန်ချန်ထားလိုက်ရလေသည်။

တန်အိဖန်ကလည်း အတော့်ကို စည်းစနစ် ကျနပုံရသည်
ကေမိဝါ ပြောသော စကားများပေါ် မူတည်ကာ ခရီးလမ်း
ကြောင်း မြေပုံကြမ်းကို ရေးဆွဲသည်။



ကေမိဝါက လိုအပ်သည်များ ထောက်ပြ ပြင်ဆင်ပေးရာ
ကျောက်စိမ်းမြိုင်စခန်းသို့သွားသည့် ခရီးလမ်းညွှန် မြေပုံသည်
အတော်ပင် ကောင်းမွန်ပြည့်စုံသွားသည်။

တန်အိဖန်သည် ကျောက်စိမ်းမြိုင်စခန်းအနီးတွင် ယာယီတဲ
ဆောက်လုပ်ကာ အနားယူ အပန်းဖြေနေထိုင်မည်ဖြစ်ကြောင်း
ဖြင့် ကေမိဝါက အဘိုးကြီးဆမ်းကျင်းကို မြောင်ဘာသာစကား
အဆင်ပြေအောင် ပြောဆိုရှင်းပြထားလိုက်သည်။

"အများကြီး ကျေးဇူးတင်ပါတယ်၊ မင်းနဲ့ အခုလို လာဆုံ
ရတာ တို့အတွက် သိပ်ကို အဆင်ပြေသွားတာပဲ၊ မဟုတ်ရင်
မြောင်လူမျိုးတွေနဲ့ ဘယ်လိုပြောလို့ ဘယ်လိုဆိုရမှန်းတောင်
မှာ မဟုတ်ဘူး"

ခရီးလမ်းညွှန်မြေပုံ ရေးဆွဲပြီးသောအခါ တန်အိဖန်က
ကျေးဇူးတင်စကားဆိုသည်။

"ရပါတယ်၊ ကျွန်မကလဲ ဟန်လူမျိုးတစ်ယောက်ယောက်နဲ့
ပြီး ဟန်စကား ပြောချင်နေတာနဲ့ အတော်ကျသွားတယ်လေ၊
ဒီမှာ နေဦးမယ်ဆိုရင်တော့ မြောင်ဘာသာစကား ထမင်းစား
သောက်လောက်တော့ ပြောတတ်အောင် သင်ထားရင် ကောင်း
မယ်"

"သြော်... အင်း...ကောင်းသားပဲ"

"ရှင့်ဆီကို ကျွန်မ လာလည်ဦးမယ်"

တန်အိဖန်၏မျက်နှာ ကွက်ခနဲ ပျက်မယောင် ဖြစ်သွားပြီး
ချက်ချင်းပင် ဣန္ဒြေဆည်လိုက်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"တို့ရဲ့နေရာကို မင်းက သိမှာမို့လို့လား"

"ဘာခက်လဲ၊ ရှင်က ကျောက်စိမ်းမြိုင်စခန်း အနီးအနား... စခန်းချနေမှာ မဟုတ်လား၊ ရှာရင် တွေ့တာပေါ့"

"တကူးတက လိုက်ရှာနေဦးမယ်ကွာ၊ ပြီးတော့ တို့က ... ဟိုဒီဒီ လျှောက်သွားချင် သွားနေမှာ၊ နေ့ခင်းဘက်ဆိုရင် စခန်းချ... နေရာမှာ မရှိဖို့များတယ်ကွ"

"ရှင် ဒီရွာက ဈေးနေ့တွေကိုတော့ လာဦးမှာ မဟုတ်လား"

"အင်း...ဝယ်စရာ ခြမ်းစရာလေးတွေ ရှိမယ်ဆိုရင်တော့ ရောက်လာနိုင်ပါတယ်"

"ဈေးနေ့တွေမှာတော့ ရှင်နဲ့ ကျွန်မ ဆုံဖြစ်ချင် ဆုံဖြစ်ကြ... ပေါ့"

"အင်း...ဟုတ်တယ်"

"ကိုင်း...ကျွန်မ သွားတော့မယ်၊ ရှင့်အတွက် အစစ အဆ... ပြေပါစေလို့ ဆုတောင်းပါတယ်"

"ကျေးဇူးတင်ပါတယ်"

ကေမိဝါသည် ဆိုင်ရှင်အဘိုးကြီးဆမ်းကျင်းကို နှုတ်ဆ... ... အသားဆန်ပြုတ်ဆိုင်မှ ထွက်လာခဲ့သည်။

➤ ➤ ➤



ကေမိဝါသည် ခါတိုင်း ဈေးနေ့ကြီးများလို ညနေစောင်း... ...ည်အထိ နောင်မင်ဟန်းရွာတွင်မနေ။

မွန်းလွဲပိုင်းအချိန်လောက်တွင် ရွာမှ ထွက်လာခဲ့သည်။

ထိုသို့ ထွက်လာရာတွင် သာမန်သွားရိုးသွားစဉ် ခရီးလမ်း... ...ကြောင်းမှ မဟုတ်ဘဲ ဖြတ်လမ်းမှနေ၍ ပြန်လာခဲ့သည်။

ကေမိဝါ သည် ဤနေရာဒေသဝန်းကျင်ရှိ တောတောင်များ... ...ကျွမ်းနေရာ ဖြတ်လမ်းအမျိုးမျိုးတို့ကို ကောင်းစွာသိနေသည်။

သူမသည် ကျောက်စိမ်းမြိုင်စခန်းကိုတော့ ပြန်မသွားသေး

ကျောက်စိမ်းမြိုင်စခန်း၏ အနီးဝန်းကျင်တွင် လှည့်ပတ်ကာ... ...က သားကောင်ကို ချောင်းသလို တန်အိဖန် ယာယီစခန်းချ... ...ထိုင်မည့်နေရာကို အသာလိုက်လံစူးစမ်းရှာဖွေသည်။

တန်အိဖန်၏ အရိပ်အယောင်မျှပင် မတွေ့ရပါ။

"သူ ဒီဝန်းကျင်တစ်နေရာရာကိုတော့ ရောက်နေဖို့ ကောင်း... ...ဘာကြောင့် ရောက်မနေသေးတာလဲ၊ မျက်စိလည်ပြီး လမ်းများ... ...နေလို့လား၊ ဒီကို လာတဲ့လမ်းက တောလမ်းဖြစ်ပေမယ့် ငါက... ...သေချာချာကို လမ်းညွှန်လိုက်တာ၊ သူကလဲ ခရီးလမ်းကြောင်း... ...တွေ ဘာတွေ... ကျကျနန ဆွဲထားလိုက်တာပဲ၊ မျက်စိ... ...ရာ အကြောင်းမရှိပါဘူး၊ ဒီကိုလာရင်း လမ်းမှာ အန္တရာယ်... ...ခု ကြုံနေတာ ဖြစ်ဖို့များတယ်"

နေရောင်ခမ္ဘူး လိုက်ရှာသော်လည်း တန်အိဖန်၏ အရိပ်အ... ...ယောင်မျှပင် ...တွေ့ရသောအခါ ကေမိဝါ၏စိတ်ထဲတွင် ဤသို့ တွေး

www.burmeseclassic.com

www.burmeseclassic.com



တောမိသည်။

တန်အိဖန်တွင် လျှို့ဝှက်ချက်တွေ ရှိလိမ့်မည်ဟု မူလကတ ထင်ထားခဲ့သော ကေမိဝါမှာ တန်အိဖန် ဘာများဖြစ်နေသလဲ သိလိုစိတ်တွေ ပိုများလာသည်။

ထို့ကြောင့်...

ဈေးနွေကြီးမှ ဝယ်လာခဲ့သော ပစ္စည်းများကို ကျောက်စိမ်း မြိုင်စခန်းရှိ နေအိမ်သို့ ခပ်မြန်မြန်သွားပို့ကာ ဝယ်စရာတစ်ခု မေ့ကျ နေသေးသည်ဟု အကြောင်းပြလျက် အမြန်ပြန်ထွက်လာခဲ့သည်။

ပြီးတော့...

တန်အိဖန်ကို လမ်းညွှန်ပေးလိုက်သည့် သွားရိုးသွားစ ခရီးလမ်းကြောင်းအတိုင်း နောင်မင်ဟန်းရွာဘက်သို့ ရှေးရှုလာခဲ့ေ သည်။

သုံးလေးမိုင်ခန့် ခရီးပေါက်သောအခါတွင်တော့...

➢ ➢ ➢

## အခန်း(၄)

ကေမိဝါနှင့် ဆုံရပြီးနောက် တန်အိဖန်သည် ဈေးတန်းထဲ င် မယောင်မလည် လျှောက်ကာ ဈေးရောင်းဈေးဝယ် လုပ်နေကြ များ၏ အခြေအနေကို လိုက်ကြည့်သည်။

မိမိကို ဟန်လူမျိုး မျက်နှာစိမ်းတစ်ယောက်အဖြစ် အထူး ဆန်းသဘော ကြည့်နေကြသည်မှလွဲ၍ ဘာမျှ သံသယဖြစ်စရာ တွေ့တော့မှ နောင်မင်ဟန်းရွာလေးမှ ထွက်ကာ ကေမိဝါ ပြောပြခဲ့ သော ခရီးလမ်းကြောင်းအတိုင်း မြောက်ဘက်သို့ ရှေ့ရှု၍ လာခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်မိုင်ခန့် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းသွားပြီး နောက် ထူထပ်သော ချုံနွယ်များအကြားသို့ လှစ်ခနဲ ပြေးဝင်ကာ ပုန်းအောင်းသည်။

မည်သည့်လှုပ်ရှားမှုမှ မလုပ်ဘဲ ငြိမ်နေ၍နေကာ မိမိ နောက်မှ တိတ်တဆိတ် လိုက်လာသူ ရှိမရှိ အသာပင်စောင့်ကာ ကြည့်သည်။

သူသွားရသည့် ခရီးမှာ လမ်းဟူ၍ မည်မည်ရရမရှိပေ။

အချို့နေရာများတွင် လူသွားလမ်းကြောင်း ဖုန်လေးများရှိ လျက် အချို့နေရာများတွင်တော့ သစ်ပင်ချုံနွယ်များကြားမှ တော တိုးကာ သွားရခြင်းဖြစ်သည်။

သူသည် အချိန်အတန်ကြာမြင့်အောင်ပင် စိတ်ရှည်လက် ရှည် ငြိမ်၍နေကာ အခြေအနေကို စောင့်ကြည့်သည်။

အချိန်နှစ်ရာရီ ကျော်ကြာသည်အထိ ဘာထူးခြားမှုမှ ပေါ် မလာတော့မှ စိတ်ချသွားဟန်ဖြင့် ပုန်းအောင်းနေရာမှ ထွက်ကာ သွက်လက်သော ခြေလှမ်းများဖြင့် ခရီးဆက်သည်။

သူ့ခြေလှမ်းများသည် စောစောပိုင်းထက် ပို၍ပင် မြန်နေ သည်။

ကိုယ်ဖော့ပညာသုံးကာ လျင်မြန်စွာ သွားသောကြောင့် ခရီးအတော်တွင်သည်။

ဤသို့ဖြင့်...

ကျောက်စိမ်းမြို့စခန်းနှင့် သုံးလေးမိုင်ခန့် အကွာသို့ပင် ရောက်သွားသည်။



"ငါ စိုးရိမ်သလောက် အခြေအနေက မဆိုးပါဘူး၊ ငါ့ကို ဘယ်သူမှ ခြေရာခံလိုက်မလာကြဘူး။ အင်း...ကျောက်စိမ်းမြို့ စခန်းနားမှာ အသာပုန်းခိုနားနေပြီး စောင့်ရမှာပဲ၊ အားလုံး အဆင် ချောဖို့ အခြေအနေကောင်းတွေ ရှိနေပါလား"

သူ၏စိတ်ထဲတွင် ဤသို့တွေးကာ စိတ်ကို ဒုန်းဒုန်းချတော့ သည် အပြုမှာပင် ရှေ့တူရူဆီမှ လူရိပ်သဏ္ဍာန်များကို လှမ်းမြင်လိုက် ရလေသည်။

တန်အိဖန်မှာ ထိတ်ခနဲဖြစ်ကာ လျှောက်လှမ်းနေသော ခြေ လှမ်းပင် တုန့်သွားသည်။

သေသေချာချာ လှမ်းကြည့်လိုက်ရာ မြောင်လူမျိုး ဆောက်ျားကြီးသုံးယောက် ဖြစ်နေသည်ကို တွေ့ရမှ စိုးရိမ်စိတ်များ လျော့ပါးသည်။

ခြေလှမ်းလည်း ပုံမှန်ပြန်ဖြစ်သည်။

မြောင်လူမျိုး ယောက်ျားကြီးသုံးယောက်ကတော့ တန်အိ ဖန်ကို ဘာမျှ အရေးထားပုံမရှိ။

ခပ်အေးအေးသာ လျှောက်လှမ်း၍ လာနေကြသည်။

သုံးယောက်လုံး ပလိုင်းကြီးများကိုယ်စီ လွယ်ထားကြ သည်။

တန်အိဖန်၏စိတ်ထဲ၌ ရုတ်တရက် ထင့်ခနဲ ဖြစ်သည်။

မြောင်လူမျိုး ယောက်ျားကြီးသုံးယောက် အပေါ်တွင် လည်း သံသယစိတ်တွေ ပေါ်လာလေ၏။

မြောင်လူမျိုး ယောက်ျားကြီးသုံးယောက်တို့သည် သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာသာ သူတို့ ခပ်အေးအေး လျှောက်လာနေကြသည်။

တန်အိဖန်ကို ဘာမျှ အရေးထားပုံမရ။

ဤကဲ့သို့ အေးအေးဆေးဆေး ရှိပုံကပင် တန်အိဖန့်အတွက် သံသယပွားစရာ ဖြစ်နေသည်။

တန်အိဖန်သည် ဟန်လူမျိုးတို့၏ အဝတ်အစားများကို အထက်တန်းကျကျ ဝတ်စားထားသည်။

သည်အရပ်ဒေသတွင် လူစိမ်းသူစိမ်းတစ်ယောက် ဖြစ်ကြောင်း ထင်းခနဲ သိသာသည်။

သူ့ကို မြင်ကြသော မြောင်လူမျိုး ယောက်ျားမိန်းမတို့သည် အထူးအဆန်းသဘောမျိုး လှမ်းကြည့်ကြမြဲ ဖြစ်သည်။

ယခုတွေ့ရသော လူသုံးယောက်ကတော့ တန်အိဖန်ကို တွေ့ရသည့်တိုင် တစ်ချက်လေးပင် လှမ်းမကြည့်။

သူတို့ဘာသာသူတို့ ခပ်အေးအေးသာ လျှောက်လှမ်းလာနေကြသည်။

တန်အိဖန်သည် ချက်ချင်းပင် ခြေလှမ်းကို တုန့်ရပ်လိုက်သည်။

ထိုအခါ...

➤ ➤ ➤



တန်အိဖန်က ခြေလှမ်းတုန့်ရပ်လိုက်သည်နှင့် မြောင်လူမျိုး ယောက်ျားကြီးသုံးယောက်တို့ကလည်း ရုတ်ခြည်းပင် လျင်မြန်စွာ လှုပ်ရှားကြသည်။

လွှားခနဲခုန်ကာ တန်အိဖန်၏အနားသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။

လွယ်ထားသော ပလိုင်းများကိုလည်း ဖြုတ်ချထားခဲ့ကြပြီ။

ဝှက်ထားရာမှ ထုတ်ယူကိုင်ဆွဲထားသော လက်နက်များသည်း ကိုယ်စီ လက်ဝယ်ရှိနေကြပြီ။

တစ်ယောက်က ဓားရှည်။

တစ်ယောက်က ကျာပွတ်ပျော့။

ထိုလူသုံးယောက်တို့သည် တန်အိဖန်၏ရှေ့ဘက် လက်တစ်ကမ်း အကွာလောက်တွင် ရင်ဘောင်တန်းကာ မားမားကြီး ရပ်နေကြသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ခင်ဗျားတို့နဲ့ ကျွန်တော် ဘာမှ ပြဿနာမရှိဘဲနဲ့ ဘာကြောင့် လာနှောင့်ယှက်ရတာလဲ"

တန်အိဖန်က ထိုလူသုံးယောက်ကို အကဲခတ်သလို ကြည့်ကာ ပြောသည်။

ဤလူသုံးယောက် မည်သူတွေ ဖြစ်ကြသည်ကို အမှန်လည်း တန်အိဖန် မသိပါ။

"မင်း ငါတို့လက်က ပြေးမလွတ်နိုင်ပါဘူး ဝန်ယူကောင်းဘူး..."

ဓားရှည်ကိုင်ထားသူက မဲ့ပြုံးပြုံးကာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



တန်အိဖန် မျက်နှာ ကွက်ခနဲ ပျက်သွားလျက်…

"ဟာ…ခင်ဗျားတို့ လူမှားနေပြီ၊ ကျွန်တော်ဝန်ယုကောင်း မဟုတ်ဘူး၊ ကျွန်တော့်နာမည် တန်အိဖန်"

"ဒါမျိုးတွေ လုပ်မနေစမ်းပါနဲ့ မင်းရယ်၊ ဟိုဖိန့်ရယ်၊ လုအိမ်လိမ်ရယ်၊ စင့်မော်ဘုံကျောင်းပျက်မှာ ငါတို့ သစ်စိမ်းဂိုဏ်းလက်ထဲက ကြားဖြတ်အရယူသွားကြတဲ့ ပစ္စည်းတွေအတွက် စာရင်းရှင်းကြမယ် ဒါပဲ"

မားရှည်ကိုင်ထားသူက ခပ်ပြတ်ပြတ် ပြောသည်။

သည်တစ်ခါတွင်တော့ တန်အိဖန်မှာ သိသိသာသာပင် မျက်စိပျက်မျက်နှာပျက် ဖြစ်သွားသည်။

ဘယ်လိုမှ ဣန္ဒြေဆည်မထားနိုင်တော့။

တန်အိဖန်ဆိုသည်က နောင်မင်ဟန်းရွာလေးတွင် ကောမိဝါနှင့် ဆုံခဲ့ရာ၌ ပါးစပ်ထဲတွေ့ရာ ပြောခဲ့သည့်အမည်။

သူ၏အမည်ရင်းက မားရှည်ကိုင် သစ်စိမ်းဂိုဏ်းသားကြီး ခေါ်သည့်အတိုင်း ဝန်ယုကောင်း ဖြစ်သည်။

စင့်မော်ဘုံကျောင်းပျက်အနီးတွင် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့မှ သိုင်းသမားများနှင့် တိုက်ခိုက်ခဲ့ကြသည့် ဝတ်စုံစိမ်းဝတ်လူများသည် သစ်စိမ်းဂိုဏ်းဝင်များ ဖြစ်ကြကြောင်းကို နောက်ပိုင်းတွင်မှ ဝန်ယုကောင်း သိခဲ့သည်။

သို့သော် သစ်စိမ်းဂိုဏ်းက မိမိတို့နောက်သို့ နောက်ယောင်ခံကာ လိုက်နေလိမ့်မည်လို့တော့ မထင်ခဲ့။

သူတို့သည် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့၏ အန္တရာယ်



သာ အဓိကထားကာ စဉ်းစားခဲ့ကြသည်။

ထို့ကြောင့် ဘုံကျောင်းပျက်၏ မြေအောက်ခန်းထဲတွင် ရှိနေသော ရွှေဒင်္ဂါးသေတ္တာများကို ထုတ်မသုံးသေးဘဲ ဒီအတိုင်းထားကာ သာလူစုခွဲ၍ ပုန်းလျှိုးနေခဲ့ကြသည်။

ချန်အမျိုးအနွယ် သူဌေးကြီးမိသားစုထံမှ လုယူရရှိခဲ့သော နာများနှင့် ဝတ်စုံနက်များထံမှ ကြားဖြတ်လုယူခဲ့သည့် သေတ္တာ ရွှေဒင်္ဂါးသေတ္တာများကိုသာ ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်တို့ သုံးယောက်သည် အညီအမျှ ခွဲဝေယူခဲ့ကြသည်။

ရွှေဒင်္ဂါးသေတ္တာများ ထည့်ထားသည့် မြေအောက်ခန်း ခါးကို ဖွင့်နိုင်သော သော့တံနှစ်ချောင်းကိုမူ ဝန်ယုကောင်းနှင့် ဖိန့်တို့က တစ်ယောက်တစ်ချောင်းစီခွဲကာ သိမ်းထားခဲ့ကြသည်။

အခြေအနေအားလုံး ငြိမ်သွားသည်အထိ လူခွဲကာ ပုန်းအောင်နေပြီးမှ ပြန်ဆုံကာ ဘုံကျောင်းပျက် မြေအောက်ခန်းထဲရှိ ဒင်္ဂါးသေတ္တာများကို ထုတ်ယူရန် တိုင်ပင်သဘောတူခဲ့ကြသည်။

ယခု ဟိုဖိန့်နှင့် ဆုံတွေ့ရန် ချိန်းဆိုထားသည့် နေရာတွင် င့်ဆိုင်းနေရန် ဝန်ယုကောင်း လာခဲ့ရာတွင် မမျှော်လင့်ဘဲ သစ် ဂိုဏ်းသား သုံးယောက်နှင့် ပက်ပင်းရင်ဆိုင်တိုးမိခြင်း ဖြစ်သည်။

ဝန်ယုကောင်းတို့ကို ခြေရာခံမိခြင်းမှာ သစ်စိမ်းဂိုဏ်း၏ ားပမ်းစား စုံစမ်းနိုင်မှုကြောင့်ဟု ဆိုရပေလိမ့်မည်။

သစ်စိမ်းဂိုဏ်းသည် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့ လျှို့ ၌ စောင့်ရှောက်သယ်ယူသွားမည့် ရွှေဒင်္ဂါးသေတ္တာများအ ကြောင်း သတင်းအနံ့ရသည်တွင် လမ်းခရီးမှ တိုက်ခိုက်လုယူရန် သေ

www.burmeseclassic.com



သေချာချာ စီစဉ်ခဲ့သည်။

သစ်စိမ်းဂိုဏ်း၏ ထိပ်တန်းသိုင်းအကျော်အမော် မော်စုချူ နှင့် မော်နန်စိန်တို့ကိုယ်တိုင် ဦးစီးသော လက်ရွေးစဉ် သိုင်းသမား များဖြင့် စင့်မော်ဘုံကျောင်းပျက်အနီးတွင် အပိုင်စီးနင်း တိုက်ခိုက်ခဲ့ သည်။

ထိုတိုက်ခိုက်မှုတွင် ကျားပုံသယ်ယူပို့ဆောင်ရေးအဖွဲ့မှ အစောင့်သိုင်းသမားအားလုံးနှင့် မော်စုချူနှင့် မော်နန်စိန်တို့ အပါအ ဝင် သစ်စိမ်းဂိုဏ်းမှ စီးနင်းတိုက်ခိုက်သူ သိုင်းသမားများပါ တစ် ယောက်မကျန် သေဆုံးခဲ့ကြကာ ရွှေဒင်္ဂါးသေတ္တာများကတော့ စုပ်စု မြှုပ်စ ပျောက်နေခဲ့သည်။

ကျားပုံသယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် သစ်စိမ်းဂိုဏ်း နှစ် ဖက်စလုံးက ထိုရွှေဒင်္ဂါးသေတ္တာများအကြောင်းကို သတင်းအနံ့ခံ စုံ စမ်းရှာဖွေခဲ့ကြသည်။

ဤသို့စုံစမ်းရာတွင် ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်လိမ် တို့သုံးယောက် ဝါးဖြူရွာမှ ထွက်ခွာသွားကြပြီး ဘာအဆက်အသွယ် မှ ပြန်မလာဘဲ ရှိသည့်အကြောင်း သတင်းအစကို သစ်စိမ်းဂိုဏ်းက ရရှိခဲ့သည်။

ဝါးဖြူရွာမှ ဝန်ယုကောင်းတို့ ထွက်ခွာသွားကြသည့် နေ့ သည် စင့်မော်ဘုံကျောင်းပျက်အနီးတွင် ကျားပုံသယ်ယူပို့ဆောင်ရေး အဖွဲ့ကို သစ်စိမ်းဂိုဏ်းသားများက တိုက်ခိုက်ခဲ့သောနေ့နှင့် ကိုက်ဆိုင် နေရာ သစ်စိမ်းဂိုဏ်းအတွက် စိတ်ဝင်စား သတိမူစရာ ဖြစ်လာခဲ့ သည်။



ဤသို့ဖြင့် နောက်ဆုံးတွင် ဝန်ယုကောင်းကို ခြေရာခံမိသွား သတော့သည်။

➤ ➤ ➤

အခြေအနေမှန်ကို ဝန်ယုကောင်း သဘောပေါက်သွား သည်။

မိမိအနေနှင့် မည်သို့မျှ လှည့်ပတ်ပြောဆို၍ ရနိုင်တော့ သည် မဟုတ်သည်ကိုလည်း နားလည်သည်။

ရှောင်တိမ်းထွက်ပြေးရန်လည်း လုံးဝ အခွင့်အလမ်းမရှိ။

ရင်ဆိုင်တိုက်ခိုက်ရုံသာ ရှိတော့သည်။

ဝန်ယုကောင်းသည် လွယ်လာသော ပစ္စည်းအိတ်များကို ဆတ်ခနဲ ဖြုတ်ချသည်။

ပြီးတော့ ဓားရှည်ကို ရွှမ်းခနဲ ဆွဲထုတ်သည်။

ဓားဆွဲထုတ်သည်နှင့် ချက်ချင်းပင် တိုက်ကွက်ဆင်သည်။

သူ၏ဘယ်ဘက်နားတွင် ရှိသော ကျားပွတ်ပျော့ ကိုင်ထား သူကို ဆတ်ခနဲ ထောင့်ဖြတ်ခုတ်ပိုင်းချသည်။

ရန်သူများဘက်မှ လူအင်အားများသောကြောင့် လက်ဦးမှု အောင် လျင်မြန်စွာ တိုက်စစ်စလိုက်ခြင်း ဖြစ်သည်။

သစ်စိမ်းဂိုဏ်းသားများကလည်း ဝန်ယုကောင်းဘက်မှ ဆတ်ကနဲ လက်ဦးမှုယူကာ စတင်တိုက်ခိုက်နိုင်ကြောင်း တွက်ဆ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိမိတို့ဘက်က လူအင်အား များသည့်အပြင် ဝန်ယုကောင်း၏ သိုင်းပညာကိုလည်း သိပ်အထင်မကြီးလှသောကြောင့် ကြိုတင်ပြင်ဆင်မှုများ ကျကျနန လုပ်မထားကြ။

မည်မျှ လက်ဦးမှုယူကာ တိုက်ခိုက်သည်ဖြစ်စေ မိမိတို့ကို ဝန်ယုကောင်း ယှဉ်ပြိုင်နိုင်မည် မဟုတ်ဟု အပိုင်တွက်ထားကြသည်။

ထို့ကြောင့် ဝန်ယုကောင်း၏ ရုတ်တရက် တိုက်စစ်ဆင်မှုကို ကျောပွတ်ကိုင်ထားသူကသာ ရင်ဆိုင်သည်။

ကျန်နှစ်ယောက်ကတော့ ဘာမျှဝင်မစွက်။

ပွဲကြည့်သက်သက်သာ လုပ်နေကြသည်။

မိမိတို့လူက ဝန်ယုကောင်းကို ကောင်းကောင်း ထိန်းနိုင်မည်ကို စိတ်ချထားကြသည်။

ဝန်ယုကောင်းသည် ဝါးဖြူရွာမှ ထွက်ခွာလာခဲ့ပြီးနောက် ကြေးစားသိုင်းသမားကြီးတစ်ယောက်ထံတွင် အခကြေးငွေမက်လောက်အောင် ပေးကာ အဆင့်မြင့်သိုင်းကွက်တစ်ကွက်နှင့် တိုက်ခိုက်နည်း ပရိယာယ်အချို့ကို သင်ယူလေ့ကျင့်ခဲ့လေသည်။

ဤအကြောင်းကိုတော့ သစ်စိမ်းဂိုဏ်းသားများ မသိကြပါ။

ဝန်ယုကောင်းက ကျောပွတ်ကိုင်ထားသူကို ရုတ်တရက် စစ်ဆင်ရာတွင် ကြေးစားသိုင်းသမားကြီးထံမှ သင်ကြားတတ်မြောက်ခဲ့သော 'လျှပ်တစ်ပြက် ဓားသုံးချက်' သိုင်းကွက်ကို အသုံးချသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဟု ဆိုနိုင်သည့် တိုကောင်းလှသော အချိန်အပိုင်းအခြားအတွင်း ဓားချက်သုံးချက်ကို သွက်လက်မြန်ဆန်စွာ ထိုးနှက်တိုက်ခိုက်သည်။



ဓားချက်တိုင်းသည် တိုက်စစ်ဓားကွက်ချည်း ဖြစ်သည်။

ခုခံကွက်ဟူ၍ တစ်ခုမျှ မပါဝင်။

တစ်ဖက်လူကို အစွမ်းကုန် အင်အားကုန်သုံးကာ ထိုးစစ်...မှု ဖြစ်သည်။

ခုခံကာကွယ်ကွက် မရှိသောကြောင့် တစ်ဖက်က တန်ပြန်...ခိုက်လာလျှင်မူ ကောင်းကောင်းကြီး အထိနာနိုင်သည်။

ထိုသို့ တန်ပြန်တိုက်ခိုက်မှု မပြုနိုင်ရန် သွက်လက်သော ...ချက်သုံးချက် ဆက်တိုက် ထိုးနှက်ကာ တစ်ဖက်လူကို လွှမ်းမိုး...ခြောက်ထားသည်။

ထိုဓားချက်သုံးချက်အတွင်း တစ်ဖက်ရန်သူကို ထိအောင် ...တ်ခိုက်နိုင်ရင်တော့ ဆင့်ကဲ အားဖြည့်စရာ နောက်ထပ် သိုင်း...်သိုင်းဟန် မရှိတော့ပါ။

ဝန်ယုကောင်း၏ လျှပ်တစ်ပြက် ဓားသုံးချက်သိုင်းကွက်ဖြင့် ...စစ်ဆင်လိုက်မှုသည် ကျောပွတ်ကိုင်ဆောင်သူကို ကောင်း...င်း အငိုက်ဖမ်းနိုင်ခဲ့သည်။

ဝန်ယုကောင်းကို ဝါးဖြူရွာ၏ ရွာခံမိရိုးဖလာ သိုင်းပညာ...တတ်မြောက်သူဟု အထင်အမြင် သေးခဲ့မှုကြောင့်လည်း ကြော...ကိုင်ထားသူအနေဖြင့် အငိုက်မိခံလိုက်ရသည်။

သည်လို သွက်လက်မြန်ဆန်ကာ အစွမ်းထက်မြက်သော ...ခိုက်မှုမျိုး ဝန်ယုကောင်းထံမှ ပေါ်ထွက်မလာနိုင်ဟု ကျောပွတ်...ထားသူက ထင်ထားခဲ့သည်။

ထို့ကြောင့် မည်သို့ ရင်ဆိုင်ရမှန်းပင်မသိ ဒေးကြောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင် ဖြစ်သွားသည်။

သည်တော့...

ဝန်ယုကောင်း၏ တိုက်ခိုက်မှုက ဦးတည်ပစ်မှတ်ကို ကောင်းကောင်းထိသည်။

ထိသမျှ ဓားချက်သုံးချက်စလုံး မိမိရရ ပတ်ပိုင်းမိသည်။

ကျားပွတ်ကိုင်ထားသူမှာ တစ်ကွက်တည်းနှင့် ကိစ္စပြတ် သွားသည်။

အပိုင်းပိုင်း ခုတ်ဖြတ်ခံလိုက်ရသော ငှက်ပျောပင်လို ဖရို ပစ်လဲကျသည်။

ကျန်ဓားရှည်ကိုင်ထားသူနှင့် ပုဆိန်ကိုင်ထားသူတို့ပင် အံ့ အားသင့်ကာ မျက်လုံးပြူးကုန်ကြသည်။

သူတို့သည် တိုက်ပွဲအတွေ့အကြုံ မနည်းကြပါ။

သည်လို ပထမဆုံးတိုက်ခိုက်မှုတွင် မရှုမလှ အထိနာ သည့်အဖြစ်မျိုး မကြုံဖူးသေးပါ။

ဝန်ယုကောင်း ကိုယ်တိုင်မှာလည်း အံ့ဩတုန်လှုပ်သွား သည်။

မိမိ သင်ကြားတတ်မြောက်လာခဲ့သော 'လျှပ်တစ်ပြက် ဓား သုံးချက်' သိုင်းကွက် သည်မျှလောက် အစွမ်းထက်မြက် ကြောင်း ရာကောင်းမည်ဟု ဝန်ယုကောင်း မထင်ခဲ့ပါ။

ထိုသိုင်းကွက်ဖြင့် တကယ့်လက်တွေ့ သေရေးရှင်ရေး တို ပွဲဝင်ရမှုကလည်း ယခု ပထမဆုံးတစ်ကြိမ်။

အံ့ဩတုန်လှုပ်မှုဖြင့် ဝန်ယုကောင်း ခေတ္တမျှ မှင်တက်



ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုသို့ ဝန်ယုကောင်း ခေတ္တမျှ ငေးကြောင်သွားမှုက ဓား ကိုင်သူနှင့် ပုဆိန်ကိုင်သူတို့အတွက် အခွင့်အလမ်း သာသွားစေခဲ့ သည်။

အကယ်၍ ဝန်ယုကောင်းကသာ ကျားပွတ်ကိုင်ထားသူကို ပြီးသည်နှင့် သူတို့ဘက်သို့ တိုက်စစ်မြှားဦးလှည့်ကာ ဆက် ၍ တရကြမ်း တိုက်ခိုက်မည်ဆိုလျှင် ထိုသူနှစ်ယောက်မှာ ရင် ခံရန် အတော်ကြီးကို အခက်တွေ့ပေလိမ့်မည်။

မထင်မှတ်သော ဖြစ်ရပ်ကြောင့် အံ့အားသင့်နေကြသော သစ်စိမ်းဂိုဏ်းသားနှစ်ယောက်မှာလည်း သူတို့အဖော် ကျားပွတ် ကဲ့သို့ ကြမ္မာဆိုးမျိုး ကြုံရကောင်း ကြုံသွားနိုင်သည်။

ထိုသစ်စိမ်းဂိုဏ်းသားနှစ်ယောက်နှင့် ပြိုင်တူဆိုသလို ဝန် ကောင်းလည်း အံ့အားသင့်ကာ ငေးကြောင်သွားခဲ့မှုက တိုက်ပွဲအ အနေကို တစ်မျိုးတစ်ဖုံ ပြောင်းသွားပေသည်။

ဝန်ယုကောင်းသည် ခေတ္တမျှ ငေးကြောင်သွားရာမှ အသိ ဝင်ကာ လှုပ်ရှားတိုက်စစ်ဆင်သည့် အချိန်တွင် သစ်စိမ်းဂိုဏ်း နှစ်ယောက်မှာလည်း အံ့ဩကြောင်ငေးနေမှု မရှိတော့။

ဝန်ယုကောင်းနည်းတူပင် အသိပြန်ဝင်ကာ သွက်လက်မြန် စွာ ရင်ဆိုင်တိုက်ခိုက်နိုင်ကြလေတော့သည်။

ဝန်ယုကောင်းက 'လျှပ်တစ်ပြက် ဓားသုံးချက်' သိုင်းကွက် သုံးကာ ဆက်လက်တိုက်ခိုက်သည်။

သူ၏တိုက်စစ်က ပုဆိန်ကိုင်ထားသူထံသို့ အဓိက ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

လှျပ်တစ်ပြက် ဓားသုံးချက်သိုင်းကွက်သည် အလွန်မြန်ဆန် သွက်လက်ကာ အစွမ်းအစ ထက်မြက်သော်လည်း အငိုက်ဖမ်းကာ အပိုင်တိုက်နိုင်မှသာ အထူးထိရောက်မှု ရှိသည်။

ယခု ပုဆိန်ကိုင်ဆောင်ထားသူမှာ သတိရှိကာ အသင့်ဖြ နေရာ ဝန်ယုကောင်း၏ လှျပ်တစ်ပြက် ဓားသုံးချက်သိုင်းကွက်ဖြ လျင်မြန်သွက်လက်စွာ တိုက်စစ်ဆင်မှုသည် ထိရောက်သင့်သ လောက် မထိရောက်တော့။

"ဒလန်း...ဒလန်း...ဒလန်"

ထိုသူက ဓားချက်သုံးချက်သုံးကို ပုဆိန်ဖြင့် မီအောင် ချေ ဖျက်ပစ်နိုင်ခဲ့သည်။

ပုဆိန်သွားနှင့် ဓားသွားထိတွေ့သံသုံးချက် ဆက်တိုက်ပေ ပေါ်လာသည်။

လှျပ်တစ်ပြက် ဓားသုံးချက် သိုင်းကွက်ဖြင့် တိုက်ခိုက် ပြီးဆုံးသွားပြီ။

ဓားချက်အားလုံး ပုဆိန်သမားကို လုံးဝမထိ။

ဝန်ယုကောင်းအတွက် တကယ့် အကျဉ်းအကျပ် အခြေအ နေ ဆိုက်ရောက်လာလေတော့သည်။

ထိုးစစ်အရှိန်အဟုန်လည်း ရုတ်ခြည်း အားပျော့တုံ့ရပ်သည်

ထိုအချိန်မှာပင် ဓားရှည်ကိုင်ထားသူက ဝန်ယုကောင်း၏ နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်လာသည်။

➤ ➤ ➤



ဓားရှည်သမားက ဝန်ယုကောင်း၏နောက်သို့ လွှားခနဲ ခုန် ဝင်ကာ နောက်ကျောကို ဓားရှည်ဖြင့် ဆတ်ခနဲထိုးသည်။

ရှေ့ဘက်ရှိ ပုဆိန်သမားကလည်း ဝန်ယုကောင်း၏ ရင် ဘတ်ကို ပုဆိန်ဖြင့် ဖြတ်ခုတ်တိုက်ခိုက်လာသည်။

လှျပ်တစ်ပြက် ဓားသုံးချက်သိုင်းကွက် ထုတ်သုံးတိုက်ခိုက် ပြီး၍ တိုက်စစ်အရှိန်အဟုန်လည်း တုံ့ရပ်သွားသော ဝန်ယုကောင်း မှာ သစ်စိမ်းဂိုဏ်းသားနှစ်ယောက်၏ ရှေ့နောက်ညှပ်ကာ တိုက်ခိုက် မှုကြားတွင် ညှပ်သွားလေတော့သည်။

ဝန်ယုကောင်း ရှောင်တိမ်းရန် ဟန်ပြင်လိုက်ဆဲမှာပင်...

"စွပ်"

နောက်ကျောတွင် အထိခံရသည်။

"ဒုတ်"

ရင်ဘတ်တွင်လည်း ထိမိသည်။

ဝန်ယုကောင်းကို အရှင်ဖမ်းဆီးကာ စစ်ဆေးမေးမြန်းလို သည့်အတွက် သစ်စိမ်းဂိုဏ်းသားများက သူတို့တိုက်ခိုက်ချက်များကို ချင်း အင်အားလျှော့ချ ရုပ်သိမ်းလိုက်ကြ၍သာ ဝန်ယုကောင်း အသက်နှင့်ကိုယ် မြဲနေသေးခြင်း ဖြစ်သည်။

မဟုတ်လျှင်တော့ တစ်ခါတည်း ကိစ္စပြတ်ပြီ။

ဝန်ယုကောင်းသည် မားမားမတ်မတ်ပင် ဆက်မရပ်နိုင် တော့။

အထိခံရသည့်ဒဏ်ရာများကြောင့် ယိမ်းယိုင်ကာ ဘိုင်းခနဲ ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လဲအတွင်း နောက်ဆုံးပိတ် ကြိုးစားတိုက်ခိုက်ခြင်း အဖြစ် ညာလက်ရှိ ဓားရှည်ကို ပစ်ပေါက်လိုက်သည်။

ကျန်ရှိနေသမျှ အားအင်အားလုံးကို ဖျစ်ညှစ်ထုတ်သုံးကာ ပစ်ပေါက်လိုက်မှုကြောင့် ဓားရှည်သည် အရှိန်အဟုန် အတော်ပြင်း ပြင်းနှင့် လွင့်ပျံထွက်လာသည်။

လွင့်ပျံသွားသော ဓားရှည်သည် ပုဆိန်ကိုင်ထားသူထံ တန်းတန်းမတ်မတ်ကြီး တိုးဝင်သည်။

ဝန်ယုကောင်း အပြင်းအထန် ဒဏ်ရာရကာ တစ်ခါတည်း လဲကျသွားပြီဟု ထင်လိုက်သော ပုဆိန်သမား အငိုက်မိသွားသည်။

ထို့ပြင် လူချင်းကလည်း အတော်ကြီးကို နီးကပ်နေ ရှောင်တိမ်းရန်လည်း အခွင့်မသာ။

"ဒုတ်"

ဝန်ယုကောင်း ပစ်လွှတ်လိုက်သော ဓားရှည်သည် ပုဆိန်သ မား၏ရင်ဝကို ထိစိုက်မိသည်။

"အား"

ပုဆိန်သမားမှာလည်း တစ်ချက်သာ အော်နိုင်လျက် ကား ခနဲ လဲကျသည်။

"ဟာ... ဒီကောင်"

ဓားရှည်ကိုင်ထားသူက ဒေါသတကြီး အော်ဟစ်ကာ လဲကျ သွားသော ဝန်ယုကောင်းကို ဓားဖြင့် လွှဲ၍ ခုတ်ပိုင်းချသည်။

ဝန်ယုကောင်း တိမ်းရှောင်နိုင်စွမ်း မရှိတော့ပြီ။

➤ ➤ ➤



ကျောက်စိမ်းမြို့စခန်းမှ နောင်မင်ဟန်းရွာဆီသို့ လာရ သော ကေမိဝါမှာ သုံးလေးမိုင်ခန့် ခရီးပေါက်သောအခါတွင် တိုက် ခိုက်မှုတစ်ပွဲကို လှမ်းမြင်တွေ့ရလေတော့သည်။

ကေမိဝါ၏ခြေလှမ်းများ ချက်ချင်းတုံ့ရပ်သည်။

တိုက်ပွဲကို သေသေချာချာ လှမ်းကြည့်သည်။

တန်အိဖန်ဆိုသူ ဟန်လူမျိုး လူရွယ်နှင့် မြောင်လူမျိုး အ ဝတ်အစားများ ဝတ်ထားသော ယောကျာ်းကြီးသုံးယောက်တို့ တိုက် ခိုက်နေကြကြောင်း ချက်ချင်းသိရသည်။

တန်အိဖန်နှင့် တိုက်ခိုက်နေကြသော ယောကျာ်းကြီးသုံး ယောက်တို့သည် မြောင်လူမျိုးများ ဝတ်လေ့ရှိသော အဝတ်အစား များ ဝတ်ထားသော်လည်း မြောင်လူမျိုးတွေ မဟုတ်ကြောင်းအို

www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့၏လှုပ်ရှားဟန်များကို ကြည့်၍ ကေမိဝါ ချက်ချင်း သည်။

ကေမိဝါ လှမ်းကြည့်လိုက်သည့် အချိန်မှာပင် တန်အိဖန် သည် သွက်လက်မြန်ဆန်သော ဓားချက်များဖြင့် ကျာပွတ်ကိုင်ထား သော ရန်သူကို အပြတ်ချေမှုန်းပစ်လိုက်သည်။

"ဒီလူ့ ဓားချက်က တယ်မြန်တယ်သွက်ပါလား၊ ဘယ်ငါ ခုတ်ပိုင်း တိုက်ခိုက်သွားမှန်းတောင် မသိဘူး"

ကေမိဝါ၏စိတ်ထဲမှ ကျိတ်ကာ ချီးမွမ်းလိုက်မိသည်။

ထို့နောက် ပုဆိန်ကိုင်သူကို ဆက်၍ တိုက်ခိုက်သည်ကို တွေ့ရပြန်သည်။

ပုဆိန်ကိုင်ထားသူလည်း အရေးနိမ့်မှာပဲဟု ကေမိဝါ တွေး ထင်မိသည်။

သို့သော် သူမ ထင်သလို မဟုတ်ဘဲ ပုဆိန်သမားနှင့် ဓား ရှည်သမားတို့၏ လက်ချက် အထိခံရလျက် တန်အိဖန် လဲကျသွား သည်ကိုသာ တွေ့ရသည်။

ကေမိဝါ သည်အတိုင်း ကြည့်မနေနိုင်တော့။

တန်အိဖန် ဘက်မှ ကူညီရန် ပြေးထွက်လာခဲ့သည်။

ယခု တိုက်ခိုက်ကြမှုနှင့် ပတ်သက်၍ အကျိုးအကြောင်း ဘာမျှ ရေရေရာရာ မသိသော်လည်း တစ်ယောက်နှင့်အများ ရင် ဆိုင်တိုက်ခိုက်ရာတွင် တစ်ယောက်ဘက်မှ ဝင်ကူသင့်သည်ဟု တွေး ကာ ပြေးဝင်လာခြင်း ဖြစ်သည်။

ပြီးတော့ ပြောရမည်ဆိုလျှင် ကေမိဝါသည် အဘိုးနှင့် ဖခင်



ထံမှ အဆင့်မြင့်သိုင်းပညာများ သင်ယူထားခဲ့သော်လည်း လက် တွေ့တိုက်ပွဲ တစ်ခါမျှ မဝင်ဘူးသေး။

လေ့ကျင့်မှု တိုက်ပွဲများသာ လုပ်ဖူးသည်။

သည်တော့ မိမိတတ်မြောက်ထားသည့် သိုင်းပညာများကို တကယ်လက်တွေ့ ရင်ဆိုင်တိုက်ပွဲတွင် စမ်းသပ်သုံးကြည့်လိုသည့် အသိသကလည်း ရှိနေသည်။

ကေမိဝါ ပြေးဝင်သွားသည့် အချိန်မှာပင် တန်အိဖန်သည် လဲကျအသွား ဓားရှည်နှင့် ပုဆိန်သမားကို ထိမှန်အောင် လှမ်းပစ် လိုက်လျက် ဓားရှည်ကိုင်သူက တန်အိဖန်ကို ဓားရှည်ဖြင့် တအား ခုတ်ပိုင်းချလိုက်သည်ကို ဆက်တိုက်တွေ့ရပြန်သည်။

"ဟိတ်...ရပ်လိုက်"

ကေမိဝါက တကယ့်တိုက်ပွဲဝင် သူရဲကောင်းကြီးတစ် ယောက်လို ဟစ်အော်လိုက်သည်။

ဟစ်အော်သံကြောင့် ဓားရှည်ကိုင်ထားသူသည် ကေမိဝါကို စောင်းကြည့်သည်။

အစတွင် မျက်မှောင်ကြုတ်နေသော်လည်း ချက်ချင်းပင် ပျောင်ပြုံးပြုံးသည်။

မိန်းမပျိုလေး တစ်ယောက်သာဖြစ်သော ကေမိဝါကို အရေးမထားသည့် အသွင်မျိုး။

ကေမိဝါ၏ခါးတွင် သားရေကျာပွတ်ပျော့တစ်ခု ရစ်ပတ် ထားသည်။

နှစ်ပေသာသာခန့်ရှည်သော ဓားတိုလေးနှစ်လက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထားသည်။

ဘာကယ့်လက်တွေ့က တိုက်ပွဲဝင်ဖူးသေးခြင်း မရှိသော ကေမိဝါသည် ရုတ်တရက် တိုက်ပွဲထဲသို့ ပြေးဝင်လာခဲ့ရာတွင် သူမ၏ လက်နက်များကို ထုတ်ယူကိုင်စွဲဖို့ သတိမရခဲ့။

ဓားရှည်ကိုင်ထားသူအနီးသို့ ရောက်တော့မှ မိမိမှာ လက်ထဲတွင် ဘာလက်နက်မှမရှိ။

လက်ဝါးချည်းသက်သက် ဖြစ်နေသည်ကို သတိပြုမိသည်။

ထိုအချိန်မှာပင် တစ်ဖက်လူက ကေမိဝါကို ဘယ်လက်ဝါးဖြင့် ဆတ်ခနဲ ဆီး၍ရိုက်သည်။

သူ၏ညာလက်တွင် ဓားရှည်ကိုင်ထားသည်။

သို့သော် ဘာ မှန်းမသိ၊ ညာမှန်းမသိ အော်ဟစ်ပြေးဝင်လာသော မိန်းကလေးတစ်ယောက်ကို (ထိုမိန်းကလေးသည် ချောလည်း အတော်ချောသောကြောင့်) ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားအောင် မလုပ်လိုသောကြောင့် ဓားရှည်ဖြင့် ဆီးမခုတ်ဘဲ ဘယ်လက်ဝါးဖြင့်သာ ရိုက်ခြင်းဖြစ်သည်။

လက်ဝါးနှင့် ရိုက်ရာတွင်ပင် အားအင်သိပ်မထည့်။

ချောက်ရုံလှန့်ရုံသဘော အင်အားအနည်းငယ်ဖြင့်သာ ရိုက်လိုက်သည်။

လက်နက်ထုတ်ယူ ကိုင်ဆောင်ထားခြင်း မလုပ်မိသော ကေမိဝါကလည်း တစ်ဖက်က ဆီးကြိုတိုက်ခိုက်လိုက်သောအခါအလိုအလျောက်ပင် လက်ဝါးသိုင်းဖြင့် တုံ့ပြန်လေသည်။

ကေမိဝါ အသုံးချသည့်က 'လေလှိုင်းလက်ဝါး' သိုင်းဖြစ်သည်။



သစ်စိမ်းဂိုဏ်းသား၏ လက်ဝါးရိုက်ချက်ကို ကောင်းစွာ ချုပ်ကိုင်ချေဖျက်နိုင်သည်သာမက ဘယ်ဘက်ပခုံးဆီသို့ပါရိုက်ချက်အဆက်၍ တိုးဝင်ခြိမ်းခြောက်လာရာ သစ်စိမ်းဂိုဏ်းသားမှာ ကမန်းကတန်းပင် နောက်သို့ ခုန်ဆုတ်ပေးလိုက်ရသည်။

သူသည် အံ့အားလည်း သင့်သွားသည်။

လေလှိုင်းလက်ဝါးသိုင်းသည် ရှောင်လင်ဂိုဏ်း၏ ထိပ်တန်းသိုင်းပညာရပ်များအနက်မှ တစ်ခုဖြစ်သည်။

ရှောင်လင်ဂိုဏ်းသည် အလွန်ပင် စည်းကမ်းကြီးကာ အမျိုးသမီးများနှင့်လည်း ကင်းကင်းရှင်းရှင်း နေထိုင်ပေရာ ငယ်ရွယ်နုပျိုသော မိန်းမချောလေးတစ်ယောက်က ရှောင်လင်ဂိုဏ်း၏ လေလှိုင်းလက်ဝါးသိုင်းကို အကွက်ကျကျ နည်းစနစ်မှန်မှန် အသုံးပြု တိုက်ခိုက်သည်မှာ အံ့သြအတွေးရခက်စရာ အမှန်ပင် ဖြစ်ပေသည်။

ကေမိဝါတို့၏ သိုင်းမျိုးဆက်ကို သိမည်ဆိုလျှင်တော့ သည်သို့ အံ့သြမည် မဟုတ်ပေ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါ၏အဘိုး ကေရန်ကျင်းသည် ရှောင်လင်ဂိုဏ်းဝင် မဟုတ်သော အဝေးရောက် တပည့်ကြီးတစ်ယောက် ဖြစ်ခဲ့သည်။

စိတ်ထားဖြောင့်မှန် တည်ကြည်ကာ လုံ့လဝီရိယလည်း ရှိသည့်အတွက် ဂိုဏ်းဝင်မဟုတ်သော်လည်း ရှောင်လင်ဂိုဏ်း၏ ထိပ်တန်းသိုင်းပညာရပ် အချို့ကို သင်ကြားခွင့် ရခဲ့သည်။

ကေရန်ကျင်းက တစ်ဖန် သားဖြစ်သူ ကေယိကြည် (ကေမိဝါ၏ဖခင်)ကို သိုင်းပညာ သင်ပေးခဲ့သည်။

သို့သော် ကေယိကြည်မှာ အရောင်းအဝယ် လုပ်ငန်းတွင်သာ စိတ်ဝင်စား အာရုံစိုက်နေသောကြောင့် သိုင်းပညာ လေ့ကျင့်မှု ကောင်းစွာ မအောင်မြင်ခဲ့ပါ။

အတန်အသင့်မျှသာ တတ်မြောက်ခဲ့ သည်။

မိမိ တတ်မြောက်ထားသော ရှောင်လင်သိုင်းပညာများကို မိမိ၏မျိုးဆက်များအား လက်ဆင့်ကမ်း အမွေပေးလိုလှသော ကေ ရန်ကျင်းက မြေးမလေး ကေမိဝါကို ငယ်စဉ်ကပင် သိုင်းပညာများ သင်ကြားပေးခဲ့ပြန်သည်။

ကေမိဝါသည် အဘိုးဖြစ်သူနှင့် အမြဲအတူ နေထိုင်သူ ဖြစ်သည့်အပြင် သိုင်းပညာကိုလည်း ဝါသနာပါလေရာ ကေရန်ကျင်း လက်ထပ်သင်ပေးသော သိုင်းပညာများကို ကောင်းစွာ သင်ယူလေ့ကျင့်တတ်မြောက်ခဲ့လေသည်။

ကေမိဝါသည် အသက်ငယ်ရွယ်သော မိန်းမပျိုလေးတစ် ယောက် ဖြစ်သည့်တိုင် ရှောင်လင်ဂိုဏ်း၏ လေလှိုင်းလက်ဝါးသိုင်း မိုးကြိုးဓားသိုင်းနှင့် နဂါးပျံ ကျားပွတ်သိုင်းတို့ကို အဆင့်မြင့်မြင့် တတ်



မြောက်ထားသည်။

အတွင်းအား သိပ်မြင့်မား နက်ရှိုင်းခြင်း မရှိသေးသော် ...ည်း နည်းလမ်းမှန်ကန်သော ရှောင်လင်အတွင်းအားကျင့်စဉ်ဖြင့် ...ကျင့်ထားသည့်အတွက် သန့်စင်မှန်ကန်သော အခြေခံအတွင်း ...းတော့ ရှိနေပေသည်။

သိုင်းပညာ အခြေအနေအရဆိုလျှင် ကေမိဝါ၏ သိုင်းစွမ်း ...သည် ဓားရှည်ကိုင်ထားသူ သစ်စိမ်းဂိုဏ်းသားထက် ပိုမိုမြင့်မား ...သည်။

ကေမိဝါသာ ဖိဖိစီးစီး အကွက်မိမိ တိုက်မည်ဆိုလျှင် သစ် ...ဂိုဏ်းသားကို ကောင်းစွာ အနိုင်ယူနိုင်သည်။

သို့သော် ကေမိဝါမှာ မိမိ၏ အဘိုးဖြစ်သူနှင့် သိုင်းပညာ ...ကျင့်ခဲ့သည်မှလွဲ၍ လက်တွေ့တိုက်ခိုက်ဖူးခြင်းလည်းမရှိ။

အခြားသူများနှင့် လေ့ကျင့်ယှဉ်ပြိုင်မှုမျိုးပင် မလုပ်ဖူး ...ကြောင့် တကယ် လက်တွေ့တိုက်ရသောအခါ မည်သို့မည်ပုံ ...ကွက်ဆင်ရမည်ကိုပင် မသိဘဲ ရှိနေသည်။

သူမ၏ လေလှိုင်းလက်ဝါးသိုင်းဖြင့် အလိုအလျောက် တုံ့ပြန် ...ခိုက်မှုကတော့ တစ်ဖက်လူ သစ်စိမ်းဂိုဏ်းသားကို ကောင်း ...င်း အံ့ဩတုန်လှုပ်သွားစေပေသည်။

သစ်စိမ်းဂိုဏ်းသားသည် ကေမိဝါကို မျက်လုံးပြူးကြီးများ ...ကြည့်ကာ ဓားရှည်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ ...သည်။

လေလှိုင်းလက်ဝါးသိုင်း၏ အဆင့်မြင့်လက်ဝါးရိုက်ချက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်လိုက်ရ၍ အံ့ဩတုန်လှုပ်မှုကြောင့် မိမိကိုယ်မိမိ အစွမ်းကုန်ကာကွယ်နိုင်ရန် ခံစစ်အနေအထား ပြင်လိုက်ခြင်း ဖြစ်လေသည်။

လက်တွေ့တိုက်ပွဲ ဝင်ဖူးခြင်းလည်း မရှိ၊ ယခုမှ မမျှော်လင့်ဘဲ ရင်ဆိုင်တိုက်ခိုက်ရသော ကေမိဝါကတော့ အခြေအနေမှန်ကို မရိပ်စားမိ။

တစ်ဖက်လူက မိမိကို အပြင်းအထန်တိုက်ရန် ဟန်ပြင်ခြင်းသာ ဖြစ်မည်ဟု တွေးမိသည်။

တစ်ဖက်က ကြမ်းကြမ်းတမ်းတမ်း တိုက်လာလျှင် မည်သို့မည်ပုံ ခုခံရမည်ကိုပင် ရုတ်တရက် စဉ်းစားမရသောကြောင့် စိုးထိတ်ကာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

နောက်သို့လည်း ခြေလှမ်းကာ ဆုတ်လိုက်မိသည်။

➤ ➤ ➤



ကေမိဝါ မျက်စိမျက်နှာပျက်ကာ နောက်သို့ ခြေလှမ်းဆုတ်သွားသည်ကို တွေ့ရသောအခါ သစ်စိမ်းဂိုဏ်းသားမှာ အံ့ဩတုန်လှုပ်နေမှုများ လျော့ပါးသွားသည်။

"ဒီကောင်မလေးက လေလှိုင်းလက်ဝါးသိုင်းကွက် တစ်ကွက်ကောင်းလောက်ပဲ တတ်ထားတာကိုး၊ အခု သူ့တစ်ကွက်ကောင်းက ငါ့ကို ထိအောင် မတိုက်နိုင်တော့ အရမ်းကြောက်နေပြီ၊ တွေ့ကြသေးတာပေါ့"

သစ်စိမ်းဂိုဏ်းသား၏စိတ်ထဲတွင် ဤသို့ တွေးမိသည်။

"ဟိတ်…ကျား ယား ယား"

သစ်စိမ်းဂိုဏ်းသားသည် ဝမ်းခေါင်းသံကြီးနှင့် ကြုံးဝါးကာ အော်သည်ကို ဖွင့်ယမ်းလျက် ကေမိဝါကို ခပ်ကြမ်းကြမ်း ဝင်တိုက်သည်။

နဂိုကပင် ခပ်လန့်လန့်ဖြစ်နေသော ကေမိဝါ ပို၍ တုန်လှုပ်သွားသည်။

တိုက်ပွဲအတွေ့အကြုံ မရှိသေးသောသူများ ဖြစ်လေ့ရှိသည့်အတိုင်း မိမိ လေ့ကျင့်တတ်မြောက်ထားသော သိုင်းပညာများကိုပင် မေ့နေသလိုဖြစ်ကုန်သည်။

ဘာသိုင်းကွက်ကို ဘယ်လိုသုံးကာ မည်သို့ တန်ပြန်ရမည်ကို စဉ်းစားတတ်တော့။

ဤတွင်…

ကေမိဝါသည် ချာခနဲလှည့်ကာ တစ်ချိုးတည်း ထွက်ပြေးသွားတော့သည်။

"ဟိတ်… မပြေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သစ်စိမ်းဂိုဏ်းသားလည်း အော်ဟစ်ကာ ကေမိဝါနောက်သို့ အတင်းပြေးလိုက်သည်။

ကိုယ်ဖော့ပညာတွင်တော့ သစ်စိမ်းဂိုဏ်းသားသည် ကေမိဝါထက် များစွာသာလွန်သည်။

ကေမိဂုါသည် ကိုယ့်ဖော့ပညာ သင်ကြားလေ့ကျင့်ရခြင်း မရှိသေးပါ။

ပင်ကိုဖြတ်လတ်သွက်လက်မှု စွမ်းရည်သာ ရှိသည်။

ထို့ကြောင့် မုံမှန်အခြေအနေဆိုပါက အချိန်အနည်းငယ်အတွင်းမှာပင် ကေမိဝါတစ်ယောက် သစ်စိမ်းဂိုဏ်းသား၏လက်ထဲ ကို့ခနဲနေအောင် အမိခံရဖို့ သေချာသည်။

ဒါပေမယ့် တောထဲရှိ သစ်ပင်ချုံနွယ်များအကြား တိုးဝင်ပြေးရသော အခါတွင်တော့ အခြေအနေကတစ်မျိုး ဖြစ်သည်။

သည်တောသည်တောင်က ကေမိဝါ ကျွမ်းသည့်နေရာ။ မျက်စိမှိတ်၍သွားလျှင်ပင် လမ်းမမှားနိုင်။

သစ်စိမ်းဂိုဏ်းသား အဖို့ကတော့ သည်နေရာ ဝန်းကျင်အကြောင်း ဘာမှမသိ။

ယခုမှသာ ရောက်လာရသူ။

ထိုအခါ...

သစ်စိမ်းဂိုဏ်းသားမှာ ကေမိဝါကို ဘယ်လိုမှ မိအောင် လိုက်မဖမ်းနိုင်တော့။

ကေမိဝါသည် သမင်ပျိုမလေးလို သစ်ပင်ချုံနွယ်များအကြား ကျင်လည်မြန်ဆန်စွာ တိုးဝင်ပြေးလွှားလျက် သစ်စိမ်းဂိုဏ်း



...းကို ကျကျနန မျက်ခြည်ဖြတ်သွားနိုင်ခဲ့သည်။

သစ်စိမ်းဂိုဏ်းသားမှာ ကေမိဝါကို လိုက်ရှာရင်း မျက်စိ...သလိုလိုပင် ဖြတ်ကျန်နေခဲ့လေတော့သည်။

➤ ➤ ➤

ကေမိဝါသည် သူမနောက် လိုက်လာနေသော သစ်စိမ်း...သားကို မျက်ခြည်ဖြတ်နိုင်ခဲ့ပြီးနောက် စောစောက တိုက်ပွဲဖြစ်...နေရာသို့ လှည့်ပတ်ကာ ပြန်လာခဲ့သည်။

စိုးရိမ်ထိတ်လန့်နေသော်လည်း 'တန်အိဖန်' မည်သို့မည်ပုံ...ခဲ့သည်ကိုတော့ သိလိုစိတ် ရှိနေသေးသည်။

တိုက်ခိုက်မှုများ ဖြစ်ခဲ့ရာ နေရာသို့ ပြန်ရောက်သောအခါ...တွင် ခွေလျက်သား လဲကျနေသော တန်အိဖန်ကို ပြေး၍...မသည်။

တန်အိဖန် မသေဆုံးသေးပါ။

သို့သော်...

အသက်ငွေ့ငွေ့လေးသာ ရှိတော့သည်။

အခြေအနေက မကောင်း။

"တန်အိဖန်...တန်အိဖန် သတိထားပါ"

ကေမိဝါက အသာအသံပြုရင်း မိမိ ဆောင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်အားတိုးဆေးကို ထုတ်ယူဖို့ လိုက်ရှာသည်။

အရေးထဲကျမှ ထိုအသက်ကယ်ဆေးလုံးကို ဘယ်နေရာ တွင် ထည့်ထားမိမှန်းမသိ။

ဟိုစမ်းသည်စမ်းနှင့် ရှာလို့မရနိုင်ဘဲ ရှိနေသည်။

တန်အိဖန်၏ ဘယ်လက် တဖြည်းဖြည်းချင်း ကြွတက်လာ သည်။

ထိုလက်ထဲတွင် ခေါက်ယပ်တောင်လေးတစ်ခု ကိုင်ထား သည်။

တန်အိဖန်၏ ပါးစပ်လည်း တဆတ်ဆတ် လှုပ်လာသည်။

တစ်ခုခု ပြောလိုမှန်းသိသောကြောင့် ကေမိဝါသည် အ သက်ကယ် အားတိုးဆေးလုံးကို ဆက်မရှာတော့ဘဲ တန်အိဖန်၏ နှုတ်ခမ်းနားသို့ မိမိ၏နားရွက်ကို အသာကပ်ကာ ဘာပြောမည်နည်း ဟု နားစွင့်သည်။

"ဟိုဖိန့်...ရောက်လာရင် ဒါကို ပေး..."

ညှဉ်းမှုသာ ခပ်သဲ့သဲ့လေး ပြောနိုင်ပြီး တန်အိဖန် ဇက်ကျိုး ကျသွားသည်။

လက်ထဲတွင်တော့ ခေါက်ယပ်တောင်လေးကို ဆုပ်ကိုင် ထားဆဲ။

တန်အိဖန် နောက်ဆုံးပြောသွားသော စကားနှင့် ပတ် သက်၍ ကေမိဝါ လုံးစေ့ပတ်စေ့ နားမလည်ပါ။

ဟိုဖိန့်ဆိုသူကို ခေါက်ယပ်တောင်လေး ပေးလိုက်ရန် မှာ ကြားခြင်းဆိုတာလောက်ပဲ သိနိုင်သည်။



ဟိုဖိန့် မည်သူမည်ဝါ ဖြစ်သနည်း။

ဘယ်နေရာမှာ သွားရှာရမည် စသည်တို့ကို ဘာမျှမသိ။

ခေါက်ယပ်တောင်ကို ဘာကြောင့် ပေးခိုင်းသည်ကိုလည်း ...တွေးလို့မရ။

သို့သော်...

နောက်ဆုံးပြောဆို မှာကြားသွားခြင်းမို့ ခေါက်ယပ်တောင် ...ည် အလွန်အရေးကြီးသော ကိစ္စတစ်ခုခုနှင့် ပတ်သက်နေနိုင် ...င်းလောက်ကိုတော့ မှန်းဆတွေးတောမိသည်။

ကေမိဝါသည် တန်အိဖန်၏လက်ထဲမှ ခေါက်ယပ်တောင်ကို ...ယူကာ မိမိ၏ အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်သိမ်းလိုက် ...ည်။

မိမိ မျက်ခြည်ပြတ်နိုင်ခဲ့သူ ဉာဏ်နေရာသို့ အချိန်မရွေး ပြန် ...တ်လာနိုင်ကြောင်း ကေမိဝါ တွေးမိသည်။

သည်မှာဆက်၍ မနေသင့်။

ထို့ကြောင့်...

ကေမိဝါသည် ထိုနေရာကို စွန့်ခွာကာ လာလမ်းအတိုင်း ...တ်စိမ်းမြိုင်စခန်းဆီသို့ လျှင်မြန်စွာ ပြန်လာခဲ့လေတော့သည်။

ကေမိဝါ ထွက်သွားပြီး မရှေးမနှောင်းမှာပင် ထိုနေရာသို့ ...ည်ကိုင် သစ်စိမ်းဂိုဏ်းသား ပြန်လည်ရောက်ရှိလာသည်။

ထိုသူက ဝန်ယုကောင်း၏ ကိုယ်ပေါ်တွင် သေသေချာချာ ...ယ်ရှာဖွေသည်။

ထို့နောက် ဝန်ယုကောင်း၏ ပစ္စည်းများကို မွှေနှောက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ရှာကြည့်ပြန်သည်။

"တောက်"

စေ့စေ့စပ်စပ် သေသေချာချာ ထပ်ပြန်တလဲလဲ ရှာဖွေသည်တွင် သူလိုချင်သောအရာကို မတွေ့ရသောကြောင့် သစ်စိမ်းဂိုဏ်းသားသည် မကျေမနပ်ဖြင့် တောက်တစ်ချက် ခေါက်လိုက်မိလေသည်။

ရှာ၍မတွေ့သည်ကို ကျေနပ်ဟန်မရှိဘဲ ဝန်ယုကောင်း၏ ပစ္စည်းများနှင့် ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်အစားတို့ကိုပါ စု၍ယူပြီး ထိုနေရာမှ ထွက်ခွာလာခဲ့လေသည်။

နေဝင်သွားပြီမို့ မှောင်ရိပ်တို့ပင် သမ်းစပြုပေပြီ။

➤ ➤ ➤

## အခန်း(၅)

ဈေးနှဲကြီးများတွင် နောက်ဆက်တွဲအဖြစ် ညဈေးတန်းအရက်ဆိုင်များ ဖွင့်လှစ်ရောင်းချကြလေ့ရှိသည်။

ဈေးနှဲကြီး၏ ရောင်းဝယ်ဖောက်ကားမှုတို့ ညနေပိုင်း နေဝင်ရီတရောအချိန်တွင် အပြီးသတ်သည်။

ထို့နောက်...

နေဝင်မိုးချုပ် အမှောင်ထု ကြီးစိုးချိန်မှစကာ ညဈေးတန်းအရက်ဆိုင်များ ပေါ်ပေါက်လာသည်။

ညဈေးတန်း အရက်ဆိုင်များကို မနက်အရုဏ်တက်ချိန်အ

www.burmeseclassic.com

www.burmeseclassic.com



ထိ တည်ခင်းရောင်းချကြသည်။

မီးပုံးများဖိုကာ မီးပုံဘေးနားတွင် အရက်အိုးများ၊ အရက်စည်များချ၍ ရောင်းချကြခြင်း ဖြစ်သည်။

အချို့ဆိုင်များတွင်မူ အရက်နှင့်အတူ အသားကင်မျိုးစုံကို တွဲရောင်းချကြသည်။

သာမန်အရပ်သူ အရပ်သားများသည် ညဦးပိုင်းအချိန်တွင်သာ ညဈေးတန်းအရက်ဆိုင်များသို့ လာရောက်ဝယ်ယူ စားသောက်ကြသည်။

ညအတော်နက်လာလျှင် ထိုနေရာဘက်သို့ ခြေဦးပင် မလှည့်ကြတော့။

ညနက်လာသည်နှင့်အမျှ လူပေလူတေ လူမိုက်လူရှုပ်မျိုးကို ညဈေးတန်းအရက်ဆိုင်များသို့ ရောက်လာကြသည်။

သူတို့၏ အဓိကရည်ရွယ်ချက်ကတော့ သောက်စား ပျော်မြူးကြရန်သာ ဖြစ်သည်။

သို့သော်...

'ဇ'ရှိကြသူတွေပီပီ အရက်လေးထွေလာသောအခါ မြူးလာကြသလို မိုက်သွေးတို့ကလည်း ပိုလာကြသည်။

အော်လားဟစ်လား နောက်လားပြောင်လား လုပ်ကြရာမှ ရိုက်ကြနှက်ကြ တိုက်ကြခိုက်ကြသည့်အခြေသို့တိုင် ရောက်ကုန်ကြသည်။

ဈေးတန်းတစ်ခုလုံးတွင် လူမိုက်တွေလိုချည်း ဖြစ်နေရာ ခါးပွဲတစ်ခုခုစဖြစ်လျှင် ဖျန်ဖြေဟန့်တားမည့်သူမရှိ။



ဝိုင်းဝန်း၍ လက်ခုပ်တီး ဩဘာပေးကာ အသေအကျေ တိုက်ခိုက်ရန် မြှောက်ပေးကြသူတွေသာ ရှိသည်။

ရန်ဖြစ်တိုက်ခိုက်မှုများကို သောသောရုတ်ရုတ် ဝိုင်းဝန်း၍ ကြည့်ရှုကြလေသေးသည်။

ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း တိုက်ခိုက်ကြပေရာ လက်လွန်ခြေလွန်ဖြစ်ကာ ထိခိုက်သေကျေမှုများ ဒဏ်ရာအပြင်းအထန် ရမှုများပင် ရှိသည်။

တစ်ခုတော့ရှိသည်။

နာမည်ကျော် သိုင်းသမား လူဆိုးလူမိုက်ကြီးတစ်ယောက် ရောက်ရှိလာသော အခါတွင်တော့ ညဈေးတန်း အရက်ဆိုင်များသည် ငြိမ်သက်၍ နေတတ်သည်။

လူမိုက်များမှာ အသက်ပင် ပြင်းပြင်းမရှူရဲကြဘဲ ငြိမ်ငြိမ်ကုပ်ကုပ်လေးနှင့်သာ သောက်စား နေကြလေတော့သည်။

ယခုညတွင်လည်း ဈေးနှောကြီး၏ အရောင်းအဝယ်များ [illegible]ခန်းသိမ်းကာ နေဝင်မိုးချုပ်သည်နှင့် နောင်မင်းဟန်းရွာအနီး [illegible] မီးပုံကြီးများဖိုကာ ညဈေးတန်း အရက်ဆိုင်များ ဖြစ်ပေါ်လာ[illegible]သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ည ဆယ်နာရီသာသာခန့်။

နောင်မင်းဟန်းရှာအနီး ညဈေးတန်း အရက်ဆိုင်များ
လူမိုက်များ ဟော့ဟော့ရမ်းရမ်း လုပ်လိုသူများ၊ လူပေလူတေ
ဖြင့် စည်ကားစ ပြုလာသည်။

ထိုညဈေးတန်းအရက်ဆိုင်များတွင် 'ဝက်ဖြူကြီး အ
ဆိုင်'မှာ အကြီးဆုံးနှင့် လူအစည်ကားဆုံး။

အရက်ဆိုင်ရှင် ဖြူဖြူဝဝ ဗိုက်ရွဲရွဲကြီးကို အကြောင်းပြု
ထို၏အမည် 'ဝက်ဖြူကြီးအရက်ဆိုင်'ဟု တွင်နေခြင်းဖြစ်သည်။

အခြားသောအရက်ဆိုင်များတွင် မီးဖိုတစ်ဖိုသာ ဖို
သော်လည်း ဝက်ဖြူကြီးအရက်ဆိုင်တွင်တော့ မီးဖိုကြီးသုံးဖို ပြု
ထားကာ အသားကင်အမျိုးမျိုးကို မီးဖိုများတွင် မပြတ်ကင်
အရက်တစ်စည်ပြီးတစ်စည် ရောင်းချ၍ နေရလေသည်။

ဝက်ဖြူကြီးအရက်ဆိုင်၏ ထူးခြားမှုမှာ အခြားအရက်
များလို အရက်အိုး၏ အရွယ်အစား အမျိုးမျိုးပါ ထားရှိရောင်းချ
မပြုဘဲ အရက်စည်ကြီးများထဲမှ အရက်များကို အိုးလွတ်များထဲ
လိုချင်သည့် အချိန်အတွယ်အတိုင်း ထည့်ပေးကာ ရောင်းချခြင်း ဖြ
သည်။

လူစည်ကားစပြုသော ဝက်ဖြူကြီးအရက်ဆိုင်သို့ အဝ
စားများ သန့်သန့်ပြန့်ပြန့် ဝတ်ထားသည့် လုလင်ပျိုတစ်ယော
ရောက်ရှိလာသည်။

ထိုလုလင်ပျိုမှာ ဈေးနွေကြီးတွင် ကေမီဝါနှင့် တွေ့ဆုံအ
အညီ တောင်းခဲ့သည့် ဟန်လူမျိုး လုလင်ပျိုပင် ဖြစ်လေသည်



ညဈေးတန်းအရက်ဆိုင်များတွင် စားသောက်သူများသည်
အရက်အိုးနှင့် အသားကင်များကို မြေကြီးပေါ်တွင်ပင်ချကာ လူက
လည်း မြေကြီးပေါ်ထိုင်၍ စားသောက်ကြသည်။

စားပွဲထိုင်ခုံများ ခင်းကျင်းထားလေ့မရှိ။

မြေကြီးပေါ် သည်အတိုင်း ချထိုင်၍ မစားသောက်လိုလျှင်
မူ ဆိုင်မှစားပွဲပုလေးနှင့် တစ်ယောက်စာ ဖျာငယ်လေးတစ်ချပ် ငှား
ရမ်း အသုံးပြုနိုင်သည်။

ဟန်လူမျိုး လုလင်ငယ်သည် စားပွဲပုလေးတစ်လုံးနှင့် ဖျာ
ငယ်တစ်ချပ် ငှားရမ်းကာ အရက်တစ်အိုး၊ ဝက်နံကင်တစ်ပွဲ မှာယူ
ကာ မီးဖိုကြီးတစ်ခုနှင့် မလှမ်းမကမ်း အနည်းငယ် လူရှင်းချောင်ကျ
သောနေရာတွင် ဖျာခင်းထိုင်ကာ တစ်ယောက်တည်း အေးအေးဆေး
ဆေး အရက်သောက်၍နေသည်။

ဝက်ဖြူကြီးအရက်ဆိုင်တွင် အရက်သောက်နေကြသည့် လူ
များသည် ဟန်လူမျိုးလုလင်ပျိုကို အကဲခတ်ကာ လှမ်းကြည့်ကြ
သည်။

မိမိတို့အချင်းချင်းလည်း လက်တို့မေးငေါ့ကာ တီးတိုးပြော
ကြသည်။

လူအားလုံးထဲတွင် ထိုလုလင်ပျို၏ဝတ်ပုံစားပုံနှင့် သွင်ပြင်
အမူအရာမှာ ထူးခြား၍နေသည်။

အခြားသူများနှင့်မတူ ကွဲပြားမှုလည်း ရှိနေသည်။

သောက်စားနေကြသူများ ရေချိန် မကိုက်ကြသေးသည့်အ
လျောက် အခြေအနေကတော့ သိပ်လှုပ်လှုပ်ရှားရှား မဖြစ်သေး။

www.burmeseclassic.com

www.burmeseclassic.com



ရေချိန်ကိုက်ကာ ထွေလာကြလျှင် ထိုလုလင်ပျိုကို မထိတရိ စကာ ရန်ပွဲဖန်းတီးပြုလုပ်ကြမည့် လူတွေကတော့ တစ်ဆိုင်လုံးလိုလို ပင်။

ယခုပင်လျှင် မကြားတကြား ပြောဆို၍ နေကြလေပြီ။

အချိန်ရလာသည်နှင့်အမျှ စကားသံများ ပိုကျယ်လောင်လာသည်။

လူတွေလည်း ပိုများလာသည်။

အော်ကြ၊ ဟစ်ကြ၊ ငြင်းခုန်ကြနှင့် ဆူဆူညံညံ ဖြစ်၍လာသည်။

လုလင်ပျို အရက်ထိုင်သောက်နေသော နေရာသည် အတန်ငယ်ချောင်ကျသော်လည်း ဆူသံ ပူသံ၊ အော်ဟစ် ပြောဆိုသံ အသံကုန် ရယ်မောသံတို့ကတော့ မကြားဘဲမနေနိုင်။

အမျိုးမျိုးသော လုပ်ဆောင်နေမှုများကိုလည်း မမြင်၍ မနေနိုင်။

လုလင်ပျို အတော့်ကို စိတ်ပျက်လက်ပျက် ဖြစ်လာပုံရသည်။

မျက်မှောင်မသိသာကြုတ်၍နေသည်။

"ဟော့...ဟိုကောင်လေးကို ကြည့်ရတာ ငါတို့တစ်တွေ မကျေနပ်တဲ့ပုံစံမျိုးပါလားကွ၊ ဒီတော့..."

မီးဖိုကြီးတစ်ခုဘေးနားတွင် အရက်အိုးကြီးတစ်အိုး အလယ်တွင်ချလျက် ဝိုင်းဖွဲ့သောက်စားနေကြသော လူကြမ်းကြီး သုံးယောက်အနက်မှ အရပ်အမြင့်ဆုံး အထွားကြိုင်းဆုံး လူကြမ်းကြီးသည် လုလင်ပျိုကို မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်ပြီး ပြောသည်။



"ဟုတ်တယ်...ဟုတ်တယ်၊ သူ့ကိုယ်သူ ဘာများအောက်မေ့နေလဲ မသိဘူး၊ အကြောင်းတော့ ပြလိုက်မှ ဖြစ်မယ်ထင်တယ်"

ကျန်တစ်ယောက်က ပြောသည်။

"ကောင်းပြီ၊ ယမ်းဇွန်းအကြောင်းကို ပြလိုက်ရသေးတာပေါ့"

အရပ်အမြင့်ဆုံး အထွားကြိုင်းဆုံး လူကြီးက ပြောပြောဆိုဆို ကျကျနန တင်ပျဉ်ခွေထိုင်နေရာမှ ထရပ်မည်ပြုသည်။

"ယမ်းဇွန်း... အသာနေစမ်း"

လူကြမ်းကြီးတစ်ယောက်က ရုတ်တရက် သတိပေးဟန့်တားသည်။

ထရပ်မည်ပြုသော ယမ်းဇွန်းအားလည်း လှမ်း၍ ဖမ်းဆွဲထားသည်။

ယမ်းဇွန်းမှာ ထမရပ်နိုင်တော့ဘဲ ဟန့်တားသူလူကြမ်းကြီးကို တစ်စုံတစ်ရာပြောမည်အပြု ဆူဆူညံညံရှိနေသော အသံများသည် မီးကို ရေနှင့် သတ်လိုက်သလို ရုတ်တရက် တိတ်သွားသည့်အခါ အံ့သြကာ လှမ်းကြည့်သည်။

လူကြမ်းလူထွားကြီး ယမ်းဇွန်းသည် မျက်လုံးပြူးကာ ငြိမ်သက်၍သွား၏။

➤ ➤ ➤

www.burmeseclassic.com



ဝက်ဖြူကြီးအရက်ဆိုင်နေရာထဲသို့ လူတစ်ယော
လျှောက်လှမ်း၍ ဝင်ရောက်လာ၏။

ထိုလူသည် အရပ်အမောင်း အနေတော်၊ ကိုယ်လုံးကို
ထည် ပိန်ပိန်ပါးပါး ဖြစ်သည်။

အသက်လေးဆယ်ခန့်ရှိသည်။

သားရေကိုယ်ကြပ်အင်္ကျီ ဝတ်လျက် မြောင်လူမျိုးများ
လေ့ရှိသော အနက်ရောင်ဝတ်ရုံကြီး တစ်ခုကို ခေါက်ကာ ညာဘ
ပခုံးပေါ်မှနေ၍ စလွယ်သိုင်းပုံစံမျိုး ရစ်ပတ်ထားသည်။

ဦးခေါင်းတွင် သားရေဦးထုပ် ခပ်ဝိုင်းဝိုင်းတစ်ခု ဆော
ထားသည်။

မျက်နှာဝိုင်းဝိုင်း၊ မေးစေ့ချွန်ချွန်ဖြစ်ပြီး ပြူးကျယ်ဝိုင်း
သော မျက်လုံးများလည်းရှိရာ ဇီးကွက်တစ်ကောင်၏ မျက်နှာနှ
တူပေသေးသည်။

အကယ်၍ နှာခေါင်းသာချွန်၍ ကောက်နေပါလျှင်မူ
ကယ့် ဇီးကွက်မျက်နှာမျိုး ဖြစ်နေပေလိမ့်မည်။

ထိုလူသည် နှာခေါင်းကောက်မနေပါ၊ ချွန်မနေပါ၊ နှ
ဖြောင့်စင်းပေါ်လွင်ကာ အတော့်ကို အချိုးကျနလှပသည်ဟု ဆ
သည်။

ထိုသူ့ နှာတံပေါ်လွင်လှပသောကြောင့်သာ သူ၏မျက်
သည် သိပ်အကြည့်ရမဆိုးဘဲ ရှိနေပေ၏။

ထိုသူ၏အမည် မီးလျှံဇီးကွက် ယန်ကုန်းမင်းဟု ခေါ်သ
မြောင်နယ်တောင်ဘက်ပိုင်းတွင် ကြောက်စရာ အကောင်းဆုံး



ားဆိုးတစ်ယောက်လည်း ဖြစ်သည်။

ထို့ကြောင့် ယန်ကုန်းမင်း ရောက်လာသည်နှင့် ဆူဆူညံညံ
ား တိတ်ကုန်ခြင်း ဖြစ်သည်။

လုလင်ပျိုကို ရန်စစိန်ခေါ်တော့မည့် လူထွားကြီးယမ်းဖွန်း
သခင်ရှေ့သို့ရောက်သော ခွေးလိမ္မာလို ငြိမ်ကုပ်၍ သွား

တုတ်တုတ်မျှပင် မလှုပ်ဝံ့။

မီးလျှံဇီးကွက် ယန်ကုန်းမင်းသည် မည်သူ့ကိုမျှ အရေးမ
သော ဟန်အမူအရာဖြင့် ခပ်တင်းတင်း လျှောက်လှမ်း၍လာ

သူသွားရာ လမ်းတစ်လျှောက်ရှိ စားသောက်နေကြသူတို့
သူ့ကိုယ်ကို ရှိန်၍ လမ်းဖယ်ပေးကြရသည်။

ဆိုင်ရှင်လူဝကြီးသည် စားပွဲပုလေးတစ်လုံး၊ ဖျာတစ်ချပ်ကိုင်
ာလှာသလဲပင် ရောက်လာသည်။

အကောင်းဆုံးသော နေရာတွင် ထိုင်စားသောက်နေကြ
သူသည် ချက်ချင်းပင် နေရာထကာ ဖယ်ပေးသည်။

ဆိုင်ရှင်လူဝကြီးက ထိုနေရာတွင် ဖျာခင်းကာ စားပွဲပုလေး
ကုန်းမင်းအတွက် နေရာထိုင်ခင်း ကျကျနန ပြင်ပေးသည်။

ဆိုင်အမှုထမ်း လူငယ်လေးနှစ်ယောက် တစ်ယောက်က
ကြီးတစ်အိုး၊ တစ်ယောက်က အသားကင် ပန်းကန်ကြီး
ာန်ကိုင်၍ အပြေးရောက်လာကြသည်။

ယန်ကုန်းမင်း အနေဖြင့် အထွေအထူး ပြောဆိုမှာကြားနေ

www.burmeseclassic.com

www.burmeseclassic.com



စရာပင် မလိုပါ။

နေရာအသင့်။

စားစရာအသင့်။

သောက်စရာအသင့်။

မီးလျှံဗီးကွက် ယန်ကုန်းမင်းသည် ငြိမ်သက်၍ ခပ်ကုပ်ကုပ်လေးတွေ ရှိနေကြသည့် အခြားလူများကို ကျေနပ်သဘောကျသော အကြည့်ဖြင့် ဝေ့ဝိုက်ကာ ကြည့်လိုက်သည်။

သူ၏အကြည့်သည် တစ်နေရာသို့ အရောက်တွင် ရပ်တန့်သည်။

မျက်နှာထားလည်း တင်းမာလာသည်။

ထိုနေရာကို အရောင်လက်သော မျက်လုံးများဖြင့် စူးစိုက်ကြည့်သည်။

ယန်ကုန်းမင်း စူးစိုက်ကြည့်လိုက်သော နေရာတွင် ဟန်လူမျိုး လုလင်ပျို ထိုင်၍ အရက်သောက်နေသည်။

လုလင်ပျို၏အသွင်ကတော့ အေးအေးဆေးဆေးပါ။

ဆူညံနေသော အသံများ တိတ်ဆိတ်ကုန်၍ အခြေအနေလည်း စိတ်သက်သာရာ ရသွားဟန် ရှိသည်။

အရက်ကို မျှင်း၍သောက်ကာ အသားကင်ကို တမြုံ့မြုံ့ဝါးနေသည်။

လုလင်ပျိုသည် သူ့ဘာသူ အေးအေးဆေးဆေး စားသောက်နေသော်လည်း ယန်ကုန်းမင်းကိုတော့ အရေးတာသည့်အသွင်မရှိ။



ဂရုမစိုက်သည့် အမူအရာတော့မဟုတ်။

ယန်ကုန်းမင်း ရောက်လာခြင်းသည် မိမိနှင့် မည်သို့မျှ ဆက်ဆိုင်သည့်အသွင်၏။

သည်လို ခပ်အေးအေးနှင့် နေမှုမျိုးကို ယန်ကုန်းမင်းက သဘောမကျ။

သူရောက်လာလျှင် ကြောက်လန့်ရှိသေသည့် အသွင်မျိုး သူ့ကိုမြင်လျှင် ရှိုရှိုကုပ်ကုပ်လေးနှင့် ငြိမ်သွားမှသာ ကျေနပ်သည်။

လုလင်ပျိုက မိမိဘာသာမိမိ အေးအေးလူလူ စားသောက်နေသည် ယန်ကုန်းမင်းအတွက်တော့ စော်ကားစိန်ခေါ်သည့် အမူအရာမျိုး ဖြစ်သွားသည်။

"ကျုပ် ဟိုနေရာမှာ စားသောက်မယ်"

ယန်ကုန်းမင်းသည် ဟန်လူမျိုး လုလင်ပျို ထိုင်နေသည့် နေရာသို့ လက်ညှိုးထိုးပြကာ အေးစက်စက်လေသံနှင့် ပြောလိုက်သည်။

ဆိုင်ရှင်လူဝကြီးသည် စားပွဲပုလေးနှင့် ဖျာတို့ကို ကပျာကယာ ဟန်လူမျိုး လုလင်ပျို ထိုင်နေသည့် နေရာသို့ ခပ်သုတ်သုတ် သွားသည်။

ဆိုင်အမှုထမ်း လူငယ်နှစ်ယောက်ကလည်း အရက်အိုးနှင့် အသင့် ပန်းကန်တို့ကို ကိုင်ကာ ဆိုင်ရှင်လူဝကြီးနောက်မှ လိုက်သွားကြသည်။

မီးလျှံဗီးကွက် ယန်ကုန်းမင်းကတော့ လက်နှစ်ဖက် နောက်

www.burmeseclassic.com



ဗစ်ကာ ဟန်ပါပါရပ်လျက် သူ၏ပြုံးကျယ်သော မျက်စိအစုံကို တမင်ပင် ခပ်မှေးမှေးပြုံး၍ အသာပင်ရပ်၍ ကြည့်နေလေ၏။

ကျန်လူအပေါင်းတို့သည် တုတ်တုတ်မျှပင် မလှုပ်ဝံ့။

ငြိမ်ကုပ်၍ နေကြသည်။

ဖိုထားသော မီးပုံကြီးများ လောင်မြိုက်နေသည့် အသံသာ ခပ်သဲ့သဲ့ ပေါ်ထွက်နေသည်။

ဟန်လုလင်ပျိုကတော့ ခပ်အေးအေးပင် ဟန်မပျက် စားသောက်၍ နေသည်။

➤ ➤ ➤



ဆိုင်ရှင်လူကြီးနှင့်အဖွဲ့၊ ဟန်လုလင်ပျို အနီးသို့ ရောက်လာကြသည်။

လုလင်ပျိုက နေရာမှ ဖယ်ရှားပေးခြင်း မပြု။

ထိုင်မြဲထိုင် စားသောက်မြဲ စားသောက်နေရာ ဆိုင်ရှင်လူကြီးတို့မှာ ရုတ်တရက် ဘာလုပ်ရမည်မသိ။

ကြောင်အမ်းအမ်းပင် ဖြစ်ကုန်ကြရလေသည်။

ဤညဈေးတန်း အရက်ဆိုင်များတွင် ရောက်ရှိသောက်စားနေကြသော လူတေလူမိုက်များတွင် မီးလျှံဓါးကွက်ကို လှန်ဝံ့သူမရှိ။

ယန်ကုန်းမင်းက လိုချင်သည်ဆိုလျှင် ဘာမဆို ပျာပျာသလဲ လုပ်ဆောင်ပေးမည်သာ ဖြစ်သည်။

ယခု ယန်ကုန်းမင်း ထိုင်လိုသည်ဆိုသော နေရာတွင် ဖယ်မပေးဘဲ ဟန်မပျက် ဆက်၍ ထိုင်နေသော လုလင်ပျိုမှာ အားလုံးအတွက် အထူးအဆန်း ဖြစ်၍နေသည်။

ယန်ကုန်းမင်း ကိုယ်တိုင်ပင် မျက်မှောင်ကြုတ်သွားသည်။

ပြီးတော့မှ မျက်နှာထား တင်းမာခက်ထန်လာသည်။

သည်ကောင်လေးက လူပုံအလယ်တွင် မိမိကို အန်တုစိန်ခေါ်သည်ဟု ယန်ကုန်းမင်း သတ်မှတ်သည်။

မှတ်လောက် သားလောက်အောင် ကျကျနနကြီး ဆုံးမအပ်သည်မှ ဖြစ်မည်ဟုလည်း စိတ်ပိုင်းဖြတ်သည်။

ယန်ကုန်းမင်းသည် မတ်တတ်အသာရပ်နေရာမှ ဆတ်ခနဲ ဟန်လုပ်ရှားလိုက်သည်။

ဆိုင်ရှင်လူဝကြီးက ဟန်လူမျိုး လုလင်ပျိုကို ထိုနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားပေးရန် ပြောဆိုတော့မည် အပြုမှာပင် အနားသို့ ယန်ကုန်းမင်း ရောက်ရှိလာသည်။

အနားသို့ ရောက်သည်နှင့် ယန်ကုန်းမင်းသည် ဘာမျှ ပြောဆိုမနေတော့ဘဲ အရက်သောက်နေသော လုလင်ပျိုကို ညာခြေထောက်ဖြင့် သိမ်း၍ ကန်လိုက်သည်။

လုလင်ပျိုက ဘေးသို့ အသာတစ်ပတ်လိမ့်ချကာ ရှောင်သည်။

"ဝုန်း"

ယန်ကုန်းမင်း၏ ခြေကန်ချက်သည် လုလင်ပျိုကိုမထိ။

စားပွဲပုလေးကိုသာ ကန်မိသည်။

စားပွဲပုလေး လွင့်စဉ်သွားသည်။

စားပွဲပုလေးပေါ်တွင် တင်ထားသော အရက်အိုးနှင့် အသားကင် ပန်းကန်လည်း မြေကြီးပေါ် ကျွမ်းထိုးမှောက်ခုန် ကျကွဲကုန်သည်။

တစ်ပတ်လိမ့်ကာ ရှောင်ထွက်သွားသော လုလင်ပျိုမှာမူ ငေါက်ခနဲ ထရပ်ပြီး ဖြစ်သည်။

မိမိ၏ခြေကန်ချက် လွဲသွားသောကြောင့် ယန်မင်းကုန်း ထောင်းခနဲ ဒေါသထွက်သည်။

သို့သော်...

လုလင်ပျို၏ ရှောင်တိမ်းထွက်သွားသော လှုပ်ရှားမှုသည် ပေါ့ပါးပြီး သွက်လက်မြန်ဆန်လှကြောင်းကိုလည်း သတိပြုသည်။



ထို့ကြောင့် ယန်ကုန်းမင်းက အရမ်းမလုပ်သေးဘဲ...

"မင်း ဘယ်သူလဲ"

ယန်ကုန်းမင်းက အနည်းငယ်ဝဲသော ဟန်ဘာသာစကားဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော့်နာမည် ကျင်းယုလိုင်"

လုလင်ပျိုက ခပ်အေးအေး ပြန်ဖြေသည်။

ရုတ်တရက် တိုက်ခိုက်ခံရမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားပုံလည်း မရှိ။

"ငါ ဘယ်သူလဲဆိုတာ မင်း သိရဲ့လား"

ယန်ကုန်းမင်းက ကျင်းယုလိုင်ကို စူးစိုက်ကာ ကြည့်ရင်း မေးပြန်သည်။

"ဟင့်အင်း... မသိဘူး"

"ငါ့နာမည် ယန်ကုန်းမင်း၊ မြောင်နယ်တောင်ဘက်ပိုင်းတစ် တော့ ငါ့ကို မီးလျှံဇီးကွက်လို့ ခေါ်ကြတယ်၊ ငါ့ကို ကလန်ကက လုပ်ရင် ဇာတ်သိမ်းမကောင်းဘူး၊ ဘယ်သူ့လက်ချက် အမိခံရ ဆိုတာ မင်းသိအောင် ပြောပြတာ၊ ကိုင်း..."

စကားဆုံးသည်နှင့် မီးလျှံဇီးကွက် ယန်ကုန်းမင်းက ကျင်း ကို စတင်တိုက်ခိုက်လေတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ယန်ကုန်းမင်းက စတင်တိုက်ခိုက်သည်။

စောစောပိုင်း ခြေထောက်နှင့် ကန်လိုက်စဉ်က မလော
လေး မလောက်စား လုလင်ပျိုလေးတစ်ယောက်ဟု ခပ်ပေါ့ပေါ့ဆဆ
လုပ်မိခဲ့သည်။

ကျင်းယုလိုင် ရှောင်တိမ်းထွက်သွားသည့် သိုင်းဟန်ကို မြ
ရမှ သည်ကောင်လေး အစွမ်းမသေးကြောင်း သဘောပေါက်သည်

ထို့ကြောင့်...

ယခု တိုက်ခိုက်မှုတွင်တော့ ယန်ကုန်းမင်းသည် စောစော
ကလို ပေါ့ပေါ့ဆဆ မလုပ်တော့။

သူ၏ အားအထားရဆုံးသော ကိုယ်ပိုင်သိုင်းပညာဖြစ်သည်
'ဓါးကွက်'သိုင်းကို ထုတ်သုံးသည်။

'ဓါးကွက်'သိုင်းဖြင့် ယန်ကုန်းမင်းသည် မြောင်နယ်ကော
ပိုင်းတွင် လူတွင်ကျယ်လုပ် နေထိုင်ခဲ့သည်။

ဓါးကွက်သိုင်းကို အသုံးပြု တိုက်ခိုက်သောအခါ ယန်ကုန်း
မင်း၏ မျက်စိအစုံသည် ပို၍ ပြူးကျယ် ဝိုင်းစက်လာသလို အရော
လည်း အထူးပင် တောက်ပလာသည်။

မီးလျှံများ ထွက်နေသလိုလိုပင် ထင်ရသည်။

အလျှံညီးညီး တောက်လောင်နေသော မီးကျီခဲနှစ်ခုလို စူး
တောက်ပြောင်သော မျက်လုံးဝိုင်းဝိုင်းပြူးပြူးကြီး နှစ်ခုသည် မြင်
သူ အသည်းထိတ် ရင်ဖိုစရာဖြစ်အောင် ဖန်တီး၍ နေလေသည်။

ယန်ကုန်းမင်း၏ လှုပ်ရှားတိုက်ခိုက်မှုတို့ကလည်း အတော်
ပင်သွက်သည်။



ဉာလက်ကို ဘေးမှဝိုက်ကာ ဆတ်ခနဲ လှုပ်ရှား၍ လုလင်
ကျင်းယုလိုင်၏ လည်မျိုကို လက်ဝါးဖြင့် လှမ်းရိုက်သည်။

ရိုက်နှက်ရာတွင် လက်ချောင်းများကို အပြည့်အဝ စုကပ်မ
ထား။

ခပ်ကွဲကွဲပြုကာ လက်ချောင်းထိပ်များကိုတော့ ကွေး
ကောက်၍ထားသည်။

လက်ဝါးဖြင့် လှမ်းရိုက်မှု ဖြစ်သော်လည်း ကွေးကောက်
ထားသော လက်ချောင်းထိပ်များ၏ ထိုးစိုက်ကုပ်ဆွဲနိုင်သည့်
အန္တရာယ်ကလည်း ပူးတွဲ၍ ပါရှိလာနေသည်။

ကျင်းယုလိုင်သည် ရှောင်တိမ်းခြင်းမပြု။

မားမားမတ်မတ် ရပ်နေလျက် ဘယ်လက်ကိုသာ လျင်မြန်
စွာ ပင့်မြှောက်တင်ကာ လည်မျိုရှေ့တွင် ဘယ်လက်ဝါးကာ၍ ဆီး
ကြိုတိုက်ခိုက်သည်။

ကျင်းယုလိုင်၏ ဘယ်လက်ဝါးသည် ဖြန့်၍မထား။

လက်ညိုးတစ်ချောင်းတည်းကိုသာ ခပ်စောင်းစောင်း
ထောင်ထားလျက် ကျန်လက်ချောင်း လေးချောင်းကိုတော့ ပိပိရိရိ
သေသပ်သပ် ကွေးညွတ်၍ ထားသည်။

ခပ်စောင်းစောင်း ထောင်ထားသော ညာလက်ညိုးထိပ်
သည် ယန်ကုန်းမင်း၏ ညာလက်ဝါး အလယ်ဗဟိုမှ သွေးကြောကွက်
နှင့် ဘည့်တည့်မတ်မတ်ကြီး တန်း၍နေသည်။

ရိုက်ချထိုးစိုက်လာသော ယန်ကုန်းမင်း၏ ညာလက်ဝါးကို
လိုင်က ဘယ်လက်ညိုးဖြင့် ဆီး၍ ထိုးထောက်သည့်သဘော

www.burmeseclassic.com



ဖြစ်နေပေသည်။

လက်ဖဝါးအလယ်မှ သွေးကြောကွက်သည် ဇီးကွက်သိုင်း၏ အမိကပျော့ကွက်နေရာလည်း ဖြစ်နေပြန်သည်။

ထိုသွေးကြောကွက်နေရာကို ထိမိပိုင်နိုင်စွာ ထိုးထောက်ခံရလျှင် ယန်ကုန်းမင်း ကောင်းကောင်းကြီး ဒုက္ခတွေ့ရပေတော့မည်။

ထို့ကြောင့် ယန်ကုန်းမင်းမှာ မကြိုစဖူး အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားရလေသည်။

"ဟာ"

ပါးစပ်မှ အလန့်တကြား ရေရွတ်ကာ တိုက်ကွက်ကို ချက်ချင်း ရုပ်သိမ်းလျက် နောက်သို့ ကမန်းကတန်း ခုန်ဆုတ်လိုက်သည်။

အချိန်မီလေး နောက်ပြန်ဆုတ်နိုင်သောကြောင့် လက်ဖဝါးအလယ်ရှိ သွေးကြောကွက်နေရာကို ထိုးထောက်ခံရမည့်ဘေးမှ သီသီလေးကပ်ကာ လွတ်သွားသည်။

ယန်ကုန်းမင်း ဇောချွေးပင် ပြန်သွားသည်။

"ဒီကောင်လေးက ငါ့ရဲ့ အမိကပျော့ကွက်နေရာကို ဘယ်လိုသိပြီး တည့်တည့်မတ်မတ် ဦးတည် တိုက်ခိုက်နိုင်တာလဲ၊ သူတကယ်ပဲ သိလို့လား၊ ဒါမှမဟုတ် အကြောင်းတိုက်ဆိုင်ပြီး ဖြစ်သွားတာလား"

ယန်ကုန်းမင်း၏ စိတ်ထဲမှလည်း စဉ်းစားမိသည်။

သူသည် ဘာလုပ်ရမည် မသိတော့အောင် ဖြစ်နေသည်။

ဆက်တိုက်ရမည်လား။

နောက်ဆုတ်ကာ ရှောင်ထွက်သွားရမည်လော။



အကယ်၍ ကျင်းယုလိုင်က မိမိ၏ ပျော့ကွက်နေရာများကို အမှန်ပင် သိရှိကာ ပိုင်ပိုင်နိုင်နိုင် အုပ်စီး တိုက်ခိုက်နိုင်စွမ်း ရှိနေလျှင် ဆက်တိုက်လျှင်လည်း အနိုင်ရဖို့ အကြောင်းမရှိ။

မရှုမလှ အရေးနိမ့်ကာ အရှက် အကြီးအကျယ် ကွဲရမည်ကို ယန်ကုန်းမင်း နားလည်သည်။

ဆက်မတိုက်တော့ဘဲ နောက်ဆုတ် ရှောင်ထွက်သွားလျှင်လည်း ထိုနယ်ပယ်ဒေသတွင် လူတွင်ကျယ်လုပ်နေသူ ယန်ကုန်းမင်းအတွက် သိက္ခာကျ အရှက်ရစရာ ဖြစ်ပေတော့မည်။

ကျင်းယုလိုင်က မိမိ၏ပျော့ကွက်နေရာကို အမှန်မသိဘဲ ချင်းသမ်း တိုက်ခိုက်ရာမှ အကြောင်းတိုက်ဆိုင်သွားမှု ဆိုလျှင်တော့ ဆက်လက်၍ တရကြမ်း တိုက်ခိုက်လျှင် မိမိအနေဖြင့် အနိုင်ရနိုင်မည်ဟု ယန်ကုန်းမင်း စဉ်းစားသည်။

သို့သော်...

ကျင်းယုလိုင်၏ သိုင်းပညာအစွမ်းအစနှင့် ပတ်သက်၍ အကျအနကို မသိရှိသောကြောင့် ထိုသို့ စွန့်စား တိုက်ခိုက်မှုမျိုးလည်း မလုပ်ရဲ။

ယန်ကုန်းမင်းတစ်ယောက် ဘာလုပ်ရမည်မသိ။

အစဉ်းစားရ ခက်နေချိန်တွင် ကျင်းယုလိုင်က လွင့်စဉ်ထွက်များသော စားပွဲပုလေးကို သွား၍ ကောက်ယူလိုက်ကာ...

"ကိုင်း...ခင်ဗျားက ကျွန်တော် ထိုင်နေတဲ့နေရာမှာ ထိုင်ပြီး အချင်သောက်ချင်တယ် မဟုတ်လား၊ ဒီတော့ ခင်ဗျားအတွက် စားပွဲပုကို ကျွန်တော့် စားပွဲဘေးနားမှာ ကပ်ပြီး အခင်းခိုင်းလိုက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် အဲဒီနေရာမှာ အတူထိုင်ပြီး စားကြသောက်ကြတာပေါ့။ ကျွန်တော့် အရက်အိုးက ကျကွဲပြီး အသားကင် ပန်းကန်လဲ မှောက်သွားပြီဆိုတော့၊ ခင်ဗျားရဲ့ အရက်နဲ့ အသားကင်တွေကို ကျွန်တော်က ယူပြီး စားရသောက်ရလိမ့်မယ်"

ဤသို့ပြောပြီးသည်နှင့် ကျင်းယုလိုင်သည် စောစောက နေရာတွင်ပင် သူ၏စားပွဲပုလေးကို အသာ ပြန်ချလိုက်လေသည်။

➤ ➤ ➤



ဘာဆက်၍ လုပ်ရမည်မှန်း မသိဘဲ အကြီးအကျယ် အ[illegible]ရိုက်နေသော ယန်ကုန်းမင်းအတွက် ကျင်းယုလိုင်၏ ပြောစကားများသည် ထွက်ပေါက် ဖွင့်ပေးလိုက်သလို ဖြစ်သည်။

"ကျုပ်အတွက် စားပွဲကို ဟိုနားမှာ ခင်းလိုက်ပါ၊ အရက်အိုးနဲ့ အသားကင် ပန်းကန်ကိုလဲ စားပွဲပေါ်တင်ထားလိုက်"

ယန်ကုန်းမင်းက ဆိုင်ရှင်လူဝကြီးဘက်သို့လှည့်ကာ မြောင်ဘာသာစကားဖြင့် ခပ်ပြတ်ပြတ် ခပ်မာမာ ပြောလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျာ…ဟုတ်ကဲ့"

ဆိုင်ရှင်လူဝကြီးသည် ပျာပျာသလဲပင် ပြောကာ သူ့လက်ထဲမှ စားပွဲဘေးနားတွင်ကပ်၍ ချခင်းသည်။

ဆိုင်အမှုထမ်းလေးများကလည်း အရက်အိုးနှင့် အသားကင် ပန်းကန်တို့ကို စားပွဲပေါ် အမြန်တင်ပေးလိုက်ကြသည်။

အရက်ဆိုင်ထဲတွင် ရှိနေကြသူများသည် ဟန်ဘာသာစကား မတတ်ကြပါ။

ထို့ကြောင့် ယန်ကုန်းမင်းနှင့် ကျင်းယုလိုင်တို့ ဟန်ဘာသာစကားဖြင့် ပြောကြဆိုကြသည်များကို တစ်လုံးမှ နားမလည်ကြပါ။

ဘာတွေ ပြောနေကြသည်ကို လုံးလုံးမသိ။

ယန်ကုန်းမင်းက ဆိုင်ရှင်လူဝကြီးကို မြောင်ဘာသာစကားဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်သည့် စကားများကိုတော့ အားလုံးက ကောင်းကောင်း နားလည်ကြသည်။

ယန်ကုန်းမင်း အနေဖြင့် သူထိုင်လိုသော နေရာတွင် ထိုင်ကာ စားသောက်တော့မည်ဟုလည်း သဘောပေါက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်းအထန် တိုက်ခိုက်မှုမပြုဘဲ တစ်ကွက်တည်းဖြင့် ပွဲရပ်သွားမှုနှင့် ပတ်သက်၍တော့ ရေရာတိကျသော အဖြေကို မစဉ်းစားတတ်ကြ။

ယန်ကုန်းမင်းနှင့် ဟန်လူမျိုး လုလင်ပျိုတို့သည် သိုင်းဟောင်းကျွမ်းဟောင်းများ ဖြစ်ကြ၍ သိုင်းသမားတို့ထုံးစံ ပြန်လည်ဆုံတွေ့ကြသည့်အခါ ကျီစယ်သည့်သဘော သိုင်းကွက်တစ်ကွက် လှုပ်ရှားကစားကြခြင်း ဖြစ်မည်ဟု အများစုက မှန်းဆကြလေသည်။

ကျင်းယုလိုင်က ယန်ကုန်းမင်းအတွက် အရက်တစ်ခွက်ကို ကိုယ်တိုင် လေးစားစွာ ငှဲ့ပေးသည်။

ဤသို့ ဂါရဝပြုလိုက်မှုကို မြင်ရသောအခါ မိမိတို့၏ တွေးတောချက် မှန်ကန်ပြီဟု လူအများက တွက်လိုက်ကြလေတော့သည်။

ယန်ကုန်းမင်းမှာမူ ကျင်းယုလိုင်ကို ပြတ်ပြတ်သားသား ဖိနှိပ်အနိုင်မယူနိုင်သည့်အတွက် အထူးပင် မကျေမနပ်ဖြစ်၍ နေသည်။

သို့သော်...

ယခုလို ကျင်းယုလိုင်က လုပ်ဆောင်ပေးမှုသည် မိမိအား မျက်နှာပျက် အရှက်ကွဲရမည့် အခြေအနေမှ ထွက်ပေါက်ရစေနိုင်ကြောင်း ကောင်းစွာ နားလည်သောကြောင့် မကျေနပ်မှုများကို မျိုသိပ်ဖုံးကွယ်လျက် ကျင်းယုလိုင် ငှဲ့ပေးသော အရက်ကို ခပ်တည်တည်လှမ်းယူလျက် မော့သောက်ချလိုက်လေသည်။

"ကျွန်တော်က ဒီနယ်ပယ်ဒေသကို ခုမှ ရောက်လာရတဲ့ ဧည့်သည်ပါ၊ ဒီဒေသက သိုင်းသမားတွေနဲ့ အချင်းမပွားလိုပါဘူး



မိတ်ဆွေမဖွဲ့ချင်ရင် နေပါစေ၊ ရန်သူ မဖြစ်ရင် တော်ပါပြီ"

ကျင်းယုလိုင်က သူ့အတွက် အရက်တစ်ခွက် ငှဲ့ယူသောက်ပြီး ပြောသည်။

"ဪ...အင်းအင်း"

ယန်ကုန်းမင်းက စကားတစ်စုံတစ်ရာ ပြန်မပြော။

အလိုက်အထိုက် သဘောသာ ခေါင်းကိုညိတ်၍ ပါးစပ်မှ အသံပြုသည်။

အချိန်အနည်းငယ်သာ အရက်ထိုင်သောက်ပြီး ဤဆိုင်မှ ခပ်မြန်မြန် ထွက်သွားဖို့ ယန်ကုန်းမင်း စိတ်ကူးထားသည်။

သူသည် စိတ်ထားခက်ထန်ကာ ကောက်ကျစ်သူလည်း ဖြစ်ရာ သူတစ်ပါးအပေါ်တွင် လူတွင်ကျယ်လုပ် အနိုင်ကျင့်ဗိုလ်ကျနေသလောက် မိမိခံရမှုကြုံသည့် အခါတွင်တော့ အလွန်ပင် ခံပြင်းဒေါသ ထွက်တတ်သည်။

မိမိခံရမှုအတွက် တစ်နည်းမဟုတ်တစ်နည်း တုံ့ပြန် အနိုင်ယူလေ့ရှိသည်။

ယခုလည်း အခြေအနေအရသာ အလိုက်အထိုက် လုပ်နေရသည်။

သူ့စိတ်ထဲမှာတော့ ကျင်းယုလိုင်ကို လက်တုံ့ပြန် အနိုင်ယူမည့် နည်းလမ်းများကို ဉာဏ်နီဉာဏ်နက်ထုတ်ကာ အမျိုးမျိုး စဉ်းစားကြံဆ၍ နေလေသည်။

ဒါကြောင့်လည်း သည်ဆိုင်က အမြန်ထွက်ခွာရန် ဆုံးဖြတ်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျင်းယုလိုင်က အရင်ဦးသွားသည်။

ကျင်းယုလိုင်သည် အရက်တစ်ခွက်ငှဲ့သောက်ကာ အသား ကင်တစ်ဖတ် ယူစားပြီးနောက် ယန်ကုန်းမင်းကို နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

ထို့ကြောင့် ယန်ကုန်းမင်းမှာ ဝက်ဖြူကြီးအရက်ဆိုင်မှ ထွက်မသွားတော့။

အရက်တစ်မွှစ်မွှထိုင်သောက်ကာ ကျင်းယုလိုင်ကို ဦးကျိုး သွားအောင် ချိုးနှိမ် အနိုင်ယူနိုင်မည့် နည်းလမ်းများကို စဉ်းစားရှာ ဖွေနေလေသည်။

သူ့တစ်ယောက်တည်းလုပ်လျှင် အနိုင်ရဖို့ သိပ်မသေချာ

သိုင်းပညာ အစွမ်းအစ ထက်မြက်သော အပေါင်းအသင်း များ၏ အကူအညီကို ရယူမှ ဖြစ်မည်ဟု တွေးမိသည်။

မည်သူတွေ၏ အကူအညီကို တောင်းလိုလျှင် ကောင်းမည် နည်းဟု ဆက်စဉ်းစားရပြန်လေတော့သည်။

➤ ➤ ➤

## အခန်း(၆)

နောင်မင်းဟန်းရွာ၏ အနောက်ဘက် မိုင်နှစ်ဆယ်ခန့် အ တောအုပ်ကြီးထဲတွင် ကျောက်ဂူကြီးတစ်ခု ရှိသည်။

ထိုကျောက်ဂူကြီးသည် ရှေးဟောင်းလူများ အခြေချနေထိုင် နေရာဟောင်းတစ်ခု ဖြစ်သည်။

ကြီးမားပြီး ကျယ်ဝန်းသည်။

ဂူထဲတွင် ကျောက်စက်ကျစခန်းတစ်ခု ရှိသည်။

ဂူအဝ၏ တစ်ဖက်တစ်ချက်စီတွင် ရုပ်တုကြီးနှစ်ခု သွန်းထု

ည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရာများကြမ်းသည်။

ဘာရုပ်တု ဖြစ်ကြောင်းကိုပင် တိတိကျကျ မပြောနိုင်။

ကြောက်မက်ဖွယ်ရာ အသွင်အပြင်တွေတော့ ရှိသည်။

မြောင်လူမျိုးများကတော့ ထိုရုပ်တုကြီးနှစ်ခုကို မကောင်းဆိုးဝါးရုပ်တုကြီးတွေ ဖြစ်သည်ဟု သတ်မှတ်ကြသည်။

ထိုကျောက်ဂူကြီးကိုလည်း မကောင်းဆိုးဝါးများ နေထိုင်ကျက်စားရာ နေရာတစ်ခုဟု ယူဆကာ အနီးအနားသို့ပင် မသွားမလာကြ။

ဝေးဝေးက ရှောင်ကြသည်။

ယခုတော့ ထိုကျောက်ဂူကြီးတွင် လူတစ်စု ရောက်ရှိနေကြသည်။

ထိုလူစုမှာ သစ်စိမ်းဂိုဏ်းသားများ ဖြစ်ကြပေသည်။

သစ်စိမ်းဂိုဏ်းသည် ဟိုဖိန်း၊ ဝန်ယုကောင်းနှင့် လုအိမ်လိမ်တို့ သုံးယောက်ကို မြေလှန်ကာ လိုက်လံစုံစမ်းကြရာ မြောင်နယ်နောင်မင်းဟန်းရွာ အနီးဝန်းကျင်တစ်ဝိုက်သို့ ထိုသူသုံးယောက် ရောက်ရှိလာကြဖို့ အခြေအနေရှိကြောင်း မှန်းဆသိရှိခဲ့ကြသည်။

ထို့ကြောင့်...

ကြူးတိတ်အိခေါင်းဆောင်သော သစ်စိမ်းဂိုဏ်းသားခုနစ်ယောက်ကို ဝန်ယုကောင်းတို့နှင့် ပတ်သက်၍ ဆောင်ရွက်ဖွယ် [illegible]သည်များကို ဆောင်ရွက်ရန် အထူးတာဝန်ပေးအပ်ကာ မြောင်နယ်သို့ စေလွှတ်လိုက်ကြသည်။

မိမိတို့၏ လှုပ်ရှားမှုများ လျှို့ဝှက်လုံခြုံမှုရစေရန်အတွက်



ကြူးတိတ်အိတို့လူစုသည် မကောင်းဆိုးဝါး ကျောက်ဂူကြီးတွင် စခန်းချကြလေသည်။

ဝန်ယုကောင်းကို လမ်းမှ ပိတ်ဆို့တိုက်ခိုက်ခဲ့သော လူသုံးယောက်မှာ ကြူးတိတ်အိ၏ အဖွဲ့သားများပင် ဖြစ်ပေသည်။

ကြူးတိတ်အိသည် အသက်လေးဆယ်ခန့် ရှိသည်။

အရုပ်ပုပု၊ အနည်းငယ်ဝဖြိုးသည်။

သစ်စိမ်းဂိုဏ်းတွင် အတော်ပင် အရေးပါ အရာရောက်သည်။

သိုင်းပညာအစွမ်း ထက်မြက်သည်။

အထက်တန်းကျကျ နေတတ်ထိုင်တတ်သည်။

ယခု မြောင်နယ် တောအုပ်ကြီးထဲတွင် ယာယီ စခန်းချနေသည့်တိုင် သူ့အတွက် သီးသန့် အိပ်ခန်းတစ်ခုလို ဖြစ်အောင် သစ်[illegible]များဖြင့် ကာရံအခန်းဖွဲ့ကာ နေထိုင်သည်။

လက်ကောက်ဝတ်ခန့် လုံးပတ်ရှိသည့် ချောမောဖြောင့်စင်း[illegible] သစ်ကိုင်းများကို ရွေးချယ်ကာ စီစီညီညီ ကာရံထားပေရာ [illegible]တိတ်အိ နေထိုင်ရာအခန်းသည် အတော်ပင် သပ်ရပ်ခမ်းနား[illegible]

သစ်ကိုင်းများ ကာရံကာ အခန်း ဖွဲ့ထားရုံသက်သက်ပင် [illegible]

အဝင်အထွက် နေရာတွင် တံခါးပါ တပ်ဆင်ထားသည်။

ထိုတံခါးဝတွင် အစောင့်တစ်ယောက် ချထားလိုက်သေး

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူကြီးထဲတွင် ကျောက်ပြားချပ်များ၊ ကျောက်တုံးများလည်း အတော်များများရှိရာ ကြူးတိတ်အိက ကျောက်စားပွဲ ကျောက်ခုတင်၊ ကျောက်ထိုင်ခုံများအဖြစ် အလျှဉ်းသင့်သလို ပြုလုပ် အသုံးချထားလေသည်။

ကျောက်သားများသည် စိမ်းဖန့်ဖန့်အရောင် တောက်နေ ရာ ကျောက်စိမ်းများလိုပင် ဖြစ်နေသောကြောင့် ကြူးတိတ်အိက ထိုကျောက်စားပွဲ၊ ကျောက်ထိုင်ခုံ၊ ကျောက်ခုတင်များကို အတော်ပင် သဘောကျ၍ နေလေသည်။

ယခု ကြူးတိတ်အိသည် ကျောက်ထိုင်ခုံ တစ်ခုပေါ်တွင် ထိုင်ကာ နံနက်စာကို အရသာခံ အေးအေးဆေးဆေး စားသော နေလေသည်။

ဝန်ယုကောင်းကို ခြေရာခံမိပြီမို့ မိမိတို့ လူသုံးယောက် စေလွှတ်ထားရာ အပိုင်အနိုင် ဖမ်းမိလာနိုင်မည်ဟု တွက်ထားသော ကြောင့် ကြူးတိတ်အိသည် စိတ်လည်း အတော်ပင် ရွှင်ပျနေသော သည်။

ဝန်ယုကောင်းကို အမိဖမ်းနိုင်ပြီးသည့်နောက် မီးခိုးကြွ လျှောက် ဆိုသလို ရွှေဒင်္ဂါးသေတ္တာများရှိရာကို စုံစမ်းဖော်ထုတ်နိုင် နီးစပ်သေချာလာပြီဟု ကိုယ့်တွက်ကိန်းနှင့်ကိုယ် ဟုတ်၍ နေသော သည်။

အခန်းတံခါး ပွင့်သွားကာ တံခါးစောင့်အထဲသို့ အသ လျှောက်လှမ်းဝင်လာကာ ဦးညွှတ် အရိုအသေပေးလျက်…

"ယွဲ့ရန်ကျောင်း ရောက်လာပါတယ်၊ ဂိုဏ်းခွဲမှူးကြီး



ခွင့်လို့ပါတဲ့"

"ဟော… ဟုတ်လား၊ မြန်မြန်လွှတ်လိုက်စမ်း"

ယွဲ့ရန်ကျင်းမှာ ဝန်ယုကောင်းကို တိုက်ခိုက်ဖမ်းဆီးရန် စေ လိုက်သူ သိုင်းသမားသုံးယောက်တွင် ခေါင်းဆောင်ဖြစ်သည်။

ယွဲ့ရန်ကျင်း ပြန်ရောက်လာပြီမို့ ဝန်ယုကောင်းကို အမိဖမ်း နိုင်လေဟု ကြူးတိတ်အိက တွက်သည်။

အစောင့်သိုင်းသမား အရိုအသေပေးကာ ပြန်ထွက်သွား

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ကျင်း အခန်းထဲသို့ ဝင်လာသည်။

"ဘယ်လိုလဲဟေ့၊ ဝန်ယုကောင်းကို တွေ့ကြရတယ် မဟု
လား"

အခန်းထဲသို့ ဝင်ရောက်လာသော ယွဲ့ရန်ကျင်းကို ကြ
တိတ်အိက ဆီး၍ မေးခွန်းထုတ်လိုက်သည်။

"ဟုတ်ကဲ့၊ တွေ့ပါတယ် ဂိုဏ်းခွဲမှူးကြီး"

ကြူးတိတ်အိသည် မြိန်မြိန်ကြီး ပြုံးလိုက်ကာ...

"အေး...ကောင်းတယ်၊ အားလုံး အဆင်ပြေ ချောမော
မဟုတ်လား"

ယွဲ့ရန်ကျင်းမှာ အနည်းငယ် တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်သွား
နောက်...

"ဟို... အဲ... အင်း... အဆင်အပြေဆုံး အချောအမော
ဖြစ်အောင်တော့ ကျွန်တော် စီမံလုပ်ဆောင်ခဲ့ပါတယ် ဂိုဏ်းခွဲ
ကြီး"

ယွဲ့ရန်ကျင်း၏ စကားသွားစကားလာကြောင့် ကြူးတိ
မှာ မျက်မှောင်ကြုတ်လျက်...

"ဟေ့ကောင်... စကားကို ဘယ်လိုလုပ်ပြောနေတာလဲ
ယုကောင်းကို အမိဖမ်းလာနိုင်သလား၊ ဒါမှမဟုတ် သူ့ဆီက
လိုချင်တဲ့ပစ္စည်း အရယူလာနိုင်သလားဆိုတာကို ငါမေးတာ
အောင်ပြောစမ်း"

ကြူးတိတ်အိက ခပ်ငေါက်ငေါက် မေးလိုက်ရာ ယွဲ့ရန်
မှာ မျက်စိမျက်နှာ ပျက်သွား၏။



"ပစ္စည်းတော့ မရခဲ့ပါဘူး"

ပြောမဖြစ်သည်မို့ ယွဲ့ရန်ကျင်းမှာ အရဲစွန့်ကာ ပြောလိုက်ရ
သည်။

"ငါတို့ လိုချင်တဲ့ပစ္စည်း မရခဲ့ဘူး ဟုတ်လား၊ ဝန်ယုကောင်း
ကိုကော ဖမ်းခေါ်လာခဲ့လား"

"ဝန်ယုကောင်းက အသေအကြေ ပြန်ပြီး ခုခံတိုက်ခိုက်ပါ
တယ်၊ ဒါကြောင့် ကျွန်တော်တို့လဲ ခပ်ကြမ်းကြမ်း တိုက်ခိုက်ကြတာ
လက်လွန်ပြီး ဝန်ယုကောင်း သေသွားပါတယ်"

"ဟာ... တယ်ခက်တာကိုး၊ မင်းတို့လူသုံးယောက်က ဝန်ယု
ကောင်းတစ်ယောက်တည်းကို အနိုင်တိုက်ပြီး မိအောင် မဖမ်းနိုင်ကြ
ဘူးလား၊ အလားကောင်တွေ"

ပြောပြောဆိုဆို ကြူးတိတ်အိသည် ထိုင်ရာမှ ဝုန်းခနဲဖြတ်
ယွဲ့ရန်ကျင်း၏ပါးကို ညာလက်ဝါးဖြင့် ခပ်ကြမ်းကြမ်းထကာ
သည်။

"ဖျန်း"

ယွဲ့ရန်ကျင်း ယိမ်းယိုင်၍ပင် သွား၏။

"ဖျန်း...ဖျန်း"

နောက်ထပ်နှစ်ချက်ဆင့်၍ ပါးရိုက်ခံရပြန်သည်။

ယွဲ့ရန်ကျင်း တစ်ပတ်လည်ကာ ဒူးထောက်လျက် လဲကျ
သည်။

"ကျန်တဲ့နှစ်ကောင်ပါ ခေါ်သွင်းခဲ့စမ်း၊ မင်းတို့သုံးယောက်
ကောင်းကောင်း ဆုံးမရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြူးတိတ်အိက အံကြိတ်ကာ ပြော၏။

ယွဲ့ရန်ကျင်းသည် ဒူးထောက်လဲကျနေရာမှ ကုန်း၍ထလို [illegible]

ပြီး…

"သူတို့နှစ်ယောက် မရှိတော့ဘူး"

"ဟေ… ဘာဖြစ်ကုန်ကြလို့လဲ"

"ဝန်ယုကောင်း လက်ချက်နဲ့ သေ…သေ…"

"တောက်… ဒီလောက် ညံ့ဖျင်းရသလား၊ ကဲကွာ…ကဲကွာ"

"ဖျန်း…ဖျန်း"

ယွဲ့ရန်ကျင်း ရေရေလည်လည်ပင် အရိုက်ခံရပြန်သည်။

ပတ်ချာလည်ကာ ပက်လက်လန်၍ပင် လဲကျသည်။

ကြူးတိတ်အိက ခြေထောက်ဖြင့် ကန်လိုက်ပြန်ရာ လဲ [illegible] သွားသူ ယွဲ့ရန်ကျင်း လိမ့်၍ ထွက်သွား၏။

"ဝန်ယုကောင်း သေသွားပြီ၊ တို့ လိုချင်တဲ့ပစ္စည်းလဲ [illegible] သေးဘူးဆိုတော့ တစ်ခါတည်း လမ်းစပျောက်ကရောပေါ့ [illegible] တောက်… မင်းကိုလဲ သတ်ပစ်ဖို့ကောင်းတယ်"

ကြူးတိတ်အိက ဒေါသတကြီး ပြော၏။

"အဲဒီလိုတော့ မဟုတ်ပါဘူး ဂိုဏ်းခွဲမှူးကြီးခင်ဗျာ [illegible] ကျွန်တော် လမ်းစတစ်ခု ဆက်ရထားပါတယ်"

ယွဲ့ရန်ကျင်းက ကမန်းကတန်းပင် ပြောလိုက်၏။

"ဘယ်လိုလမ်းစလဲ၊ ပြောစမ်း မြန်မြန်"

"ဝန်ယုကောင်းနဲ့ အဆက်အသွယ်ရှိတဲ့ မိန်းကလေးတစ် [illegible] ယောက်ကို ကျွန်တော်တို့ ခြေရာခံမိထားပါတယ်၊ ကျွန်တော်တို့ [illegible]



[illegible] ပစ္စည်း အဲဒီမိန်းကလေးဆီမှာ ရှိနိုင်ပါတယ်၊ ဒါမှမဟုတ် အဲဒီ [illegible] သိမ်းဝှက်တဲ့နေရာကို မိန်းကလေးက သိနိုင်ပါတယ်၊ ဝန်ယု [illegible] ကောင်းက ပစ္စည်းကို သူ့ကိုယ်ပေါ်မှာမထားဘဲ မိန်းကလေးကို [illegible] ထားတာဖြစ်ဖြစ်၊ တစ်နေရာရာမှာ ဝှက်သိမ်းထားတာဖြစ်ဖြစ် [illegible] ထားဖို့ သေချာပါတယ်"

တကယ်တော့…

ယွဲ့ရန်ကျင်းသည် သူ့ကို ဝင်ရောက်တိုက်ခိုက်ကာ မျက်ခြည် [illegible] ထွက်ပြေးသွားသည့် မိန်းကလေး မည်သူမည်ဝါ ဖြစ်သည်ကို [illegible] သိသေးပါ။

ဝန်ယုကောင်းနှင့် အဆက်အသွယ် ရှိမရှိလည်း ဘာမျှမသေ [illegible] သေးပါ။

ဝန်ယုကောင်းထံမှ ပစ္စည်းရယူရန် ကြိုးပမ်းခဲ့ရာတွင် [illegible] ခလှခဲ့မှုနှင့် ပတ်သက်၍ မိမိအပေါ် အပြစ်ကျလာမှုကို ကာ [illegible] နိုင်ရန်အတွက် တမင်ပင် လုပ်ကြံကာ ပြောဆိုလိုက်ခြင်း ဖြစ် [illegible]

ထိုမိန်းကလေးအပေါ်တွင် အာရုံလမ်းကြောင်း ပြောင်းလဲ [illegible] ခြင်းကြောင့် မိမိအတွက် အပြစ်ပေါ့သွားလိမ့်မည်ဟု ယွဲ့ရန်ကျင်း [illegible] တွက်ထားသည်။

ယွဲ့ရန်ကျင်း၏ လုပ်ကြံဖန်တီးလိုက်မှု ထိရောက်အောင်မြင် [illegible] သည်ဟု ဆိုရပေမည်။

ကြူးတိုက်အိသည် ထိုမိန်းကလေးအပေါ်တွင် အတော့်ကို [illegible] စားး၍လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မိန်းကလေးကို မင်း ကောင်းကောင်း သိတယ်နော် ယွဲ့ရန်ကျင်း"

ကြူးတိတ်အိက သေချာအောင် မေးသည်။

"ဟုတ်ကဲ့ သိပါတယ် ဂိုဏ်းခွဲမှူးကြီး ခင်ဗျာ"

ယွဲ့ရန်ကျင်းကလည်း ခပ်တည်တည်ပင် ပြန်ဖြေသည်။

"သူနေတဲ့ နေရာကိုကော"

"အဲဒီ မိန်းကလေးကလဲ ဝန်ယုကောင်းလိုပဲ၊ ဒီဘက်ကို ခေတ္တခဏ ရောက်လာတာနဲ့ တူပါတယ်၊ နေရာ အတည်တကျတော့ မရှိဘူး၊ ဒါပေမယ့် သူ နှောင်မင်းဟန်းရွာ အနီးဝန်းကျင်မှာပဲ ရှိမှာပါ၊ အခြား ဝေးဝေးလိုက်ရှာနေစရာ မလိုပါဘူး"

ကြူးတိတ်အိကတော့ ယွဲ့ရန်ကျင်း၏ အဖြေကို သိပ်မကျေနပ်။

သို့သော်...

လမ်းစ အသစ်တစ်ခု ပေါ်လာမှုကို အရအမိဆက်၍ လိုက်ဖို့က အရေးကြီးသည်မို့ ယခုလောလောဆယ်တွင် မကျေမနပ် ဖြစ်နေမှုကို အသာပင် ဘေးဖယ်ထားလိုက်သည်။

"အေး... ကောင်းပြီ၊ ဒါဆိုရင် အဲဒီ မိန်းကလေးကို အရအမိ ခြေရာခံ အမိဖမ်းနိုင်ရင်ဖမ်း"

"ဟုတ်ကဲ့ ခင်ဗျ"

ယွဲ့ရန်ကျင်းက အမြန်ပင် ခေါင်းညိတ်လိုက်သည်။

သူ့အတွက် အသက်ရှူပေါက်ရသွားပြီ မဟုတ်ပါလား။

"မင်းအတွက် အကူအညီ လိုမယ်ဆိုရင် ကြိုက်တဲ့ရ...ယောက် ထပ်ခေါ်သွား"



"ကောင်းပါပြီ"

"အခုပဲစပြီး လုပ်စရာရှိတာတွေ လုပ်ပေတော့၊ အဆင်ပြေ...ောင်မြင်တယ်ဆိုတဲ့ သတင်းပဲ ငါ ကြားချင်တယ်"

"စိတ်ချပါ ဂိုဏ်းခွဲမှူးကြီး၊ အခုလောလောဆယ်တော့ ...တော်တစ်ယောက်တည်းပဲ သွားပါ့မယ်၊ လိုအပ်မှသာ အကူအ...ခေါ်ယူပါ့မယ်"

မိမိကိုယ်တိုင်ပင် ဘယ်ကစ၍ ဘယ်လိုလှုပ်ရှားလုပ်ဆောင်...ကို ရေရေရာရာ မရှိသေးသည့်အတွက် ယွဲ့ရန်ကျင်း အနေဖြင့် ...အညီ အဖော်အပေါင်းများ မခေါ်လိုပေ။

"အေး...အေး၊ မင်းခေါ်မယ့်လူ နှစ်ယောက်ကိုတော့ အသင့်...နဲ့ ပြောထားလိုက်"

"ဟုတ်ကဲ့ ခင်ဗျ"

ယွဲ့ရန်ကျင်းသည် ကြူးတိတ်အိကို အရိုအသေပေးကာ ...ထဲမှ ပြန်ထွက်လာခဲ့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ကျင်းသည် ယာယီစခန်း ကျောက်ဂူကြီးတွင် ကြာကြာမနေ။

ကြူးတိတ်အိထံမှ ထွက်လာခဲ့ပြီးနောက် အလျှဉ်းသင့်ကာ သစ်စိမ်းဂိုဏ်းသားနှစ်ယောက်ကို အထူးအရေးကြီးသည့် ကိစ္စလုပ်ရားလုပ်ဆောင်ရှိ၍ အဆင်သင့် ဖြစ်နေရန် မှာကြားပြီး ကျောက်ဂူကြီးမှ ထွက်လာခဲ့သည်။

နံနက်စာပင် စားမနေတော့။

အမြန်သာ ထွက်လာခဲ့ရသည်။

ဘယ်လိုလုပ်ရမည်ကို မသိသည့်အတွက် ဘယ်ကိုသွားမည်နည်း စဉ်းစား၍ မရ။

ထို့ကြောင့်...

ယာယီစခန်းချထားရာ ကျောက်ဂူကြီးနှင့် အတော်ကွာလှမ်းသည့် နေရာသို့ ခပ်မြန်မြန် လျှောက်လှမ်းသွားပြီးနောက် သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်ကာ အကြံထုတ် စဉ်းစားခန်း ဖွင့်နေတော့သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါ့ကို ကြားဝင်ရှုပ်တိုက်ခိုက်ပြီး မျက်ခြည်ပြတ် ထွက်ပြေးသွားတဲ့ ဟိုကောင်မလေးကို အမိဖမ်းရမယ် ဒီကောင်မလေးဟာ တကယ်ပဲ ဝန်ယုကောင်းရဲ့ အဆက်အသွယ်ဖြစ်နေတယ်ဆိုရင်တော့ ငါ့အတွက် ပွပေါက်ပဲ၊ သူက ဝန်ယုကောင်းနဲ့ မပတ်သက်ရင်လဲ ငါ့အတွက်ကတော့ ဘာမှ အရှုံးမရှိနိုင်ပါဘူး ဒီကောင်မလေး သက်သက်မဲ့ ခေါင်းမာပြီး အတင်းငြင်းကွယ်နေရင် အကြောင်းပြလိုက်ရင် ပြီးတာပဲ"



ဤသို့ ထင်မြင်မိသောကြောင့် ယွဲ့ရန်ကျင်းသည် ထိုမိန်းကလေး မည်သူမည်ဝါဖြစ်၍ မည်သည့်နေရာတွင် နေထိုင်သည်ကို စုံစမ်း ဖော်ထုတ်နိုင်ရေးအတွက် ကြံဆစဉ်းစားလေတော့သည်။

ထိုအခါ...

မီးလျှံဖီးကွက် ယန်ကုန်းမင်းကို သတိရလာလေသည်။

ယွဲ့ရန်ကျင်း အနေဖြင့် ယန်ကုန်းမင်းနှင့် သိကျွမ်းခြင်းတော့ မရှိသေးပါ။

သို့သော်...

ယန်ကုန်းမင်း၏အမည်ကို ကြားဖူးထားသည်။

မြောင်နယ် တောင်ပိုင်းဒေသတွင် အတော်လေး လူတွင်ကျယ် လုပ်နေသူတစ်ယောက်ဟုလည်း သိထားသည်။

ဤဒေသ၏ နယ်ခံဖြစ်ပြီး အတော်လည်း လူတွင်ကျယ်ဖြစ်နေနိုင်သော ယန်ကုန်းမင်းကို ချဉ်းကပ် အကူအညီတောင်းရလျှင် ရှာဖွေနေသော မိန်းကလေးကို တွေ့ရှိနိုင်ဖို့ များစွာ အထောက်အကူ ရနိုင်မည်ဟု ယွဲ့ရန်ကျင်းက မျှော်လင့်သည်။

မည်သို့မည်ပုံ လုပ်ဆောင်ရမည်ကို စဉ်းစားလမ်းစဖော်နိုင်ပြီး ယွဲ့ရန်ကျင်းသည် ယန်ကုန်းမင်းနှင့် တွေ့ဆုံနိုင်ရေးအတွက် စုံစမ်းလေတော့သည်။

ယွဲ့ရန်ကျင်းအနေဖြင့် သိပ်ရှည်ရှည်ဝေးဝေး စုံစမ်းစရာ မလိုချေ။ နောင်မင်းဟန်းရွာတွင်ပင် ယန်ကုန်းမင်း၏ သတင်းအစကို ရသည်။

ခြေရာခံမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်…

နောင်မင်းဟန်းရွာအနီး တောစပ်တစ်နေရာတွင် ယန်ကုန်းမင်းနှင့် လူချင်း ဆုံတွေ့ရလေတော့သည်။

➤ ➤ ➤

"ကျွန်တော် သစ်စိမ်းဂိုဏ်းက သိုင်းသမား ယွဲ့ရန့်ကျင်းပါ၊ မိတ်ဆွေကြီး ယန်ကုန်းမင်းဆီက အကူအညီတစ်ခု ရယူချင်ပါတယ်"

နှစ်ဦးသား ဆုံမိကြသောအခါ ယွဲ့ရန့်ကျင်းက မိမိကိုယ်မိမိ မိတ်ဆက်ပေးပြီး လိုရင်းကိစ္စကို အစပျိုး စကားဆိုလိုက်လေသည်။

သစ်စိမ်းဂိုဏ်းသည် အင်အားအတော်ကောင်းကာ လက်စလက်နလည်း ရှိကြောင်းကို ယန်ကုန်းမင်းက သိထားသည်။

ယန်ကုန်းမင်း ကိုယ်တိုင်မှာလည်း ဟန်လူမျိုး လုလင်ပျို ကျင်းယုလိုင်ကို လက်တုံ့ပြန် တိုက်ခိုက် အနိုင်ယူရေးအတွက် အားကိုးအားထား ပြုလောက်သည့် အကူအညီ လိုချင်နေရာ ယခုလို သစ်စိမ်းဂိုဏ်းသားတစ်ယောက်နှင့် တွေ့ဆုံ အဆက်အသွယ် ရရှိမှုသည် အတော့်ကို ဟန်ကျအဆင်ပြေသွားလေတော့သည်။

"ကျုပ်ကလဲ သစ်စိမ်းဂိုဏ်းနဲ့ သိကွမ်းမိတ်ဆွေ ဖြစ်ချင်နေတာနဲ့ အတော်ကျသွားတာပဲ၊ ကိုင်း… ပြောစမ်းပါဦး၊ သစ်စိမ်းဂိုဏ်းအတွက် ကျုပ်က ဘယ်လိုများ ကူညီလုပ်ဆောင်ပေးရမှာလဲ"



ယန်ကုန်းမင်းက လိုလိုလားလားပင် ပြန်လည်ပြောကြား…သည်။

"မိတ်ဆွေကြီးအတွက်တော့ အပန်းကြီးလှမယ် မထင်ပါ… ကျွန်တော်တို့ သစ်စိမ်းဂိုဏ်းနဲ့ ပြဿနာဖြစ်ခဲ့တဲ့ မိန်းကလေး …ယောက်ကို စုံစမ်းဖော်ထုတ်နိုင်အောင် ကူညီလမ်းညွှန်ပြပေးဖို့…"

"အဲဒီ မိန်းကလေးက ဘယ်သူလဲ၊ နာမည်ဘယ်လို ခေါ်သ…"

"သူ့နာမည်နဲ့ နေရပ်ကို မသိလို့ ကျွန်တော်တို့မှာ အရှာခက်…ဘာပေါ့၊ မိတ်ဆွေကြီးက ဒီဒေသရဲ့ နယ်ခံဖြစ်ပြီး အများကြီး နှံ…ကျွမ်းကျင်တော့ အဲဒီ မိန်းကလေးအကြောင်း သိထားနိုင်ပါ…ယ်"

"အင်း…သိနိုင်ပါလိမ့်မယ်၊ အဲဒီ မိန်းကလေးရဲ့ ပုံပန်း…သဏ္ဌာန်ကိုတော့ ပြောပြနိုင်တယ် မဟုတ်လား"

"ဟာ…ပြောပြနိုင်ပါတယ်၊ အသက် ဆယ့်ရှစ်နှစ်လောက်…ယ်၊ အရပ်မြင့်တယ်၊ ကိုယ်ဟန်သွယ်တယ်၊ ရုပ်ရည်ကလဲ သနား…အားပဲ"

"သူ့မှာ ထူးခြားတဲ့ သွင်ပြင်လက္ခဏာ ဘာများ ရှိသလဲ"

"သိုင်းပညာ အတော်တတ်တယ်၊ ပြီးတော့ မြောင်လူမျိုး …ဟုတ်ဘူး၊ ဟန်လူမျိုး ဖြစ်ဖို့များတယ်"

"ဟုတ်ပြီ…အဲဒီ မိန်းကလေးကို ဘယ်နေရာမှာ တွေ့ပြီး …သနာ ဖြစ်ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နောင်မင်းဟန်းရွာရဲ့ မြောက်ဘက် ဆယ့်ရှစ်မိုင်သာသာ အကွာ တောထဲမှာ တွေ့ခဲ့ကြတာပဲ"

"ဒါဆို ကျောက်စိမ်းမြို့စခန်း အနီးအနားမှာပေါ့"

"ကျောက်စိမ်းမြို့စခန်းဆိုတာကိုတော့ ကျွန်တော် မသိပါဘူး"

"ကျောက်စိမ်းမြို့စခန်းဆိုတာက နောင်မင်းဟန်းရွာရဲ့ မြောက်ဘက် မိုင်နှစ်ဆယ်လောက်မှာနေတဲ့ အိမ်စုလေးပဲ၊ တဲအိမ် သုံးလေးအိမ်လောက်ပဲ ရှိတာ၊ ခင်ဗျားတို့ ရှာနေတဲ့ မိန်းကလေးဟာ ကျောက်စိမ်းမြို့စခန်းက ကေမိဝါဆိုတဲ့ ကောင်မလေးပဲ ဖြစ်လိမ့်မယ်၊ သူက အတော့်ကို သွက်သွက်လက်လက် ရဲရဲတင်းတင်း ရှိတယ် မဟုတ်လား"

"ဟုတ်တယ်... ဟုတ်တယ်၊ ကျောက်စိမ်းမြို့စခန်းမှာ နေကြတဲ့ လူတွေက ဟန်လူမျိုးတွေလား"

"အားလုံးတော့ မဟုတ်ဘူး၊ အဲဒီမှာ လုပ်ငန်းဦးစီး လုပ်ကိုင်နေတဲ့ ဟန်လူမျိုးမိသားစုတစ်စု ရှိတယ်လေ၊ အဘိုးကြီးကေဟုန်ချိန်းနဲ့ သူ့မြေးမလေး ကေမိဝါတို့ကတော့ ကျောက်စိမ်းမြို့စခန်းမှာ အမြဲတန်း ရှိနေကြတယ်၊ ကေမိဝါရဲ့ အဖေနဲ့အမေကတော့ ခရီးထွက်နေတာများတယ်၊ ကေမိဝါက နောင်မင်းဟန်းရွာကို အိမ်ဦးနဲ့ ကြမ်းပြင်ဆိုသလို အမြဲတန်း ကူးလူးသွားလာနေတတ်တယ်၊ ခင်ဗျားတို့နဲ့ ပြဿနာဖြစ်ခဲ့တာ ကေမိဝါကလွဲလို့ အခြားလူ မရှိနိုင်ဘူး"

"အဲဒီ ကေမိဝါဆိုတဲ့မိန်းကလေးက ဘယ်ဂိုဏ်းဝင်လဲ"

"ကျုပ်သိသလောက်တော့ ဘယ်ဂိုဏ်းထဲမှာမှ မပါဘူး"



"ဒါပေမယ့် ဒီကောင်မလေးက တော်တော် သိုင်းပညာ ကောင်းပါလား။ ပြီးတော့ ရှောင်လင်သိုင်းပညာတွေတောင် တတ်နေသလိုလိုပဲ"

"တတ်မှာပေါ့၊ သူ့အဘိုးက ရှောင်လင်ဂိုဏ်းရဲ့ အဝေးရောက် တပည့်ကြီးကိုး၊ ကေမိဝါက သူ့အဘိုးဆီက သိုင်းပညာ သင်ထားတာ"

"မိတ်ဆွေကြီးဆီက အခုလို သတင်းစကားတွေ ကြားရတာ အများကြီး ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေကြီးအတွက် ကျွန်တော်တို့ ဆမ်စိမ်းဂိုဏ်းက လုပ်ဆောင်ပေးနိုင်တဲ့ အရေးကိစ္စတွေ ရှိရင်လဲ ကျွန်တော်တို့ ဝိုင်းဝန်းလုပ်ဆောင်ပေးဖို့ အသင့်ပါပဲ"

"အင်း...အင်း...တကယ်လို့ ခင်ဗျားတို့အနေနဲ့ အပန်းမကြီးဘူးဆိုရင် ကျုပ်ရဲ့ရန်သူတစ်ယောက်ကို သွားတိုက်ခိုက်တဲ့အခါမှာ အဖော်အဖြစ် လိုက်ခဲ့ပေးပါလား"

မိမိတို့ကို ဝိုင်းဝန်းတိုက်ခိုက်ပေးရန် အကူအညီတောင်းခြင်း ဖြစ်ကြောင်း ယွဲ့ရန်ကျင်း နားလည်လိုက်၏။

"ကေမိဝါကို အမိဖမ်းတဲ့နေရာမှာ သူ့အဘိုးကေဟုန်ချိန်းနဲ့ ရင်ဆိုင်တိုက်ခိုက်ရမှာပဲ၊ ဒီအဘိုးကြီးက ရှောင်လင်ဂိုဏ်းရဲ့ အဝေးရောက် တပည့်ကြီးဆိုတော့ သိုင်းပညာ အစွမ်းအစသေးမှာ မဟုတ်ဘူး၊ ဒီတော့ ငါတို့အနေနဲ့ ယန်ကုန်းမင်းရဲ့ အကူအညီကိုယူဖို့ လိုမှာပေါ့ပဲ၊ အခု လောလောဆယ်မှာ သူ့ကို ကူညီတိုက်ခိုက်ပေးထားမှ ဖြစ်မယ်"

ယွဲ့ရန်ကျင်းက ဤသို့ တွေးတောဆင်ခြင်မိသောကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ လိုက်ခဲ့ရတာပေါ့၊ ကျွန်တော်နဲ့အတူ မိတ်ဆွေ သစ်စိမ်ဝိုဏ်းသားနှစ်ယောက်လဲ ခေါ်ခဲ့ချင်တယ်၊ ဖြစ်ပါတယ်နော်"

"ဖြစ်တယ်... ဖြစ်တယ်"

လူအင်အားများလေ ကောင်းလေမို့ ယန်ကုန်းမင်းက အားတက်သရောပင် ခေါင်းညိတ်လက်ခံလိုက်၏။

"ဘယ်တော့ သွားကြမှာလဲ"

"မနက်ဖြန်ခါ သွားကြတာပေါ့၊ မနက်ဖြန်မနက် နေထွက်ချိန်ကျရင် ဒီနေရာမှာ ပြန်ဆုံကြမယ်"

"ကောင်းပါပြီ၊ ကျွန်တော်တို့ ဆက်ဆက်လာခဲ့ပါ့မယ်"

ထို့နောက် နှုတ်ဆက်စကားဆိုကာ လူချင်းခွဲခဲ့ကြသည်။

ယွဲ့ရှန်ကျင်းလည်း ယာယီစခန်းချထားရာ ကျောက်ဂူကြီးသို့ တစ်ခါတည်း တန်း၍ ပြန်သွားလေသည်။

➤ ➤ ➤



တန်အိဖန် မသေဆုံးမီ ပေးခဲ့သော ခေါက်ယပ်တောင်လေးနှင့် မှာကြားသွားခဲ့သော စကားများသည် ကေမိဝါကို အတော် ခေါင်းနောက်စားစေသည်။

ကေမိဝါအတွက် ဖြေရှင်းရခက်သော ပဟေဠိကြီးတစ်ခုလို ဖြစ်၍ နေပေတော့သည်။

ကေမိဝါသည် စိတ်မြန်သည်။

ဖျတ်လတ် သွက်လက်သည်။

တစ်စုံတစ်ရာသော ကိစ္စအတွက် အဖြေမပေါ်ဘဲ ရှိနေလျှင် မနေတတ်၊ အဖြေပေါ်အောင် ကြိုးစားစဉ်းစားဖော်ထုတ်တတ်၏။

ယခုကိစ္စများအတွက်လည်း ကေမိဝါသည် အမျိုးမျိုး စဉ်းစားတွေးတောပြီး အဖြေရှာနေမိလေသည်။

သူမအနေဖြင့် ဘာမျှမသိရသော ကိစ္စများအတွက် အဖြေရှာနေရသည်မို့ အတော်တော့ ခွကျနေ၏။

ဤပြဿနာများကို တွေ့အောင်ရှာပြီး အဆက်အသွယ်ရချင် ငါလိုချင်နေတဲ့ အဖြေတွေ ပေါ်လာမှာပဲ၊ ဟိုဖိန့်ဟာ တန်အိဖန်နဲ့ အချိန်းအဆက် လုပ်ထားပုံရတယ်၊ ဒါဆို သူ ဒီနယ်ဘက်ကို ရောက်ချင် ရောက်နေရာပေါ့၊ ဟာ... မေ့နေလိုက်တာ ငါနဲ့ ဈေးနှုန်းကြီးတုန်းက ဆုံခဲ့ကြတဲ့ ဟန်လူမျိုးလုလင်ပျိုဟာ ဟိုဖိန့်များ ဖြစ်နေမလားပဲ၊ ဒီနယ်ဘက်ကို လူစိမ်းဆိုလို့ အခုတစ်လော တန်အိဖန်နဲ့ အဲဒီ လုလင်ပျိုပဲ ရောက်လာကြတာ၊ ဟုတ်တယ် အဲဒီ လုလင်ပျိုဟာ ဟိုဖိန့်ပဲ ဖြစ်ရမယ်၊ သူ့ကို သွားတွေ့တာ အကောင်းဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့စဉ်းစားမိသော ကေမိဝါသည် ဟန်လူမျိုး လုလင်ပျို
ကို တွေ့ဆုံရန်အတွက် နောင်မင်းဟန်းရွာသို့ ထွက်လာခဲ့လေသည်။

ကေမိဝါ နောင်မင်းဟန်းရွာသို့ ထွက်လာခဲ့သည့် အချိန်
သည် ယန်ကုန်းမင်းက ကျင်းယုလိုင်နှင့် စာရင်းရှင်း တိုက်ခိုက်ရန်အ
တွက် ယွဲ့ရန်ကျင်းတို့နှင့် ချိန်းဆိုထားသည့် နေ့ရက် အချိန်အခါနှင့်
တိုက်ဆိုင်နေပေသည်။

ထို့ကြောင့် နောင်မင်းဟန်းရွာသို့ ကေမိဝါ သွားရောက်ခြင်း
သည် အန္တရာယ် စက်ကွင်းထဲသို့ တိုးဝင်သလို ဖြစ်သွားခဲ့ပေတော့
သည်။

➤ ➤ ➤



ချိန်းဆိုထားသည့်နေရာသို့ ယွဲ့ရန်ကျင်းသည် မိုးလင်းသည့်
ချိန်တွင် ရောက်ရှိလာသည်။

ယွဲ့ရန်ကျင်းနှင့်အတူ သစ်စီမ်းဂိုဏ်းသားနှစ်ယောက် ဖြစ်
[illegible] ခေါင်းလင်းနှင့် တိုက်လုံတို့နှစ်ယောက် ပါရှိလာသည်။

ယန်ကုန်းမင်းက ချိန်းဆိုထားသော နေရာတွင် ရောက်နှင့်
[illegible] ယွဲ့ရန်ကျင်းတို့ကို ဝမ်းသာအားရပင် ကြိုဆိုသည်။

ယန်ကုန်းမင်းနှင့်အတူလည်း တပည့်ငယ်သားသုံးယောက်
[illegible]သည်။

ယန်ကုန်းမင်း၏ တပည့်များက ကောက်ညှင်းကျည်
[illegible] အသားခြောက်ဖုတ်နှင့် လက်ဖက်ရည်ကြမ်းများ စီစဉ်ပြု
[illegible]ထားရာ အားလုံး ဝိုင်းဖွဲ့၍ နံနက်စာ စားသောက်ကြသည်။

သစ်စီမ်းဂိုဏ်းနှင့် သိကျွမ်းရင်းနှီးရပြီမို့ ယန်ကုန်းမင်းက
[illegible]ကျနေသလို၊ ယန်ကုန်းမင်း၏ အကူအညီများကို ရယူအသုံး
[illegible]တော့မည့်အတွက် ယွဲ့ရန်ကျင်းကလည်း ကျေနပ်နှစ်ခြိုက်၍ နေ
[illegible]သည်။

အေးအေးဆေးဆေး စားသောက်ကြကာ ပြောဆိုတိုင်ပင်မှု
[illegible]ပြုလုပ်ပြီးနောက် ထိုနေရာမှ ထွက်လာခဲ့ကြသည်။

သူတို့ လူစုသည် နောင်မင်းဟန်းရွာသို့ နံနက် ကိုးနာရီ
[illegible]တော့ လောက်တွင် ရောက်ရှိသွားကြလေသည်။

ယန်မင်းကုန်းသည် ကျင်ယုလိုင် ယာယီစခန်းချ နေထိုင်
[illegible] နေရာကို ကြိုတင် စုံစမ်းသိရှိထားပြီး ဖြစ်သည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ တစ်ခါတည်း တန်း၍ သွားကြသည်။

➤ ➤ ➤

နောင်မင်းဟန်းရွာသို့ ကိုးနာရီထိုးခါနီး အချိန်လောက်တွင် ကေမိဝါ ရောက်ရှိသည်။

ဟန်လူမျိုး လုလင်ပျို မည်သည့် နေရာတွင် နေထိုင်သည် ကို ကေမိဝါ တိတိကျကျမသိ။

နောင်မင်းဟန်းရွာ အပြင်ဘက် တစ်နေရာရာတွင် ယာ တဲတိုးကာ နေထိုင်နိုင်မည် ဆိုခြင်းကိုသာ သိသည်။

ကေမိဝါသည် ရွာထဲသို့ မဝင်ဘဲ ရွာအနီးဝန်းကျင်တွင် လှည့်ပတ်၍ ရှာဖွေကြည့်သည်။

ရွာ၏ အရှေ့မြောက်ဘက်ယွန်းယွန်း တစ်ခေါ်သာသာ ကွာ စမ်းချောင်းငယ်တစ်ခု၏ ဘေးနားတွင် ယာယီ ရွက်ဖျင်တဲ တစ်ခု ထိုးထားသည်ကို ကေမိဝါ လှမ်းမြင်ရသည်။

မိမိကိုယ်တိုင် ရွေးချယ် ဝယ်ယူပေးလိုက်သည့် ယာယီရွက် ဖျင်တဲဖြစ်ကြောင်း ကေမိဝါ ချက်ချင်း မှတ်မိသည်။

"ဟန်ကျတယ်၊ သိပ်ရှည်ရှည်ဝေးဝေး လိုက်မရှာရဘဲ လေးနဲ့ တန်းပြီးတွေ့တာပဲ၊ ဒီယာယီရွက်ဖျင်တဲမှာ ဟိုလူရှိ သူအပြင်သွားနေလို့ မရှိဘူးဆိုရင်လဲ ငါ အဲဒီကနေ ထိုင်စောင့် လိုက်မယ်၊ ပြီးရော..."

ကေမိဝါသည် စိတ်ထဲမှ တွေးတောရင်း ယာယီရွက်ဖျင်



... ထိုးထားရာဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်း၍ ...နေလသည်။

အနီးကပ်မိသောအခါ ရွက်ဖျင်တဲရှေ့တွင် သစ်ကိုင်းခြောက် ...ကာ မီးမွှေးမည်ပြုနေသော လုလင်ပျိုကိုပါ လှမ်းမြင်ရလေ ...သည်။

"ဟေး...ရှင် ဘာတွေများ ချက်မလို့ မီးမွှေးနေတာလဲ"

ကေမိဝါက လှမ်းအော်နှုတ်ဆက်လိုက်သည်။

လုလင်ပျိုသည် ကေမိဝါကို မြင်ရသောအခါ ထိုင်၍ မီးမွှေး ...မှ အသာထရပ်လိုက်ပြီး...

"ဩော်...မင်းကိုး၊ ဘယ်သွားမလို့လဲ"

"ဘယ်မှမသွားဘူး၊ ရှင့်ဆီကိုပဲ လာတာ"

ထိုသို့ပြောရင်း သစ်ကိုင်းခြောက်ပုံအနားတွင် တံစို့ထိုး ...သော ငါးကြီးတစ်ကောင်ကို တွေ့သောကြောင့် တဆက်တည်း

"ရှင်က ငါးကင်မလို့ မီးမွှေးနေတာကိုး"

"ဟုတ်တယ်၊ ဒီနေ့မနက် စမ်းချောင်းထဲ မျက်နှာ ဆင်းသစ် ... ဒီငါးကြီးကို ဖမ်းမိတယ်လေ၊ မင်း ရောက်လာတာ အတော်ပဲ၊ ...နဲ့ ခွဲခံနိုင်တာပေါ့"

"မီးတောင်မှ တောက်အောင် မမွှေးရသေးတာ ငါးကင်က ...တော့ စားရမှာလဲ"

"မကြာပါဘူး၊ ခဏနေ ရမှာပါ"

လုလင်ပျိုက ဤသို့ပြောပြီး မီးဆက်၍ မွှေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါကလည်း ဝိုင်းဝန်းကူညီပေးရာ တခဏအတွင်းမှာ ပင် အရှိန်ကောင်းသော မီးပုံတစ်ခု ဖြစ်လာသည်။

တံစို့ထိုးကာ အသင့်လုပ်ထားပြီးသော ငါးကြီးကို ကျကျနန မီးကင်သည်။

"တို့ဆီကို အလည်လာတာလား"

ငါးကင်ရင်း လုလင်ပျိုက မေးသည်။

"အင်း… အလည်ဆိုပါတော့၊ ပြီးတော့ ရှင့်ကို မေးချင်တာ လေးတွေလဲ ရှိလို့"

"ဘာများပါလိမ့်"

"ရှင့်နာမည် ဟိုဖိန်လို့ခေါ်တယ် မဟုတ်လား"

လုလင်ပျို မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာကြောင့် ဒီမေးခွန်းမျိုး လာမေးရတာလဲ"

"ကျွန်မမေးတာသာ ဖြေစမ်းပါ၊ ရှင် ဟိုဖိန် မဟုတ်လား"

"ဟင့်အင်း… မဟုတ်ဘူး"

ကေမိဝါ စိတ်ပျက်သလို ဖြစ်သွားကာ…

"ရှင် မှန်မှန်ပြောနော်"

"ဟာ… မင်းကို လိမ်စရာ ဘာအကြောင်းများ ရှိလို့လဲ"

"ဒါဆို ရှင့်နာမည် ဘယ်သူလဲပြော"

လုလင်ပျိုက မပွင့်တပွင့် ပြုံးလိုက်ပြီး…

"မင်းနာမည်ကို အရင်ပြောဦးလေ"

"ကေမိဝါ"

"အင်း…တော်တော်ကောင်းတဲ့ နာမည်လေးပဲ"



"ကျွန်မနာမည် ကောင်းတာ မကောင်းတာ အသာထား၊ ရှင့်နာမည်ကို ပြောဦးလေ"

"အော်… ဟုတ်သားပဲ၊ တို့နာမည် ကျင်းယုလိုင်"

"ဟိုဖိန်မဟုတ်တာ သေချာတယ်နော်"

"သေချာပါတယ်"

"တန့်အိဖန်ဆိုတဲ့လူကို ရှင်သိသလား"

"ဟင့်အင်း… ကြားတောင် မကြားဖူးဘူး"

မိမိမျှော်လင့်ထားသလို မဟုတ်သောကြောင့် ကေမိဝါ စိတ် [illegible]ပြုသည်။

သို့သော်…

လက်တော့ မလျှော့သေး။

"ရှင်က ဒီရွာကို ဘာအကြောင်းကိစ္စအတွက် ရောက်လာ [illegible]လဲ"

ကေမိဝါ မေးသမျှကို နှုတ်သွက်အာသွက် ပြန်ဖြေနေခဲ့ [illegible] လုလင်ကျင်းယုလိုင်မှာ သည်တစ်ခါတော့ နှုတ်ဆွံ့သွားသည်။

ဘာမျှအဖြေမပေးဘဲ ကေမိဝါကို ဆတ်ခနဲ လှမ်းကြည့် [illegible]။

ဤသို့ နှုတ်ဆိတ်သွားမှုကြောင့် ကျင်းယုလိုင် သည်နေရာ [illegible]သို့ ရောက်လာခြင်းသည် တန့်အိဖန်နှင့် တစ်နည်းနည်း ဆက် [illegible]ရှိနိုင်သည်ဟူသော ကေမိဝါ၏ သံသယစိတ်ကို ပို၍ ကြီးထွား [illegible]သည်။

"ရှင် ဒီကို ရောက်လာတာ တန့်အိဖန်ဆိုတဲ့လူနဲ့ ဆက်စပ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်နေတယ် မဟုတ်လား”

ကေမိဝါက မိမိ သံသယ ဖြစ်မိသည့်အတိုင်း ခပ်ရှင်းရှင်းပင် မေးလိုက်၏။

“ဟာ…မဟုတ်တာ၊ တန်အိဖန်ဆိုတဲ့လူကို နာမည်ကြား ဖူးတောင် မကြားဖူးပါဘူးလို့ ပြောပြီးပြီပဲ”

လုလင်ပျိုကျင်းယုလိုင်က ချက်ချင်းပင် ငြင်းဆိုလိုက်၏။

“သြော်…ကျွန်မ စဉ်းစားမိပြီ၊ ရှင်က ဟိုဖိန့်ကို လာရှာတာ ကိုး”

ကျင်းယုလိုင်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

မီးပုံဘေးနားတွင် ကေမိဝါနှင့်ထိုင်ကာ စကားပြောနေရာ မှ ဆတ်ခနဲခုန်၍ ထသည်။

ထိုအချိန်မှာပင် အေးစက်စက် ရယ်မောသံများနှင့်အတူ သစ်ပင်ချုံနွယ်များအကြားမှ လူခုနှစ်ယောက် ထွက်ပေါ်လာသည်။

မီးလျှံဇီးကွက် ယန်ကုန်းမင်းကို ကေမိဝါ ကောင်းကောင်း သိ၏။

ထို့ပြင် တန်အိဖန်နှင့် တိုက်ခိုက်ခဲ့သည့် ဓားရှည်ကိုင်သူကို လည်း ကေမိဝါ မှတ်မိသည်။

ဟုတ်သည်။

ပေါ်ထွက်လာကြသူများမှာ ယန်ကုန်းမင်းနှင့် ယဲ့ရန်ကျင်း တို့လူစုပင် ဖြစ်ကြပေတော့သည်။

➤ ➤ ➤



ယန်ကုန်းမင်း၏ ရှေ့ဆောင်လမ်းပြမှုဖြင့် ယဲ့ရန်ကျင်းတို့ တွေသည် ကျင်းယုလိုင် ခေတ္တစခန်းချရာနေရာသို့ တန်း၍ လာ ခဲ့ကြ၏။

သူတို့သည် ခြေသံလုံလုံနင်းကာ တိုက်ခိုက်ရာမှ အသံဗလံ ပေါ်စေတဲ့ ကျင်းယုလိုင်၏ ယာယီရွက်ဖျင်တဲလေး ရှိရာသို့ တိတ် ဆိတ် ချဉ်းကပ်လာခဲ့ကြသည်။

ကေမိဝါသည် ကျင်းယုလိုင်ကို စူးစိုက်အကဲခတ်ရင်း မေး စရာတွေ မေးနေပြီး ကျင်းယုလိုင်ကလည်း ကေမိဝါ၏ မေးခွန်းများ ပေါ် အာရုံစိုက်နေသောကြောင့် ယန်ကုန်းမင်းတို့လူစု ချဉ်းကပ် လာကြသည်ကို ရုတ်တရက် မသိကြပေ။

ရွက်ဖျင်တဲနှင့် အလွန်နီးကပ်လာသောအခါတွင်မှ တွေ့မြင် သွားကြလေ၏။

သူတို့လူစုသည် ကျင်းယုလိုင်ကို ဝိုင်းဝန်းတိုက်ခိုက်ရန် အ ကြောင်း လာခဲ့ကြရာ ယခု ကေမိဝါကိုပါ တွေ့ရှိရသောကြောင့် တစ် ချက်နှစ်ချက်ပြတ်ဆိုသလို အတော့်ကို ဟန်ကျသွားကြလေ သည်။

“ဟော ဟိုမိန်းကလေးဟာ ကေမိဝါပါပဲ၊ ခင်ဗျား ရှာနေ တဲ့သူပဲမဟုတ်လား”

ယန်ကုန်းမင်းက ကေမိဝါကို မေးငေါ့ပြပြီး ပြောသည်။

“ဟုတ်တယ်၊ ဟိုကောင်လေးက မိတ်ဆွေကြီးရဲ့ ရန်သူဆို တာမှတ်တယ်”

ယဲ့ရန်ကျင်းက ခေါင်းညိတ်ပြပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမှားဘူး၊ ခင်ဗျားရော ကျုပ်ရော တစ်ခါတည်းနဲ့ ကိစ္စ ရှင်းနိုင်တာပေါ့။ ဟန်ကျလိုက်လေ"

ကေမိဝါလည်း ထိုင်ရာမှ ထရပ်လိုက်၏။

ယန်ကုန်းမင်းတို့လူစုသည် ကောင်းသောလာခြင်း ရောက်လာကြသူများ မဟုတ်ကြောင်းကို နားလည်သဖြင့်အလျော ကျင်းယုလိုင်နှင့် ဘေးချင်းယှဉ်ရပ်ကာ တိုက်ခိုက်ရန် အသင့် သည်။

ပြင်းထန်ကြမ်းတမ်းသော ရင်ဆိုင်တိုက်ပွဲကြီး နွှဲရတော့ မည်မို့ တိုက်ခိုက်မှု အတွေ့အကြုံ မရှိသေးသူလေးပီပီ ကေမိဝါ စိ လှုပ်ရှားနေမိသည်။

ကြောက်လန့်ခြင်း မဟုတ်သည့်တိုင် သူမသည် တုန် ယင်ယင် ဖြစ်နေသည်။

"ဒီလူတွေကို တို့ရင်ဆိုင်ထားမယ်၊ မင်း အလွတ်ရုန်းပြီး သွားပေတော့"

ကျင်းယုလိုင်က ကေမိဝါ ကြားနိုင်ရုံ လေသံတိုးတိုးဖြ ပြော၏။

ယန်ကုန်းမင်းသည် ညစျေးအရက်ဆိုင်တွင် ပေါ်ပေါက် သော ပြဿနာအတွက် မိဒီးကို လက်တုံ့ပြန် တိုက်ခိုက်ရန် လူစုလူဝေး ဖြင့် ရောက်လာခြင်းဖြစ်ကြောင်း ကျင်းယုလိုင် သိ၏။

မိမိနှင့် ပတ်သက်သည့် ပြဿနာတွင် ကေမိဝါ ရောနှော ဝင်၍ အန္တရာယ် မကြုံစေလိုသောကြောင့် ယခုလိုပြောခြင်း ဖြ သည်။



ကေမိဝါ အနေဖြင့်လည်း တန်အိဖန်နှင့် ပတ်သက်သည့် အဖေကိစ္စများနှင့် ဆက်နွယ်လျက် မိမိကို ရန်ပြုရန် ဓားရှည်ကိုင် ဆောင်ထားသူ စစ်ကူများအား ဖြည့်ခေါ်ယူလျက် ရောက်လာသည် ဟု တွက်သည်။

မိမိကို ရန်လာပြုရာတွင် ကျင်းယုလိုင်လည်း ကြားမှ ပါဝင်ရ ည်ကို မလိုလားပေ။

"ဘယ်...မဟုတ်တာ၊ သူတို့ကို ကျွန်မရင်ဆိုင်ရမှာပေါ့၊ သာ အလွတ်ရုန်းပြီး ရှောင်သွားပါ"

ကေမိဝါကလည်း ကျင်းယုလိုင် ကြားနိုင်ရုံ လေသံနှင့် ပြန် ပြောသည်။

ကျင်းယုလိုင်နှင့် ကေမိဝါတို့နှစ်ယောက် ထိုသို့ အပြန်အ လှန် ပြောဆိုနေကြသည့် အချိန်မှာပင် ယန်ကုန်းမင်းနှင့် ယဲ့ရန်ကျင်း တို့ကလည်း တိုက်ခိုက်မှုကို စတင်လေတော့သည်။

"အဲဒီအကောင်ကို အပြတ်သာ ရှင်းပစ်လိုက်ကြ"

ယန်ကုန်းမင်းက သူ့လူများကို အမိန့်ပေးသည်။

"ဟိုကောင်မလေး ဝန်ယုကောင်းရဲ့ အဆက်အသွယ်ပဲ၊ သူ့ ကို အမိဖမ်း၊ အရှင်"

ယဲ့ရန်ကျင်းကလည်း သစ်စိမ်းဂိုဏ်းသား နှစ်ယောက်ကို အမိန့်ပေးလိုက်သည်။

ကျင်းယုလိုင်အနေဖြင့် မိမိ၏ ဓီးကွက်သိုင်းကို ကောင်း ကောင်း အုပ်မိုးတိုက်ခိုက်နိုင်သည့် အစွမ်းအစ ရှိကြောင်းကို ယန် ကုန်းမင်း လက်တွေ့ကိုယ်တွေ့ သိရှိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့လူများကိုသာ ကျင်းယုလိုင်အား ဝိုင်းတိုက်ခိုင်းပြီး သူကိုယ်တိုင်ကတော့ ယဲ့ရန်ကျင်းဘက်မှ ကူညီပေးသည့်အသွင်ဖြင့် ကေမိဝါကို ဝင်တိုက်ဖို့ စိတ်ကူးထားသည်။

ယဲ့ရန်ကျင်းကလည်း ထိုနည်း နှင်နှင်ပင်။

ကေမိဝါ၏ လေလှိုင်းလက်ဝါး သိုင်းပညာစွမ်းနှင့် ရင်ပါးသော အလွန်ကွမ်းကျင်မှုကို ကိုယ်တွေ့ကြုံဖူးပြီးဖြစ်ရာ မိမိနှင့် ပါလာသော သစ်စိမ်းဂိုဏ်းသားနှစ်ယောက်ကို ကေမိဝါနှင့် ရင်ဆိုင်တိုက်ခိုက်စေပြီး မိမိကိုယ်တိုင်ကတော့ ယန်ကုန်းမင်းကို ကူညီပေးသလိုလိုနှင့် ကျင်းယုလိုင်ကို ဝင်တိုက်ရန် အကြံကြီး ကြံထားသည်။

ထိုသို့...

အကြံတူနေသည့်အတိုင်း မိမိတို့ လူများကိုလည်း အမိန့်ပေးပြီးနောက် ယန်ကုန်းမင်းသည် ကေမိဝါကို ဝင်တိုက်လျက် ယဲ့ရန်ကျင်းကတော့ ကျင်းယုလိုင်ကို ဦးတည်တိုက်စစ်ဆင်လေတော့သည်။

➤ ➤ ➤

ယဲ့ရန်ကျင်းက ကေမိဝါကို ဝန်ယုကောင်း၏ အဆက်အသွယ် ဖြစ်သည်ဟု တမင်ပင် အသံကျယ်ကျယ်နှင့် ပြောဆိုစွပ်စွဲလိုက်သည့်အခါ ကျင်းယုလိုင်၏ မျက်နှာအမူအရာ တစ်မျိုးဖြစ်သည်။

ကေမိဝါဘက်သို့ ဖျတ်ခနဲ ငဲ့စောင်းကြည့်သည်။

တစ်စုံတစ်ရာ ပြောမည်လည်း ပြုသည်။

သို့သော်...



ထိုအချိန်တွင် ယန်ကုန်းမင်း၏ တပည့်သုံးယောက်နှင့် ယဲ့ရန်ကျင်းတို့၏ တိုက်ခိုက်ပုံများ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဝင်လာသည့်အတွက် ကျင်းယုလိုင်မှာ ပြန်လည်ရင်ဆိုင် တိုက်ခိုက်ရလေတော့သည်။

ကေမိဝါသည် ဝန်ယုကောင်းနှင့် အဆက်အသွယ် ရှိမရှိ သေချာရေရာစွာ မသိသေးသော်လည်း အခြားလူများက ထိုသို့ ထင်မှတ်ယုံကြည်သွားစေရန် ယဲ့ရန်ကျင်း အသံကျယ်ကျယ်ဖြင့် ထုတ်ဖော်ပြောချလိုက်ခြင်း ဖြစ်သည်။

ကေမိဝါကို ဝန်ယုကောင်း၏ အဆက်အသွယ် ဖြစ်သည်ဟု အခြားလူတွေက ယုံကြည်နေမှသာ မိမိအပေါ် အပြစ်ပုံကျမည့်အရေးမှ သက်သာလွတ်ကင်းအောင် ရှောင်နိုင်မည်ဟု ယဲ့ရန်ကျင်းက တွက်ထားလေသည်။

ယဲ့ရန်ကျင်း ဟစ်အော်ပြောဆိုလိုက်မှုသည် ကေမိဝါကို ဒေါသဇဝေ ဖြစ်သွားပေသည်။

မိမိက 'တန်အိဖန်'ဟု သိရှိထားသော လူရွယ်၏ အမည်မှန်မှာ ဝန်ယုကောင်း ဖြစ်သည်ကို ကေမိဝါ မသိသေးပေ။

ဝန်ယုကောင်းဆိုသည့် အမည်ကိုပင် မကြားဖူးသေးပါ။

သို့သော်...

သစ်စိမ်းဂိုဏ်းသားနှစ်ယောက်နှင့် ယန်ကုန်းမင်းတို့ ဝင်ရောက် တိုက်ခိုက်လာကြသည့်အတွက် ကေမိဝါမှာလည်း ဇဝေဇဝါ ဖြစ်မနေအားတော့ဘဲ ခါးတွင် ပတ်ထားသော သားရေကျားသားပျော့ကို ဆွဲဖြုတ်ကာ ရင်ဆိုင်တိုက်ပွဲဝင်ရလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါမှာ စိတ်အတော် လှုပ်ရှားနေသည်။

မည်သို့မည်ပုံ ရင်ဆိုင်ရမည်လည်း မသိအောင်ပင် ရှိသည်။

သူမသည် သန့်စင်မှန်ကန်သော ရှောင်လင်သိုင်းပညာကို စနစ်တကျ သေသေချာချာ သင်ကြားလေ့ကျင့်ထားပေရာ အရေးကြုံသောအခါ အလိုအလျောက် တုံ့ပြန်လှုပ်ရှားနိုင်ပေသည်။

တစ်ဖက်က လူအင်အားသုံးယောက်ကို မိမိတစ်ယောက်တည်း ရင်ဆိုင်ရသည့်အတွက် သည်အခြေအနေနှင့် အသင့်လျော်ဆုံး လက်နက်ဖြစ်သော သားရေကျာပွတ်ကို အလိုလိုပင် ဖြုတ်ယူကိုင်ကာ နဂါးပျံကျာပွတ်သိုင်းဖြင့် ရုတ်ခြည်းပင် ဝှေ့ယမ်းတိုက်ခိုက်လိုက်လေတော့သည်။

ကျာပွတ်သည် လေထဲတွင် ပျံဝဲနေသည့် နဂါးတစ်ကောင်နှယ် လျှင်မြန်သွက်လက် အကွက်ကျစွာ ဝှေ့ယမ်းနေရာ ယန်ကုန်းမင်းနှင့် သစ်စိမ်းဂိုဏ်းသားနှစ်ယောက်တို့ တိုးဝင်တိုက်ခိုက်လာသည့် လမ်းကြောင်းနေရာ သုံးခုလုံးကို ဆီးဆို့ပိတ်ကာထားပြီး ဖြစ်သည်။

ယန်ကုန်းမင်းတို့မှာ စိတ်ထင်တိုင်း ရှေ့မတိုးနိုင်ကြ။ တိုက်စစ်တွေ တုန့်ဆိုင်းနေသည်။

သို့ရာတွင်...

သူတို့ဘက်မှ လူအင်အားသုံးယောက် ဖြစ်သောကြောင့် ကေမိဝါ၏ ကျာပွတ်ရိုက်ချက်များက သူတို့ကို ခြိမ်းခြောက်အုပ်စိုးနိုင်သည့် အနေအထားသို့ကော့ မရောက်သေး။

ပိတ်ဆို့ကာကွယ်ရာမှ ကျာပွတ်ရိုက်ချက်သည် သိုင်းဟန်တစ်မျိုးပြောင်းကာ သေသပ်ပိရိစွာ တိုက်စစ်ဆင်လာသည်။



ထိုအခါတွင်တော့ ယန်ကုန်းမင်း၊ ကောင်းလင်းနှင့် တိုက်လုံး သုံးယောက်လုံး ဖရိုဖရဲ ဖြစ်ကုန်ကြသည်။

နဂါးပျံကျာပွတ်သိုင်း၏ ခုခံကွက်နှင့် တန်ပြန်တိုက်ကွက်တို့ [illegible]ချက်မိမိ ပေါင်းစည်းလှုပ်ရှားမှုကို ယန်ကုန်းမင်းတို့ အလူးအလဲ ခံနေကြရလေပြီ။

ကေမိဝါသည် ထိုလှုပ်ရှား တိုက်ခိုက်မှုများကို အသိမဲ့ အလိုအလျောက် လုပ်ဆောင်လိုက်ခြင်း ဖြစ်သည်။

သူမ၏ စိတ်အစဉ်မှာ ရန်သူကြီးသုံးယောက်နှင့် အကြိတ်အနယ် ရင်ဆိုင်ရသည်မို့ အလွန်ပင် လှုပ်ရှားလျက် မည်သို့မည်ပုံ တိုက်ခိုက်ရမည်ကိုပင် မသိတော့အောင် ဖြစ်နေသည်။

အသိမဲ့ အလိုအလျောက် လှုပ်ရှားမှုဖြင့် ထိမိစွာ တိုက်ခိုက်နိုင်သောအခါ ကေမိဝါ၏ သိစိတ်က လှုပ်ရှားတိုက်ခိုက်မှုနှင့် တွဲစပ်မိလာသည်။

ဤတွင်...

အလိုအလျောက် လှုပ်ရှားတိုက်ခိုက်မှု အခြေအနေ ပျောက်ကာ သိစိတ်ဖြင့် ထိန်းချုပ်တိုက်ခိုက်သည့် သဘောသို့ ပြောင်းသည်။

သိစိတ်မှ နေရာတကျသော တိုက်နည်းတိုက်ကွက်ကို ဆောင်သောအခါ ကေမိဝါ၏ သိုင်းလှုပ်ရှားမှုစွမ်းရည်၊ အင်အား အရှိန်အဟုန်သည် ချက်ချင်းပင် ယုတ်လျော့အားပျော့သည်။

ယန်ကုန်းမင်းတို့ သုံးယောက်အပေါ် အုပ်စီး လွှမ်းမိုးထားသည့် အခြေအနေသည်လည်း ပျက်ပြားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖရိုဖရဲနှင့် အလဲလဲအကွဲကွဲ ဖြစ်လုနေသော ယန်ကုန်းမင်း ကောင်းလင်းနှင့် တိုက်လုံတို့သုံးယောက် သိုင်းဟန်များ ပြန်ထိန်းနိုင်သည်။

သူတို့သုံးယောက်မှာ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်နေကြသူများ ဖြစ်ရာ အခွင့်ကောင်းရလျှင် ရသလို အသုံးချနိုင်ကြသည်။

သိုင်းဟန်များ ပြန်ထိန်းနိုင်သည်နှင့် တရကြမ်း တိုက်စစ်ဆင်ကြလေတော့သည်။

အထူးသဖြင့် ယန်ကုန်းမင်း၏ တိုက်ခိုက်မှုများသည် ပို၍ ကြမ်းတမ်း ပြင်းထန်သည်။

ကေမိဝါမှာ သိုင်းသမား လူကြမ်းကြီးသုံးယောက်တို့၏ သုံးပွင့်ဆိုင် ကိုက်စစ်အကြားတွင် ညှပ်ပူးညှပ်ပိတ် ဆိုသလို ကျရောက်သွားရပြန်လေပြီ။

➤ ➤ ➤

ကျင်းယုလိုင်ကမူ ကေမိဝါလို စိတ်မလှုပ်ရှား။

အသိမဲ့ အလိုအလျောက် လှုပ်ရှား တိုက်ခိုက်မှုမျိုးလည်း လုံးဝ မလုပ်ဆောင်မိ။

စိတ်တည်တည်ငြိမ်ငြိမ်ဖြင့် တစ်ဖက်ရန်သူများ၏ တိုက်ကွက်ကို ရင်ဆိုင်သည်။

လူအင်အားများသည့်အတွက် တိုက်ခိုက်မှု သိုင်းစွမ်းရည်ကို အကဲခတ်သည့်အနေဖြင့် အစပိုင်းတွင် ကျင်းယုလိုင်က ခံစစ်ကိုသာ



အင်က လုံအောင်ပြုသည်။

နောက်သို့ဆုတ်ပေးသင့်က ဆုတ်ပေးကာ ယန်ကုန်းမင်း၏ တပည့်သုံးယောက်က ယွဲ့ရန်ကျင်းတို့၏ သိုင်းကွက်သိုင်းဟန် အနေအထား အခြေအနေများကို အကဲခတ်သည်။

မိမိ ရင်ဆိုင်နေရသည့် ရန်သူ(၄)ယောက်တွင် ယွဲ့ရန်ကျင်းတစ်ယောက်သာ အဆင့်မြင့် သိုင်းပညာများ အတော်အသင့် တတ်မြောက်၍ ကျန်သုံးယောက်မှာမူ ခွန်အားနှင့် ကြမ်းရမ်းမှုတို့ကိုသာ အားကိုး၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြကြောင်းကို သိုင်းကွက်သုံးလေးကွက်မျှ ရင်ဆိုင်ပြီးသည်နှင့် အကဲခတ်မိသည်။

ရန်သူ့ အခြေအနေကို အကဲခတ်နိုင်ပြီးသည့်နောက် ကျင်းယုလိုင် အနေဖြင့် အကောင်းဆုံး တိုက်ခိုက်နည်းဗျူဟာကိုလည်း လျင်မြန်စွာ ရွေးချယ်နိုင်လေတော့သည်။

ထိုအခါ...

ကျင်းယုလိုင်က တန်ပြန် တိုက်စစ်ဆင်လေတော့သည်။

ကျင်းယုလိုင်သည် ဓားရှည်တစ်လက် လွယ်ထားသည်။

လက်နက်ပုန်းများလည်း အိတ်ထဲတွင် ရှိနေသည်။

သို့သော် သူက လက်နက်ပုန်းများကို ထုတ်မသုံးသေး။

လက်နက်မဲ့ဖြင့်သာ တိုက်ခိုက်နေသည်။

မိမိ၏ လက်နက်များကိုပင် ထုတ်ယူခြင်း မပြုနိုင်တော့လောက်အောင် အကျဉ်းအကြပ် ကြုံနေရသလို အသွင်မျိုး လုပ်ဆောင်၍ နေသည်။

ယွဲ့ရန်ကျင်းနှင့် ယန်ကုန်းမင်း၏ တပည့်သုံးယောက်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ဘက်က လူအင်အား များပြားသည့်အတွက် ကျင်းယုလိုင်ကို အလွယ်တကူ အနိုင်ယူနိုင်မည်ဟူသော အထင်ကြီးစိတ်က ရှိနေ၍ ကျင်းယုလိုင် တကယ်ပင် လက်နက်များ ထုတ်ယူမနိုင်တော့အောင် အကျပ်ရိုက်နေသည်ဟု မှတ်ယူနေကြသည်။

ဤသို့ဖြင့် ကျင်းယုလိုင်အပေါ် အထင်သေးစိတ်များလည်း ပို၍ များလာသည်။

သည်လို တစ်ဖက်လူများက မိမိအခြေအနေ မဟန်နိုင်တော့ဟု ယူဆကာ အထင်အမြင် သေးလာစေရန် ကျင်းယုလိုင်က ပရိယာယ်ဆင်ခဲ့ခြင်း ဖြစ်သည်။

ယွဲ့ရန်ကျင်းတို့လူစု ထိုပရိယာယ် ဆင်ကွက်ထဲသို့ ကျကျနန တိုးဝင်မိကြလေပြီ။

တစ်ဖက်ရန်သူများက အထင်သေးစိတ်ဖြင့် ပေါ့ပေါ့ဆဆ ရှိနေသည့် အချိန်မှာပင် ကျင်းယုလိုင်က ရုတ်တရက် တန်ပြန်တိုက်စစ်ဆင်သည်။

ဤသို့ တန်ပြန် တိုက်စစ်ဆင်ရာတွင် မာန်သွင်းဟစ်အော်ခြင်း မပြု။

ညင်သာ တိတ်ဆိတ်စွာနှင့် သွက်လက်မြန်ဆန်စွာသာ လှံ ရှား တိုက်ခိုက်သည်။

ကျင်းယုလိုင်သည် လေပွေတစ်ခုလို ရိုးခနဲရိပ်ခနဲ လှုပ်ရှားကာ ရန်သူလေးယောက် ဝန်းရံ ပိတ်ညှပ်ထားသည့် 'ခွင်'ကို လုပ်ဆောင်သပ်စွာ ချေဖျက်သည်။

တစ်ဖက်လူ လေးယောက်တို့အနေဖြင့် ဘာတွေ ဖြစ်ကုန်



သိမီမှာပင် ကျင်းယုလိုင်သည် ယွဲ့ရန်ကျင်း၏အနားသို့ ချဉ်း ကပ်ရောက်ရှိသည်။

ညာလက်ဝါးဖြင့် ယွဲ့ရန်ကျင်း၏ ညာဘက်ပခုံးကို ရိုက်ချ လိုက်သည်။

ယွဲ့ရန်ကျင်းမှာ အပွဲပွဲနွှဲလာသည့် ဝါရင့်သိုင်းသမားတစ် ယောက် ဖြစ်ရာ သိပ်တော့မခေ။

ကျင်းယုလိုင်၏ လျင်မြန်လှသော လှုပ်ရှားလိုက်ပုံကို မျက် စိနှင့် သေသေချာချာ မမြင်သော်လည်း မိမိထံသို့ တိုက်စစ်တစ်ခုခု ဦးတည်ဝင်လာကြောင်းကိုမူ အလိုလိုသိသည်။

ထိုသို့ သိမှုဖြင့် အလိုအလျောက်ပင် လှုပ်ရှားရှောင်တိမ်း လိုက်သည်။

ကျင်းယုလိုင်၏ လက်ဝါးရိုက်ချက်ကို လုံးဝတော့ လွတ် အောင် မရှောင်နိုင်။ ရိုက်ချက်တော့ ထိမိသည်။

သို့သော် ထိုလက်ဝါးရိုက်ချက် ရည်ရွယ်ထားသည့် သွေး ကြောကွက် နေရာကို မထိရလေအောင်တော့ ရှောင်လိုက်နိုင်သည်။

သွေးကြောကွက်နေရာကို မရိုက်မိသောကြောင့် ယွဲ့ရန် ကျင်း အနေဖြင့် သွေးကြော တစ်ဆို့မှုမျိုးကို မခံရ။

လက်ဝါးရိုက်ချက်၏ အားအင်အဟုန်ကိုသာ ခံရသည်။

လက်ဝါးရိုက်ချက်က အသံမပြည်ဟိန်းသော်လည်း အား အင်ကတော့ မသေးလှပေရာ ယွဲ့ရန်ကျင်းမှာ တစ်ပတ်လည်ပြီး ဘိုင်း ခနဲ လဲကျသည်။

ကျင်းယုလိုင်သည် ကိုယ်ကို နောက်ပြန် တစ်ပတ်လှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်ဝါးရိုက်ချက် တစ်ချက်၊ ညာလက်ဝါး ရိုက်ချက်တစ်ချက် ဆက်တိုက်လိုလို ရိုက်ထုတ်သည်။

"ဘုန်း"

"ဖုန်း"

လက်ဝါးရိုက်ချက်တစ်ချက်စီသည် ယန်ကုန်းမင်း၏တပည့် တစ်ယောက်စီကို ထိသည်။

ရိုက်ချက်အထိခံရသူနှစ်ယောက်စလုံး ဘိုင်းခနဲ ဘိုင်းခနဲ လဲကျသည်။

ကျင်းယုလိုင်က ကျန်နေသူ တစ်ယောက်ကို ညာလက်ဝါး ရိုက်ချက်မှာ မိမိရရမရိုက်မိ။ ဘယ်ဘက်လက်ပြင်ကိုသာ ရှပ်၍ ရိုက်မိသည်။

"ဖတ်"

ထိုသူမှာ ယိမ်းယိမ်းယိုင်ယိုင် ဖြစ်သည်။ လဲတော့မကျ။ အတင်းပင် နောက်ဆုတ် ရှောင်တိမ်း ထွက်သွားနိုင်ခဲ့သည်။

➤ ➤ ➤

ကေမိဝါမှာတော့ ကျင်းယုလိုင်လို မိမိနှင့် ရင်ဆိုင်ရသည့် ရန်သူများကို ထိထိမိမိ သွက်သွက်လက်လက် တိုက်ခိုက်နိုင်ခြင်း မရှိ။

ရန်သူတို့၏ တိုက်ကွက်ကို ခုခံဟန့်တားမှုသာ ပြုနေနိုင်သည်။



ထိုသို့ ခုခံဟန့်တားမှုများတွင်ပင် တစ်ခါတစ်ရံ ဟာကွက် ...ာ်ကွက်တွေ ပေါ်ထွက်နေလေသေးသည်။

တစ်ဖက်ရန်သူများက ကေမိဝါ၏ အဆင့်မြင့်ပြီး ထက်မြက် ...ာ ကျာပွတ်ရိုက်ချက်များကို ရှိန်လျက် အတင်းဝင်တိုက်ခိုက်ခြင်း ...ကြသောကြောင့် ကေမိဝါ အထိမနာသေးဘဲ ရှိနေသည်။

ကေမိဝါမှာ သိုင်းပညာ မထူးချွန်သောကြောင့် မဟုတ်။ ...ွဲအတွေ့အကြုံ မရှိမှုကြောင့် စိတ်လှုပ်ရှားနေသည့်အတွက် ...သော တိုက်နည်းဗျူဟာများကို တိုက်ပွဲအခြေအနေပေါ် မူတည် ... ပြောင်းလဲဖော်ထုတ်ခြင်း မပြုနိုင်သောကြောင့် ဖြစ်သည်။

ကေမိဝါသည် ရိုးရိုးစင်းစင်း သိုင်းကွက် တစ်ကွက်ပြီးတစ် ...ာ် အဆင့်ဆင့် ဖော်ဆောင်လှုပ်ရှားမှုကိုသာ ပြုနေရာ တစ်ဖက် ...ား၏ တိုက်ခိုက်မှုနှင့် နေရာယူမှုမှာ ပြောင်းလဲသွားသောအခါ ...ဝါ၏ သိုင်းဟန်လှုပ်ရှားချက်များ၌ ဟာကွက်များ တွေ့ရှိလာခဲ့ ...ာ့သည်။

ကေမိဝါအနေဖြင့် ယန်ကုန်းမင်းနှင့် သစ်စိမ်းဂိုဏ်းသားနှစ် ...ာ်တို့၏ တိုက်စစ်များကို ဟန့်တားခုခံထားနိုင်သော်လည်း အ ...နေကတော့ သိပ်မကောင်းလှ။

အချိန်မရွေး အန္တရာယ်ကြုံနိုင်သည့် အနေအထားတွင် ရှိနေ ...ည်။

ကျင်းယုလိုင်သည် ယွဲ့ရန်ကျင်းတို့ကို တန်ပြန်တိုက်ခိုက် ...တ်ပြီးနောက် ကေမိဝါဘက်သို့ လှမ်းအကဲခတ်ကြသည်။

ကေမိဝါ၏ အသည်းယားစရာ အနေအထားကို မြင်ရဆဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျင်းယုလိုင်မှာ မနေသာတော့ဘဲ ကေမိဝါကို ဝင်ရောက် ကူညီ တိုက်ခိုက်ပေးလေတော့သည်။

ဒဏ်ရာအနည်းငယ်သာ ရရှိသော ယွဲ့ရန်ကျင်းနှင့် ဒဏ်ရာ သိပ်မပြင်းထန်သော ယန်ကုန်းမင်း၏ တပည့်တစ်ယောက်တို့လည်း ကျင်းယုလိုင်ကို လိုက်၍တိုက်ခိုက်ကြ၏။

ကျင်းယုလိုင်နှင့် ကေမိဝါတို့နှစ်ယောက်ကို သူတို့လူစုအား လုံးက ဝိုင်း၍ တိုက်ခိုက်ကြသည့် အခြေအနေမျိုး ဆိုက်ရောက်သွား လေသည်။

ထိခိုက်ဒဏ်ရာရမှု ပြင်းထန်သော ယန်ကုန်းမင်း၏တပည့် ငယ်သားနှစ်ယောက်မှာမူ တိုက်ပွဲတွင် ပါဝင်နိုင်ခြင်း မရှိကြတော့ ဒဏ်ရာဒဏ်ချက်များဖြင့် မြေကြီးပေါ်တွင် လဲကျနေကြ လေသည်။

ကေမိဝါနှင့် ကျင်းယုလိုင်တို့သည် ဘေးချင်းယှဉ်ရပ်၍ တစ်ဖက်လူစု၏ ဝိုင်းဝန်းတိုက်ခိုက်မှုကို ရင်ဆိုင်ကြသည်။

မိမိကို အကူအညီပေးမည့် ကျင်းယုလိုင် အနီးကပ် ရှိနေ သည် မှာကေမိဝါ၏စိတ်ကို အတော်လေး တည်ငြိမ်လာစေသည်။

စောစောကလောက် လှုပ်လှုပ်ရှားရှား မရှိတော့။

စိတ်တည်ငြိမ်လာသည်နှင့်အမျှ ကေမိဝါသည် ကျာပွတ် ရိုက်ချက်များကို ပိုင်၍စနစ်ကျန အကွက်မိမိ ဝှေ့ယမ်းရိုက်နှက်လာ သည်။

ကေမိဝါသည် တိုက်စစ်ဆင်မှုကို သိပ်မလုပ်ပါ။ ခံစစ်ကိုသာ အဓိက လုပ်၍နေလေသည်။



ထိုအခြေအနေကို အကဲခတ်မိသော ကျင်းယုလိုင်က တိုက် ခိုက်ကွက်များကို အဆက်မပြတ် ဖော်ထုတ်တိုက်ခိုက်သည်။ ကျာပွတ် ကိုင်စွဲ၍ ခံစစ်ပြုထားသော ကေမိဝါ၏ သိုင်းကွက်သိုင်းဟန်များနှင့် အံဝင်စေရန်အတွက် ကျင်းယုလိုင်ကလည်း လက်နက်မဲ့ မတိုက်ခိုက် တော့ဘဲ ဓားရှည်ကို ထုတ်ယူအသုံးပြုလေတော့သည်။

ညာလက်မှ ဓားရှည်ဖြင့် သွက်လက်စွာ ထိုးခုတ်ပိုင်းဖြတ် တိုက်ခိုက်သလို ဘယ်လက်ဝါးရိုက်ချက်များကိုလည်း အလျဉ်းသင့်သ လို ထည့်သွင်းပေးသည်။

ကျင်းယုလိုင်၏ ဓားချက်နှင့် လက်ဝါးရိုက်ချက်များသည် တစ်ဖက်ရန်သူများကို ကောင်းကောင်းကြီး ခြိမ်းခြောက်နိုင်နေသည်။

ယွဲ့ရန်ကျင်းတို့လူစု၏ တိုက်စစ်အား အရှိန်အဟုန် သိသိသာ သာပင် လျော့ပါးကျဆင်းသည်။

ထိရောက်သော တိုက်ခိုက်မှုပင် မလုပ်နိုင်တော့။

"သူတို့တစ်တွေ နောက်ဆုတ်သွားရအောင် တိုက်ကွက်ဆင် သွား၊ ကေမိဝါ ခံစစ်နဲ့ချည်းပဲ မနေနဲ့"

ကျင်းယုလိုင်က ကေမိဝါကို တိုးတိုးပြောသည်။

တစ်ဖက်လူများ တိုက်စစ်အား ပြင်းထန်နေချိန်တွင် ခံစစ်ကို အဓိက လုပ်သည်မှာ သင့်လျော်သည်ဟု ဆိုနိုင်သော်လည်း တစ်ဖက် တိုက်စစ် သိသိသာသာ ပျက်ပြားယုတ်လျော့သွားချိန်တွင် ခံစစ်ကို သိပ်သည်းသည်း ဆက်လက်လုပ်နေခြင်းမှာ မိမိ၏ စွမ်းရည်ကို ချုံ့ခြိုးသလိုမျိုး ဖြစ်နေပေတော့သည်။

ကျင်းယုလိုင်၏ ပြောဆိုချက်သည် တိုက်ပွဲအတွေ့အကြုံမ

www.burmeseclassic.com

www.burmeseclassic.com



ရှိ မည်သို့မည်ပုံ တိုက်နည်းဗျူဟာများ လုပ်ဆောင်ရမည် မသိတတ်အောင် ဖြစ်နေသော ကေမိဝါအတွက် များစွာအထောက်အကူ သည်။

ကေမိဝါသည် ခံစစ်ကို အမိကမထားတော့ဘဲ တိုက်စစ်အကွက်များ ဖော်ထုတ်လာသည်။

ကေမိဝါ ဖော်ထုတ်လိုက်သော တိုက်ကွက်များသည် ကျွင်းယုလိုင်၏တိုက်စစ်တွင် အချိုးပြေစွာ ပေါင်းစည်းမိ၏။

ယွဲ့ရန်ကျင်းတို့တစ်ဖွဲ့ အခြေယိုင်သည်ထက် ယိုင်လာလေသည်။

BURMESE CLASSIC .com

သိုင်းကွက်တွေ ပျက်ကုန်သည်။

ဖရိုဖရဲနှင့် နောက်ကို ဆုတ်သူက ဆုတ်ကုန်၏။

သစ်စိမ်းဂိုဏ်းသားကောင်းလင်း ကျာပွတ်ရိုက်ချက် အထိခံလိုက်ရသည်။

ထိချက်လည်း တော်တော်ပြင်း၏။

ကောင်းလင်း ဆက်လက်တိုက်နိုင်စွမ်း မရှိဘဲ နောက်သို့ကြောက်လန့်တကြား ဆုတ်ပြေးရာ ယွဲ့ရန်ကျင်း၊ ယန်ကုန်းမင်း၊ ယန်ကုန်းမင်း၏တပည့်တစ်ယောက်နှင့် တိုက်လုံတို့လေးယောက်သာ ကျွင်းယုလိုင်တို့နှင့် ဆက်တိုက်နေကြသည်။

သူတို့လေးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် စုစည်းနိုင်စွမ်းမရှိ။

ဖရိုဖရဲ ဖြစ်နေရာ ကောင်းလင်း ကျာပွတ်ချက် အထိခံပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ယန်ကုန်းမင်း၏တပည့် ကျွင်းယုလိုင်



ပြားညှပ်ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက် အထိခံရသည်။

ထိချက်က သိပ်တော့မပြင်းပေ။

သို့သော် ထိုသူသည် ဆက်လက် တိုက်ခိုက်လိုစိတ် မရှိတော့သောကြောင့် ဒဏ်ရာ အပြင်းအထန်ရသည့် အသွင်မျိုး ဟန်ဆောင်ကာ ငယ်သံပါအောင် အော်ဟစ်ရင်း လူးလိမ့်ကာ တိုက်ပွဲမှ ရှောင်ထွက်သည်။

တိုက်လုံလည်း ကေမိဝါ၏ ကျာပွတ်ရိုက်ချက် အထိခံရပြန်သည်။

ကျာပွတ်အထိမိခံရ၍ ကိုယ်ဟန်ယိမ်းယိုင်သွားခိုက် ကျွင်းယုလိုင်၏ ဓားချက်ကို ရင်ဆိုင်ရလေရာ မရှောင်တိမ်းနိုင်ပေ။ ဒဏ်ရာပြင်း လဲကျသွားပြန်၏။

ယွဲ့ရန်ကျင်းနှင့် ယန်ကုန်းမင်းတို့နှစ်ယောက်သာ ကျန်လေတော့သည်။

➤ ➤ ➤

ထိုတိုက်ခိုက်မှုများကို သစ်ပင်ချုံနွယ်များ အကြားတွင် ပုန်းအောင်းကာ ကြည့်ရှုအကဲခတ်နေကြသူနှစ်ယောက် ရှိသည်။

ထိုနှစ်ယောက်အနက် တစ်ယောက်မှာ သစ်စိမ်းဂိုဏ်းမှ ခွဲမှူးကြီး ကြူးတိတ်အိ ဖြစ်၏။

ကြူးတိတ်အိသည် ယွဲ့ရန်ကျင်းကို သိပ်စိတ်မချ။

www.burmeseclassic.com

www.burmeseclassic.com



ချုတ်ချော်တိမ်းပါးမှုများ ပေါ်ပေါက်ပြီး အောင်မြင်မှု မရှိမှာ စိုးရိမ်သည်။

ထို့ကြောင့် ယွဲ့ရန်ကျင်း၏နောက်မှ တိတ်တဆိတ် အသာ နောက်ယောင်ခံလိုက်ကာ အခြေအနေကို ကြည့်ရှုအကဲခတ်နေ သည်။

ယွဲ့ရန်ကျင်း အနေဖြင့် သူ့ဘာသာသူ အဆင်ပြေပြေ လုပ် ဆောင်နိုင်လျှင် ကြူးတိတ်အိက ဘာမျှ ဝင်ရောက်မစွက်ဖက်ဘဲ အ သာပင်ပုန်းလျှိုး၍ ကြည့်ရုံသက်သက်သာ ကြည့်နေမည်။

အကယ်၍ ယွဲ့ရန်ကျင်း၏ လုပ်ဆောင်မှုများ အခြေမပေး ဘဲ အောင်မြင်မှုမရနိုင်တော့သည့် အနေအထားရှိလာလျှင်မူ ကြူး တိတ်အိက ပုန်းအောင်း ချောင်းကြည့်နေရာမှထွက်ကာ ကိုယ်တိုင်ဝင် ကျဲမည် ဖြစ်ပေသည်။

ယွဲ့ရန်ကျင်း၏နောက်မှ လျှို့ဝှက်စွာ လိုက်လံစောင့်ကြည့် နေခဲ့သည့်အတွက် ယွဲ့ရန်ကျင်းနှင့် ယန်ကုန်းမင်းတို့ စတင်တွေ့ဆုံ ကြသည်မှစကာ ဇာတ်လမ်းစုံကို ကြူးတိတ်အိက အကုန်အစင် တွေ့ မြင်သိရှိထားခဲ့ပြီး ဖြစ်သည်။

မီးလျှံဓါးကွက် ယန်ကုန်းမင်းသည် မြောင်နယ်တောင်ပိုင်း နာမည်ရ သိုင်းသမားတစ်ယောက် ဖြစ်ကြောင်းလည်း ကြူးတိတ်အိ သိရှိထားသည်။

ယန်ကုန်းမင်းနှင့် ပူးပေါင်းလုပ်ဆောင်လျှင် ယွဲ့ရန်ကျင်း အောင်မြင်နိုင်ဖို့ များသည်ဟုလည်း အစပိုင်းတွင် မှတ်ယူခဲ့သေး သည်။



သို့ရာတွင်...

တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်ကြသည့်အခါတွင်တော့ ယန်ကုန်းမင်းနှင့် ယွဲ့ရန်ကျင်းတို့သည် လူအင်အားအသာဖြင့် ဝိုင်းဝန်း တိုက်ကြသည့်တိုင် အရေးမလှ ရှိနေသည်ကို တွေ့ရတော့ ကြူးတိတ် အိ စိတ်ပျက်မိသည်။

မိမိ ပါဝင်မှ ဖြစ်တော့မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

ယွဲ့ရင်းကျင်း၏ ပြောစကားများအရ ကေမိဝါဆိုသော မိန်း ကလေးသည် အဓိကပစ်မှတ်ဖြစ်ကြောင်း ကြူးတိတ်အိ နားလည် ထားသည်။

ထို့ကြောင့် မိမိပါဝင် တိုက်ခိုက်သောအခါ ကေမိဝါကို အမိ ဖမ်းယူခေါ် ဆောင်သွားနိုင်ရေးကိုသာ ဦးတည်လုပ်ဆောင်ဖို့ စိတ်ကူး ထားသည်။

ကျင်းယုလိုင်နှင့် ကေမိဝါတို့၏ သိုင်းပညာနှင့် လက်စွမ်း လက်စ အတော်လေး ထက်သည်ကိုလည်း သိထားရသည်မို့ ကြူး တိတ်အိက အရမ်းတော့မလုပ်။

အလျှင်မြန်ဆုံးနှင့် အထိမိဆုံး လှုပ်ရှားလုပ်ဆောင်နိုင်ရန် အတွင်းအားများကို စုစည်းအသင့်ပြင်လျက် အခွင့်အခါကောင်းကို အသာစောင့်ကြည့်နေသည်။

ထို့နောက်...

ကြူးတိတ်အိသည် ပုန်းအောင်းချောင်းကြည့်နေရာမှ လေ ဟုန်၏လျှင်မြန်ခြင်းဖြင့် လှစ်ခနဲ ပြေးထွက်လာသည်။

ကိုယ်ဖော့ပညာသုံးကာ အလျှင်မြန်ဆုံး ပြေးလွှား၍ ကေမိ

www.burmeseclassic.com

www.burmeseclassic.com



ဝါအနီးသို့ ချဉ်းကပ်သည်။

အနားသို့ ရောက်သည်နှင့် ပျော့ခွေကြောကို ဆတ်ခနဲ ထိုးပိတ်သည်။

မမျှော်လင့်ဘဲ ရုတ်တရက် ပေါ်ထွက်လာကာ လျင်မြန်သွက်လက်စွာ လှုပ်ရှားလုပ်ဆောင်မှုကြောင့် ကေမိဝါမှာ ကောင်းကောင်း အငိုက်မိသွားသည်။

တိုက်ပွဲအတွေ့အကြုံ မရှိသေးသော ကေမိဝါသည် ခံစစ်နှင့် တိုက်စစ်တို့ကို အဆင်ပြေစွာ ပေါင်းစပ်လှုပ်ရှားခြင်း မပြုတတ်သေးပေ။

ခံစစ်ပြုလျှင် တိုက်စစ်ကို လုံးလုံးရပ်တန့်ထားသည်။

ထိုနည်းတူ တိုက်စစ်ဆင်ရာတွင်လည်း ခံစစ်ကို လုံးဝ မလုပ်။

ထို့ပြင် ခံစစ်ပြုနေရာမှ တိုက်စစ်သို့ရုတ်ခြည်း ပြောင်းလဲမှုနှင့် တိုက်စစ်ပြုနေရာမှ ခံစစ်သို့ ချက်ချင်းပြောင်းလဲမှု နည်းဗျူဟာ တိုက်နည်း ပရိယာယ်များတွင်လည်း မကျွမ်းကျင်သေးပေ။

တုန့်နှေးမှုများ ရှိနေသည်။

ကြူးတိတ်အိ ရုတ်တရက် ပေါ်ပေါက် တိုက်ခိုက်လာချိန်တွင် ကေမိဝါသည် ယန်ကုန်းမင်းကို ဖိ၍ တိုက်စစ်ဆင်နေသည်။

ယန်ကုန်းမင်း နောက်ကို ဆုတ်၍ဆုတ်၍ နေသည့်အတွက်လည်း ကေမိဝါမှာ အတော့်ကို အားတက်နေသည်။

ယန်ကုန်းမင်းကို အနိုင်ရတော့မည်ဟုလည်း စိတ်ထဲက တက်ကြွနေသည်။



ကေမိဝါ၏ စိတ်အာရုံများသည် တိုက်စစ်တွင်သာ အဓိက စူးနစ်ဝင်နေသည်။

ထို့ကြောင့် ကြူးတိတ်အိ ရုတ်တရက် ပေါ်ထွက်လာသည်ကို မမြင်။

မိမိထံသို့ အနီးကပ် ရောက်လာသည်ကိုလည်း ရုတ်တရက် မသိ။

သူမ၏ သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှုအားလုံးသည် တိုက်စစ်တွင်သာ စုစည်းအသုံးချနေကာ ခံစစ်အတွက် တစ်ကွက်တစ်လေမျှပင် ပြင်ဆင် ချန်လှပ်ထားခြင်း မရှိသည့်အတွက် အလိုအလျောက် တုံ့ပြန်ခုခံ ကာကွယ်မှုလုပ်ရာတွင်ပင် တုံ့နှေး၍နေသည်။

အလိုအလျောက် တုံ့ပြန်ခုခံမှု လုပ်တော့မည့်အချိန်တွင် ကြူးတိတ်အိက ပျော့ခွေကြောကို မိမိရရ ထိုးပိတ်ပြီးသွားလေပြီ။

သစ်စိမ်းဂိုဏ်းမှ ထိပ်တန်း ဂိုဏ်းခွဲမှူးတစ်ယောက် ဖြစ်သော ကြူးတိတ်အိ အကြောထိုးပိတ်မှုကလည်း ထိမိပိုင်နိုင်လှလေသည်။

ကျင်းယုလိုင်ကမူ ကြူးတိတ်အိ ပြေးထွက်လာသည်ကို ရိုး[illegible]ခနဲ မြင်သည်။

ကျင်းယုလိုင်သည် ကေမိဝါလိုမဟုတ်ဘဲ ရင်ဆိုင်တိုက်မှု အတွေ့အကြုံရှိသူဖြစ်ရာ တိုက်စစ်ဆင်မှုတွင် ခံစစ်ကွက်များကို အရံ [illegible] ပြုလုပ်ထားသည်။

အကယ်၍ ကြူးတိတ်အိက ကျင်းယုလိုင်ကိုသာ ဝင်တိုက်ခဲ့လျှင် ထိုက်သင့်သမျှတော့ ရင်ဆိုင်ခုခံနိုင်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းယုလိုင်သည် နောက်သို့ ဆုတ်၍ဆုတ်၍ နေသော ယွဲ့ရန်ကျင်းကို အတင်းဖိ၍ တိုက်နေချိန်ဖြစ်ရာ ယန်ကုန်းမင်းကို လိုက်တိုက်နေသော ကေမိဝါနှင့် ဘေးချင်းကပ် ပခုံးချင်း ယှဉ်လျက်လည်း ရှိမနေတော့။

လက်တစ်ကမ်းစာ မကာပင် ကွာလှမ်းနေပြီ။

ထို့ကြောင့် ရုတ်တရက် ပေါ်ထွက်လာသူသည် ကေမိဝါကို ဦးတည်၍ တိုက်ခိုက်ကြောင်းကို ဖျတ်ခနဲ သိလိုက်သော်လည်း ထို သို့မျှ ကြားဖြတ်ဟန့်တားခြင်း မပြုလုပ်နိုင်။

ကေမိဝါကို ကူညီပေးမည် ပြုသောအခါတွင်တော့ တန် ဖက်ရန်သူ၏ တိုက်ခိုက်မှုက လက်ဦးသွားခဲ့လေပြီ။

သို့သော် ကျင်းယုလိုင်သည် တတ်နိုင်သမျှ ကာကွယ်ပေး နိုင်ရန် ကေမိဝါရှိရာသို့ ပြေးဝင်လာခဲ့သည်။

➤ ➤ ➤



## အခန်း(၇)

ကြူးတိတ်အိ မည်သူမည်ဝါ ဖြစ်သည်ကို ယန်ကုန်းမင်း …သိပေ။

ဝတ်ဆင်ထားသော ဝတ်စုံကိုကြည့်၍ သစ်စိမ်းဂိုဏ်းသား …ယောက်မှန်းတော့ နားလည်သည်။

ထို့ကြောင့် ကြူးတိတ်အိက ကေမိဝါကို အကြောထိုးပိတ် …ကိုက်သောအခါ ယန်ကုန်းမင်းကလည်း အသာပင် တိုက်ခိုက်မှုကို …တန့်ပေးလိုက်သည်။

ကြူးတိတ်အိသည် ပျော့ခွေကြော ထိုးပိတ်ခံရ၍ မလှုပ်နိုင် …နိုင် ဖြစ်သွားသော ကေမိဝါကို ဖမ်းခေါ်သွားနိုင်ရန် ဆွဲပွေ့မည် …သည်။

ထိုအချိန်မှာပင် ကျင်းယုလိုင်ကလည်း ကေမိဝါကို တတ်နိုင် … ကာကွယ်ပေးနိုင်ရန် ပြေးဝင်လာသည်။

ကြူးတိတ်အိကို လက်ဝါးဖြင့် လှမ်းရိုက်သည်။

ကြူးတိတ်အိ အခက်တွေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းယုလိုင့်၏ လက်ဝါးရိုက်ချက်ကို ကာကွယ်ခုခံမည်ဆိုလျှင် ကေမိဝါကို ဆွဲပွေ့လို့ မဖြစ်တော့။

ကေမိဝါကို ဆက်၍ ဆွဲပွေ့ယူမည်ဆိုလျှင်လည်း ကျင်းယုလိုင်၏ လက်ဝါးရိုက်ချက် အထိခံရဖို့ အခြေအနေရှိသည်။

"ယား"

ကြူးတိတ်အို့ အကျပ်တွေ့နေခိုက်မှာပင် ယန်ကုန်းမင်းက အော်ဟစ်အသံပေးကာ ကျင်းယုလိုင်၏ လက်ဝါးရိုက်ချက်ကို ကြားဖြတ်ဝင်ရောက် ဖျက်ထုတ်တိုက်ခိုက်သည်။

ယန်ကုန်းမင်း၏ ကြားဝင် နှောင့်ယှက်မှုကြောင့် ကျင်းယုလိုင်၏ လက်ဝါးရိုက်ချက် ရှုပ်ထွေး ပျက်ပြယ်သည်။

ကြူးတိတ်အိကလည်း ချက်ဆို နားခွက်က မီးတောက်သွားပီပီ ကေမိဝါကို အမိအရ ပွေ့ယူလိုက်လေသည်။

ကျင်းယုလိုင်သည် ယန်ကုန်းမင်းကို အရေးမထားဘဲ ကြူးတိတ်အိကိုသာ အတင်းဝင်တိုက်ဖို့ ကြိုးစားသည်။

သို့သော် ယန်ကုန်းမင်းက ထိုသို့ လုပ်ခွင့်မပြု။

ကျင်းယုလိုင်အား ခပ်ကြမ်းကြမ်း ဝင်တိုက်သည်။

ဇီးကွက်လက်ဝါး ရိုက်ပုတ် ကုတ်ဆွဲကွက်ကို မသုံးတော့။

ဇီးကွက်နှုတ်သီး ထိုးစိုက်ကွက်ကို သုံးသည်။

ဝက်ဖြူကြီးအရက်ဆိုင်တွင် ကျင်းယုလိုင်နှင့် တိုက်ခိုက်ခဲ့စဉ်က ဇီးကွက်လက်ဝါး ရိုက်ပုတ်ကုတ်ဆွဲကွက်ကို သုံးခဲ့ရာ ကျင်းယုလိုင်က အမိကပျော့ကွက် သွေးကြောနေရာကို သေသပ်ပိုင်နိုင်စွာ ခြိမ်းခြောက်တန်ပြန်နိုင်ခဲ့သည်။



ဇီးကွက်လက်ဝါးပုတ်ထုတ် ကုတ်ဆွဲကွက်၏ ပျော့ကွက်ဘတ်ကွက်များကို မိမိရရ အုပ်စီးတိုက်ခိုက်နိုင်စွမ်း ကျင်းယုလိုင်တွင်ရှိနေကြောင်း နားလည်သိရှိခဲ့ပြီးပြီမို့ ယန်ကုန်းမင်းက ထိုအကွက်ကို သုံးတော့။

ဇီးကွက်နှုတ်သီး ထိုးစိုက်ကွက်ဖြင့် တစ်နည်းတစ်မျိုး တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ယန်ကုန်းမင်းသည် ညာလက်ကို ဆတ်ခနဲ ဆန့်ထုတ်လိုက်သည်။

ညာလက်ချောင်းငါးချောင်းကိုတော့ ငှက်နှုတ်သီးသဏ္ဌာန်ဖြင့် ခပ်ကွေးကွေးလုပ်ထားသည်။

ညာလက်ဆန့်ထုတ်မှုနှင့်အတူ စုထားသော လက်ချောင်းများက ကျင်းယုလိုင်၏ လည်ပင်း ဘယ်ဘက်ပိုင်းဆီသို့ တန်း၍ စိုက်သည်။

ကျင်းယုလိုင်က ဘယ်ဘက်လက်ကိုဝိုက်ကာ တစ်ချက်တ် ပင့်တင်သည်။

ကျင်းယုလိုင်၏ ဘယ်လက်ခုံသည် ယန်ကုန်းမင်း၏ ညာတံတောင်ဆစ်ကို အောက်မှပင့်ကာ ဆတ်ခနဲ ရိုက်မိသည်။

ဇီးကွက်နှုတ်သီးထိုးစိုက်ကွက်ဖြင့် တိုက်ခိုက်လျှင် တံတောင်ဆစ် နေရာတွင် အတွင်းအားများကို စုစည်းထားရသည်။

တိုက်ကွက်၏ အင်အားအရှိန်အဟုန် အခြေအမြစ် နေရာမှာ တံတောင်ဆစ် ဖြစ်သည်။

ကျင်းယုလိုင်က ယန်ကုန်းမင်း၏ ညာတံတောင်ဆစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်ဝါးဖြင့် ပင့်ကာ ရိုက်လိုက်မှုသည် ဇီးကွက်နှုတ်သီး ထိုးစိုက်ကွက်၏ အင်အားအခြေခံကို ဖျက်ပစ်လိုက်နိုင်၏။

ယန်ကုန်းမင်း၏ စုထားသော ညာလက်များ၏ ထိုးစိုက်မှုတွင် အင်အားမပါတော့။

ကျင်းယုလိုင်၏ အကွက်ကျကာ ထိမိပိုင်နိုင်သော တိုက်ခိုက်မှုကြောင့် ယန်ကုန်းမင်း အံ့ဩတုန်လှုပ်သွားသည်။

ဇီးကွက်နှုတ်သီးထိုးစိုက်ကွက် ပျက်ပြားသွားပြီမို့ ယန်ကုန်းမင်း၏ ကိုယ်ပေါ်တွင် ဟာကွက်လစ်ကွက်နေရာတွေလည်း အများပင် ပေါ်ထွက်သည်။

ကျင်းယုလိုင်က ဟာကွက်တစ်ခုခုကို အမိအရ ထိုးနှက်လျှင် ယန်ကုန်းမင်း ကောင်းကောင်းကြီး အထိနာပေတော့မည်။

ကျင်းယုလိုင်မှာ ကေမိဝါကို ရန်သူ့လက်မပါရန် ကာကွယ်နိုင်ရေးကိုသာ အမိက အလေးထားပေရာ ယန်ကုန်းမင်း၏ ကြားဖြတ်တိုက်ခိုက်မှုကို ချေဖျက်ခုခံပြီးသောအခါ ဆက်လက်တိုက်ခိုက်ခြင်းပင် မပြုတော့။

ကြူးတိတ်အိ ပွေ့ယူမိပြီဖြစ်သော ကေမိဝါကို ကယ်တင်ပြန်လုယူရန်သာ ရှေ့သို့လှမ်းမည် ပြုသည်။

ထိုအချိန်တွင်...

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဇာတ်သိမ်းတွင်ဆက်လက်ဖတ်ရှုရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ချောင်းလင်းသိုင်းကညာ

(ဒုတိယပိုင်း–ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ကျင်းယုလိုင်၏ ယာယီရွက်ဖျင်တဲအနီးတွင် ဖြစ်ပွားသော တိုက်ခိုက်မှုကို ချောင်းမြောင်းကြည့်နေသူ နောက်တစ်ယောက် ရှိသေး၏။

ထိုလူသည် အသက်နှစ်ဆယ်ဝန်းကျင် လူရွယ်တစ်ယောက်ဖြစ်သည်။

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။

တကယ်တော့ ထိုလူရွယ်သည် နံနက်နေထွက်စအချိန်ကပင် ကျင်းယုလိုင်၏ ယာယီရွက်ဖျင်တဲနှင့် မလှမ်းမကမ်းရှိ သိပ်သည်းထူထပ်သော ချုံပုတ်ကြီးတစ်ခုထဲတွင် လျှို့ဝှက်ငြိမ်သက်စွာ ပုန်းအောင်းကာ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါ ထိုနေရာသို့ ရောက်မလာမီကတည်းကပင် လူရွှယ်က ချောင်းကြည့်အကဲခတ်နေခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် နောက်မှ ရောက်လာကြသော ကေမိဝါ၊ ယွဲ့ရန်ကျင်းတို့လူစုနှင့် ကြူးတိတ်အိတို့ အားလုံးသည် ထိုလူရွှယ် ပုန်းအောင်း ချောင်းကြည့်နေသည်ကို မသိကြပါ။

ကျင်းယုလိုင်ကိုယ်တိုင်လည်း သူ၏ ယာယီရွက်ဖျင်တဲနား၌ ထိုလူရွှယ်ရှိနေမှုကို မရိပ်မိ။

ဝတ်စုံစိမ်းလူရွှယ်သည် ကေမိဝါနှင့် ကျင်းယုလိုင်တို့နှစ်ဦး ပြောဆိုကြသည့် စကားများကို အစအဆုံး ကြားသိခဲ့သလို ယွဲ့ရန်ကျင်းနှင့် မီးလျှံဓားကွက်ယန်ကုန်းမင်းတို့လူစု ရောက်လာပြီး တိုက်ခိုက်ကြမှုများကိုလည်း သေသေချာချာပင် တွေ့မြင်နေခဲ့သည်။

ယွဲ့ရန်ကျင်းတို့လူစုနောက်မှ ကြူးတိတ်အိ လျှို့ဝှက်စွာ ခြေရာခံလိုက်ပါလာမှုကိုတော့ ဝတ်စုံစိမ်းဝတ်လူရွှယ် မသိပေ။

ပုန်းအောင်းနေရာမှ ကြူးတိတ်အိက ကေမိဝါကို တိုက်ခိုက်အကြောပိတ် ဖမ်းဆီးသောအခါတွင်မှ မိမိအပြင် အခြားလူတစ်ယောက်လည်း တိုက်ခိုက်မှုကို ချောင်းကြည့်နေကြောင်း ဝတ်စုံစိမ်းဝတ်လူရွှယ် သိရလေသည်။

ကျင်းယုလိုင်ကလည်း ယန်ကုန်းမင်းကို ဆက်လက်မတိုက်ခိုက်တော့ဘဲ ကေမိဝါကို ကူညီကယ်တင်ပေးရန် ကြူးတိတ်အိ ရှိရာသို့ တိုးဝင်မည်ပြုသည်။

ထိုအချိန်မှာပင် တစ်ဟုန်ထိုး ပြေးထွက်လာသော ဝတ်စုံစိမ်းလူရွှယ်သည် ကြူးတိတ်အိတို့အနားသို့ ရောက်လာ၏။



ဝတ်စုံစိမ်းဝတ်လူရွှယ်က ကြူးတိတ်အိ၏နောက်ကျောကို ညာလက်ဝါးဖြင့် တအားရိုက်ချသည်။

တစ်ချိန်တည်းလိုလိုမှာပင် ကြူးတိတ်အိ ပွေ့ချီဖမ်းဆီးထားသော ကေမိဝါကို ဘယ်လက်ဖြင့် ဆွဲယူသည်။

မထင်မှတ်သော ရုတ်တရက် တိုက်ခိုက်မှုကြောင့် ကြူးတိတ်အိမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ဝတ်စုံစိမ်းဝတ်လူရွှယ်၏ လက်ဝါးရိုက်ချက် အထိမခံရအောင် ကမန်းကတန်းပင် ရှောင်တိမ်းလိုက်ရ၏။

အပိုင်အနိုင် ဖမ်းမိထားသော ကေမိဝါကိုလည်း လက်မလွှတ်လိုသောကြောင့် အလွှတ်မပေးဘဲ ဆက်၍ ဖမ်းပွေ့ထားလေရာ ကြူးတိတ်အိမှာ လှုပ်ရှားမှု အနည်းငယ် တုံ့နှေးသလို ဖြစ်သည်။

ထို့ကြောင့်...

လူရွှယ်၏ လက်ဝါးရိုက်ချက်ကို အပီအပြင် လွတ်အောင် မရှောင်နိုင်တော့။

"ဝုန်း"

ကြူးတိတ်အိ လက်ဝါးရိုက်ချက် အထိခံလိုက်ရ၏။

ဝတ်စုံစိမ်းဝတ်လူရွှယ်က နောက်ကျောအလယ်တည့်တည့်ကို ပစ်မှတ်ထားကာ အပြတ်ရိုက်ချလိုက်သော်လည်း ကြူးတိတ်အိက လှုပ်ရှားရှောင်တိမ်းလိုက်သည့်အတွက် မူလဦးတည်ရာ ပစ်မှတ်နေရာကိုမူ မရိုက်မိ။

ညာဘက်ပခုံးကိုသာ လက်ဝါးရိုက်ချက် ထိသည်။

ကြူးတိတ်အိ ပွေ့ချီချုပ်ဖမ်းထားသော ကေမိဝါကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်းဝတ်လူရွယ်က လွတ်အောင် ဆွဲယူလိုက်နိုင်သည်။

ညာဘက်ပခုံးတွင် လက်ဝါးရိုက်ချက် အထိခံရမှုကြောင့် ကိုယ်ဟန်ကို မထိန်းနိုင်ဘဲ ယိမ်းယိမ်းယိုင်ယိုင် ဖြစ်သွားသော ကြူးတိတ်အိသည် ဆင့်ကဲတိုက်ချက်တွေ ဝင်လာလျှင် အထိနာမည်ဖြစ်သောကြောင့် ယိုင်သွားသော ကိုယ်ဟန်ကို ထိန်းရင်း နောက်သို့ ဆုတ်သွားသည်။

ကျင်းယုလိုင်က ကြူးတိတ်အိကို ပြေးဝင်တိုက်ခိုက်သည်။

ကေမိဝါကို ပြန်လည်ဖမ်းယူခြင်း မပြုနိုင်စေရန် ဟန့်တားသည့်အနေဖြင့် ယခုလို တိုက်ခိုက်ခြင်း ဖြစ်သည်။

အခြေယိုင်နေသော ကြူးတိတ်အိသည် ကျင်းယုလိုင်၏ တိုက်စစ်ကို ရင်ဆိုင်ခြင်းမပြု၊ နောက်သို့သာဆက်၍ ဆုတ်သွားသည်။

ထိုအချိန်တွင် ဝတ်စုံစိမ်းဝတ်လူရွယ်သည် ကေမိဝါ၏ ပိတ်နေသော အကြောများကို ခပ်သွက်သွက် ဖြေဖွင့်ပေးလိုက်လေသည်။

"သေးလွတ်အောင် ရှောင်နေ၊ မင်းကို တို့လာတွေ့မယ်"

အကြောပိတ်နေမှုကို ခပ်မြန်မြန်ဖွင့်ပေးပြီးနောက် လူရွယ်က ကေမိဝါကို ပြောသည်။

ကေမိဝါက တစ်စုံတစ်ရာ ပြန်ပြောမည်ပြုသည်။

သို့သော်…

လူရွယ်က ကေမိဝါ၏စကားကို နားထောင်မနေတော့။

လှစ်ခနဲ ကိုယ်ဟန်လှုပ်ရှားကာ ပြေးထွက်လျက် ကြူးတိတ်အိကို ဝင်တိုက်သည်။

➤ ➤ ➤



ကေမိဝါမှာ အတော်ပင် စိတ်လှုပ်ရှားစွာ ကျန်နေခဲ့သည်။

သည်ရက်ပိုင်းတွေသည် ကေမိဝါအဖို့ ယခင်က မကြုံဖူးသေးသည့် အတွေ့အကြုံသစ်တွေကိုချည်း တွေ့နေရသည်။

မည်သို့မျှ မျှော်လင့်မထားသော ဟန်လူမျိုး လူရွယ်များနှင့် တစ်ယောက်ပြီးတစ်ယောက် ဆိုသလိုလည်း ဆုံတွေ့နေရပြန်လေသည်။

ယခု…

သူမကို အကြောပိတ်ဖမ်းဆီးခံထားရမှုမှ ဝင်ရောက်ကယ်တင်သွားသူ ဝတ်စုံစိမ်းဝတ်လူရွယ်ကို ယခုမှ စတင်တွေ့မြင်ဖူး၍ ခည်သူမည်ဝါဟု မသိသော်လည်း ဟန်ဘာသာ စကားဖြင့် ပြောဆိုသွားမှုနှင့် ရုပ်ရည်သွင်ပြင် ဝတ်စားပုံတို့ကို ထောက်ရှု၍ ဟန်လူမျိုးလူရွယ်တစ်ယောက် ဖြစ်ကြောင်းကိုတော့ ကေမိဝါ ကောင်းကောင်း သိလိုက်ရသည်။

ထိုလူရွယ် ပြောသွားသည့် စကားကလည်း စိတ်ဝင်စားအတွေးများစရာ။

မိမိကို နောက်မှ လာတွေ့မည်တဲ့။

ယခု ဘေးကင်းအောင် ရှောင်နေရမည်တဲ့။

ပြောဆိုသွားပုံတို့မှာ မိမိနှင့် ပတ်သက်သည့် အကြောင်းကိစ္စတစ်ခုခု ရှိသည့်အသွင်မျိုး။

ကေမိဝါမှာတော့ သည်လူရွယ်ကို အခုမှသာ မြင်ဖူးပေရာ ဘာအကြောင်းကိစ္စကြောင့် ပြန်လည်ဆုံတွေ့ရစရာ ဖြစ်မည်ကို စဉ်းစားလို့မရ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ဇဝေဇဝါနှင့် အဖြေရှာမရ ဖြစ်နေသည့်ကြားမှ ကေမိဝါသည် တိုက်ပွဲအခြေအနေကို အကဲခတ် ကြည့်ရှုသည်။

မိမိကို လာရောက်တိုက်ခိုက်လာပါက ခုခံကာကွယ်နိုင်ရန် လည်း အသင့်ပြင်သည်။

ရှောင်တိမ်းထွက်ပြေးသွားဖို့တော့ စိတ်မကူးပေ။

ကြူးတိတ်အိသည် ကျင်းယုလိုင်၏ တိုက်ခိုက်မှုကို ရင်မဆိုင်ဘဲ နောက်သို့ချည်း ဆုတ်နေရသည်။

ဝတ်စုံစိမ်းဝတ် လူရွယ်ကပါ တိုက်ခိုက်ရန် ကြားဝင်လာလေရာ ကြူးတိတ်အိအဖို့ နှစ်ဖက်ညှပ် အတိုက်ခံရမည့် အခြေအနေမျိုး ပေါ်လာသည်။

ကြူးတိတ်အိတွင် ဝတ်စုံစိမ်းဝတ် လူရွယ်၏ လက်ဝါးရိုက်ချက် အထိခံထားရမှုကလည်း ရှိနေသည်။

သွေးကြောဘွက် နေရာပေါ် မိမိရရ အရိုက်ခံရခြင်း မဟုတ်၍ ဒဏ်ရာမပြင်းထန်သော်လည်း ထိချက်က သိပ်တော့ မသက်သာလှပါ။

မိမိကိုယ်တိုင် ဒဏ်ရာရနေသည့်အပြင် မိမိလူများ၏ တိုက်ကွက်ဗျူဟာတွေလည်း ဖရိုဖရဲ ပြိုလဲရှုပ်ထွေးနေသည့်အချိန်တွင် ဆက်လက်တိုက်ခိုက်ပါက အကျိုးထူး မရှိနိုင်တော့ဟု ကြူးတိတ်အိက တွက်သည်။

ထို့ပြင် ကြူးတိတ်အိအဖို့ ကျင်းယုလိုင်နှင့် အသေအကျေ တိုက်ခိုက်ဖို့ထက် ကေမိဝါဆိုသည့် မိန်းကလေးကို လက်ရဖမ်းဆီးနိုင်ရေးကိုသာ အဓိကရည်ရွယ်ချက်ထားသည်။



လက်တစ်လော ပြောင်းလဲသွားသော အခြေအနေအရ ကေမိဝါကို လက်ရဖမ်းဆီး ခေါ်သွားနိုင်ရေးမှာ မဖြစ်နိုင်တော့သည်မို့ အခွင့်သာသည့် အခြေအနေကို ထပ်မံစောင့်ဆိုင်းလုပ်ဆောင်ကာ အကောင်းဆုံး ဖြစ်မည်ဟု ကြူးတိတ်အိက တွက်သည်။

ထို့ကြောင့် နောက်သို့ ဆုတ်ပေးနေသော ကြူးတိတ်အိသည် တန်ပြန်တိုက်ခိုက်ခြင်း လုံးဝမပြုတော့ဘဲ ကိုယ်ဖော့ပညာသုံးကာ လှစ်ခနဲပင် ပြေးလွှားရှောင်ထွက်သွားလေတော့သည်။

ယွဲ့ရန်ကျင်းကိုပင် ဘာမျှ ပြောဆိုမသွားတော့။

ကြူးတိတ်အိ ထွက်ခွာသွားသည့်နောက်သို့ ဝတ်စုံစိမ်းဝတ် လူရွယ်က ပြေးလိုက်သွားလေသည်။

ကျင်းယုလိုင်ကတော့ လိုက်မသွား။

အသာကိုယ်ရှိန်သတ်ကာ နေရစ်သည်။

ကြူးတိတ်အိ ထွက်သွားသည်ကို တွေ့သောအခါ ယွဲ့ရန်ကျင်းမှာလည်း ဆက်လက်တိုက်ခိုက်ဖို့ စိတ်မကူးတော့။

တစ်ချိုးတည်း လစ်ပြေးလေတော့သည်။

ထိုအခါ...

မီးလျှံဓါးကွက်ယန်ကုန်းမင်းမှာလည်း တစ်ယောက်တည်း နောက်ချန်မနေတော့ဘဲ အသာပင် ရှောင်ထွက်သွားပြန်လေတော့သည်။

ဤသို့ဖြင့် တိုက်ခိုက်မှုများ အဆုံးသတ်သွားရလေတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာတော့ ဖြစ်နေပြီ ကေမိဝါ"

"ရှင့်ကို ကျွန်မ တောင်းပန်ရမှာပဲ ကျင်းယုလိုင်"

တိုက်ခိုက်မှုများ အပြီးသတ်သွားသည့်အခါ ကေမိဝါနှင့် ကျင်းယုလိုင်တို့နှစ်ယောက် ပြိုင်တူလိုလိုပင် ပြောမိလိုက်ကြသည်။

ထို့နောက် တစ်ယောက်ကိုတစ်ယောက် အံ့ဩသလို ကြည့်လိုက်ပြီး...

"ဘာများ အားနာစရာ ဖြစ်တာလဲဟင်"

ကေမိဝါက မေးလိုက်သည်။

"မင်းကကော ဘာကို တောင်းပန်မှာလဲ"

ကျင်းယုလိုင်က ပြန်မေးသည်။

"ဩော်...ကျွန်မက ရှင့်ဆီ အလည်လာတာ၊ ပြဿနာ ခေါ်လာသလို ဖြစ်သွားတာကို တောင်းပန်ရမှာပေါ့ရှင်"

"ဟို...အင်း...တို့ဆီကို အလည်လာတဲ့မင်းကို တိုက်တာ ခိုက်တာတွေနဲ့ ရင်ဆိုင်သွားရတာကို တို့က အားနာမိတယ်လို့ ပြော မလို့ပါ"

"ဘယ်ကလာ၊ ဟိုလူကြီးတို့လူစုက ကျွန်မကို တိုက်ခိုက်ချင် ပြုဖို့ လိုက်ကြတာပဲ ဥစ္စာ"

"မဟုတ်တာ၊ သူတို့က တို့ကို လာရန်ပြုကြတာပါ"

"နေပါဦး၊ ရှင့်ကို လာရန်ပြုတယ်လို့ ပြောရအောင် သူတို့နဲ့ ရှင် ပြဿနာရှိလို့လား"

"ဟာ...ရှိတာပေါ့၊ မနေ့ညတုန်းက ဝက်ဖြူကြီးအရက်ဆိုင် မှာ မီးလျှံဖီးကွက် ယန်ကုန်းမင်းဆိုတဲ့ လူကြီးနဲ့ ကျုပ် မကျေမလည်



လေးတွေ ဖြစ်ခဲ့ကြတယ်လေ၊ အဲဒါအတွက် သူက လူစုပြီး တို့ကို လာရန်ပြုတာပေါ့"

"ဟုတ်ပါ့မလားရှင့်၊ ဟို စားရှည်ကိုင်ထားတဲ့ လူကြီးနဲ့ ကျွန်မ မနေ့ညနေတုန်းက ရင်ဆိုင်တိုက်ခိုက်ခဲ့ကြရတယ်၊ အဲဒီအ တွက် သူက ကျွန်မနောက်ကို ခြေရာခံလိုက်ပြီး တိုက်ခိုက်တာပါ"

ကျင်းယုလိုင်က မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်ပြီး...

"ဒီအတိုင်းဆိုရင် သစ်စိမ်းဂိုဏ်းက မင်းကို တိုက်ခိုက်ဖို့ အလာမှာ တို့ကို တိုက်ခိုက်မယ့် မီးလျှံဖီးကွက် ယန်ကုန်းမင်းနဲ့ ဆုံ ပြီး အတူတူပူးပေါင်းလာကြတာ ဖြစ်လိမ့်မယ်"

"ဟုတ်တယ်...အဲဒီအတိုင်း ဖြစ်နိုင်တယ်၊ ကျွန်မကို ရန်ပြု ချင်တဲ့လူတွေက သစ်စိမ်းဂိုဏ်းသားတွေပဲလို့ ရှင်က ဘာကြောင့် ပြောနိုင်တာလဲ၊ သူတို့ကို ရှင်သိလို့လား"

"မင်းနဲ့ ပြဿနာ ဖြစ်ခဲ့တယ်ဆိုတဲ့ စားရှည်ကိုင် လူကြီးကို တော့ မသိပါဘူး၊ မင်းကို အကြောပိတ်ပြီး အမိဖမ်းဖို့ကြံတဲ့ သူကို တော့ သိတယ်၊ သစ်စိမ်းဂိုဏ်းရဲ့နာမည်ကျော် ဂိုဏ်းခွဲမှူး ကြူးတိတ် ဆိုတာပဲ"

"ဩော်...ဩော်"

"မင်းက သစ်စိမ်းဂိုဏ်းနဲ့ ဘယ်လိုရန်ငြိုးရန်စ ရှိခဲ့လို့လဲ"

"ရန်ငြိုးရန်စတွေ မရှိခဲ့ပါဘူး"

"ဒါဆို သူတို့က မင်းကို အမိဖမ်းဖို့ ဘာကြောင့် ကြိုးစား ကြရတာလဲ"

ကေမိဝါ ပြန်မဖြေ။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ပိတ်နေသည်။

သစ်စိမ်းဂိုဏ်းက မိမိကို ဘာကြောင့် အမိဖမ်းဆီး ဆော်ဆောင်သည်ဆိုသည့် အကြောင်းရင်းကို ကေမိဝါ ကိုယ်တိုင်လည်း မစဉ်းစားတတ်ပေ။

"မင်းနဲ့ ဝန်ယုကောင်း ဘယ်လို ပတ်သက်ဆက်သွယ်မှု ရှိသလဲ"

ကေမိဝါ နှုတ်ဆိတ်နေသည့်အတွက် ကျင်းယုလိုင်က မေးခွန်းတစ်ခု ထပ်မေးသည်။

"ဟင့်အင်း...ဘယ်လိုမှ မပတ်သက်ဘူး၊ ကျွန်မ အသိအကျွမ်းတွေထဲမှာ ဝန်ယုကောင်းဆိုတဲ့နာမည်နဲ့လူလဲ မရှိဘူး"

"ဝန်ယုကောင်းနဲ့ မပတ်သက်ဘဲနဲ့ မင်းက ဘယ်လိုလုပ်ပြီး ဟိုဖိန့်ကို သိနေတာလဲ"

ဤမေးခွန်းကိုတော့ ကျင်းယုလိုင်က ချိန်ချိန်ဆဆနှင့် မေးခြင်း ဖြစ်သည်။

သူ၏အမူအရာမှာလည်း လေးနက် တည်ကြည်လာသည်။

"ဟိုဖိန့်ကို သိတယ်လို့ ကျွန်မ ပြောမိလို့လား"

"မင်းပဲ တို့နာမည် ဟိုဖိန့်လား ဘာလားနဲ့ မေးခဲ့တာ မဟုတ်လား"

"အဲဒီလို မေးတော့ ကျွန်မက ဟိုဖိန့်ကို သိရောတဲ့လား မသိလို့ မေးတာပေါ့ရှင့်၊ သိရင် အဲလိုမျိုးမေးနေပါ့မလား"

"ဘယ်လိုပဲဖြစ်ဖြစ် ဟိုဖိန့်ဆိုတဲ့နာမည်ကိုတော့ မင်းသိနေတယ် မဟုတ်လား၊ ဘယ်လိုလုပ်ပြီး သိခဲ့တာလဲ၊ ပြောပြနိုင်မလား"



ဟိုဖိန့်၏အမည် သိရှိခဲ့ရပုံအကြောင်းကို ပြောပြဖို့ သင့်မသင့် ကေမိဝါ စဉ်းစားကြည့်သည်။

ယခုကိစ္စများနှင့် ပတ်သက်၍ မိမိအနေဖြင့် ဘာမှန်းညာမှန်းပင် မသိ။

ဘယ်လို အစရှာ စုံစမ်းရမည်ကိုလည်း မမှန်းဆတတ် ဖြစ်နေရာ ကျင်းယုလိုင်ကို ပြောပြသင့်သလောက် ပြောပြလျှင် အဖြေရှာရာ၌ အကူအညီ ရနိုင်မည်ဟု တွေးမိသည်။

"ဒီလိုပါ ရှင်နဲ့ ကျွန်မ သိကျွမ်းခဲ့ရတဲ့ မနက်မှာပဲ တန်အိဖန်ဆိုတဲ့ ဟန်လူမျိုးလူရွယ်တစ်ယောက်နဲ့ ကျွန်မ ထပ်ပြီး တွေ့ဆုံသိကျွမ်းခဲ့ရတယ်၊ တန်အိဖန်က ကျောက်စိမ်းမြို့စခန်းရှိရာကို သွားချင်တယ်ဆိုလို့ ခရီးလမ်းညွှန်ပြခဲ့တယ်လေ၊ အဲဒီနေ့ ညနေဘက်ကျတော့ ကျောက်စိမ်းမြို့စခန်းကို မရောက်ခင် နှစ်မိုင်သာသာခန့်ကွာတဲ့ တောတန်းတစ်နေရာမှာ တန်အိဖန်ကို သစ်စိမ်းဂိုဏ်းသားသုံးယောက်က ဝိုင်းတိုက်ခိုက်ရန် ပြုနေတာကို ကျွန်မ တွေ့ရတယ်"

"တန်အိဖန်က သစ်စိမ်းဂိုဏ်းသားနှစ်ယောက်ကို သုတ်သင်ပစ်နိုင်ခဲ့ပေမယ့် သူကိုယ်တိုင်လဲ သစ်စိမ်းဂိုဏ်းသားတွေ့ လက်ချက်နဲ့ သေဆုံးသွားခဲ့တယ်၊ သူမသေခင် ကျွန်မကို ခေါက်ယပ်တောင်တစ်ခု ပေးခဲ့တယ်၊ ဟိုဖိန့်ဆိုတဲ့လူ ရောက်လာရင် အဲဒီ ခေါက်ယပ်တောင်ကို ပေးဖို့လဲ မှာသွားတယ်၊ ခက်တာက ဟိုဖိန့် ဘယ်သူလဲဆိုတာ ကျွန်မ သိကိုမသိဘူး၊ ဘယ်မှာရှာမယ်ဆိုတာလဲ မသိဘူး၊ ဖြစ်နိုင်ရင် အဲဒီလူကို ကူညီဖို့ လမ်းရှာဖွေပေးပါလား"

ကေမိဝါ အကြောင်းအမျိုးမျိုး ပြောပြပြီး ကျင်းယုလိုင်ထံမှ

www.burmeseclassic.com

www.burmeseclassic.com



အကူအညီလဲ တစ်ဆက်တည်း တောင်းလိုက်သည်။

"မင်းကို ခေါက်ယပ်တောင် ပေးသွားတဲ့ လူရဲ့နာမည်ဗ
တန်အိဖန်တဲ့လား"

"ဟုတ်တယ်၊ သူကိုယ်တိုင် ပြောဆို မိတ်ဆက်ပေးခဲ့တာပဲ"

"သူပေးထားခဲ့တဲ့ ခေါက်ယပ်တောင် အခု မင်းဆီမှာ ပါလာ
သလား"

"အင်း... ပါလာတယ်"

"တို့ကို ပြနိုင်မလား"

"ပြနိုင်ပါတယ်... ဟောဒီမှာ"

ကေမိဝါ အင်္ကျီရင်ဘတ် အတွင်းအိတ်ထဲထည့်၍ သေသေ
ချာချာ သိမ်းထားသော ခေါက်ယပ်တောင်ကို ထုတ်၍ ပြလိုက်သည်။

ကျင်းယုလိုင်က အသာလှမ်းယူကာ ခေတ္တမျှ ကြည့်ရှုပြီး
ကေမိဝါကို ပြန်ပေးသည်။

"သေသေချာချာ ပြန်သိမ်းထားလိုက်ပါဦး"

ကေမိဝါလည်း ခေါက်ယပ်တောင်ကို မူလနေရာတွင် ပြန်
ထည့်၍ သိမ်းထားလိုက်သည်။

ခေါက်ယပ်တောင်ကို ကောင်းစွာ ပြန်လည်သိမ်းဆည်းပြီး
သောအခါတွင်မှ ကျင်းယုလိုင်က စကားဆက်၏။

"အင်း...မင်းအနေနဲ့ ဟိုဖိန့်ကို အထွေအထူးလိုက်ပြီး စုံစမ်း
ရှာဖွေနေစရာ မလိုတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုဖိန့်က မင်းကို လာတွေ့ပါလိမ့်မယ်"



ကေမိဝါမှာ အတော်ပင် အတွေးရခက်သွားပြီး...

"ဟိုဖိန့်က ကျွန်မကို ဘယ်လိုလုပ်ပြီး လာတွေ့နိုင်မှာလဲ၊
မကို သူက သိမှမသိသေးတဲ့ဥစ္စာ"

"ဟိုဖိန့်က မင်းကို သိရုံတင်မကဘူး မြင်တောင်မြင်ဖူးသွား
မင်းနဲ့ စကားလဲ ပြောပြီးသွားပြီ"

"ဟင်... ဟုတ်ပါ့မလား"

"သိပ်ဟုတ်တာပေါ့၊ စောစောက မင်းအကြောင်းပိတ် အဖမ်း
တော့မလို ဖြစ်နေတာမှာ ဝင်ပြီး ကူညီပေးသွားတဲ့ ဝတ်စုံစိမ်းဝတ်
ာ ဟိုဖိန့်ပဲ၊ သူက မင်းကို လာတွေ့မယ်လို့ ပြောသွားတယ်
တ်လား၊ ဒီတော့ မင်းက သူ့ကို လိုက်ရှာဖို့ လိုတော့မှာလား၊
ာတွေ့မှာကို စောင့်နေလိုက်ရုံပဲ ရှိတော့တာပေါ့"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါ၏စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေမှုကတော့ မပျောက်သေး။

"ဒါနဲ့ နေပါဦး၊ ဝတ်စုံစိမ်းနဲ့လူဟာ ဟိုဖိန့်ပါလို့ ရှင်က ဘာကြောင့် ပြောနိုင်တာလဲ၊ ရှင်က ဟိုဖိန့်ကို သိလို့လား"

"ပြောနိုင်စရာအကြောင်းတွေ ရှိနေတာကြောင့်လို့ပဲ ဖြေမှာပဲ၊ ပြီးတော့ တစ်ခုထပ်ပြောမယ်၊ မင်းက တန်အိဖန်လို့ သိထားတဲ့ လူဟာ တကယ်တော့ ဝန်ယုကောင်းပဲ ဖြစ်ရမယ်"

"သူ့နာမည် တန်အိဖန်ပါလို့ သူကိုယ်တိုင် ပြောဆို မိတ်ဆက် ပေးခဲ့တာပဲရှင့်"

ကျင်းယုလိုင်က အဲသာပြုံးလိုက်ကာ...

"နာမည်ဆိုတာက တစ်မျိုးလှည့်ပတ်ပြီး ပြောလို့ရနိုင်တာပဲလေ"

ကျင်းယုလိုင် ပြောသည်မှာ ကျိုးကြောင်းဆီလျော်သော ကြောင့် ကေမိဝါဆက်၍ အငြင်းမပွားတော့ပါ။

"အင်း...ရှင်ပြောတာ ဖြစ်နိုင်ပါတယ်၊ ဟိုဖိန့်တို့ ဝန်ယု ကောင်းတို့နဲ့ ရှင်နဲ့ကကော ဘယ်လိုပတ်သက်မှုတွေ ရှိသလဲ"

ကျင်းယုလိုင်က ခေတ္တစဉ်းစားလိုက်ပြီး...

"ဝတ်သက်မှုရယ်လို့တော့ အထွေအထူး မရှိပါဘူး သူတို့ အကြောင်းကို နည်းနည်းပါးပါး သိထားရုံလောက်ပါပဲ"

"ရှင်သိထားတာတွေ ကျွန်မကို ပြောပြနိုင်မလား ရှင် ပြောပြနိုင်သလောက် အတိုင်းအတာအထိပေါ့"

"ဟိုဖိန့်နဲ့ ဝန်ယုကောင်းတို့ဟာ ဝါးဖြူရွာဇာတိ၊ ငယ်သူ



ချင်းတွေ ဖြစ်ကြတယ်၊ သူတို့နှစ်ယောက်မှာ သိပ်အရေးကြီးတဲ့ လျှို့ ဝှက်ကိစ္စကြီးတစ်ခု ရှိနေတယ်၊ အဲဒီ လျှို့ဝှက်ကိစ္စကို လုပ်ဆောင်နိုင် ဖို့ သူတို့နှစ်ယောက် ဒီမြောင်နယ်ဒေသမှာ တွေ့ဆုံကြဖို့ ရှိတယ်ဆို တာလောက်ပဲ တို့သိထားပါတယ်"

လျှို့ဝှက်ကိစ္စဆိုသည့်အကြောင်းကို ကေမိဝါ မေးကြည့်လို သည်။

သို့သော် ကျင်းယုလိုင်က ထိုအကြောင်းကိုတော့ ပြောပြ ည် မဟုတ်ကြောင်း နားလည်သည့်အတွက် မမေးတော့ဘဲ အခြား မေးခွန်းကိုသာ ကေမိဝါက မေးမြန်းလေသည်။

"ဝါးဖြူရွာဆိုတာက ဘယ်နေရာမှာ ရှိတာလဲ"

"လိုရန်မြို့နဲ့ သိပ်မဝေးလှဘူး၊ လိုရန်မြို့ရဲ့အရှေ့ဘက် သုံး ခရီးအကွာလောက်မှာ ရှိတယ်"

"ကျွန်မကို တစ်ခုတော့ အကြံပေးပါလားဟင်"

"ဘာကို အကြံပေးရမှာလဲ"

"ဟိုဖိန့်က ကျွန်မကို လာတွေ့ရင် ကျွန်မ ဘာလုပ်ရမှာလဲ န်အိဖန် အဲလေ ဝန်ယုကောင်း ပေးထားခဲ့တဲ့ ယပ်တောင်ကို သူ့ က်အပ်လိုက်ရင် ကိစ္စပြီးပြတ်သွားနိုင်မလား"

"မင်းဟာ မထင်မှတ်ဘဲနဲ့ ဝန်ယုကောင်းတို့နဲ့ ကိစ္စမှာ ဝင် ပတ်သက်နေမိပြီ၊ အခုဆိုရင် သစ်စိမ်းဂိုဏ်းက မင်းကို ဝန်ယုကောင်း အဆက်အသွယ်လို့ တစ်ထစ်ချယုံကြည်နေတာကို မင်းလဲ အသိ သစ်စိမ်းဂိုဏ်းရဲ့ အန္တရာယ်က မင်းအပေါ် အုပ်မိုးနေပြီ၊ သူတို့က ကို တစ်နည်းနည်းနဲ့ အန္တရာယ်ပြုလိမ့်မယ်၊ ဒါကြောင့် မင်းအ

www.burmeseclassic.com

www.burmeseclassic.com



တွက် အကောင်းဆုံးကတော့ မင်းကိုယ်မင်း ဝန်ယုကောင်းရဲ့ အဆက်သွယ်အဖြစ် ခံယူပြီး ဟိုဖိန့်နဲ့အတူတူ ပူးပေါင်းလုပ်ဆောင်သွားဖို့ပဲ"

"ကျွန်မက ဘယ်လိုမျိုး ပူးပေါင်းလုပ်ဆောင်ရမှာလဲ"

"ဟိုဖိန့်နဲ့ တွေ့တဲ့အခါ ဝန်ယုကောင်း သစ်စိမ်းဂိုဏ်း လက်ချက်နဲ့ သေဆုံးသွားတဲ့အကြောင်း အသိပေးလိုက်ပြီးတော့ ဝန်ယုကောင်း မသေခင် သူ့အတွက် လုပ်ရမယ့်ကိစ္စတွေကို ဆက်လုပ်ဖို့ မှာကြားပြီး သူ့ရဲ့ပစ္စည်းကိုလဲ ပေးခဲ့တယ်လို့ ပြောပြလိုက်"

"ကျွန်မ ပြောတာကို ဟိုဖိန့်က ယုံကြည်လက်ခံပါ့မလား"

"မင်းဆီမှာ ဝန်ယုကောင်း ပေးထားခဲ့တဲ့ ပစ္စည်းရှိနေတာပဲ သူ ယုံကြည်မှာပေ့ါ"

"အဲဒီ ခေါက်ယပ်တောင်လေးက ဘာများ အရေးပါလို့လဲ"

"မင်းအနေနဲ့ ဘာမှ အရေးမလုပ်တော့ဘူး ထင်ရမယ့် ဒီခေါက်ယပ်တောင်လေးဟာ ဟိုဖိန့်နဲ့ ဝန်ယုကောင်းတို့အတွက် အသက်တစ်မျှကို အရေးကြီးတဲ့ ပစ္စည်းဖြစ်မှာ အမှန်ပဲ"

"အဲဒီ ခေါက်ယပ်တောင်ကို ဟိုဖိန့်လက် တစ်ခါတည်း အပ်လိုက်ရမှာလား"

"ဟာ…မင်းက တယ်ရိုးတာကိုး၊ အဲဒီလို အပ်လိုက်ရင် ဟိုဖိန့်က မင်းကို တစ်ခါတည်း ထုတ်ထားခဲ့မှာပေ့ါ၊ ဝန်ယုကောင်းက ပစ္စည်းတစ်ခု ပေးခဲ့တယ်လို့ပဲပြော၊ ခေါက်ယပ်တောင်လို့တောင် ထုတ်မပြောနဲ့၊ ပြလဲ မပြနဲ့၊ မင်းဘာသာ သေသေချာချာ သိမ်းထား အချိန်ကျမှသာ ထုတ်ပေးမယ် ပြောလိုက်"



"အဲဒီအချိန်က ဘယ်လို အချိန်အခါမျိုး ဖြစ်မှာလဲ၊ ပြောထားပါဦး"

ကျင်းယုလိုင်က ခေါင်းခါယမ်းလိုက်သည်။

"အဲဒါကိုတော့ တို့အနေနဲ့ ဘယ်လိုလုပ် ပြောနိုင်မှာလဲ၊ အခြေအနေကို ကြည့်ပြီး မင်းဘာသာ ချင့်ချိန်ဆုံးဖြတ်ပေ့ါ"

"ရှင် ပြောသလို ဟိုဖိန့်နဲ့အတူတူ ပူးပေါင်းလုပ်ဆောင်ရင် ကျွန်မအတွက် အန္တရာယ်ကင်း ဘေးရှင်းမှာလား"

"ဟာ…အဲဒီလိုတော့ ဘယ်ဟုတ်မှာလဲ၊ အန္တရာယ်ကတော့ ရှိနေဦးမှာပေ့ါ"

"ရှင့်ဟာကလဲ ဘယ်လိုကြီးလဲ"

"မင်းက ဒီမှာ ကျန်နေတာဖြစ်စေ၊ ဟိုဖိန့်နဲ့ ပူးပေါင်းလုပ်ဆောင်ရင်ဖြစ်စေ အန္တရာယ်ကတော့ မပပျောက်ဘူး၊ ရှိနေမှာပဲ"

"ဒါဆို ဘာထူးမှာလဲ"

"ဘယ့်နှယ် မထူးရမှာလဲ၊ မင်း ဒီမှာ ကျန်နေခဲ့ရင် အန္တရာယ် ထိပ်ရင်ဆိုင်ရမှာ၊ ဘာအကျိုးအပြစ်မှ မရနိုင်ဘူး၊ သူများ ဘီစ္စကြားမှာ သက်သက်မဲ့ ဓားစာခံရတဲ့သဘော ဖြစ်သွားမယ်၊ ဟိုဖိန့်နဲ့ ပူးပေါင်းလုပ်ဆောင်တော့ မင်းအဖို့ အကျိုးအမြတ်တွေ ရနိုင်တယ်၊ အန္တရာယ်နဲ့ ရင်ဆိုင်ရကျိုးနပ်တယ် ဆိုရမှာပေ့ါ၊ ကြားက ချောင်ဝင်ခံရတဲ့သဘောလဲ မဖြစ်တော့ဘူး၊ ပြီးတော့ အဲ…"

ကျင်းယုလိုင်က စကားကို မဆက်ဘဲထားရာ ကေမိဝါမှာ ဘာမရှည်နိုင်တော့ဘဲ…

"ပြီးတော့ ဘာဖြစ်သလဲရှင့်၊ ပြောစရာရှိတာ ပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဖိန့်နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် တို့အနေနဲ့လဲ မင်း အပေါ် အန္တရာယ်မကျရောက်ရအောင် တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်ပေးနိုင်တာပေါ့"

"ဒီလိုလုပ်မှ ရှင်က ကျွန်မကို ကူညီကာကွယ်ပေးမှာလား ဒီလိုမလုပ်ဘဲ ဒီမှာပဲ နေခဲ့ရင်ကော ရှင်က ကျွန်မကို မကူညီတော့ဘူးလား"

"ကဲ... ရှင်းရှင်းပဲပြောမယ်၊ တို့က ဟိုဖိန့်နောက်ကို နောက်ယောင်ခံလိုက်ရမှာဆိုတော့ မင်း ဒီမှာ ကျန်နေခဲ့ရင် ဘယ်လိုလုပ်ပြီး ကူညီပေးနိုင်တော့မှာလဲ"

"ကျွန်မ နားလည်ပြီ၊ ရှင်ပေးတဲ့အကြံအတိုင်း ကျွန်မလုပ်မယ်"

ကေမိဝါက သူမ၏ ဆုံးဖြတ်ချက်ကို ပြောလိုက်လေသည်။

တန်အိဖန်အမည်ခံ ဝန်ယုကောင်းတွင် လျှို့ဝှက်ကိစ္စတစ်ခု ရှိမည်ဟု အစကတည်းကပင် ကေမိဝါက တွေးဆကာ စိတ်ဝင်စားမှု ရှိနေခဲ့သည်။

ယခု ကျင်းယုလိုင်၏ ပြောကြားချက်များအရ မိမိ၏ တွေးဆချက် မှန်နေကြောင်း သိရသည်။

သို့သော် လျှို့ဝှက်ကိစ္စနှင့် ပတ်သက်၍ ဘာမျှ မသိရသည့် အတွက် ကေမိဝါမှာ သိလိုစိတ် ပိုပြင်းပြ ထက်သန်နေသည်။

ထို့ပြင် ကေမိဝါသည် ငယ်ရွယ်သော မိန်းကလေးတစ်ယောက် ဖြစ်သည့်တိုင် စွန့်စားလုပ်ဆောင်ရသည့် စိတ်လှုပ်ရှားဖွယ် ကိစ္စများကို ဝါသနာထုံသည်။



မိမိ သင်ကြားတတ်မြောက်ထားသော အဆင့်မြင့် သိုင်းပညာများကို လက်တွေ့အသုံးချလိုသည်။

သိုင်းလောကနှင့် ထိတွေ့ ပတ်သက်လိုသည်။

ထို့ပြင် ဆယ်ကျော်သက်အရွယ် မိန်းကလေးတို့၏ သဘာဝအတိုင်း ကေမိဝါသည် မိမိနှင့် အမျိုးတူ ဟန်လူမျိုးလူရွယ် ကျင်းယုလိုင်အပေါ် ခင်မင်သဘောကျသော စိတ်လည်း ရှိနေသည်။

ထို့ကြောင့် ကျင်းယုလိုင်၏ အကြံပေးချက်ကို လက်ခံရန် သဘောတူလိုက်ခြင်း ဖြစ်သည်။

"အေး... ဒီလိုမှပေါ့၊ မင်း တွေ့ကြုံရမယ့် အန္တရာယ်တွေကို တို့ အတတ်နိုင်ဆုံး ကူညီကာကွယ်ပေးပါ့မယ်၊ တို့ အသက်ရှင်နေသရွေ့တော့ မင်းအပေါ် ဘယ်လိုဘေးရန်မှ မကျရောက်စေရပါဘူး"

ကျင်းယုလိုင်က ကတိပေးစကား ပြောကြားရာ ကေမိဝါ အတော်လေးပင် နှစ်ခြိုက်ကျေနပ်သွားခဲ့သည်။

"ဟိုဖိန့်လာပြီး တွေ့နိုင်အောင် ကျွန်မ ဘယ်ကနေ စောင့်ရမှာ ကောင်းမလဲဟင်၊ ဒီနေရာကပဲ စောင့်လိုက်ရမလား"

ကေမိဝါက မေးသည်။

"ဒီမှာစောင့်လို့ မကောင်းဘူး၊ မင်းနေတဲ့ နေရာကပဲ ပြန်ပြီး စောင့်နေပါ"

"ကျွန်မ နေတဲ့နေရာကို ဟိုဖိန့်က သိပါ့မလား"

"မသိရင်လဲ သိအောင် သူစုံစမ်းပြီး ရောက်လာပါလိမ့်မယ်၊ ဒါ့အတွက် မပူပါနဲ့"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်မ ပြန်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"တို့ လိုက်ပို့ပေးမယ်လေ၊ ပို့ပေးလို့ ရတယ် မဟုတ်လား"

"ခစ်ခစ်ခစ်…ရပါတယ်ရှင့်၊ လာ သွားကြစို့"

"ခဏလေး နေပါဦးလေ၊ ငါးကင်စားလိုက်ပါဦး။ ပြီးမှ သွားကြတာပေါ့"

"အိုး…ဟုတ်သားပဲ၊ ပြဿနာတွေ ရှုပ်လာလို့ ငါးကင်ကို တောင် မေ့သွားတယ်"

ငါးကင်သည် ကောင်းစွာ ကျက်နေပြီ ဖြစ်သည်။

ကျောင်းယုလိုင်နှင့် ကေမိဝါတို့သည် လှုပ်ရှားတိုက်ခိုက်ခဲ့ရ မှုကြောင့် ဝမ်းလည်းဟာနေကြရာ ငါးကင်ကို မြိန်ယှက်စွာ သဲသဲ သော်က်ပစ်လိုက်ကြသည်။

ငါးကင်စားသောက်ပြီးနောက် ထိုနေရာမှ ထွက်ခဲ့ကြသည်။

မထွက်ခွာမီ ကျောင်းယုလိုင်သည် သူ၏ယာဉ်ယီရွက်ဖုံးတဲ ဖြုတ်ထမ်းကာ ထမ်းပိုးယူလာခဲ့သည်။

"ရှင်က စခန်းချတဲ့နေရာ ပြောင်းမလို့လား"

ကေမိဝါက မေးရာ ကျောင်းယုလိုင်သည် ခေါင်းညိတ်ပြလိုက် သည်။

"ဘယ်နေရာကို ပြောင်းမှာလဲ"

"အဲဒါတော့ မရွေးရသေးပါဘူး၊ နေရာထိုင်ခင်းကောင်း တဲ့ နေရာရာပေါ့"

"ကျွန်မတို့ရဲ့ ကျောက်စိမ်းမြို့င်စခန်းနားမှာ လာနေပါလား"

"အင်း…နေဖြစ်ချင်လဲ နေဖြစ်ပါလိမ့်မယ်"

နှစ်ယောက်သား စကားတပြောပြောနှင့် တောလမ်းအ



အတိုင်း လာခဲ့ကြသည်။

ပြောကြသည့် စကားများသည် ဘာရယ်လို့တော့ အတိအကျ မရှိ။

ထွေရာလေးပါး ရောက်တတ်ရာရာ စကားများသာ ဖြစ် လေသည်။

ကေမိဝါသည် ထွေရာလေးပါး ပြောဆိုရင်း ကျောင်းယုလိုင် နှင့် ပတ်သက်၍ အမှတ်မထင်လိုလိုနှင့် စကားတောက်ကာ စူးစမ်း မှုများလုပ်သည်။

သို့သော်…

ကျောင်းယုလိုင်က လိမ္မာပါးနပ်စွာ စကားလှီးလွှဲ ရှောင်တိမ်း ပြောဆိုနေခဲ့သည်။

ကျောက်စိမ်းမြို့င်စခန်းနှင့် မလှမ်းမကမ်းသို့ အရောက်တွင် တော့ ကျောင်းယုလိုင်သည် ကေမိဝါကို နှုတ်ဆက်ကာ လမ်းခွဲထွက် သွားလေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

အိမ်သို့ ပြန်ရောက်သည်နှင့် ကေမိဝါသည် အဘိုးဖြစ်သူ ကေဟုန်ချိန်ထံ သွားတွေ့သည်။

"ဟော...ငါ့မြေးပါလား၊ ဘာများ ပြောစရာ အထူးရှိလို့လဲ ကွယ့်"

ကေမိဝါ၏ အမူအရာကို ကြည့်၍ တစ်စုံတစ်ရာ အကြောင်း ထူးရှိနေကြောင်း အကဲခတ်မိသောကြောင့် ကေဟုန်ချိန်က ဆီး၍မေး လိုက်သည်။

"ကျွန်မ ပြည်မဘက်ကို ခရီးရှည်ထွက်ချင်ပါတယ်၊ အဲဒါ



ဘိုးဘိုး ခွင့်ပြုနိုင်မလားလို့ မေးတာပါ"

"ခရီးထွက်ရတဲ့ အကြောင်းကကော"

ကေမိဝါသည် လိမ်ညာမပြောတတ် ရိုးသားကာ ရဲရင့်ပြီး ပွင့်လင်းသည်။

ယခု...

အဘိုးဖြစ်သူက မေးလာသောအခါ မိမိ ခရီးရှည်ထွက်လို သည့် အကြောင်းကိစ္စနှင့် ပတ်သက်သည်များကို မခြွင်းမချန် အကုန် ပင် ပြောပြလိုက်သည်။

ကေဟုန်ချိန်အဖို့ အံ့ကြပ်တွေ့သွားသည်။

ရှောင်လင်ဂိုဏ်းတွင် အခြေခံသိုင်းသမားအဆင့်၊ ပထမ တန်း သိုင်းသမားအဆင့်၊ အဆင့်မြင့် သိုင်းသမားအဆင့်နှင့် ထိပ် တန်း အဆင့်မြင့်သိုင်းသမားဆင့်ဟူ၍ သိုင်းပညာ လေ့ကျင့်သင်ကြား မှုကို အဆင့်လေးဆင့် ခွဲခြားထားလေသည်။

သိုင်းပညာ အဆင့်တစ်ဆင့်ကို လေ့ကျင့်တတ်မြောက်ပြီး သောအခါ သိုင်းလောကတွင် လှည့်လည်ကာ ဗဟုသုတ ရှာမှီးလေ့ လာရသည့် အစဉ်အလာရှိသည်။

ထိုသို့ သိုင်းလောကတွင် လှည့်လည်ခြင်းဖြင့် အတွေ့အကြုံ ရင့်ကျက်လာသည့်အပြင် မိမိ လေ့ကျင့်တတ်မြောက်ခဲ့သော သိုင်း ပညာများကို မှတ်ကျောက်တင် စမ်းသပ်ခံမှုအဖြစ်လည်း သဘော ထားကြလေသည်။

ကေဟုန်ချိန်သည် ရှောင်လင်ဂိုဏ်း၏ ဂိုဏ်းဝင်မဟုတ်သည့် အတွက် ဂိုဏ်း၏ တင်းကျပ်သော အစဉ်အလာ စည်းကမ်းများကို

www.burmeseclassic.com

လိုက်နာဖို့ မလိုပေ။

သို့သော်...

အဝေးရောက်တပည့်ကြီးတစ်ယောက်အဖြစ် ရှောင်လင်သိုင်းပညာကို သင်ကြားပေးထားရာ သိုင်းပညာနှင့် ပတ်သက်သည့် ရှောင်လင်ဂိုဏ်း၏ အစဉ်အလာ စည်းကမ်းများကိုမူ မိမိ၏ကိုယ်ပိုင်အသိစိတ်ဖြင့် လိုက်နာထိန်းသိမ်းသည်။

များသောအားဖြင့် တကယ့် ရှောင်လင်သိုင်းသမားကြီးတစ်ယောက်လို ပြုမူနေထိုင်တတ်သည်။

မြေးမလေး ကေမိဝါကို ကေဟုန်ချိန်က ရှောင်လင်သိုင်းပညာကို အမွေပေးသင်ကြားပေးခဲ့သည်မှာ ရှောင်လင်သိုင်း၏ သိုင်းပညာအဆင့် သတ်မှတ်ချက်အရဆိုလျှင် ပထမတန်းအဆင့်ဝင်ကျော်လွန်နေခဲ့ပေပြီ။

သို့သော်...

ကေမိဝါသည် သိုင်းလောကတွင် လှည့်လည်သွားလာသော အတွေ့အကြုံနှင့် ဗဟုသုတများ ရှာဖွေခွင့်မရသေး။

ကေမိဝါသည် ကျောက်စိမ်းမြိုင်စခန်း တည်ရှိရာ နေရာအနီး ပတ်ဝန်းကျင်ကိုသာ သွားလာဖူးပေသည်။

ထိုနေရာမှ အပြင်ပသို့ မရောက်။

အသက်အရွယ်ငယ်ရွယ်သော မိန်းမပျိုလေးတစ်ယောက်ဖြစ်သည့်အပြင် မြေးမလေးကို အလွန်ချစ်ကာ အန္တရာယ် ကြုံတွေ့မှာ စိုးရိမ်သောကြောင့် ကေဟုန်ချိန်က ခရီးထွက်ဖို့ စကားလည်းမဟ၊ ကေမိဝါကလည်း ခရီးထွက်ရန် တောင်းဆိုပူဆာခြင်းမျိုး



လုပ်ခဲ့ပေ။

ယနေ့တွင်တော့ မြေးမလေးက ထူးထူးခြားခြားပင် ခရီးထွက်ခွင့်ပြုရန် ခွင့်ပန်ကြားလာသည်။

မြေးမလေး၏ ပြောကြားရှင်းပြချက်အရလည်း သစ်စိမ်းဂိုဏ်းလို သိုင်းအဖွဲ့အစည်းတစ်ခု ပါဝင်ဆက်စပ်နေသော သိုင်းလောက အရှုပ်အရှင်းတစ်ခုနှင့် ပတ်သက်နေကြောင်းကိုလည်း သိရ၏။

ဤခရီးသည် ကေမိဝါ သင်ကြားတတ်မြောက်ထားသော ရှောင်လင်သိုင်းပညာများကို စိန်ခေါ်သည့် ခရီးတစ်ခုလို ဖြစ်နေသည်။

အဘိုးတစ်ယောက်အနေဖြင့်မူ မြေးမလေးကို သိုင်းလောက အရှုပ်အထွေးတစ်ခုထဲသို့ တိုးဝင်သွားခြင်းမျိုး မဖြစ်စေလို။

အန္တရာယ်တွေ့မှာ စိုးရိမ်သည်။

ခရီးသွားခွင့်မပေးဘဲ အိမ်မှာပင် ထားချင်သည်။

သို့သော်...

ကေမိဝါကို ရှောင်လင်သိုင်းပညာများ စနစ်တကျ သင်ပေးသူတစ်ယောက်အနေဖြင့်တော့ ကေဟုန်ချိန်အဖို့ ကေမိဝါ၏ ခရီးကို ဟန့်တား၍ မဖြစ်ပေ။

ဟန့်တားကန့်ကွက်လိုက်လျှင် ကေမိဝါ တတ်မြောက်ထားသော ရှောင်လင်သိုင်းပညာများသည် မှတ်ကျောက်တင် စိန်ခေါ်နိုင်ခြင်းမရှိသည့် အဆင့်အတန်းသို့ ရောက်သွားပေမည်။

ကေဟုန်ချိန်မှာ သိုင်းပညာကို အထူးဝါသနာပါသည်။

ရှောင်လင်သိုင်းပညာကိုတော့ အထူးလေးစား ရှိသေသည်။

www.burmeseclassic.com



မြေးအတွက် စိုးရိမ်ပူပန်စိတ်ဖြင့် ကန့်ကွက်ဟန့်တားလိုက်မှုသည် နှစ်ပေါင်းများစွာ ဂုဏ်ရည်တင်ခဲ့သော ရှောင်လင်သိုင်းပညာ အသရေညှိုးမှိန်စရာ ဖြစ်မှာကို ကေဟုန်ချိန် မလိုလားပေ။

အဘိုးကြီးသည် အတန်ကြာပင် ချီတုံချတုံ စဉ်းစား၍ နေသည်။

ကေမိဝါကတော့ ဘာစကားမျှ မဆို။

အဘိုး၏ ဆုံးဖြတ်ချက်ကိုသာ ငြိမ်၍ စောင့်ဆိုင်းနေလေသည်။

မိမိအနေနှင့် ဖြစ်ကြောင်းကုန်စင် မချွင်းမချန် ပြောပြပြီးပြီ။ မိမိ၏ ခွင့်ပန်မှုကို လိုက်လျောသင့် မသင့် အဘိုးဖြစ်သူက ဆုံးဖြတ်ရန်သာ ရှိတော့သည်။

ပြီးတော့...

မိမိ အဘိုးအကြောင်းကို ကေမိဝါ ကောင်းကောင်းသိ၏။

မိမိကို အလွန်ချစ်ကာ အန္တရာယ်ကြုံမှာ အလူးစိုးရိမ်သော်လည်း မိမိ၏ စွန့်စားလုပ်ဆောင်လိုစိတ်ကို နှစ်ခြိုက် သဘောကျကြောင်း ကေမိဝါ နားလည်သည်။

မိမိ စွန့်စားခရီးထွက်မှုကို အဘိုးက ခွင့်ပြုလိမ့်မည်ဟုလည်း ယုံကြည်နေသည်။

➤ ➤ ➤



"ငါ့မြေးကို အဘိုး သိုင်းပညာတွေ သင်ကြားလေ့ကျင့်ပေးခဲ့တာ အတော် ခရီးရောက်နေပြီ၊ မြေးလေးအနေနဲ့ အန္တရာယ် တွေ့ကြုံရရင် တွန်းလှန်ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်လို့ အဘိုး ယုံတယ်၊ ဒါကြောင့် မြေးလေး ခရီးထွက်ခွင့်တောင်းတာကို ခွင့်ပြုတယ်"

အတန်ကြာအောင် အလေးအနက် စဉ်းစားပြီးနောက် ကေဟုန်ချိန်က ပြောသည်။

"ဟုတ်ကဲ့...ဘိုးဘိုး၊ ကျွန်မအတွက် ဘိုးဘိုး ဘာမှမစိုးရိမ်ပါနဲ့"

မိမိ ခွင့်ပန်ချက် ရပြီမို့ ဝမ်းသာသွားသော ကေမိဝါက ပြန်ပြောသည်။

"ပြည်မကို ခရီးရှည်ထွက်မယ့် ငါ့မြေးကို အဘိုး ခရီးကြုံပါး လိုက်ချင်တဲ့ ကိစ္စလေးတွေ ရှိတယ်၊ လာ...အဘိုးနောက်လိုက်ခဲ့"

ဤသို့ပြောပြီး ကေဟုန်ချိန်သည် သူ၏သီးသန့်စာဖတ်ခန်းလေးထဲသို့ ကေမိဝါကို ခေါ်ဆောင်သွားသည်။

ထိုစာဖတ်ခန်းလေးထဲသို့ ကေမိဝါ ရောက်ဖူးသည်။

ကေဟုန်ချိန် သိမ်းဆည်းထားသော စာအုပ်စာတမ်းများ အချို့ကိုလည်း ဖတ်ဖူးသည်။

စာဖတ်ခန်းထဲသို့ ရောက်သောအခါ ကေဟုန်ချိန်က သော့ခတ်ထားသော စာတိုက်သေတ္တာလေး တစ်ခုကို ဖွင့်သည်။

အထဲမှ ယွန်းကွမ်းအစ်လေးတစ်ခုနှင့် ရှည်မျောမျော သားရေသေတ္တာလေး တစ်လုံးတို့ကို ထုတ်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းကွမ်းအစ်လေးသည် လက်ဝါးသာသာခန့် ရှိသည်။

စက်ဝိုင်းပုံသဏ္ဍာန် ဖြစ်သည်။

သားရေသေတ္တာလေးကတော့ လေးလက်မသာသာခန့် ရှည်လျက် တစ်လက်မခွဲခန့် အနက်ရှိသည်။

ယွန်းကွမ်းအစ်လေးနှင့် သားရေ သေတ္တာလေးတို့ထဲတွင် ဘာပစ္စည်းတွေများ ရှိနေမည်နည်းဟု ကေမိဝါ သိချင်စိတ် ပေါ်လာသည်။

ကေဟုန်ချိန်က ယွန်းကွမ်းအစ်လေးကို အရင်ဆုံး ဖွင့်ပြသည်။

သိလိုနေသော ကေမိဝါက ကမန်းကတန်းပင် လှမ်းကြည့်သည်။

ယွန်းကွမ်းအစ်ထဲတွင် ကျောက်စိမ်းပြားလေးတစ်ခု ရှိနေသည်။

"ဒီကျောက်စိမ်းပြားလေးဟာ ရှောင်လင်တမန် ကျောက်စိမ်းအင်းကွက်လို့ ခေါ်တယ်၊ ရှောင်လင်ဂိုဏ်းကို သွားပြီး တံခါးဆောင် အဆောင်မှူးဆရာကြီးရဲ့ လက်ထဲကို ပေးအပ်ပေးပါ၊ ငါ့မြေးဟာ ဘယ်သူဘယ်ဝါဖြစ်ပြီး ဘယ်လိုသိုင်းပညာတွေ တတ်မြောက်ထားတယ်ဆိုတာကိုလဲ သေသေချာချာ ပြောပြဖို့ မမေ့နဲ့"

ရှင်းပြ မှာကြားပြီးနောက် ကေဟုန်ချိန်က ယွန်းကွမ်းအစ်လေးကို ပြန်ပိတ်ကာ ကေမိဝါလက်သို့ အပ်သည်။

"စိတ်ချပါ...ဘိုးဘိုး"

ကေမိဝါက အာမခံ ကတိပေးကာ ယွန်းကွမ်းအစ်လေးကို



မ်းယူသည်။

ထို့နောက် သားရေသေတ္တာ ရှည်မျောမျောလေးကို ဖွင့်သည်။

သားရေသေတ္တာလေးထဲတွင် သုံးလက်မခန့် ရှည်သော ဓား သေးသေးလေးတစ်ချောင်း၊ ဆူးချွန်လိုလို မြားလိုလို ရှည်ရှည်သွယ် ချွန်ချွန် လက်နက်လေးသုံးခုနှင့် ကျောက်ဖြူပုလင်းငယ်လေး င်လုံးတို့ ရှိနေကြသည်။

ကေဟုန်ချိန်က သားရေ သေတ္တာလေးထဲတွင် ရှိသည့် စည်းများအကြောင်းကို ရှင်းလင်းပြောပြသည်။

"ဟောဒီဓားလေးက သာမန်ရိုးရိုးဓား မဟုတ်ဘူး၊ အဆိပ် နိုင်တဲ့ အာနိသင်ရှိတယ်၊ အဆိပ်ဖြေ ဓားပါးလေးလို့ ခေါ်တယ်၊ ဆိပ်ရှိတဲ့ကောင် ကိုက်လို့ဖြစ်ဖြစ်၊ အဆိပ်လက်နက် ထိလို့ပဲဖြစ် အဆိပ်သင့်ရင် အကိုက်ခံ အထိခံရတဲ့ ဒဏ်ရာကို ဒီအဆိပ်ဖြေ ပါးလေးနဲ့ ခွဲစိတ်ပြီး သွေးပုပ်တွေ ညှစ်ထုတ်ပစ်လိုက်ရင် တော် တန်ရုံ အဆိပ်လောက်တော့ ချက်ချင်းပြေတယ်၊ အဆိပ်ပြင်းရင် တစ်ရက်နှစ်ရက်လောက် အချိန်ကြာချင် ကြာမယ်"

"အဆိပ်အားလုံးကို ဖြေနိုင်သလား ဘိုးဘိုး"

"အထူး စီမံဖော်စပ်ထားတဲ့ ထိပ်တန်း အဆိပ်အပြင်းစား တော့ မဖြေနိုင်ဘူး၊ သမားရိုးကျ အဆိပ်တွေကိုတော့ ကောင်း ကောင်း ဖြေနိုင်တယ်၊ အဲ... အဆိပ် မဖြေနိုင်ပေမယ့် အဆိပ်အပြန် အောင်တော့ လုပ်ပေးနိုင်တယ်"

"ဟို...ချွန်ချွန် ရှည်ရှည်လေးတွေကကော"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေက တန်ပြန် အဆိပ်ဆူးချွန် လက်နက်ပုန်းလို့ခေါ်တယ်"

"သြော်...အဆိပ်လက်နက်တွေကိုး"

"ဟာ... ဘယ်ကလာ အဆိပ်လက်နက်တွေ ဟုတ်ရမှာလဲ အဘိုးတို့က အဆိပ်လက်နက်ကို လုံးဝ ရှောင်ကြဉ်ရတဲ့ဥစ္စာပဲ"

"ဒါဆို ဘာကြောင့် တန်ပြန် အဆိပ်ဆူးချွန် လက်နက်ပုန်းလို့ ခေါ်ထားရတာလဲ"

"ဒီလက်နက်ပုန်းထဲမှာ အဆိပ်မပါဘူး၊ သာမန် အခြေအနေမှာဆိုရင် ထိမိခိုက်မိလဲ အဆိပ်မသင့်နိုင်ဘူး၊ ဒါပေမယ့် အဆိပ်ဒဏ်ခံရည်အားနဲ့ အဆိပ်အတွင်းအား လေ့ကျင့်ထားတဲ့ အဆိပ်သိုင်းသမားကြီးတွေကို ဒီလက်နက်ပုန်း ထိမှန်ရင်တော့ သူတို့ လေ့ကျင့်ထားတဲ့ အဆိပ်ဒဏ်ခံနိုင်အားနဲ့ အဆိပ်အတွင်းအားတွေ ရှုပ်ထွေးကုန်ပြီး ကိုယ်အတတ် ကိုယ်စူးသလို ကိုယ့်ဘာသာပြန်ပြီး အဆိပ်ထိကုန်စေနိုင်တယ်"

"သြော်...သိပြီ...သိပြီ၊ အဆိပ်တွေကို မဖြုတ်တဲ့ အဆိပ်သိုင်းသမားကြီးတွေကို နှိမ်နင်းတဲ့ လက်နက်ပုန်းမျိုးပေါ့၊ ဟုတ်လား"

"အေး...ဟုတ်တယ်၊ ဒါပေမယ့် တကယ့် သေရေးရှင်ရေး အကျဉ်းအကြပ် အခြေအနေကြုံရင် တန်ပြန် အဆိပ်ဆူးချွန် လက်နက်ပုန်းကို ထုတ်သုံးရမယ်၊ အခြား အခြေအနေတွေမှာတော့ လုံးဝ မသုံးရဘူး၊ သေသေချာချာ မှတ်ထား"

"ဟုတ်ကဲ့... ဘိုးဘိုး"



"ဒီကျောက်ဖြူပုလင်းလေးထဲမှာ ဇီဝသြဇာ အသက်ကယ်ဆေးလုံး ငါးလုံးရှိတယ်၊ အတွင်းဒဏ်ရာရပြီး အားအလွန်နည်းနေတဲ့ အခါ ကုသဖို့ အကောင်းဆုံးဆေးပဲ၊ သွေးအားနည်းတာတို့၊ ဒဏ်ရာ အပြင်းအထန်ရပြီး သွေးထွက်များ အားနည်းနေတာတို့ကိုလဲ ကုပေးနိုင်တယ်၊ အေး... အဆိပ်သင့်တဲ့လူကိုတော့ လုံးဝမလုပ်ပေးလေနဲ့၊ သူက အဆိပ်မဖြေနိုင်ဘူး၊ အဆိပ်ကိုတောင် ပိုပြီး မြန်မြန် ပြန့်ပွားစေနိုင်တယ်"

ကေမိဝါက အဘိုးဖြစ်သူ ရှင်းလင်း ပြောပြသည်များကို သေချာစွာ နားထောင် မှတ်သားနေလေသည်။

"ဒီသားရေ သေတ္တာလေးထဲက ပစ္စည်းတွေကို လို့ရန်မြို့မှာ နေတဲ့ အဆိပ်နဂါးမင်း ယိုလိုင်ဝမ်က ကျေးဇူးပြုခဲ့တာ ငါ့မြေး၊ အဆိပ် နဂါးမင်း ယိုလိုင်ဝမ်အကြောင်း သတင်းမကြားရတာလဲ ကြာပြီ၊ ငါ့မြေးလေး ခရီးသွားရင်း လို့ရန်မြို့ကို ရောက်ခဲ့ရင် အဆိပ်နဂါးမင်း ယိုလိုင်ဝမ်ကို ဝင်တွေ့ပြီး နှုတ်ဆက်ဂါရဝပြုပါ၊ သူက အဘိုးထက် အသက် တော်တော်ကြီးတယ်၊ သူ အသက်ရှင်ပြီး ရှိချင်မှရှိမယ်၊ သူ ကွယ်လွန်သွားပြီဆိုရင်လဲ သူ့အဆက်အနွယ်တွေကို တွေ့ဆုံပြီး ကေဟုန်ချိန်က နှုတ်ဆက်လိုက်တဲ့ အကြောင်းတော့ ပြောခဲ့ပါ"

"ဟုတ်ကဲ့... ဘိုးဘိုး"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ကေဟုန်ချိန်သည် မြေးမလေး ကေမိဝါ ခရီးရှည် ထွက်နိုင်ရေးအတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံး ပြည့်စုံစွာ စီမံပြင်ဆင်ပေးလေသည်။

သိုင်းသမားများ ခရီးလှည့်လည်ရာတွင် ယူဆောင်သွားကြလေ့ရှိသော အရေးပေါ် ရိက္ခာခြောက်များနှင့် ခရီးဆောင် ဆေးဝါးများဖြစ်သည့် သွေးတိတ်ဆေး၊ ဒဏ်ကြေဆေးတို့မှအစ၊ အခြားသိုင်းသမားများ ယူဆောင်ကြမည် မဟုတ်သော ခရီးလမ်းညွှန် မြေပုံကြမ်းအထိ စီစဉ်ပေးသည်။

ခရီးလမ်းညွှန် မြေပုံကြမ်းတွင် ပြည်မရှိ အဓိက ခရီးလမ်းမကြီးများနှင့် ခရီးလမ်းဆုံ မြို့ကြီးရွာကြီးများ၊ သိုင်းလောကတွင် ထင်ရှားသည့် နေရာဒေသများ စသဖြင့် အတော့်ကို ပြည့်ပြည့်စုံစုံ ထည့်သွင်းထားသည်။

ခရီးဝေး မသွားဖူးသော ကေမိဝါအတွက် အထောက်အကူရစေရန် အဘိုးကေဟုန်ချိန်က အထူးတလည် ကြိုးစားကာ ခရီးလမ်းညွှန် မြေပုံကြမ်းကို ကိုယ်တိုင် ရေးဆွဲပေးသည်။

ကေဟုန်ချိန်သည် ဒေသန္တရဗဟုသုတ အတူးကြွယ်ဝသည်။

အသက်ကြီးပိုင်းအရွယ် ရောက်ချိန်အထိ ခရီးလှည့်လည်သွားလာနေရာ တရုတ်ပြည် တစ်နံတစ်လျား မရောက်ဖူးသောနေရာ မရှိတော့လောက်အောင်ပင် ဖြစ်သည်။

ကေဟုန်ချိန်သည် မိမိ၏ ခရီးသွား အတွေ့အကြုံများကိုလည်း ကေမိဝါကို ပြောပြခဲ့သည်။

ထို့ကြောင့် ခရီးဝေး မသွားဖူးသော ကေမိဝါအနေဖြင့် နေ



အိမ်မှ မထွက်ခွာရသေးမီကပင် မိမိသွားရမည့် ခရီးလမ်းနှင့် ပတ်သက်၍ အတော်ပင် သိရှိကျွမ်းဝင်သလို ဖြစ်ခဲ့ရသည်။

ကေဟုန်ချိန်က သူကိုင်စွဲသော နဂါးဖြူဓားကိုပင် ကေမိဝါကို ပေးအပ်လိုက်လေသည်။

ဤသို့ဖြင့် တစ်ရက်နှစ်ရက် အတွင်းမှာပင် ကေမိဝါသည် ခရီးရှည်ထွက်ရန်အတွက် အဆင်သင့် ဖြစ်နေခဲ့သည်။

သို့သော်...

ဟိုဖိန့်က လာရောက် အဆက်အသွယ် မလုပ်သေးသည့်အတွက် ကေမိဝါအနေဖြင့် မကျေနပ်သလိုလို မတင်မကျကြီး ဖြစ်၍ နေရလေသည်။

သုံးရက်အကြာတွင်မှ ဟိုဖိန့် ရောက်ရှိလာခဲ့လေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းမြိုင်စခန်းနှင့် မလှမ်းမကမ်းရှိ တောတန်းလေး အစပ်နားတွင် ကေမိဝါ ညနေပိုင်း အညောင်းပြေ လမ်းလျှောက် ထွက်လာစဉ် ဟိုဖိန့်နှင့် တွေ့ဆုံရလေသည်။

"အဲဒါ နာမည်အမှန်ပဲ"

"လာသေးတယ်၊ ရှင့်နာမည်အမှန်ကို ကျွန်မ သိပြီးသားပါ၊ သေချာအောင်မေးနေတာ၊ ဘာလဲ မယုံဘူးလား၊ ဒါဆို အရိပ်အမြွက် ပြောပြမယ်၊ ရှင့်ရဲ့ အမျိုးအနွယ်က ဟိုအမျိုးအနွယ်၊ ကဲ နာမည်ရင်း ကို ပြောပေတော့"

"ဟိုဖိန့်"

ဟိုဖိန့်သည် လှီးလွဲကွယ်ဝှက်နေလည်း အကြောင်းထူးမည် မဟုတ်ကြောင်း နားလည်သည့်အတွက် သူ၏အမည်မှန်ကို ပြောပြ လိုက်လေတော့သည်။

"ဒီလိုလုပ်စမ်းပါ၊ ကျွန်မနာမည် ကေမိဝါ၊ ဝန်ယုကောင်းနဲ့ ပတ်သက်တဲ့အကြောင်းတွေ ပြောစရာရှိတယ်"

ဟိုဖိန့်၏ အမူအရာသည် ရုတ်ခြည်းပင် လေးနက်တည် ကြည်လာသည်။

"ကိုင်း... ပြောစမ်းပါ"

"ဝန်ယုကောင်းဟာ ကျွန်မတို့ ကျောက်စိမ်းမြိုင် စခန်းနဲ့ မလှမ်းမကမ်းမှာ သစ်စိမ်းသိုင်းသမားတွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်တာ ခံရပြီး သေဆုံးသွားခဲ့တယ်"

"ဘာ... ဝန်ယုကောင်း သေသွားပြီ ဟုတ်လား"

"ဟုတ်တယ်၊ သူမသေခင် ဟိုဖိန့်ဆိုတဲ့ လူတစ်ယောက်နဲ့



ဆက်သွယ်ဖို့ မှာသွားတယ်၊ ပြီးတော့ ပစ္စည်းတစ်ခုကိုလည်း ပေး သွားတယ်"

"အဲဒီပစ္စည်း ဘယ်မှာလဲ"

"ကျွန်မ သိမ်းထားပါတယ်၊ ရှင်နဲ့အတူတူ လိုက်ပါပြီး လုပ် စရာရှိတာတွေလုပ်ဖို့ ဝန်ယုကောင်းက မှာသွားခဲ့တယ်"

တကယ်တော့ ဝန်ယုကောင်းက ဤသို့ မမှာကြားခဲ့ပါ။ ကေမိဝါက တမင်တွန့်ကာ ပြောလိုက်ခြင်းဖြစ်သည်။

ဟိုဖိန့်မှာ ဝန်ယုကောင်း သေဆုံးသွားခဲ့ရကြောင်း ကြားရ သည့်အတွက် စိတ်လှုပ်ရှားနေကာ ကေမိဝါ၏ စကားအပေါ် သံသ ယ ဖြစ်မနေနိုင်တော့ပေ။

"ဘာတွေလုပ်မှာတဲ့လဲ"

ရူးစမ်းသလိုတော့ မေးလိုက်လေသေးသည်။

"အဲဒါကိုတော့ သေသေချာချာ ပြောမသွားဘူး၊ သူက အသက်မသေခင် အားတင်းပြောခဲ့ရတာဆိုတော့ သိပ်အများကြီးလဲ ဘယ်ပြောနိုင်မှာလဲ၊ ရှင်နဲ့ တွေ့ပြီးမှ အတူတူ ပူးပေါင်းလုပ်သွားဖို့ မှာသွားတယ်"

ကေမိဝါက မှင်သေသေပြောလိုက်ရာ ဟိုဖိန့်လည်း လန့်နေ သောကြောင့် ဟိုဖိန့်အနေနှင့် လုံးဝ ယုံကြည်၍ သွားခဲ့လေသည်။

"မင်းက ဝန်ယုကောင်းရဲ့ကိုယ်စား လိုက်ပါမယ့် သဘော လား"

"အဲဒီ သဘောလို့ ပြောချင်ရင် ပြောနိုင်ပါတယ်"

"ဝန်ယုကောင်း ရမယ့် အကျိုးမမြတ် ဝေစုကိုလဲ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခွဲပေးရမှာပေ့ါ ဟုတ်လား”

“ဒါကတော့ အထွေအထူး ပြောနေစရာ လိုသေးလားရှင်”

ဟိုဖိန့်နှင့် ဝန်ယုကောင်းတို့၏ ကိစ္စများမှ မည်သို့သော အကျိုးအမြတ် ရမည်ဟု ကေမိဝါ တိတိကျကျ မသိပေ။

ဟိုဖိန့်၏ စကားကို အလိုက်သင့်နင်းကာ ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

“တို့နဲ့အတူ ပူးပေါင်းပြီး လိုက်ပါဆောင်ရွက်မယ်ဆိုရင် ခရီးရှည်ထွက်ဖို့တော့ လိုလိမ့်မယ်၊ မင်းအနေနဲ့ ခရီးဝေးဝေး သွားနိုင်ရဲ့လား”

“သွားနိုင်ပါတယ်”

“အန္တရာယ်တွေလဲ ကြုံနိုင်တယ်နော်”

“ဝန်ယုကောင်း သေဆုံးသွားခဲ့တာ ကျွန်မ ကိုယ်တွေ့မျက်မြင်ပဲ၊ ဒီကိစ္စမှာ အသက်ဘေးအန္တရာယ်တောင် ကျနိုင်တယ်ဆိုတာ ကျွန်မ သိပြီးသားပါ၊ ကြုံနေမယ့် ဘေးအန္တရာယ်တွေကို ရင်ဆိုင်ဖို့ ဝန်မလေးတာကြောင့် ရှင်တို့နဲ့အတူ လိုက်မယ်လို့ ပြောခဲ့တာပေါ့”

“အေး...ဒီလို ပိုင်ပိုင်နိုင်နိုင်ကို စဉ်းစားဆုံးဖြတ်ပြီးရင်တော့ ဘာမှပြောနေစရာမလိုတော့ဘူး၊ လိုက်ခဲ့ပေတော့”

“ဘယ်တော့ ခရီးစမှာလဲ”

“အမြန်ဆုံးသွားကြမယ်လေ၊ မနက်ဖြန်မနက် အရုဏ်တက်စအချိန် တို့သုံးယောက် ဒီနေရာမှာ ဆုံကြတာပေ့ါ”

“သုံးယောက် ဟုတ်လား”

“ဟုတ်တယ်လေ”



“ရှင်ရယ် ကျွန်မရယ် ပြီးတော့ နောက်တစ်ယောက် ဘယ်သူလဲ”

“အခုကိစ္စမှာ ပါဝင်ပတ်သက်တဲ့ လူသုံးယောက် ရှိနေတဲ့အကြောင်း ဝန်ယုကောင်းက ပြောမပြခဲ့ဘူးလား”

“ဟင့်အင်း၊ သူက ရှင့်နာမည်ကိုပဲ ပြောပြသွားခဲ့တာ”

ဟိုဖိန့်သည် စဉ်းစားချိန်ဆဟန်ဖြင့် တွေ၍ နှုတ်ဆိတ်နေပြီးမှ...

“သူ့နာမည်က လုအိမ်လိမ်လို့ ခေါ်တယ်၊ သူ့ကိုလဲ ညီတူညီမျှ အစုတစ်စု ခွဲပေးရမယ်”

ထို့နောက် ဟိုဖိန့်နှင့် ကေမိဝါတို့နှစ်ယောက် လူချင်းခွဲကာ ထိုနေရာမှ အသီးသီး ထွက်ခွာခဲ့ကြလေသည်။

ကေမိဝါနှင့် ဟိုဖိန့်တို့ စကားပြောဆိုခဲ့မှုကို တိတ်တဆိတ် ချောင်းမြောင်း ကြည့်ရှုနားထောင်နေသူတစ်ယောက် ရှိသည်။

သူက သိပ်သည်းသော သစ်ကိုင်းသစ်ခက်များ အကြားတွင် ငြိမ်သက်စွာ ပုန်းအောင်းနေသောကြောင့် ထိုသူ ချောင်းမြောင်းနေမှုကို ဟိုဖိန့်ရော၊ ကေမိဝါပါ မသိခဲ့ကြပေ။

ထိုသူသည် ယန်ကုန်းမင်း၏ လက်ရုံးတပည့်ကျော် ဓါးကွက်သုံးဖော်တို့မှ အကြီးဆုံး ဓါးကွက်ဖြူပင် ဖြစ်သည်။

ဓါးကွက်သုံးဖော်တို့သည် သိုင်းပညာတော့ သိပ်အဆင့်မြင့်မြင့် မတတ်မြောက်ကြပေ။

ကိုယ်ဖော့ပညာကမူ အတော်ကောင်းသည်။

မျက်ကွယ်ယူ ကိုယ်ယောင်ဖျောက် လှုပ်ရှားမှုတွင်တော့

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းအဆင့်တွင် ရှိသည်ဟု ဆိုရလောက်အောင် ကျွမ်းကျင်ပိုင်နိုင်သည်။

ယန်ကုန်းမင်းသည် ဟာန်လူမျိုးလူရွယ် ကျင်းယုလိုင်ကို ဒိုးနှိမ် အနိုင်ယူတိုက်ခိုက်ခြင်း မပြုခဲ့သည့်အတွက် အလွန်ပင် ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။

မိမိဘက်မှ အရေးမသာ၍ နောက်ပြန်ဆုတ်ခဲ့ရသော်လည်း လက်တော့ မလျှော့လိုသေး။

ကျင်းယုလိုင်နှင့် ကေမိဝါတို့နှစ်ယောက် အတူပူးပေါင်းကာ အကြောင်းကိစ္စတစ်ခုခု လုပ်ဆောင်ဖို့ ကြံနေသည်ဟု ယန်ကုန်းမင်းက အရိပ်အမြွက်မျှ အကဲခတ်မိခဲ့သည်။

ထိုကိစ္စတွင် တတ်နိုင်သမျှ ဝင်ရောက်နှောင့်ယှက် ဖျက်ဆီးနိုင်ရန်အတွက် ကေမိဝါတို့၏ လှုပ်ရှားမှုများကို စုံစမ်းကြည့်ရှုရန် ဓိုးကွက်သုံးဖော်တို့ကို စေလွှတ်ထားခဲ့သည်။

သိုင်းပညာ သိပ်မစွမ်းသောကြောင့် ဓိုးကွက်သုံးဖော်တို့မှာ တိုက်ရေးခိုက်ရေးတွင် အားမကိုးနိုင်သော်လည်း သည်လို လျှို့ဝှက်စွာ ချောင်းမြောင်းစုံစမ်းသည့် အလုပ်များတွင်တော့ အလွန်ကို အသုံးသင့်သည်။

အခုလည်း ကြည့်လေ…။

ဟိုဖိန့်နှင့် ကေမိဝါတို့ ပြောဆိုနေကြသည့် စကားများကို ဓိုးကွက်ဖြူက တစ်လုံးမကျန်ပင် ကြားသိခဲ့ရလေပြီ။

➤ ➤ ➤



ဓိုးကွက်ဖြူသည် ယန်ကုန်းမင်းထံသို့ အမြန်ဆုံး သွားရောက်ကာ မိမိ ကြားသိခဲ့ရသည့် သတင်းထူးကို ပြောကြားသည်။

"ငါ့တပည့်က .တယ်အားကိုးရတာကိုးကွယ့်၊ ကောင်းပြီ၊ သူတို့ ခရီးထွက်ကြတဲ့နောက်ကို ဆက်ပြီး နောက်ယောင်ခံလိုက်သွားကြ၊ မင်းနဲ့အတူ ဓိုးကွက်ညိုနဲ့ ဓိုးကွက်စိမ်းတို့ကိုလဲ ခေါ်သွားပေါ့၊ ငါလည်း မင်းတို့နောက်ကနေ လိုက်လာခဲ့မယ်၊ ဓိုးကွက်စိမ်းကို ငါနဲ့ မပြတ်သာ အဆက်အသွယ် လုပ်နေခိုင်း၊ မင်းနဲ့ ဓိုးကွက်ညိုတို့နှစ်ယောက်ကတော့ သူတို့ကို မျက်ခြည်မပြတ်ရအောင် ဂရုစိုက်၊ သတင်းထူးတွေ ရနိုင်သမျှရအောင် စုံစမ်း၊ ဟုတ်ပြီလား"

ယန်ကုန်းမင်းက ဆက်လုပ်ရမယ့် အလုပ်များကို ပြောဆိုညွှန်ကြားသည်။

သူသည် မူလက ဟာန်လူမျိုးလူရွယ် ကျင်းယုလိုင်ကို တတ်နိုင်သမျှ အနှောင့်အယှက် ပေးနိုင်ရန်အတွက် ကေမိဝါကို စောင့်ကြည့်စုံစမ်းထားခိုင်းခြင်း ဖြစ်သည်။

ယခု ဓိုးကွက်ဖြူထံမှ ကြားရသော သတင်းစကားများကို ဆောက်ထား၍ ကေမိဝါတို့သည် အကျိုးအမြတ် အကြီးအကျယ် ရနိုင်မည့် ကိစ္စကြီးတစ်ခုကို လုပ်ဆောင်ကြဖို့ ရှိကြောင်းကို အတွေ့အကြုံ ရင့်ကျက်သူတစ်ယောက်ပီပီ ယန်ကုန်းမင်းက ခန့်မှန်းနိုင်ခဲ့သည်။

ဤကိစ္စကြီးနှင့် ဟာန်လူမျိုးလူရွယ် ကျင်းယုလိုင် ပါကောင်းပါဝင်နိုင်သည်။

မပါဝင်ဘဲလည်း ရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကုန်းမင်းသည် ဥစ္စာခနေကို မက်မောသည်။

ကေမိဝါတို့၏ ကိစ္စတွင် အကွက်ကျကျ စွက်ဖက်ပါဝင်နိုင်လျှင် မိမိအဖို့ ဥစ္စာခနေ တစ်နင့်တစ်ပိုး ရနိုင်စရာအကြောင်း ရှိသည်ဟုလည်း တွက်သည်။

ထို့ကြောင့် သူ၏ မူလရည်ရွယ်ချက်ဖြစ်သော ကျင်းယုလိုင်ကို အနှောင့်အယှက် ပြုရေးအကြံကို ခေတ္တဘေးဖယ်ထားကာ ကေမိဝါတို့နောက်သို့ ခြေရာခံလိုက်နိုင်ရေးကို ရှေ့တန်းတင်လိုက်လေသည်။

အကယ်၍ ဤကိစ္စတွင် ကျင်းယုလိုင်လည်း ပါဝင်နေလျှင်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ဖြစ်မည်။

ကျင်းယုလိုင် ပါဝင်ပတ်သက်မှု မရှိလျှင်လည်း ကျင်းယုလိုင်နှင့် နောက်ပိုင်းတွင်မှ စာရင်းရှင်းမည်ဟု ယန်ကုန်းမင်းက စိတ်ကူးလေသည်။

"ကောင်းပါပြီ ဆရာကြီး၊ သူတို့ကို မျက်ခြည်ပြတ်မသွားစေရပါဘူး၊ သတင်းထူးရရင်လဲ ဆရာကြီး အမြန်ဆုံး သိရပါစေမယ်"

ဇီးကွက်ဖြူသည် ရဲ့ရဲ့စွာ အာမခံ ပြောကြားပြီးနောက် ယန်ကုန်းမင်းကို အရိုအသေပြုကာ ထွက်ခွာသွားသည်။

ဇီးကွက်ဖြူ ထွက်ခွာသွားပြီး အချိန်အနည်းငယ်အကြာတွင် ယန်ကုန်းမင်းထံသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။

အမျိုးသမီးဧည့်သည် ဖြစ်သည်။

အရပ်မြင့်မြင့် ကိုယ်နေဟန်ထား ပြေပြစ်ကာ အသားအရေဖြူဖွေးသည်။



မျက်နှာသွယ်သွယ်၊ နှာတံလှလှ၊ နှုတ်ခမ်းလွှာများ ပါးလျနီထွေးကာ မေးစေ့တို့ လုံးအိလျက် ရုပ်ရည်လည်း ချောမောသည်။

အကယ်၍ ညာဘက်ပါးပြင်ပေါ်တွင် အမည်းကွက်ကြီးတစ်ခုသာ မရှိလျှင် တကယ့် မိန်းမချော မိန်းမလှ တစ်ယောက်ဟု ဆိုရပေမည်။

ညာဘက်ပါးပြင်တစ်ခုလုံး ဖုံးလုနီးနီး အမည်းကွက်ကြီးကသာ ထိုအမျိုးသမီး၏ အလှကျက်သရေကို ဖျက်ဆီးနေပေသည်။

အမျိုးသမီးဧည့်သည်ကို စတင်တွေ့မြင်လိုက်ရချိန်တွင် ယန်ကုန်းမင်းမှာ အံ့အားသင့်ကာ မျက်လုံးအပြူးသား ဖြစ်သွားရလေသည်။

ထို့နောက်...

"ဟာ... ထောက်ရှောင်လိ၊ ဘာလေတိုက်ပြီး ကျုပ်ဆီကို ရောက်လာတာလဲ"

ယန်ကုန်းမင်းက အားရဝမ်းသာပင် နှုတ်ဆက်လိုက်လေသည်။

ရုတ်တရက် ရောက်လာသော အမျိုးသမီးဧည့်သည်မှာ ကြာပန်းအဆိပ်မယ် ထောက်ရှောင်လိ ဖြစ်သည်။

ယခုလိုအချိန်အခါတွင်...

မမျှော်လင့်ဘဲ ကြာပန်းအဆိပ်မယ်ထောက်ရှောင်လိ ရောက်ရှိလာခြင်းကြောင့် ယန်ကုန်းမင်း အထူးကို ဝမ်းသာအားတက် ဖြစ်ရလေသည်။

"ကျုပ် လူသုံးယောက်နောက်ကို လိုက်နေတာ၊ သူတို့ ဒီ

www.burmeseclassic.com

www.burmeseclassic.com



နယ်တစ်ဝိုက်ကို ရောက်လာကြလိမ့်မယ်လို့ သတင်းအစရထားတယ် ရှင်က ဒီနယ်ခံဆိုတော့ ရှင့် အကူအညီကို တောင်းရမှာပဲ"

"ရပါတယ်ဗျာ... ရတယ်၊ ဘယ်လိုလူစားတွေ ဆိုတာကိုသာ ပြောပါ၊ သည်နယ်တစ်ဝိုက်မှာ အပ်ကျတာကအစ ကျုပ်သိပါတယ်"

"ဟန်လူမျိုး လူရွယ်တွေပဲ၊ အသက်နှစ်ဆယ် ကျော်ကျော် လောက် ရှိနိုင်တယ်၊ နှစ်ယောက်က သိုင်းပညာ အတော်အသင့် တတ်တယ်"

"နာမည်တွေကော သိလား"

"သိတယ်... ဝန်ယုကောင်း၊ ဟိုဖိန့်နဲ့ လုအိမ်လိမ်"

➤ ➤ ➤



ဟိုဖိန့်သည် ကေမိဝါနှင့် တွေ့ဆုံကာ အချိန်းအချက်လုပ်ပြီး နောက် သူ၏လျှို့ဝှက်စခန်း နေရာသို့ ပြန်လာခဲ့သည်။

ဟိုဖိန့်၏ လျှို့ဝှက်စခန်းသည် ကျောက်စိမ်းမြိုင်စခန်း၏ မြောက်ဘက် မိုင်ဝက်သာသာခန့် အကွာတွင် တည်ရှိသည်။

သစ်ပင်မြင့်ကြီးတစ်ခု၏ ထိပ်ဘက်ပိုင်း ထူထပ်သော သစ်ကိုင်းသစ်ရွက်များအကြား သစ်ကိုင်းခွဆုံတစ်ခုတွင် လင့်စင်လေး သဘော ပြုလုပ်ထားသည်။

သစ်ကိုင်းသစ်ရွက်များက မျက်ကွယ်ကောင်းများ ဖြစ်နေရာ သစ်ပင်ထိပ်ပိုင်းတွင် ယာယီလင့်စင်လေး ရှိသည်ကို မည်သူမျှ မသိနိုင်။

ထိုလင့်စင်ပေါ်မှနေ၍ အနီးဝန်းကျင်၏ လှုပ်ရှားမှုအခြေအနေများကို လှမ်းကြည့်တွေ့မြင်နိုင်ပေသည်။

လျှို့ဝှက်စခန်းချရန် တကယ့် နေရာကောင်းတစ်ခု ဖြစ်သည်။

လျှို့ဝှက်စခန်း လင့်စင်လေးပေါ်၌ လုအိမ်လိမ်လည်း ရှိနေသည်။

ဝန်ယုကောင်း၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့သည် စင့်မော်ဘုံကျောင်းပျက်ကြီးတစ်နေရာရှိ လျှို့ဝှက်မြေအောက်ခန်းထဲမှ ရွှေဒင်္ဂါး သေတ္တာများကို သွားရောက် ဖော်ထုတ်ရယူနိုင်ရေးအတွက် မြောင်းယ်တောင်ပိုင်း ကျောက်စိမ်းမြိုင်စခန်းအနီးတွင် ပြန်လည်ဆုံကြရန် အချိန်းအချက် လုပ်ထားခဲ့ကြလေသည်။

ဝန်ယုကောင်းကို သစ်စိမ်းဂိုဏ်းက ခြေရာခံမိသွားရာ ဟိုဖိန့်

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်မဆုံရသေးမီ သစ်စိမ်းဂိုဏ်းသားများနှင့် တွေ့ဆုံတိုက်ခိုက်ခဲ့ကြရာ ဝန်ယုကောင်း သေဆုံးသွားခဲ့ရလေသည်။

ဟိုဖိန့်နှင့် လုအိမ်လိမ်မှာမူ သစ်စိမ်းဂိုဏ်း၏ စုံစမ်းရှာဖွေမှုများမှ လွတ်အောင် ရှောင်တိမ်းနိုင်ကြသည်။

ဟိုဖိန့်သည် ဝန်ယုကောင်းနှင့် လုအိမ်လိမ်တို့ကို လိုက်ရှာရင်း ဟန်လူမျိုးလူရွယ် ကျင်းယုလိုင်ကို တွေ့မြင်ကာ စိတ်ထဲက သံသယရှိသောကြောင့် အသာပင် ချောင်းမြောင်းစောင့်ကြည့်နေသည်။

ဤသို့ဖြင့်...

ကေမိဝါကိုပါ တွေ့ရှိခဲ့ကာ ကေမိဝါနှင့် ဝန်ယုကောင်း တို့ သက်ဆက်နွယ်မှုရှိနိုင်ကြောင်း သတင်း၊ အစအနကိုလည်း သိခဲ့သည်။

ထို့ကြောင့်...

ကေမိဝါကို သစ်စိမ်းဂိုဏ်းမှ ဖမ်းမိသောအခါ ဟိုဖိန့်ကြားဝင်ကာ ကူညီကယ်တင်ပေးခဲ့သည်။

ကေမိဝါကို ကူညီကယ်တင်ပေးခဲ့ပြီး နှစ်ရက်အကြာတွင် ဟိုဖိန့်လည်း လုအိမ်လိမ်နှင့် ပြန်ဆုံတွေ့သည်။

လုအိမ်လိမ်ကို မိမိ၏ လျှို့ဝှက်လင့်စင်ပေါ်တွင် အတူနေရန် ဟိုဖိန့်က ခေါ်ထားခဲ့သည်။

"ဘာအကြောင်းထူးလဲ အစ်ကိုဟို"

လင့်စင်ပေါ်သို့ ဟိုဖိန့် ပြန်ရောက်လာသောအခါ လုအိမ်လိမ်က ဆီး၍မေးသည်။



"ဝန်ယုကောင်းတော့ သစ်စိမ်းဂိုဏ်းလက်ချက် မိသွားပြီ"

"ဟင်...ဒါဆိုရင် သူ့ဆီမှာ ရှိနေတဲ့ သော့တစ်ချောင်းလဲ သစ်စိမ်းဂိုဏ်းလက်ထဲ ပါသွားပြီလား"

"ဝန်ယုကောင်း သေဆုံးသွားပေမယ့် သော့ကတော့ ရှိနေသေးတယ်"

"ဘယ်လိုများလဲ အစ်ကိုဟိုရာ၊ ရှင်းအောင် ပြောစမ်းပါဦး"

ဤတွင်...

ဟိုဖိန့်သည် မိမိနှင့် ကေမိဝါ တွေ့ဆုံခဲ့ရပုံ အကြောင်းများကို လုအိမ်လိမ်အား ပြန်လည် ပြောပြလိုက်သည်။

"အဲဒီ ကေမိဝါဆိုတဲ့ ကောင်မလေးက ဝန်ယုကောင်းရဲ့ အသက်အသွယ် တကယ် ဟုတ်မှဟုတ်ရဲ့လား အစ်ကိုဟိုရာ၊ ကျွန်တော်တို့နှစ်ယောက်ကိုပါ ခြေရာခံမိအောင် သစ်စိမ်းဂိုဏ်းက လျှို့ဝှက်စီစဉ်ထားတာကော မဖြစ်နိုင်ဘူးလား"

ဟိုဖိန့်၏စကားဆုံးသောအခါ လုအိမ်လိမ်က ပြောသည်။

ထိုအခါ ဟိုဖိန့်မှာလည်း ဇဝေဇဝါ ဖြစ်သွားကာ...

"မင်းပြောတာလဲ စဉ်းစားစရာပဲကွ၊ ဟိုကောင်မလေး ကေမိဝါကို ကြည့်ရတာကတော့ အမှန်အကန် ဖြစ်ပုံရပါတယ်"

"သစ်စိမ်းဂိုဏ်းအကြောင်း ကျွန်တော့်ထက် အစ်ကိုတို့က သိပါတယ်၊ သူတို့နဲ့ ပတ်သက်ရင် သတိထားနိုင်ကာမှ တော်ကာကျမယ်၊ ဒါကြောင့် ကေမိဝါဆိုတဲ့ ကောင်မလေးကို အပြတ်ယုံကြည်လိုက်ဖို့တော့ မဖြစ်ဘူးထင်တယ်၊ ကျွန်တော် အကြံတစ်ခုပေး

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ အစ်ကိုဟို သဘောကျပုံမလားတော့ မသိဘူး"

"မင်းအကြံကို ပြောစမ်းပါဦးကွာ"

"ကေမိဝါဆိုတဲ့ ကောင်မလေးက ကျွန်တော်တို့နဲ့ အတူ လိုက်လာခဲ့တာ မဟုတ်လား"

"အေး"

"ဒီမြောင်နယ်ရဲ့ အပြင်ဘက်ကို ရောက်တာနဲ့ အဲဒီ ကောင် မလေးကို အပြတ်ရှင်းပစ်ပြီး သူ့ဆီမှာ ရှိနေတဲ့သော့ကို ယူလိုက် ဘယ်လိုသဘောရလဲ"

"မင်းဟာက အချင်းချင်း သစ္စာဖောက်ရမယ့် အလုပ် လား"

"အဲဒီ ကောင်မလေးက ကျွန်တော်တို့နဲ့ အချင်းချင်း တယ်လို့ အစ်ကိုဘာကြောင့် ပြောနိုင်တာလဲ"

"မင်းကလဲကွာ ဒါများမေးနေစရာ လိုသလား။ ဝန် ကောင်းက ငါတို့ရဲ့သူငယ်ချင်း မဟုတ်လား၊ အခု ဝန်ယုကောင်း သေသွားပြီ၊ ကေမိဝါက ဝန်ယုကောင်းရဲ့ နောက်ဆုံးမှာ စကားတွေအရ ငါတို့နဲ့ ပူးပေါင်းတယ်၊ သူက ဝန်ယုကောင်းကို ဆိုတော့ ဝန်ယုကောင်းလိုပဲ ငါတို့က အချင်းချင်းအဖြစ် အသိအ ပြုရမှာပေါ့ကွ"

"ဒါက ကောင်မလေးပြောတဲ့စကားပဲ ရှိနေတာပဲ၊ သူ ဝန်ယုကောင်းရဲ့ အဆက်အသွယ် ကိုယ်စားပြုသူ အစစ်အမှန် တယ်လို့ အခိုင်အမာ သက်သေခံ ဘယ်မှာရှိလို့လဲ"

ဟိုဖိန့် ခေတ္တစဉ်းစားလိုက်သည်။



ကေမိဝါ၏ လှပချောမောသော မျက်နှာလေးနှင့် ခင်မင် ဖွယ်ရာကောင်းသော အမူအရာလေးများကို မြင်ယောင်လာသည်။

သည်ကောင်မလေးအပေါ်တွင် မကောင်းသော အမြင်ဖြင့် ဘယ်လို့မှ ရှုကြည့်လို့မရ။

သို့ရာတွင် လုအိမ်လိမ် ထောက်ပြပြောဆိုသည့် အချက် တကလည်း ကျိုးကြောင်းဆီလျော်ကာ ယုတ္တိရှိနေသောကြောင့် ဟို နေဖြင့် လက်မခံ၍မဖြစ်။

ထို့ပြင် သစ်စိမ်းဂိုဏ်းသည် အကောက်ဉာဏ် များလှ ကြောင်းကို ဟိုဖိန့် ကောင်းကောင်းသိထားသည်။

"ကျွန်တော့်အကြံအတိုင်းသာ လုပ်စမ်းပါ အစ်ကိုရ၊ ကောင်မလေးဟာ သစ်စိမ်းဂိုဏ်းရဲ့ သူလျှိုဆိုရင် တစ်ခါတည်း အန္တရာယ် ရှင်းပြီးသားလဲ ဖြစ်မယ်၊ ကျွန်တော်တို့အတွက် မြေ အောက်ခန်းကို ဖွင့်နိုင်ဖို့ လိုအပ်နေတဲ့ သော့ကိုလဲ လက်ထဲရမယ်"

ဟိုဖိန့် တွေဝေစဉ်းစားနေသည်ကို အားမရဟန်ဖြင့် လု လိမ်က ပြောသည်။

"ကေမိဝါကို သတ်ပစ်တဲ့အထိတော့ လုပ်ဖို့ မကောင်းဘူး ထင်တယ်"

"ဟာ... အစ်ကိုဟိုကလဲ ဘာကြောင့် ရန်သူ့သူလျှိုကို သက် ညှာချင်နေတာလဲ၊ အပြတ်ရှင်းပစ်မှ အန္တရာယ်ကင်းမှာပေါ့"

"ကေမိဝါဟာ သစ်စိမ်းဂိုဏ်းရဲ့ သူလျှိုမဟုတ်ဘဲ သူပြောခဲ့ တကယ်ပဲ ဝန်ယုကောင်းရဲ့ကိုယ်စား အဆက်အသွယ် ဖြစ်နေ ယ်ဆိုရင် ငါတို့ဘက်က သိပ်လက်လွန်ကုန်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကောင်မလေးကို ကြိုက်နေလို့တော့ မဟုတ်ပါ
နော်"

ဟိုဖိန့်မှာ မျက်နှာထူထူပူပူ ဖြစ်သွားကာ…

"ဟာကွာ…မင်းကလဲ ပေါက်တတ်ကရ၊ ငါက ဘာကြော
ကြိုက်နေရမှာလဲကွ"

"မသိဘူးလေ၊ အစ်ကိုက သိပ်သက်ညှာ ထောက်ထား
တာကိုး၊ သူ့ကို ကြိုက်နေတာကြောင့်လို့ပဲ တွေးကြည့်ရတာပေ"

"မဆိုင်လိုက်တာကွာ၊ ငါက မဖြစ်သင့်တာတွေ ခြေ
အောင် အဘက်ဘက်က ချင့်ချိန်ပြောတာပါကွ"

"ကောင်းပြီ၊ ကေမီဝါဟာ သစ်စိမ်းဂိုဏ်းရဲ့ သူလျှိုဖြစ်
ကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ ရှိလာရင်ကော"

"အဲဒီအခါကျတော့ ဘာပြောစရာရှိတော့လဲကွ၊ ပြတ်
သားသား လုပ်လိုက်ကြတာပေါ့"

➤ ➤ ➤

## အခန်း(၃)

ဝန်ယုကောင်း၏နောက်မှ ခြေရာခံ လိုက်ခဲ့ရာတွင် မိမိတို့ မျှော်မှန်းသလောက် အောင်မြင်မှုမရရှိဘဲ မိမိဘက်မှ လူအင်အား အသေအပျောက်ပါးဆုံးရှုံးမှုများပင် ကြုံခဲ့ရသည့်အတွက် ကြူးတိတ်အိမှာ အဆော်ပင် မကျေမနပ် ဖြစ်နေခဲ့သည်။

အထူးသဖြင့် ကေမီဝါကို လက်ရဖမ်းမိနိုင်ခဲ့ပါလျက် မျှော်လင့်သော အနေအထားကို ပေါ်ပေါက်လာကာ လက်လွှတ်၍ နောက်ဆုတ်ရှောင်တိမ်းခဲ့ရမှုမှာ ကြူးတိတ်အိအတွက် ခံပြင်းစရာ အကောင်းဆုံး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးတိတ်အိသည် ကေမိဝါတို့ကို အပိုင်အနိုင် ချုပ်ကိုင်အ မိဖမ်းနိုင်မည့် အခွင့်အရေးကောင်းကို စောင့်ဆိုင်းနေခိုက် မိုးလွှဲနီး ကွက် ယန်ကုန်းမင်းထံမှ ကေမိဝါတို့နှင့် ပတ်သက်သည့် သတင်းထူး ကို ရရှိခဲ့သည်။

ကေမိဝါသည် ဟိုဖိန့်၊ လုအိမ်လိမ် ဆိုသူတို့နှင့် အဆက်အ သွယ်ရကာ ခရီးထွက်ခွာသွားတော့မည်ဆိုသည့် သတင်းပင် ဖြစ် သည်။

ကေမိဝါ၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့ သုံးယောက်သား ခရီး အတူထွက်ရန် ဆုံစည်းကြမည့် နေရာနှင့် အချိန်အတိအကျပင် ပါရှိ အထူးပြည့်စုံလှသော သတင်းပေးပို့ချက်ပင် ဖြစ်လေသည်။

ခိုင်မာတိကျသော သတင်းမှန်ဟုတ်မဟုတ်သာ စဉ်းစားရန် လိုတော့သည်။

သတင်းရရှိချိန်မှာ ညသန်းခေါင်ယံတွင်ဖြစ်လျက် ကေမိဝါ တို့ သုံးယောက် ခရီးစရန် လူစုတွေ့ဆုံကြမည့်အချိန်က အရုဏ်တက် စ အချိန်ဖြစ်လေရာ ကြူးတိတ်အိအနေဖြင့် ထိုသတင်း မှန်ကန်မှု ရှိ စဉ်းစားမနေနိုင်တော့။

သတင်းမမှန်ဘဲ မှားနေလျှင်လည်း မိမိတို့အတွက် ထိခိုက် နစ်နာမှု အကြီးအကျယ် မရှိနိုင်ဟု သုံးသပ်ကာ မိမိထံတွင် ကျန်ရှိနေ သေးသော သစ်စိမ်းဂိုဏ်းသား လေးယောက်လုံးကို အတူခေါ်ကာ ခိုအောင်းစခန်းချနေထိုင်ရာ ကျောက်ဂူကြီးမှ အမြန်ထွက်လာခဲ့တော့ သည်။

ကေမိဝါတို့ လူစုရန် ချိန်းဆိုထားသည့်နေရာသို့ ကြူးတင်၍



အချိန်စောစော ရောက်နှင့်နေရန် ကြူးတိတ်အိတို့သည် ကိုယ်ဖော့ ပညာကိုသုံးလျက် အမြန်ပင်သွားကြသည်။

သို့သော်...

ကြူးတိတ်အိတို့လူစု ခိုအောင်းစခန်းချရာ ကျောက်ဂူကြီးမှ ထွက်လာကြပြီး အချိန် အနည်းငယ်အကြာတွင် ခရီးဖင့်အောင် ဟန့် တားမည့် အနှောင့်အယှက် ပေါ်လာခဲ့သည်။

အရင်ဆုံး သူတို့လူစု ဦးတည်သွား၊နေရာ ခရီးလမ်းကြောင်း ရှေ့တည့်တည့်မှ ပိတ်ဆို့ရပ်လာသည့် အမျိုးသမီးကြီးတစ်ယောက် ရုတ်တရက် ပေါ်လာသည်။

"ရပ်လိုက်ကြ...ရှေ့ဆက် မသွားကြနဲ့"

အမျိုးသမီးကြီးက ပါးစပ်မှလည်း ပြောဆို ဟန့်တားသည်။

အသံသည် ခပ်တိုးတိုး ဖြစ်သည်။

သို့သော် အားပြည့်ကာ စူးရှသည်။

ကြားလိုက်ရသော ကြူးတိတ်အိတို့လူစုမှာ နားပင်အူသလို ဖြစ်ကုန်ကြသည်။

လျင်မြန်စွာ လျှောက်လှမ်းလာကြသော ခြေလှမ်းများသည် လည်း အလိုအလျောက်ပင် တုံ့ရပ်သွားသည်။

ကြူးတိတ်အိက အမျိုးသမီးကြီးကို ဖျတ်ခနဲ ကြည့်လိုက် သည်။

မိုးမလင်းသေးသော်လည်း လရောင်ရှိနေသည်။

လရောင်က မှိန်ပျပျသာ။

သို့သော် အတွင်းအားကောင်းသော ကြူးတိတ်အိကတော့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးကို ကောင်းကောင်း တွေ့နိုင်သည်။

ညာဘက် ပါးပြင်တစ်ခုလုံးကို ဖုံးအုပ်လုနီးနီး ရှိနေသော အမည်းကွက်ကြီးကို မြင်ရသောအခါ ထိုအမျိုးသမီးကြီး မည်သူမည် ဝါ ဖြစ်ကြောင်းကို ကြူးတိတ်အိ ဒက်ခနဲပင် သိလိုက်လေသည်။

"အလို… ကြာပန်း အဆိပ်မယ်ပါလား"

ကြူးတိတ်အိ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။

"ရှင်က ကျုပ်မှန်း အသိသားပဲ ကြူးတိတ်အိ"

ကြာပန်းအဆိပ်မယ် ထောက်ရှောင်လိက ခပ်တိုးတိုး ပြန် ပြောသည်။

အသံသည် ကြည်လင်သည်။

သို့သော် မျက်လုံးအကြည့်ကတော့ စူးရှ အရောင်လက်နေ သည်။

"ခင်ဗျားနဲ့ ကျွန်တော်တို့နဲ့က ပင်လယ်ရေနဲ့ ကန်ရေလို ကိုယ့်လမ်းကိုယ်သွားပြီး သီးသီးသန့်သန့် နေကြတာပဲ၊ ဘာကြောင့် ကျွန်တော်လုပ်တဲ့ အလုပ်မှာ ဝင်ရှုပ်ရတာလဲ"

"ရှင်တို့အလုပ်မှာ ကျုပ်က ဘယ်မှာ ဝင်ရှုပ်လို့လဲ"

"ဒါဆို အခုလို ကြားဝင်တားတဲ့ သဘောက…"

ကြူးတိတ်အိ စကားမဆုံးမီ ထောက်ရှောင်လိက ကြားဖြတ် ကာ…

"ဩော်… ဒါလား၊ ကျုပ်ရဲ့အလုပ်မှာ ရှင်တို့ ဝင်ရှုပ်လို့ မရ အောင် ကြိုတင်သတိပေး ဟန့်တားမလို့ဘဲ"

ကြူးတိတ်အိ ရင်ထဲ ထင့်ခနဲ ဖြစ်သွားသည်။



သို့သော် အံမှုအရာ မပျက်ရအောင် ထိန်းသိမ်းလိုက်ပြီး…

"ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ ကျွန်တော် နားမလည်ဘူး၊ ရှင်းအောင် ပြောစမ်းပါ"

"ရှင်တို့လူစု အခုလို ထွက်လာကြတာဟာ ကျုပ်ရဲ့ကိစ္စမှာ ဝင်ရှုပ်သလို ဖြစ်နေတယ်၊ ဒါကြောင့် ရှင်တို့ ရှေ့ဆက်မသွားဘဲ နောက်ပြန်လှည့်ကြပါ"

"ကျွန်တော်တို့က ဂိုဏ်းအတွင်းရေး ကိစ္စတစ်ခု လုပ်စရာရှိ လို့ ထွက်လာတာပါ"

"ဒီလိုမျိုး မပြောနဲ့လေ၊ ရှင်တို့ ထွက်လာကြတာ သစ်စိမ်း ဂိုဏ်းရဲ့ ဂိုဏ်းတွင်းရေးကိစ္စ မဟုတ်ပါဘူး၊ အေးအေးဆေးဆေး နောက်ပြန်လှည့်သွားတာ ရှင်တို့အတွက် အကောင်းဆုံး ဖြစ်လိမ့် မယ်"

"ကျွန်တော်တို့က နောက်ပြန်မလှည့်ဘူးဆိုရင် ခင်ဗျားက အကြမ်းဖက် ဟန့်တားမယ့် သဘောလား"

"အကြမ်းဖက် မဟန့်တားပါဘူးလေ၊ သိုင်းလောကရဲ့ ထုံး တမ်းစဉ်လာအတိုင်း ဖြစ်ရမှာပေါ့"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ရှင်လဲ နာမည်ရ သိုင်းအကျော်အမော်တစ်ယောက်ပဲ၊ သိုင်းလောက ထုံးစံကို နားမလည်ဘူးလား"

"သိုင်းပညာ ယှဉ်ပြိုင်ကြမယ်လို့ ဆိုလိုတာလား"

"မမှားဘူး"

ကြူးတိတ်အိ အကြပ်တွေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာ အနေအထားဖြင့်ဆိုလျှင်မူ ကြူးတိတ်အိသည် ထောက်ရှောင်လိကို ရင်ဆိုင်ယှဉ်ပြိုင်ရန် ဝန်မလေးပေ။

ထောက်ရှောင်လိက စွမ်းရည် အနည်းငယ်သာ ကောင်းလာနိုင်သော်လည်း အကြိတ်အနယ် တိုက်ခိုက်လျှင် မိမိအနေဖြင့် အနိုင်ရနိုင်စရာ အခွင့်အလမ်း ရှိသည်ဟုယုံသည်။

သို့သော်...

ထောက်ရှောင်လိ၏ အဆိပ်လက်နက်များနှင့် အဆိပ်သိုင်းကွက်များကိုတော့ ကြူးတိတ်အိလန့်သည်။

သာမန်အားဖြင့် ဆိုလျှင်တော့ သိုင်းပညာ ယှဉ်ပြိုင်ပွဲများတွင် အဆိပ်လက်နက်နှင့် အဆိပ်သိုင်းကွက်များကို ထုတ်သုံးလေ့မရှိပေ။

ထောက်ရှောင်လိမှာ 'ကြာပန်းအဆိပ်မယ်'ဟူသော အမည်ကို အတိအလင်း ခံယူထားရာ သူမအနေဖြင့် အဆိပ်လက်နက်နှင့် အဆိပ်သိုင်းကွက်များကို ထုတ်သုံးတိုက်ခိုက်လျှင် ကြူးတိတ်အိဘက်မှ အရေးဆိုဖို့ ခက်သည်။

အနာခံရဖို့သာ ရှိသည်။

"ကျွန်တော်တို့က ခင်ဗျားလို အဆိပ်ပညာတွေ မတတ်ပါဘူး။ အဆိပ်ပညာတွေ မတတ်တော့ ခင်ဗျားကို ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ၊ ဒီလို အဆိပ်ပညာကို လက်ကိုင်ပြုပြီး စိန်ခေါ်တာဟာ အကြမ်းဖက် တိုက်ခိုက်တာနဲ့ ဘာမှ မထူးပါဘူး"

ထောက်ရှောင်လိ၏ အဆိပ်လက်နက်နှင့် အဆိပ်သိုင်းကွက်များကို လန့်သောကြောင့် ကြူးတိတ်အိက စကားပရိယာယ်ဖြင့်



တစ်ဖက်လှည့်ကာ ပြောလိုက်သည်။

ထောက်ရှောင်လိကို အဆိပ်ပညာသာ မသုံးလျှင် သိုင်းပညာ အစွမ်းအစမရှိဟု သွယ်ဝိုက်ကာ ပြောလိုက်သည့် သဘောလည်း ဖြစ်လေသည်။

"ဟား...ဟား...ဟား... ရှင်တို့က ဘယ်လောက်များ သိုင်းပညာ အဆင့်မြင့်လို့ ကျုပ်ရဲ့ ယှဉ်ပြိုင်ဖက်တွေအဖြစ် သတ်မှတ်ပြီး စိန်ခေါ်နေတာလဲ၊ ကျုပ်ရဲ့ တပည့်မလေးတွေနဲ့ သိုင်းပညာ ယှဉ်နိုင်းမှာပါ"

ဤသို့ပြောပြီးနောက် ထောက်ရှောင်လိက လက်ခုပ်တစ်ချက် တီးလိုက်သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း"

ထောက်ရှောင်လိက လက်ခုပ်တစ်ချက် တီးလိုက်ရာ မလှမ်းမကမ်းရှိ သစ်ပင်ကြီး၏နောက်ကွယ် အမှောင်ရိပ်ထဲမှ မိန်းမ ပျိုတစ်ယောက် လှစ်ခနဲပြေးထွက်လာကာ ထောက်ရှောင်လိ၏ ညာ ဘက်ခြေတစ်လှမ်းလောက် အကွာတွင် ရပ်လာသည်။

အမျိုးသမီးသည် အသက် ဆယ့်ရှစ်နှစ်ခန့် ရှိသည်။

ရုပ်ရည်ချောမောသော်လည်း မျက်နှာထားတင်းတင်းနှင့် ရှိနေရာ ကြည့်ရတာ တစ်မျိုးကြီး ဖြစ်သည်။

ပုံစံဆန်းဆန်း ချုပ်ထားသည့် အဖြူရောင်ဝတ်စုံကို ဝတ် ဆင်ထားသည်။

ခါးပတ်လည်း အဖြူရောင်။

ခါးပတ်တွင် ဓားရှည်နှစ်လက် ဘယ်ညာချိတ်ထားလေ သည်။

"ဟောဒါ ကျုပ်ရဲ့တပည့်မလေး ကြာဖြူပဲ၊ ဓားနှစ်လက် ကြာဖြူလို့လဲ ခေါ်တယ်၊ သူနဲ့ သိုင်းပညာယှဉ်ဖို့ ရှင်တို့ဘက်က ကြိုက်ရာလူတစ်ယောက် ထွက်ခဲ့ပါ"

ထောက်ရှောင်လိ၏ တပည့်မလေး ဓားနှစ်လက်ကြာဖြူနှင့် ယှဉ်ပြိုင်ရန် ယဲ့ကျင်းကို အထွက်ခိုင်းဖို့ ကြူးတိတ်အိ စိတ်ကူးမိသေး သည်။

သို့သော်...

ကေမိဝါတို့လူစု ဆုံတွေ့ရန် အချိန်းအချက် လုပ်ထားသည့် နေရာသို့ အချိန်မီ အရောက်သွားနိုင်ဖို့မှာ ယခုသိုင်းပညာ ယှဉ်ပြိုင်မှု



ကို ခပ်မြန်မြန် အဆုံးသတ်မှ ဖြစ်မည်ဟု တွေးမိပြန်ရာ မိမိကိုယ်တိုင် ထွက်ဖို့ ဆုံးဖြတ်လိုက်သည်။

ကြာဖြူကိုတော့ မိမိအနေဖြင့် အနိုင်ယူနိုင်မည်ဟု ကြူး တိတ်အိက တွက်သည်။

ထို့ပြင်...

ဓားနှစ်လက်ကြာဖြူဟု အမည်ခံယူထားပေရာ သိုင်းပညာ ယှဉ်ပြိုင်ရာတွင် အဆိပ်လက်နက်များ ထုတ်သုံးလျှင် မိမိဘက်မှ သိုင်းပညာယှဉ်ပြိုင်မှု စည်းကမ်းဖောက်ဖျက်သည်ဟု ပြောဆိုစွပ်စွဲ နိုင်သည့်အတွက် အဆိပ်ပညာနှင့် ပတ်သက်၍ စိုးရိမ်ခြင်းလည်း မဖြစ်တော့။

"ကြာပန်းအဆိပ်မယ် ထောက်ရှောင်လိရဲ့ တပည့်မလေး ဆိုတော့ အစွမ်းအစသေးမှာ မဟုတ်ပါဘူး၊ ထောက်ရှောင်လိကို သိ ကျွမ်းနေတာကြာပြီဖြစ်ပေမယ့် သူ့တပည့်မလေး ဓားနှစ်လက် ကြာ ဖြူကိုတော့ အခုမှ မြင်ရတာပါပဲ၊ နာမည်နဲ့လိုက်အောင် ဓားပညာမှာ အစွမ်းထက်လိမ့်မယ်လို့ ထင်ပါတယ်၊ ဒါကြောင့် မိတ်ဆက်ကြည့်ပါရ စေ"

ဓားနှစ်လက်ကြာဖြူကို မိမိကိုယ်တိုင် ယှဉ်ပြိုင်မည် ဖြစ် ကြောင်းကို ကြူးတိတ်အိက စကားပရိယာယ်ကြွယ်ကြွယ်ဖြင့် ရည် မွန်စွာ ပြောလိုက်သည်။

ကြာဖြူအနေဖြင့် အဆိပ်လက်နက်မသုံးဘဲ ဓားသိုင်း ပညာဖြင့်သာ ယှဉ်ပြိုင်စေရန်အတွက်လည်း စကားခင်းကာ ကြိုတင် ပြောထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သစ်စိမ်းဂိုဏ်းက ထိပ်တန်းဂိုဏ်းခွဲမှူးကြီးတစ်ယောက်ရဲ့ လက်တွေ့တိုက်ပွဲ လေ့ကျင့်သွန်သင်ပေးမှုကို ခံယူရတာ ကျွန်မကလဲ အများကြီး ကျေးဇူးတင်ပြီး ဂုဏ်မိပါတယ်ရှင်၊ ကျွန်မရဲ့ မဖြစ်စလောက် ဓားသိုင်းပညာကွက်လေးတွေမှာ လိုအပ်ချက်တွေ ရှိရင်လဲ ထောက်ပြဖြပြင်ပေးပါ"

ဓားနှစ်လက်ကြာဖြူကလည်း သိုင်းလောက၏ ထုံးတမ်းစဉ်လာ ယဉ်ကျေးပျူငှာစွာ စကားတုံ့ပြန်ပြောဆိုပြီး ဦးညွှတ်အရိုအသေပေးလိုက်သည်။

စကားအသုံးအနှုန်းတို့က ချီးမွမ်းဂုဏ်တင်သလို ရှိသော်လည်း တကယ်စင်စစ် ခနဲ့သည့်သဘောမို့ ကြူးတိတ်အိမှာ အောင့်သက်သက် ဖြစ်သွားရလေသည်။

တစ်ဖက် မိန်းပျိုက ဂါရဝပြုနေသည့်အတွက် ကြူးတိတ်အိမှာလည်း မတတ်သာဘဲ တုံ့ပြန်ကာ ဦးညွှတ်လိုက်ရလေသည်။

"ကျွန်မက အငယ်ဖြစ်နေတဲ့အတွက် စတင်တိုက်ခိုက်ခွင့်ပြုပါရှင်"

ဓားနှစ်လက်ကြာဖြူက လုပ်ချလာပြန်သည်။

ဝါရင့်သိုင်းသမားကြီးများက မိမိထက် အတွေ့အကြုံနုနယ်သော နောက်ပေါက်လူငယ်သိုင်းသမားများကို လက်တွေ့တိုက်ခိုက် လေ့ကျင့်ပေးသောအခါ အရင်စတင်တိုက်ခိုက်ရန် ဦးစားပေး ခွင့်ပြုသော အစဉ်အလာရှိသည်။

ယခု...

ကြာဖြူ၏ ပြောစကားများသည် ကြူးတိတ်အိလို ဦးစီး



ခေါင်းဆောင် ဝါရင့်သိုင်းသမားကြီးဖြစ်ယောက် ဖြစ်ပါလျက် လူငယ်သိုင်းသမားတစ်ယောက်နှင့် ယှဉ်ပြိုင် အနိုင်လုနေသည်ဟု ရှုတ်ချပစ်တင်သည့် သဘောမျိုးဖြစ်ရာ ကြူးတိတ်အိမှာ ထောင်းခနဲ ဒေါသပွားသွားသည်။

"ရတယ်...မင်းကို သိုင်းကွက်သုံးကွက် ဦးစားပေးမယ်"

ကြူးတိတ်အိက လက်တွေ့တိုက်ပွဲ လေ့ကျင့်မှု ပြုလုပ်ပေးသော သိုင်းသမားကြီးတစ်ယောက်၏ ဟန်ပန်မူမျိုးဖြင့် ပြောသည်။

သို့သော်...

သူ၏အသံက မာပြီး မျက်နှာအမူအရာ ခပ်တင်းတင်း ဖြစ်နေရာ ရင်ထဲတွင်ရှိသော ဒေါသစိတ်၏ အရိပ်အသွင်များ ပေါ်လွင်နေသည်။

"ကျေးဇူးတင်ပါတယ်ရှင် ကျွန်မကို စခွင့်ပြုပါ"

"ကောင်းပြီ"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



"ရှမ်း...ရှမ်း"

ကြာဖြူက သူမ၏ခါးတွင် ချိတ်ထားသော ဓားရှည်နှစ်လက်ကို ဆွဲထုတ်သည်။

မှုန်ပျပျ လရောင်အောက်တွင်ပင် ဓားရောင်များ ဖွေးခနဲ လက်ပြောင်သွားသည်။

ပထမတန်း ဓားကောင်းနှစ်လက်ဖြစ်ကြောင်း ထင်ရှားသိသာနိုင်သည်။

ကြူးတိတ်အိကလည်း သူ၏ဓားရှည်ကို ဆွဲထုတ်မည် ပြုသေးသည်။

သို့သော် ဦးစားပေးထားသည့် သိုင်းကွက်သုံးကွက်တွင် မိမိက လက်နက်မဲ့ဖြင့်သာ ရှောင်တိမ်းပေးပြီး သိုင်းကွက်သုံးကွက်ကျော်သောအခါတွင်မှ ဓားရှည် ဆွဲထုတ်၍ အပြင်းအထန် တိုက်ခိုက်ပစ်တာက ပိုကောင်းမည်ဟု စိတ်ကူးပေါက်သောကြောင့် ဓားရှည်ကို ဆွဲမထုတ်တော့။

ခြေထောက်နှစ်ဖက်ကို ခပ်ကားကားပြုကာ သိုင်းကွက်နှင်းအသင့်ပြင်၊ ကြာဖြူ၏ တိုက်ကွက်ကိုသာ စောင့်လင့်နေသည်။

ကြာဖြူသည် ဘယ်ညာ လက်နှစ်ဖက်ကို တစောင်းဆန်နေရာမှ ကွေး၍ အပေါ်သို့ ပင့်တင်သည်။

ထိုအခါ လက်ထဲတွင် ကိုင်ထားသော ဓားရှည်နှစ်လက်သည် ကြာဖြူ၏ မျက်နှာရှေ့တည့်တည့်တွင် တန်းကန်းမတ်မတ်ထောင်လျက်သား ဖြစ်သည်။

ဓားနှစ်လက်၏ အရွယ်အစားက တူညီသည်။



ဓားများကို ထောင်ထားမှုကလည်း တစ်လက်နှင့် တစ်လက် ဘေးတိုက်ညီညာစွာ တန်းလျက်သား။

မည်သည့် ဓားကမျှ အပေါ်သို့ ပိုမရောက်သလို ရှေ့နောက်ခွန်းထွက်နေခြင်းလည်း မရှိ။

ထပ်တူထပ်မျှ ညီညီညာညာ။

ကြာဖြူ၏ကိုယ် ညာဘက်သို့ ပေါ်စောင်းစောင်းလေး ယိမ်းသည်။

ဘယ်ညာ လက်နှစ်ဖက်က တော့ ဘယ်ဘက်သို့ ယိမ်းကာ ရွေ့လျားသည်။

ဓားနှစ်လက်သည်လည်း ဘယ်ဘက်ဆီသို့ တစ်လက်နှင့်တစ်လက် ညီညာစွာ ဝှေ့၍ ဝိုက်သွားသည်။

ဘယ်ဘက်သို့ ဝိုက်သွားသော ဓားရှည် နှစ်လက်သည် အပေါ်သို့ ပြိုင်တူပင် ပြန်ကာ ထိုးတက်သည်။

ပြီးတော့ အောက်သို့ ခပ်ပြင်းပြင်း ခပ်မြန်မြန် ဆတ်ခနဲ ပိုင်းချရာ ဓားလေတိုးသံ 'ဝှီး'ခနဲပင် မြည်သည်။

ကြာဖြူသည် ဤသိုင်းဟန် လှုပ်ရှားမှုကို ကြူးတိတ်အိနှင့် ဆယ့်ငါးပေ ကျော်ကျော်ခန့်အကွာတွင် လုပ်ဆောင်နေခြင်းဖြစ်ရာ ပိုင်းချလိုက်သော ဓားခုတ်ချက်သည် ကြူးတိတ်အိကို မထိခိုက်စေပါ။

သို့သော် ကြူးတိတ်အိမှာ ရင်ထဲ ဒိန်းခနဲတော့ ဖြစ်သွားသည်။

ဘယ်ဘက်ဆီသို့ ဝိုက်ချက် အပေါ်သို့ ထိုးတင်ချက်တို့ကို ခပ်ဖြည်းဖြည်း ခပ်နှေးနှေးလုပ်ကာ အပေါ်မှ အောက်သို့ ပိုင်းချချက်ကို

www.burmeseclassic.com

www.burmeseclassic.com



သာ အားပြည့်အင်ပြည့်ဖြင့် ပြင်းထန်စွာ ခုတ်ချခြင်း ဖြစ်သည်။

သိုင်းဟန်သိုင်းကွက် လှုပ်ရှားမှု ဟန်ပန်များနှင့် ဘယ်ညာ လက်နှစ်ဖက်တွင် ကိုင်ထားသော ဓားရှည်နှစ်လက်၏ ညီညီညာညာ လှုပ်ရှားသွားပုံတို့ကို ထင်ရှားပီပြင်စွာ မြင်ရသည်။

ဓားရှည်နှစ်လက်၏ လှုပ်ရှားသွားမှုသည် အလွန်ပင် ညီညာသည်။

ထပ်တူထပ်မျှ ဖြစ်သည်။

ဓားတစ်လက်တည်း လှုပ်ရှားနေသည့်နှယ် ထင်ရသည်။

"ဟာ... မျဉ်းပြိုင်ဓားသိုင်း...မျဉ်းပြိုင်ဓားသိုင်း"

ကြုံးတိတ်အိ အပါအဝင် သစ်စိမ်းဂိုဏ်းသားများ၏ နှုတ်များမှ တအံ့တဩ ရေရွတ်သံများ ကြိုတင်ဇာတ်တိုက်ထားဘိအလား ပြိုင်တူပင် ပေါ်ထွက်သည်။

➤ ➤ ➤



ထိုအချိန်က သိုင်းလောကတွင် သိုင်းသမားအများ အထူး စိတ်ဝင်စားနေသော သိုင်းကွက်သိုင်းဟန်သုံးမျိုး ရှိလေသည်။

'ပုံပြင်သိုင်းပညာသုံးခု'ဟု အချို့က ခေါ်ကြသလို 'စိတ်ကူးယဉ် သိုင်းကွက်များ'ဟုပင် ကင်ပွန်းတပ်သူတွေ တပ်ကြသည်။

'ဒဏ္ဍာရီပညာ သုံးဖြာ'ဟု အမည်မှည့်သူများလည်း ရှိလေသည်။

ထိုသိုင်းပညာရပ် သုံးမျိုးသည် ပုံပြင်ဆန်သည်။

စိတ်ကူးယဉ်ကွက်တွေလည်း ဖြစ်သည်။

ဒဏ္ဍာရီဟုလည်း ဆိုနိုင်သည်။

ဤသိုင်းပညာရပ် သုံးခုနှင့် ပတ်သက်၍ စနစ်တကျရေးသား ပြုလုပ်ထားသော အခြေခံ သိုင်းကျမ်းဟူ၍ ခြေခြေမြစ်မြစ် မရှိ။

လေ့ကျင့်နည်းများကလည်း မတိကျ မရေရာ။

သိုင်းလောကတွင် အစဉ်အဆက် ပြောကြားခဲ့သည့် ရှေးဟောင်း သိုင်းသမားကြီးများအကြောင်း ထုံးတမ်းပုံပြင် ဒဏ္ဍာရီများတွင် ပါရှိသည့် ထူးဆန်းသော သိုင်းပညာများကို တကယ်လက်တွေ့ လုပ်ကြည့်လျှင် ကောင်းမည်ဟု စဉ်းစား စိတ်ကူးယဉ်ရာမှ သူတစ် ငါတစ်ဖုံ ကြံစည်ကြရာမှ 'ပုံပြင်သိုင်းပညာ'သုံးခု ပေါ်ပေါက်လာသည်။

မျဉ်းပြိုင်ဓားသိုင်းသည် ထိုသို့သော ပုံပြင်သိုင်းပညာတစ်ခု ဖြစ်သည်။

ဓားရှည်နှစ်လက်ကို မျဉ်းပြိုင်သဘောမျိုး ညီညာတိကျစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တူလှုပ်ရှားတိုက်ခိုက် အစွမ်းကာ ရန်ဟူသမျှ နှိမ်နင်းအနိုင်ယူ သည့် ဒဏ္ဍာရီပုံပြင်ထဲမှ သိုင်းသမား လူစွမ်းကောင်းများကို အားကျ ကာ အတုယူ၍ ကြံဆတီထွင် လေ့ကျင့်မှုတွေ လုပ်နေကြသည်။

ထွန်းထွန်းပေါက်ပေါက် အောင်မြင်မှုမျိုးကား မရှိခဲ့သေး ပေ။

ထိုသို့ ကြိုးစားပြီး အောင်မြင်မှုမရှိကြသူများထဲတွင် သခင် စိမ်းဂိုဏ်းလည်း ပါဝင်သည်။

မျဉ်းပြိုင်ဓားသိုင်း တီထွင်အောင်မြင်လျှင် သိုင်းလောက၏ သိုင်းပညာရပ်အားလုံးကို လွှမ်းမိုး အနိုင်ယူနိုင်မည်ဟု သစ်စိမ်းဂိုဏ်း သားများက စိတ်ကူးယဉ်ပြောခဲ့ကြသည်။

ယခု...

ဓားနှစ်လက်ကြာဖြူဟု အမည်ခံထားသော မိန်းမပျိုလေး က ဓားရှည်နှစ်လက်ကို တိကျညီညာစွာ မျဉ်းပြိုင်သိုင်းဟန် လှုပ်ရှား ကစားပြမည်ဟု မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ ကြူး တိတ်အိတို့လူစု အထူးပင် တအံ့တသြ ဖြစ်ကုန်ကြသည်မှာ မဆန်း ပေ။

အံ့သြရုံမက ထိတ်လန့်တုန်လှုပ်ခြင်းလည်း ဖြစ်ကြရသော သည်။

မျဉ်းပြိုင်ဓားသိုင်း ပိုင်နိုင်စွာ တတ်မြောက်အောင်မြင်နေ သော ကြာဖြူကို ဘယ်လိုမှ မယှဉ်နိုင်ကြောင်းကိုလည်း သူတို့ သဘောပေါက် နားလည်ကြပေသည်။

ကြူးတိတ်အိဆိုလျှင် အလိုအလျောက်ပင် နောက်သို့ ခြေ



လှမ်းဆုတ်လိုက်မိသည်။

ကြာဖြူက သူမ၏ ဓားရှည်နှစ်လက်ကို ပြန်သိမ်းကာ ကြူး တိတ်အိကို ဦးညွတ်အရိုအသေပေးသည်။

ထို့နောက် အသာနောက်ဆုတ်ကာ မှောင်ရိပ်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားသည်။

သိုင်းပညာချင်း မယှဉ်လိုက်ရဘဲနှင့် ဤပွဲသည် အရှုံးအနိုင် မဖြေပေါ်သွားလေတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း...ဖြောင်း"

ထောက်ရှောင်လီက လက်ခုပ် နှစ်ချက်ဆင့်ကာ တီးလိုက်ပြန်သည်။

အမှောင်ရိပ်ထဲမှ နောက်ထပ် မိန်းမပျိုတစ်ယောက် ထပ်၍ ထွက်လာသည်။

ကြာဖြူနှင့် အသက်အရွယ် မတိမ်းမယိမ်း။

အသက်(၁၈)နှစ်သာသာခန့်။

ကြာဖြူလောက်တော့ ရုပ်မချောပေ။

သို့သော် ကြာဖြူလို မျက်နှာထား မတင်းသည့်အတွက် ကြည့်ပျော်ရှုပျော် ရှိသည်။

အနီရောင်ဝတ်စုံကို ဝတ်ထားသည်။

ဝတ်စုံပုံစံကတော့ ကြာဖြူဝတ်သည့် ဝတ်စုံနှင့် တစ်ထေရာတည်း တူသည်။

အရောင်းချင်းသာ ကွာခြားသည်။

အနီရောင်အိတ်နှစ်လုံးကို ဘယ်ညာ စလွယ်သိုင်း လွယ်ထားသလို နောက်ကျောတွင်လည်း အနီရောင် ကျောပိုးအိတ်တစ်လုံး လွယ်ပိုးထားသည်။

ခါးပတ်က အပြားကြီးကြီး။

ခါးပတ်တွင် သေးငယ်သော ဓားတိုလေးများ စီစီရရီ ထိုးချိတ်ထားသည်။

"အဲဒါကတော့ ကျုပ်ရဲ့ တပည့်မလေး ကြာနီပါ၊ သူ့ကို လက်တစ်ထောင်ကြာနီလို့လဲ ခေါ်တယ်၊ ကြာနီရေ... မင်းရဲ့ လက်



သက်နလေးတွေကို ပြလိုက်ပါကွယ်"

ထောက်ရှောင်လီက မိတ်ဆက်စကားပြောရင်း တစ်ဆက်တည်းပင် ကြာနီကို အမိန့်ပေးလိုက်သည်။

"ဒေါက်...ဒေါက်"

ထောက်ရှောင်လီ၏ စကားဆုံးသည်နှင့် လက်နက်ပုန်းနှစ်ခုသာ ကြူးတိတ်အိနှင့် ယွဲ့ရန်ကျင်းတို့၏ ဓားရှည်လက်ကိုင်ရိုးများကို သာထိမှန်သည်။

သူတို့နှစ်ယောက် အလွန် အံ့သြသွားကြသည်။

ဤလက်နက်ပုန်းများကို လက်တစ်ထောင်ကြာနီ အမည်ခံ မိန်းမပျိုက လှမ်းပစ်လိုက်ကြောင်းကိုတော့ သူတို့ နားလည်ကြသည်။

သို့ရာတွင်...

ကြာနီ၏ လက်လှုပ်ရှားလိုက်သည်ကိုလည်း မတွေ့ရ၊ လက်နက်ပုန်း လွင့်ပျံဝင်ရောက်လာသည့် လေခွင်းသံကိုလည်း ကြားရဘဲ ဓားရိုးများ၌ ထိမှန်စိုက်မိတော့မှ လက်နက်ပုန်း အဝစ်ခံရကြောင်း သိလိုက်ရမှုကြောင့် ကြူးတိတ်အိရော ယွဲ့ရန်ကျင်းပါ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားကြသည်။

ဓားလက်ကိုင်ရိုးများဆီသို့ မဟုတ်ဘဲ သေကွင်းသေကွက် နေရာများကိုသာ ချိန်ရွယ်ပစ်ခတ်လိုက်ပါလျှင် အသက်မည်သို့ ထွက်သွားရသည်ကိုပင် သိသွားရမည် မဟုတ်ဟုလည်း တွေးမိကာ ချွေးပင် ပြန်သွားသည်။

"အရိပ်မဲ့ လက်နက်ပုန်း"

ကြူးတိတ်အိနှင့် ယွဲ့ရန်ကျင်းတို့နှစ်ယောက် ပြိုင်တူပင် အ

www.burmeseclassic.com

www.burmeseclassic.com



လန့်တကြား ရေရွတ်လိုက်မိကြသည်။

သူတို့နှစ်ယောက်၏ ရေရွတ်သံကို ကြားရသော ကျန်သစ်စိမ်းဂိုဏ်းသားများလည်း တုန်လှုပ် ချောက်ချား သွားကြသည်။

အရိပ်မဲ့ လက်နက်ပုန်းမှာလည်း မျဉ်းပြိုင် ဓားသိုင်းကဲ့သို့ ပင် ပုံပြင် သိုင်းပညာရပ် သုံးခုမှ တစ်ခု ဖြစ်နေသည်။

လက်လှုပ်ရှားပစ်ခတ်မှုကိုလည်း မတွေ့နိုင်၊ လက်နက်ပုန်းလေခွင်းသံကိုလည်း မကြားစေရဘဲ ပစ်မှတ်ကို တိကျစွာ ပစ်နိုင်သည့် အရိပ်မဲ့လက်နက်ပုန်း ပစ်ခတ်မှုသည် မျဉ်းပြိုင်ဓားသိုင်းထက် ပို၍ ခက်ခဲသည်။

ဓားနှစ်လက်ကြာဖြူ၏ မျဉ်းပြိုင် ဓားသိုင်းပညာစွမ်းကို မြင်ရ၍ အံ့သြခဲ့ကြသော ကြူးတိတ်အိတို့လူစုမှာ လက်တစ်ထောင်ကြာနီ၏ အရိပ်မဲ့ လက်နက်ပုန်း ပစ်ခတ်မှုကို ကြုံရသောအခါ ထိတ်လန့် တုန်လှုပ်ကုန်ကြတော့သည်။

"ကျုပ်ရဲ့ ဒုတိယတပည့်မလေး လက်တစ်ထောင် ကြာနီရဲ့ သိုင်းပညာစွမ်းရည် ယှဉ်ပြိုင်မယ့်လူရှိရင် ထွက်နိုင်ပါတယ်"

ထောက်ရှောင်လိက စိန်ခေါ်လာသည်။

ကြူးတိတ်အိတို့ဘက်မှ ထွက်ဝံ့သူ တစ်ယောက်မှမရှိ။

ထွက်၍ ယှဉ်ပြိုင်လျှင်လည်း မရှုမလှ အရေးနိမ့်မည်သာ ဖြစ်ကြောင်း ကောင်းကောင်း သိကြသည်။

"ဒါဆို ယှဉ်ပြိုင်ပွဲပြီးပြီ၊ အနိုင်အရှုံးလဲ အဖြေပေါ်ပြီ၊ ရှင်တို့ လာလမ်းကို ပြန်ကြပေတော့၊ အခုကိစ္စမှာ ဝင်ရှုပ်ဖို့လဲ စိတ်မကူးကြနဲ့ တော့"



သစ်စိမ်းဂိုဏ်းသားများဘက်မှ ကြာနီနှင့် ယှဉ်ပြိုင်မည့်သူ ထွက်မလာသောအခါ ထောက်ရှောင်လိက အားရပိုင်နိုင်စွာ ပြောသည်။

ကြူးတိတ်အိတို့လူစု ဘာများလုပ်စရာ ရှိတော့သနည်း။

နောက်လှည့်ပြန်ရန်သာ ရှိပေတော့သည်။

➤ ➤ ➤

အခြေအနေအရ နောက်လှည့်ကာ ပြန်လာခဲ့ရသော်လည်း ကြူးတိတ်အိသည် နည်းနည်းလေးမှ ခကျေနပ်။

ထို့ကြောင့် တစ်ခါတည်း လက်လျှော့နောက်ဆုတ်သွားဖို့ လုံးဝစိတ်မကူး။

တစ်နည်းတစ်လမ်း လုပ်ဆောင်နိုင်ရန်ကိုသာ အကြံထုတ် စဉ်းစားနေလေသည်။

အကြံထုတ်ကာ စဉ်းစားနေသောကြောင့် ကြူးတိတ်အိမှာ နှုတ်ဆိတ်၍နေသည်။

သူ့လူများကလည်း ဘာမျှမပြောကြဘဲ သူ့နောက်မှ ငြိမ်သက်စွာ လျှောက်လှမ်းလိုက်လာကြသည်။ ခြေလှမ်းတွေကတော့ စောစောကလောက် မသွက်လက်တော့ပါ။

အတန်ကြာ လျှောက်လှမ်းလာပြီးသောအခါ အကြံကောင်း တစ်ခုကို ကြူးတိတ်အိ စဉ်းစားမိလေသည်။

"ခဏနားကြမယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ကြူးတိတ်အိက သူ့လူများကို ပြောလိုက်သည်။

ပြီးတော့ ယွဲ့ရန်ကျင်းကို အသာခေါ်ကာ ကျန်လူများနှင့် ခပ်လှမ်းလှမ်းသို့ ထွက်လာခဲ့သည်။

"အခုဆိုရင် ဟိုဖိန့်က လုအိမ်လိမ်နဲ့ ကေမိဝါတို့သုံးယောက်လုံး ဆုံမိနေကြပြီ၊ သူတို့ကို အလွတ်ခံလို့ မဖြစ်ဘူး၊ သူတို့သုံးယောက် ဆုံမိကြပြီးရင် ပစ္စည်းတွေကို သွားယူကြတော့မှာ အမှန်ပဲ၊ ဟိုမိန်းမ ထောက်ရှောင်လီက ကြားကနေ ဝင်ပါနေတာက ခက်တယ်၊ ဒီတော့ ငါ ဒီလိုလုပ်မယ် စိတ်ကူးထားတယ်"

ကြူးတိတ်အိက ခပ်တိုးတိုးပြောသည်။

"ဟုတ်ကဲ့ ပြောပါ ဂိုဏ်းခွဲမှူးကြီး"

"မင်းက ယင်စမ်းရွာကိုသွား၊ မင်းနဲ့ အတူတူ ဇကောင်းလင်းနဲ့ တိုက်လုံတို့ကိုပါ ခေါ်သွား၊ အစွမ်းထက်မြက်တဲ့ ကြေးစားသိုင်းသမားတွေကို ဆက်သွယ်ရှာဖွေထားပြီး တကယ်လို့ ကေမိဝါတို့လူ ယင်စမ်းရွာကနေ ဖြတ်သွားရင် တိုက်ခိုက်ဖမ်းဆီးနိုင်းလိုက် မင်းတို့သုံးယောက်ကတော့ နောက်ပိုင်းကနေ အသာခပ်လျှိုလျှိုလုပ်နေကြ"

"ကောင်းပါပြီဆရာ၊ ဂိုဏ်းခွဲမှူးကြီး သူတို့က ယင်စမ်းရွာဘက်က မလာဘဲ မောင်းကွမ်းရွာဘက်က ဖြတ်သွားရင်ကော"

"ငါက မောင်းကွမ်းရွာကို သွားပြီး ကြေးစားသိုင်းသမားတွေ ရှာဖွေငှားရမ်း စီစဉ်ထားမှာပေါ့ကွ၊ သူတို့ ဘယ်လမ်းက သွားသွား မလွတ်နိုင်ပါဘူး"

ကြူးတိတ်အိ အကြံကောင်းပုံကို ယွဲ့ရန်ကျင်း စိတ်ထဲမှ ချီးမွမ်းမိသည်။



ယင်စမ်းရွာနှင့် မောင်းကွမ်းရွာတို့သည် မြောင်နယ်နှင့် တရုတ်ပြည်မကြီးတို့၏အကြား နယ်စပ်နေရာများတွင် တည်ရှိသော ခရီးထောက်စခန်းရွာများ ဖြစ်ကြသည်။

မြောင်နယ်မှ တရုတ်ပြည်မကြီးသို့ သွားနိုင်သော ခရီးလမ်းကြောင်းနှစ်သွယ်ရှိရာ တစ်ခုက ယင်စမ်းရွာကို ဖြတ်သွားကာ ကျန်တစ်ခုက မောင်းကွမ်းရွာကို ဖြတ်သည်။

ထို့ကြောင့် တရုတ်ပြည်မကြီးသို့ သွားကြမည့် ကေမိဝါတို့လူစုသည် ယင်စမ်းရွာနှင့် မောင်းကွမ်းရွာ တစ်ရွာရွာကိုတော့ မုချမသွေဖြတ်ကာ သွားကြရပေလိမ့်မည်။

သူတို့က ထိုရွာနှစ်ရွာတွင် လူစုခွဲကာ အစီအစဉ်တွေလုပ်ပြီး အသင့်စောင့်နေကြမည်ဆိုလျှင် ကေမိဝါတို့နှင့် ဆုံမိဖို့က သေချာသည်။

ကြေးစားသိုင်းသမားများကို ငှားရမ်းကာ လုပ်ကိုင်စေခြင်းဖြင့် မိမိတို့ သစ်စိမ်းဂိုဏ်း၏ ပါဝင်ပတ်သက်မှု မဟုတ်သယောင်ဖန်တီးနိုင်ပေမည်။

အကြံကတော့ကောင်းသည်။

တိုက်ခိုက်မှုကို အောင်မြင်စွာလုပ်နိုင်မည့် လုပ်ကိုင်ရည်ထက်မြက်သော ကြေးစားသိုင်းသမား ရှာဖွေဆက်သွယ်ရရှိဖို့ကတော့ အရေးကြီးသည်။

ကေမိဝါတို့ လူစုသာမက ထောက်ရှောင်လီတို့နှင့်ပါ ရင်ဆိုင်နိုင်ကောင်း ရင်ဆိုင်နိုင်ပေရာ တော်ရုံတတ်ရုံ အစွမ်းရှိသော ကြေးစားသိုင်းသမားတွေကို သုံးလို့တော့မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ယင်စမ်းရွာနှင့် မောင်းကွမ်းရွာတို့သည် ကြေးစားသိုင်းသမားများ ကျက်စားရာနေရာတွေ ဖြစ်ရာ မိမိတို့ လိုချင်သော သိုင်းပညာစွမ်း ထက်မြက်သည့် ကြေးစားသိုင်းသမား ရရှိနိုင်လိမ့်မည်လို့တော့ ယဲ့ရန်ကျင်းက မျှော်လင့်သည်။

ခေတ္တအနားယူကြပြီးနောက် ခရီးဆက်ကြသည်။

ယာယီစခန်းချထားရာ ကျောက်ဂူကြီးသို့မှ မပြန်ကြတော့။

ယဲ့ရန်ကျင်း၊ ကောင်းလင်းနှင့် တိုက်လုံတို့သုံးယောက်က ယင်စမ်းရွာဘက်သို့ ရှေးရှုကာ အမြန်သွားကြသည်။

ကြူးတိတ်အိနှင့် ကျန်လူများကတော့ မောင်းကွမ်းရွာဘက်သို့ ခရီးပြင်းနှင်ကြလေသည်။

➤ ➤ ➤

## အခန်း(၄)

အချိန်းအချက် လုပ်ထားသည့်အတိုင်း ကေမိဝါ လာခဲ့ရာ ကြုံတင်ရောက်ရှိ အသင့်စောင့်နေတာ ဟိုဖိန့်နှင့် ဆုံရလေသည်။

ဟိုဖိန့်က မိမိနှင့်အတူ ပါလာသော လုအိမ်လိမ်ကို ကေမိဝါနှင့် မိတ်ဆက်ပေးသည်။

"အခု သွားရမယ့် ခရီးမှာ အန္တရာယ်တွေ အချိန်မရွေး ကြုံတွေ့နိုင်တယ်၊ အန္တရာယ် တစ်ခုခုနဲ့ ရင်ဆိုင်ရရင် အသေအကြေတိုက်ခိုက်ဘဲ ရှောင်တိမ်းထွက်ရမယ်၊ ဒီလို ရှောင်တိမ်းရင်း လူစုကွဲသွားရင် အလွယ်ဆုံး လူပြန်စုရမယ့်နေရာက အန္တရာယ်နဲ့ တွေ့ခဲ့ရတဲ့နေရာပဲ၊ အဲဒီနေရာကို ပြန်ပြီးလာခဲ့ကြ"

မိတ်ဆက်ပေးပြီးနောက် ဟိုဖိန့်က ခရီးလမ်းတွင် အန္တရာယ်ကြုံလျှင် လုပ်ရမယ့် အစီအစဉ်ကို စတင်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ် ကြုံတဲ့နေရာက ပြန်ပြီးသွားလို့ မရနိုင်တဲ့ နေရာ ဖြစ်နေရင်ကော"

ကေမိဝါက မေးခွန်းထုတ်သည်။

"အဲဒီလို အခြေအနေမျိုး ကြုံရနိုင်တာကို တို့နားလည်ပါတယ်၊ ဒါကြောင့် ဆုံရမယ့် နေရာကို ခရီးတစ်ထောက် သွားဖို့ စေ့တိုင်း ပြောပြထားမယ်၊ အခု မြောင်နယ်ကနေ ထွက်တဲ့ ခရီးတစ်ထောက်မှာတော့ အရေးကြုံလို့ လူစုကွဲပြီး ပြန်ဆုံကြဖို့ ခက်နေရင် မောင်းကွမ်းရွာဟာ ဆုံရပ်ပဲ၊ အဲဒီရွာကို အရောက်လာခဲ့ကြ၊ လူစုံအောင် အဲဒီရွာကနေစောင့်မယ်၊ ဟုတ်ပြီလား"

"အင်း...ရှင့် အစီအစဉ် ကောင်းသားပဲ"

"ဘာမေးချင်သေးလဲ"

မိမိတို့ သွားရမည့် ခရီးလမ်းနေရာနှင့် မည်သည့်အကြောင်းတို့ ဖြစ်သည်ကို ကေမိဝါ သိလိုနေသည်။

ဒါပေမယ့် ဟိုဖိန့်ကို မေးကြည့်ရန် သင့်မသင့်ကိုတော့ စဉ်းစားချင့်ချိန်နေရသည်။

ထိုသို့ မေးလိုက်၍ မိမိအပေါ် သံသယ ပွားလာမည်ကို ကေမိဝါ မလိုလားပါ။

ဟိုဖိန့်နှင့် အတူတကွ ခရီးရှည် သွားကြတော့မည်မို့ လမ်းခရီးတွင် ပြောရင်း ဆိုရင်းနှင့် မိမိ သိလိုသည်များကို တစ်စွန်းတစ်စ သိနိုင်ကြောင်း တွေးမိရာ ထိုအကြောင်းများကို လောလောဆယ် မေးမကြည့်ရန် ကေမိဝါ ဆုံးဖြတ်လိုက်သည်။

"မေးစရာ မရှိတော့ပါဘူးရှင့်၊ ခရီးစကြရအောင်လား"



"ကောင်းပြီ၊ သွားကြစို့"

ကေမိဝါ၊ ဟိုဖိန့်နှင့် လုအိမ်လိမ်တို့ သုံးယောက်သား ခရီးရှည်ကြီးကို စတင်ကြလေတော့သည်။

➢ ➢ ➢

မိမိတို့ကို အဓိက ရန်ပြုမည့်သူများ ဖြစ်ကြသော သစ်စိမ်းဂိုဏ်းသားများ ဤနယ်ထဲတွင် ရောက်ရှိနေကြသည်ကို ဟိုဖိန့်တို့ သိထားကြရာ ခရီးစဉ်အစတွင် အထူးကို သတိထားသည်။

မြောင်နယ်မှ အနှောင့်အယှက်မရှိဘဲ ထွက်ခွာနိုင်လျှင် သစ်စိမ်းဂိုဏ်းသားများကို မျက်ခြည်ဖြတ်နိုင်သည့် သဘောရှိကာ အန္တရာယ် အတော်ကင်းနိုင်မည်ဟု ဟိုဖိန့်က တွက်လေသည်။

ထို့ကြောင့် သွားရိုးသွားစဉ် လမ်းကြောင်းများကို ရှောင်ကာ တောထဲတောင်ထဲမှ ခရီးလမ်းကြောင်းအသစ်များရှာ၍ သွားလေသည်။

ကေမိဝါသည် ဤနယ်ဒေသတွင် အတော်ပင် တောကျွမ်း ရာ ဟိုဖိန့်တို့အတွက် တောလမ်းများတွင် လမ်းပြကောင်း ဖြစ်နေသည်။

တောတိုး၍ သွားရမှုကြောင့် ခရီးအတန်ဖင့်သော်လည်း ရန်နှောင့်ယှက်မည့်သူများနှင့် မတွေ့ရသည့်အတွက် ဟိုဖိန့်တို့ အတော်ဝမ်းသာ အားတက်နေကြသည်။

အပင်ပန်းခံရကျိုး နပ်သည်ဟုလည်း တွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ကြာမှ တောထဲတောင်ထဲတွင် လှည့်ပတ်ကာ ခရီးလမ်းကြောင်း ရှာဖွေသွားလာခဲ့ကြပြီးနောက် မောင်းကွမ်းရွာအနားသို့ ရောက်လာကြသည်။

ဟိုဖိန့်သည် ခရီးလမ်းဆုံနေရာလိုဖြစ်ကာ လူဝင်လူထွက်များသော မောင်းကွမ်းရွာကို ကွင်းရှောင်၍ သွားချင်သည်။

သို့သော် မြောင်နယ်မှ ပြည်မသို့ ထွက်သည့် ခရီးလမ်းကြောင်း အနေအထားအရ သူတို့အနေဖြင့် မောင်းကွမ်းရွာကို ဖြတ်မသွား၍မဖြစ်။

"မောင်းကွမ်းရွာက လူစုံတယ်၊ အန္တရာယ် တွေ့တောင် တွေ့နိုင်တယ်၊ ဒီရွာကို ရှောင်ကွင်းပြီး သွားလို့ကလဲ မဖြစ်ဘူးဆိုတော့ ဖြတ်သွားရမှာပဲ၊ ရွာထဲမှာ ဝင်နားပြီး စားတာ သောက်တာ တို့လုပ်မနေဘူး၊ စားသောက်စရာတွေ ဝယ်ပြီး ချက်ချင်းထွက်မယ်၊ ရွာကလွန်ပြီးတော့မှ အေးအေးဆေးဆေး စားကြသောက်ကြတာပေါ့"

မောင်းကွမ်းရွာနှင့် မလှမ်းမကမ်းသို့ အရောက်တွင် ဟိုဖိန့်က ပြောသည်။

ရှေ့ဆက်မည့် ခရီးတစ်ထောက်တွင် လူစုဆုံသွားလျှင် နောက်ဆုံး ပြန်ဆုံရမည့် နေရာအဖြစ် တုံးစီးမြို့ မြောက်ဘက်အစွန်အဝနားရှိ ဇရပ်ကြီးကို သတ်မှတ်သည်။

တုံးစီးမြို့သည် မြောင်နယ်၏ တောင်ဘက် မိုင်တစ်ရာခန့်အကွာတွင် တည်ရှိသည်။

ထို့နောက် သုံးယောက်သား မောင်းကွမ်းရွာသို့ ဝင်ခဲ့ကြသည်။



အချိန်က ညနေစောင်း....။

တကယ်တမ်း ပြောရမယ်ဆိုလျှင် သူတို့အနေဖြင့် မောင်းကွမ်းရွာတွင် ညနေစာစားသောက်ကာ ညအိပ်ရပ်နားလျက် နောက်နေ့မိုးလင်းမှ ခရီးဆက်ကြဖို့ ကောင်းသည်။

သာမန် ခရီးသွားများသာ ဆိုပါက သည်အတိုင်းသာ လုပ်ကြမည် ဧကန်။

မောင်းကွမ်းရွာထဲရှိ စားသောက်ဆိုင်တွင် ညနေစာစားသောက်ကြသော ခရီးသွားများဖြင့် စည်စည်ကားကား ဖြစ်နေသည်။

ဟိုဖိန့်တို့သည် အရင်ဆုံးတွေ့ရသော စားသောက်ဆိုင်တွင် ဝင်ရောက်ကာ ထမင်း၊ အသားကင်များနှင့် အခြားစားသောက်ဖွယ်ရာများကို ဝယ်ယူသည်။

စားသောက်ဖွယ်ရာ အထုပ်များယူပြီး ရွာမှ ဆက်ထွက်လာခဲ့ကြသည်။

သူတို့ မောင်းကွမ်းရွာထဲသို့ ရောက်သည့်အချိန်သည် ဘာမျှမကြာလိုက်။

အခုဝင် အခုထွက်ဟုပင် ဆိုနိုင်သည်။

မိမိတို့ကို မည်သူမျှ သတိထားမိကြမည် မဟုတ်ဟုလည်း ထင်ကြသည်။

သို့သော်...

သူတို့ ထင်သလို မဟုတ်ပါချေ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ခရီးပြင်း အမြန်နှင်ကာ လာခဲ့ကြသော ကြူးတိတ်အိတို့ လူစုသည် ကေမိဝါတို့ မရောက်မီ နှစ်ရက်ခန့် ကြိုတင်၍ မောင်းကွမ်း ရွာသို့ ရောက်နေခဲ့ကြလေသည်။

ကေမိဝါတို့ ရောက်လာလျှင် ဆီးကြိုတိုက်ခိုက်နိုင်မည့် အစီ အစဉ်များကိုလည်း ကြိုတင်စီမံ လုပ်ဆောင်ထားသည်။

မောင်းကွမ်းရွာတွင် တွေ့ရသော ကြေးစားသမားများတွင် လက်ရဲဇက်ရဲအရှိဆုံးနှင့် အစွမ်းအထက်ဆုံး ဖြစ်သော ကြေးစားသိုင်း သမား သုံးယောက်ကိုလည်း စရန်ငွေပေးကာ အလုပ်အပ်ထားပြီး ဖြစ်သည်။

ကြူးတိတ်အိ ရွေးချယ်အလုပ်အပ်ထားသော ကြေးစား သိုင်းသမား သုံးယောက်တို့မှာ ကျွဲပေါက်ကြူးတို့ထန်း၊ ဓားမောင်း တုံးရင်နှင့် ရွှေပုလွေ မင်ယိကောက်ဟု အမည်ရှိကြလေသည်။

ကေမိဝါတို့ ရောက်လာကြမည့်နေ့၏ မွန်းလွဲပိုင်းတွင် တရုတ်ပြည် အလယ်ပိုင်းဒေသမှ နာမည်ကျော် ကြေးစားသိုင်း သမား နှင်းမုန်တိုင်း ဟန်ကျိုက်တုံ၊ မောင်းကွမ်းရွာသို့ ရောက်လာလေ သည်။

ဤတွင်...

ကြူးတိတ်အိသည် မိမိတို့အတွက် အလုပ်လုပ်ပေးရန် ဟန် ကျိုက်တုံကို တောင်းသလောက် အခကြေးငွေပေး၍ ငှားရမ်းလိုက် သည်။

မူလက စရန်ငွေပေး အလုပ်အပ်ထားမှုကိုတော့ ပယ်ဖျက် ပစ်လိုက်လေသည်။



နှင်းမုန်တိုင်း ဟန်ကျိုက်တုံကို မောင်းကွမ်းရွာထဲတွင် ပထမတန်း တည်းခိုခန်းတစ်ခု ငှားပေးကာ နေထိုင်စေလေသည်။

ကြူးတိတ်အိတို့ကမူ ရွာအပြင် လယ်ကွင်း တောအုပ်များ ထဲတွင် ပုန်းအောင်းကာ ကေမိဝါတို့ ရောက်အလာကို စောင့်နေမိ သည်။

သုံးရက်နီးပါး အချိန်ကြာမြင့်သွားပြီမို့ ကေမိဝါတို့လူစုသည် [illegible]င်းတို့ စောင့်နေကြသည့် ယင်စမ်းရွာဘက်သို့ လှည့်သွားကြလေ သလားဟုပင် တွေးမိသည်။

သို့သော်...

မိမိ၏ဘက်မှ လစ်ဟင်းခြင်း မရှိရလေအောင်တော့ အစစ စေ့စပ်စွာ ပြင်ဆင်ကာ သေသေချာချာ စောင့်ကြည့်နေလေသည်။

ကေမိဝါတို့သုံးယောက်ကား ညနေစောင်းဘက်တွင် မောင်း ကွမ်းရွာထဲသို့ ဝင်ရောက်လာကြသည်ကို ကြူးတိတ်အိ ပုန်းအောင်း စောင့်ကြည့်နေရာမှ တွေ့မြင်ခဲ့ရသည်။

မိမိ ဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်လာလေဟု ကြူးတိတ်အိ သဘောကျသွားသည်။

ထို့ကြောင့်...

အလုပ်စရတော့မည်ဖြစ်ကြောင်း ဟန်ကျိုက်တုံထံသို့ မိမိ [illegible]တစ်ယောက်ကို အမြန် စေလွှတ် အကြောင်းကြားနေလေသည်။

အခြားတစ်ယောက်ကိုလည်း ကေမိဝါတို့နောက်မှ မယောင် မလည်နှင့် အသာလိုက်သွားစေသည်။

မောင်းကွမ်းရွာထဲတွင် ညအိပ်နားနေမည့် ခရီးသွားများ

www.burmeseclassic.com

www.burmeseclassic.com



ညနေစာ စားသောက်ကြသူများနှင့် စည်ကားရှုပ်ထွေးနေပေရာ မိမိတို့နောက်မှ သစ်စိမ်းဂိုဏ်းသားတစ်ယောက် နောက်ယောင်ခံ လိုက်ပါလာမှုကို ကေမိဝါတို့ မရိပ်မကြပေ။

စားသောက်ဖွယ်ရာများ ဝယ်ယူကာ မောင်းကွမ်းရွာထဲမှ အမြန်ပင် ပြန်ထွက်လာခဲ့သည်။

မောင်းကွမ်းရွာထဲမှ ထွက်မိ၍ စိတ်အေးတော့မည်မှ မကြာသေး နှင်းမုန်တိုင်း ဟန်ကျိုက်တုံနှင့် ရွာအပြင်ဘက် လယ်ကွင်းအစပ် သစ်ပင်တန်းလေးအနားတွင် ရင်ဆိုင်တိုးမိလေတော့သည်။

➤ ➤ ➤

"မင်းတို့ကို မေးစရာရှိတယ်၊ ဒီတော့ ငါ့နောက်ကို အေးအေးဆေးဆေး လိုက်လာခဲ့ကြ၊ ငါက တိုက်လား ခိုက်လား လုပ်ရတဲ့အထိ မဖြစ်စေချင်ဘူး"

ဟန်ကျိုက်တုံက ကေမိဝါတို့သုံးယောက် သွားကြမည့် ခင်းလမ်းတွင် မားမားကြီး ပိတ်ဆို့ရပ်နေရာမှ အေးစက်စက် လေသံနှင့် ပြောသည်။

ထိုသို့ ပြောပြီးနောက်...

မိမိ၏ အတွင်းအားကို ဟန်ဟိတ်ထုတ်ပြသည့် အနေဖြင့် ဟိုဖိန့်ထံ သူ့လက်ဝါးတစ်ချက် လှမ်းရိုက်ထုတ်သည်။

"ဝုန်း"

ဟန်ဟိတ်ပြ လက်ဝါးရိုက်ချက်တို့ ဟိုဖိန့်ကို တိုက်ခိုက်မိ



ခြင်းတော့မရှိ။

သို့သော်...

လက်ဝါးရိုက်သံ မြည်ဟိန်းသွားမှုကို ကျယ်လောင်စွာ ကြားရပြီး လက်ဝါးရိုက်ချက်ကြောင့် ပေါ်ထွက်လာသည့် အေးစိမ့်သော လေလှိုင်းလှုပ်ရှားမှု အရှိန်အဟုန်ကိုတော့ ဟိုဖိန့်တို့သုံးယောက် ကောင်းကောင်းကြီး ထိတွေ့သိရှိရသည်။

အထူးသဖြင့် လက်ဝါးရိုက်နက်မှု လမ်းကြောင်းတည့်တည့်တွင် ရှိနေသော ဟိုဖိန့်မှာ အေးစိမ့်မှုဒဏ်ကို ခံစားရသည်။

ကြက်သီးပင် မသိမသာထသည်။

"ဟာ နှင်းမုန်တိုင်း ဟန်ကျိုက်တုံပါလား"

ဟိုဖိန့်က အလန့်တကြား ရေရွတ်လိုက်၏။

နှင်းမုန်တိုင်းဟန်ကျိုက်တုံကို လူကိုယ်တိုင်တော့ ဟိုဖိန့် မမြင်ဖူးပေ။ နာမည်ကိုမူ ကြားဖူးထားသည်။

ဟန်ကျိုက်တုံ၏ အားအင်ပြင်းထန်သော အအေးဓာတ် အခြေခံ လက်ဝါးရိုက်ချက် စွမ်းရည် အကြောင်းကိုလည်း ကောင်းကောင်း သိထားသည်။

ယခု ဟိတ်ဟန်ထုတ်ရိုက်ပြလိုက်သော လက်ဝါးရိုက်ချက်၏ အေးစိမ့်ပြင်းထန်သော အားအင်အရှိန်အဟုန်ပေါ် အခြေခံကာ သည်လူကြီး မည်သူမည်ဝါ ဖြစ်နိုင်ကြောင်း ခန့်မှန်းမိကာ ပါးစပ်မှ လွတ်ခနဲ ထွက်သွားမိ၏။

"အေး...ငါ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာသိရင် ငါ့နောက်ကို လိမ်လိမ်မာမာ လိုက်ခဲ့ကြပေတော့၊ မဟုတ်ရင် ငါက

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးမှ သက်ညှာမှာ မဟုတ်ဘူး"

ဟန်ကျိုက်တုံက ဟန်ဟိတ်ပါပါ ထပ်ပြောသည်။

ဟန်ကျိုက်တုံသည် မိမိ၏သိုင်းပညာစွမ်းကို အတော်အထင်ကြီးသည်။

လူဖမ်းရသည့် အလုပ်မျိုးကို မလုပ်လို။

ကြူးတိတ်အိက ငွေကြေးနှင့်နေအောင် ပေးသောကြောင့်သာ အားနာနာနှင့် လက်ခံခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် တိုက်အားခိုက်အား မလုပ်ရဘဲ မိမိ၏ဟန်ဟိတ်စွမ်းရည်ကို ပြသကာ အေးအေးဆေးဆေး ခေါ်သွားဖို့ စိတ်ကူးထားလေ၏။

လုအိမ်လိမ်နှင့် ကေမိဝါတို့ နှစ်ယောက်ကတော့ နှင်းမုန်တိုင်း ဟန်ကျိုက်တုံကို မသိသလို နာမည်လည်း မကြားဖူးကြ။

သို့သော်...

ဟိုဖိန့်၏ ထိတ်လန့်တုန်လှုပ်သွားသော အမူအရာကို ကြည့်ကာ သည်လူကြီးသည် အတော် ကြောက်စရာကောင်းသော သိုင်းသမားကြီးတစ်ယောက် ဖြစ်သည် ဟူ၍ကား မှန်းဆမိကြလေသည်။

လုအိမ်လိမ်မှာ အတော်ပင် လန့်လာ၏။

အလွတ်ရုန်း ထွက်ပြေးဖို့ လမ်းပေါက်ကိုသာ ကြည့်နေ၏။

ကေမိဝါကတော့ ကြောက်လန့်တုန်လှုပ်မှု မရှိပါ။

မိမိ၏အစွမ်းအစကို မိမိယုံကြည်သည့်အတိုင်း အ... တိုက်ခိုက်ရမည်ဆိုလျှင်လည်း နောက်တွန့်မည် မဟုတ်ပေ။



သို့သော်...

အန္တရာယ်နှင့် ဆုံရလျှင် ၎င်းဆိုင်၍ အသေကြေ မတိုက်ခိုက်ဘဲ ရှောင်တိမ်းထွက်သွားမည်ဟု ဟိုဖိန့်က ကြိုတင်ပြောထားခဲ့သောကြောင့် ကေမိဝါလည်း ရှောင်တိမ်း ထွက်သွားနိုင်မည့် အခြေအနေကိုသာ စောင့်၍နေသည်။

ဟိုဖိန့်ကတော့ အတုန်လှုပ်ဆုံး၊ စိတ်အလှုပ်ရှားဆုံး။

နှင်းမုန်တိုင်းဟန်ကျိုက်တုံ၏အန္တရာယ်မှ မိမိတို့ လွတ်အောင် ရှောင်တိမ်းထွက်သွားနိုင်ပါ့မလားဟု စိုးရိမ်ပူပန်ကာ ကြောက်လန့်တုန်လှုပ်နေသည်။

ထိုအချိန်မှာပင် ဝေးခနဲ ဟေးခနဲ အော်သံများနှင့်အတူ လူရိပ်သဏ္ဍာန်သုံးခု သစ်ပင်များအကြားမှ လျှင်မြန်စွာ ပြေးထွက်လာကြသည်။

ဟန်ကျိုက်တုံကို အတင်း ဝင်တိုက်ခိုက်ကြသည်။

မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် ဟန်ကျိုက်တုံ အံ့အားသင့်သွားသည်။

ဝင်တိုက်လာသူများကိုတော့ ဆီးကြိုခုခံသည်။

ဟန်ကျိုက်တုံတစ်ယောက် ရုတ်တရက် ဝင်တိုက်လာကြသူ သုံးယောက်နှင့် အရှုပ်ရှုပ်အထွေးထွေး ဖြစ်သွားခိုက် ဟိုဖိန့်၊ ကေမိဝါနှင့် လုအိမ်လိမ်တို့သုံးယောက်ကလည်း အခွင့်ကောင်းကို လက်လွှတ်မခံဘဲ တစ်ခါတည်း ထွက်ပြေးကြလေသည်။

လူသုံးယောက်သည် သိုင်းကွက်လေးငါးကွက်သာ တိုက်ခိုက်ပြီးနောက် ရှူးရှူးဝါးဝါး အော်ဟစ်ကာ သစ်ပင်များ အကြားသို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပြေးဝင် ပျောက်ကွယ်ကုန်ကြသည်။

ဟန်ကျိုက်တုံမှာ ထိုလူသုံးယောက်၏ တိုက်ခိုက်မှု ကောင်းစွာ ပိတ်ဆို့ ခုခံနိုင်ခဲ့သောကြောင့် မည်သို့မှတော့ ထိခိုက်မှု မရှိ။

သို့သော် ထိုလူသုံးယောက် ရုတ်တရက်ပေါ်ပေါက် တိုက်ခိုက်လာမှုကြောင့် အံ့အားသင့်သွားမှု အရှိန်မကုန်သေးမီပင် ထိုသူ တွေ ထွက်ပြေး ပျောက်ကွယ်ကုန်ရာ မိမိကို ဝင်တိုက်လာသော လူ သုံးယောက်သည် မည်သူမည်ဝါတွေ ဖြစ်မှန်းကို သေသေချာချာ မသိလိုက်ရပေ။

ထို့ပြင် ဟန်ကျိုက်တုံအနေဖြင့် မိမိကို ဝင်တိုက်ခိုက်ကြ သည့် လူသုံးယောက်နောက်သို့ အလွတ်မပေးဘဲ အတင်းပြေးလိုက် ရမည်လား၊ မိမိ၏ လက်ခံထားသော အလုပ်ကို ဆက်လုပ်ရမည် လားဟုလည်း ဝေခွဲမရဘဲ ရှိနေသည်။

ကြေးစားသိုင်းသမားတစ်ယောက်အနေဖြင့် ငွေကြေး ကာ လက်ခံထားသော အလုပ်ကို အရင်ဆုံး ပြီးမြန်အောင် လုပ် ဖြစ်မည်ဟု တွေးမိကာ ကြည့်လိုက်သောအခါတွင် သူ့ရှေ့၌ ... တို့ မရှိကြတော့။

ရှောင်တိမ်း ထွက်ပြေးသွားကြလေပြီ။

ဤအခါတွင်မှ ဟန်ကျိုက်တုံ ဒေါသပွကြီး ပွမိလေသည်။

"တောက်...မပြေးနဲ့၊ မပြေးကြနဲ့"

ဟန်ကျိုက်တုံသည် ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ် ... မောင်းရင်း သစ်ပင်တန်းလေးထဲသို့ မှန်ယိုနေသော ဆင်ရိုင်းကြီး



ကောင်လို တစ်ဟုန်ထိုး ပြေးဝင်သွားလေသည်။

➤ ➤ ➤

နှင်းမုန်တိုင်း ဟန်ကျိုက်တုံကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသူများသည် ကြူးတိတ်အိ အရင်ဆုံး ငှားရမ်းခဲ့ကြသော စရန်ငွေ ပေးငှားရမ်းထားခဲ့သော ကျွဲပေါက်ကြူးတို့ထန်၊ ဓားမောက်တုံးရင်နှင့် ရွှေပုလွေ မင်ယိကောက်တို့ ဖြစ်ကြသည်။

သူတို့သုံးယောက်သည် ခေသူတွေတော့ မဟုတ်။ အတော်လည်း လက်စလက်နကျသည်။ ပြီးတော့ မောင်းကွမ်းရှာ၏ နယ်ခံသိုင်းသမားဆိုးတွေ။

ကြူးတိတ်အိက သူတို့ကို စရန်သတ် စကားဆိုထားမှုကို ဖျက်ကာ သည်နေ့မှ ရောက်လာသော နှင်းမုန်တိုင်း ဟန်ကျိုက်တုံကို ငွေပုံပေး ငှားရမ်းလိုက်သောအခါ သူတို့သုံးယောက် အတော့်ကို ခံပြင်းမိကြသည်။ မိမိတို့ကို အထင်သေး စော်ကားခြင်းဟုလည်း မှတ်ယူကြသည်။

ထို့ကြောင့် ဟန်ကျိုက်တုံ၏ အလုပ်ကိစ္စ အဆင်မပြေအောင် ကဖျက်ယဖျက် လုပ်သည့်အနေဖြင့် ရုတ်တရက် အသစ်စမ်းကာ ဝင်ရောက်တိုက်ခိုက် နှောင့်ယှက်ကြခြင်း ဖြစ်သည်။

မိမိတို့ ရုတ်တရက် ဝင်ရောက် တိုက်ခိုက်မှုကြောင့် ဟန်ကျိုက်တုံ ခြေရှုပ်လက်ရှုပ် ဖြစ်နေခိုက် ဟန်ကျိုက်တုံ ဟန့်တားဖမ်းဆီးရမည့်သူများက ဟန်ကျိုက်တုံကို အခွင့်ကောင်းယူကာ မပိုင်

www.burmeseclassic.com

www.burmeseclassic.com



အနိုင် တိုက်ခိုက်ကြလိမ့်မည်ဟု သူတို့ ဆုံးဖြတ်ထားသည်။

ဤသို့ဖြင့် ဟန်ကျိုက်တုံမှာလည်း အငိုက်မိကာ အထိနာလျက် အလုပ်ကို ပြီးပြတ်အောင် မလုပ်နိုင်သော ကြေးစားသိုင်းသမားအဖြစ် နာမည်ပျက်မည်။ ဟန်ကျိုက်တုံကို အထင်ကြီးကာ ပြောင်းလဲငှားရမ်းတဲ့သူ ကြူးတိတ်အိတို့လည်း အခက်တွေ့မည်။ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ကာ ချက်ချင်းလိုလို ပြန်ရှောင်တိမ်းလာသော မိမိတို့ကိုလည်း ဟန်ကျိုက်တုံက မည်သူမည်ဝါတွေမှန်း မသိနိုင်ဘဲ နောက်ထပ် ဘာပြဿနာတွေလည်း ပေးမလာနိုင်အောင် ကြူးတို့ထန်တို့က ထွက်ခဲ့ကြသည်။

သို့သော်...

အခြေအနေက သူတို့ တွက်ဆထားသလို ဖြစ်မလာ။

ကေမိဝါတို့က ဟန်ကျိုက်တုံကို တိုက်ခိုက်ဖို့ စိတ်မကျေနပ်ဘဲ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေခိုက် အလွတ်ရုန်း ရှောင်ထွက်ပြေးသွားကြလေရာ အခြေအနေက တစ်မျိုးတစ်ဖုံတွေ ဖြစ်ကုန်တော့သည်။

ပို၍ ဆိုးသည်မှာ သစ်ပင်တန်းလေးထဲသို့ ဒေါသတကြီးဖြင့် တစ်ဟုန်ထိုး ပြေးဝင်သွားသော ဟန်ကျိုက်တုံသည် ကြူးတို့ထန်တို့ သုံးယောက် ထွက်ပြေးသွားသော လမ်းကြောင်းအတိုင်း တည့်တည့် လိုက်မိလျက်သား ဖြစ်နေခြင်းပင်။

ဟန်ကျိုက်တုံသည် ကိုယ်ဖော့ပညာ အတော့်ကို ကောင်းသည်။ ကြူးတို့ထန်တို့ သုံးယောက်ထက်ပို၍ လျင်မြန်စွာ ပြေးသွားနိုင်သည်။

ထို့ပြင် ကြူးတို့ထန်တို့ ပြေးဝင်သွားကြသော သစ်ပင်တန်း



လေးမှာ လယ်ကွင်းစပ်နားတွင် ပေါက်နေပေရာ ထူထပ်သိပ်သည်းခြင်းမရှိ။ ထိုသစ်ပင်တန်းလေးကို ဖြတ်ကျော်မိသည်နှင့် ကျယ်ပြန့်သော လယ်ကွင်းပြင်ထဲသို့ ရောက်သည်။

ရာသီကလည်း စိုက်ခင်းများ ရိတ်သိမ်းပြီးသော ရာသီ။ လယ်ကွင်းပြင်အတွင်း သီးနှံပင်တွေ မရှိ။ မျက်စိတစ်ဆုံး မြင်နိုင်သည်။

သည်တော့...

ဒေါသတကြီးဖြင့် ကိုယ်ဖော့ပညာ အစွမ်းကုန်ထုတ်သုံးကာ လျင်မြန်စွာ ပြေးလိုက်သွားသော ဟန်ကျိုက်တုံသည် တစ်ခဏချင်းမှာပင် လယ်ကွင်းပြင်ကို ဖြတ်၍ ပြေးသွားနေသော လူသုံးယောက်၏ အသွင်သဏ္ဌာန်ကို လှမ်းမြင်ရလေတော့သည်။

ရုတ်တရက် အတိုက်ခံရပြီး ချက်ချင်းလိုလို ထွက်ပြေးသွားသောကြောင့် မိမိကို တိုက်ခိုက်ခဲ့ကြသူ မည်သူမည်ဝါမှန်း ဟန်ကျိုက်တုံ မသိခဲ့ပေ။ သို့သော် ပုံပန်းသဏ္ဌာန် လှုပ်ရှားဟန်များကတော့ မျက်စိထဲတွင် ရှိနေဆဲ။ မှတ်မိနေဆဲ။

လယ်ကွင်းကို ဖြတ်ကာ ပြေးသွားနေသော လူရိပ်သဏ္ဌာန်များ၏ လှုပ်ရှားဟန်ကို ကြည့်၍ မိမိကို ရုတ်တရက် တိုက်ခိုက်ကာ ထွက်ပြေးသွားကြသူများ ဖြစ်ကြောင်း၊ ဟန်ကျိုက်တုံ ချက်ချင်း သိသည်။

ဟန်ကျိုက်တုံလည်း ထိုလူရိပ်သဏ္ဌာန် သုံးခုနောက်သို့ အတင်း ဝင်တိုက်လေတော့သည်။

ဟန်ကျိုက်တုံလောက် ကိုယ်ဖော့ပညာ မကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



ကြူးတို့ထန်တို့ သုံးယောက်မှာ တအားကုန် ပြေးပါလေသော်လည်း ဟန်ကျိုက်တုံကို မျက်ခြည်ပြတ်၍မရ။ နေရာကလည်း ပုန်းအောင်းနေစရာ မျက်ကွယ် ကောင်းကောင်း မရှိသည့် ရိုတ်သိမ်းပြီးစ လယ်ကွင်းပြင်ကြီး။

ဤသို့ဖြင့်...

မကြာမီမှာပင် နှင်းမုန်တိုင်း ဟန်ကျိုက်တုံသည် ကြူးတို့ထန်တို့ သုံးယောက်ကို လိုက်၍ မီသွားလေတော့သည်။

➤ ➤ ➤

ဟိုဖိန်၊ လုအိမ်လိမ်နှင့် ကေမိဝါတို့သည် ကြိုတင်ပြောဆိုတိုင်ပင်ထားကြသည့်အတိုင်း လူစုခွဲကာ ထွက်ပြေးကြရာ၌ ဝေးဝေးလံလံသို့ မပြေးကြ။

နှင်းမုန်တိုင်း ဟန်ကျိုက်တုံနှင့် ရင်ဆိုင်တိုးခဲ့သည့် နေရာအနီးအနားရှိ သစ်ပင်တန်းလေးနှင့် လယ်ကွင်းအစပ်နား တစ်နေရာတွင်သာ ခိုကပ်ကာ ဝပ်ကာ ပုန်းအောင်းနေခဲ့ကြသည်။

ဟန်ကျိုက်တုံ ဒေါသတကြီး သစ်ပင်တန်းလေးထဲသို့ ပြေးဝင်လိုက်သွားသောအခါ သူတို့သုံးယောက်လည်း ဟန်ကျိုက်တုံနှင့်တွေ့ခဲ့သည့် နေရာသို့ အမြန်ပင် ပြန်လာခဲ့ကြသည်။

ထို့ကြောင့် ချက်ချင်းလိုလိုပင် လူပြန်စုမိသွားကြသည်။

"အခုနက ဝင်တိုက်ခိုက်သွားကြတဲ့ လူသုံးယောက်က ရှင်တို့လူတွေလား"



ကေမိဝါက ဟိုဖိန့်ကို မေးလိုက်သည်။

"မဟုတ်ဘူး"

ဟိုဖိန့်က တုံးတိတိ ပြန်ဖြေသည်။

"ဒါဖြင့် သူတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် အခုလို ဝင်တိုက်ခိုက်ကြရတာလဲ"

"အဲဒါတွေကို တို့လဲဘယ်လိုလုပ် ပြောနိုင်မှာလဲ၊ ကဲ... ဦးနှောက်ခြောက်စရာတွေ စဉ်းစား အဖြေထုတ်မနေနဲ့၊ ဒီနေရာက အမြန်ဆုံး ထွက်မှဖြစ်မယ်၊ လာ...သွားကြမယ်"

ပြောပြောဆိုဆို ဟိုဖိန့်သည် ခြေလှမ်းသုတ်သုတ်ဖြင့် သွက်လှမ်း ထွက်ခွာသွားသည်။

ကေမိဝါမှာလည်း ဆက်မမေးနိုင်တော့ဘဲ ဟိုဖိန့်နောက်မှ လိုက်သွားရသည်။

လုအိမ်လိမ်ကမူ ဘာမျှမပြော။

တစ်စုံတစ်ရာ စဉ်းစားနေဟန်ဖြင့် ငြိမ်သက်စွာပင် နောက်မှ လိုက်လာခဲ့လေသည်။

ကေမိဝါတို့ ထွက်သွားကြပြီး အချိန်အနည်းငယ် အကြာတွင် ထိုနေရာသို့ ကြူးတိတ်အိတို့လူစု ရောက်ရှိလာကြသည်။

မိမိတို့ဘာသာ ခရီးနှင်လာသည့်အသွင်မျိုး ဆောင်ထားသော်လည်း တကယ်စင်စစ် ကေမိဝါတို့၏နောက်မှ အခြေအနေကို စောင့်ကာ လိုက်ကြည့်ခြင်း ဖြစ်သည်။

လယ်ကွင်းပြင်ထဲမှ အော်ဟစ်သံများ၊ တိုက်ခိုက်သံများ ကြားရသည့်အတွက် ကြူးတိတ်အိတို့လူစု ခြေလှမ်းတွေ တုံ့ရပ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

လယ်ကွင်းစပ်တစ်ဝိုက် ပေါက်နေသော သစ်ပင်တန်းများ ကွယ်နေသည့်အတွက် လယ်ကွင်းဆီသို့ လှမ်း၍မမြင်နိုင်ပေ။

ကြူးတိတ်အိက သူ့လူများကို အသာလက်မြှောက် အချက်ပြကာ သစ်ပင်တန်းလေးထဲသို့ လျှောက်လှမ်း ဝင်သွားကြသည်။

သစ်ပင်တန်းလေးကို ဖြတ်မိသောအခါ လယ်ကွင်းအစပ်နားသို့ ရောက်သည်။

အချိန်က ညနေစောင်း နေဝင်ပြီးစ မှောင်ရီသမ်းခါစ ဖြစ်သည်။

အလင်းရောင် သိပ်အားမကောင်း။

အတော်လှမ်းလှမ်းရှိ လယ်ကွင်းပြင် တစ်နေရာတွင် လူစုရှားကိုက်ခိုက်နေကြသော လူရိပ်သဏ္ဍာန်များကို မြင်ကြရသည်။

အတန်ငယ် လှမ်းနေသည့်အပြင် နေဝင်ဖြိုးဖျ အလင်းရောင် အားနည်းနေသည့်အတွက် သိပ်တော့ မသဲကွဲ။

တစ်ဖက်ကလူတစ်ယောက်၊ ကျန်တစ်ဖက်က လူသုံးယောက် ရင်ဆိုင် တိုက်ခိုက်နေကြသည်ဆိုခြင်းလောက်ကိုသာ တွေ့မြင်သိရှိနိုင်သည်။

မည်သူမည်ဝါတွေ ဖြစ်သည်ဟုတော့ မသိနိုင်။

ကြူးတိတ်အိတို့၏ စိတ်ထဲတွင်တော့ နှင်းမုန်တိုင်းဟန်ကျိုက်တုံနှင့် ဟိုဖိန့်တို့သုံးယောက် တိုက်ခိုက်နေကြခြင်း ဖြစ်မည်ဟု ထင်မိသည်။

လှမ်းမြင်နေရသမျှ တစ်ယောက်တည်းဖြစ်သော ဟန်



ကျိုက်တုံဘက်မှ အသာစီးရနေသည့် အခြေအနေကို အကဲခတ်မိလေသ မကြာမီ ကေမိဝါတို့ သုံးယောက်လုံးကို အနိုင်ယူနိုင်လျက် အသုံးဆုံး တစ်ယောက်လောက်ဖြစ်စေ ဟန်ကျိုက်တုံက အမိအရ ဖမ်းလာနိုင်လိမ့်မည်ဟု ကိုယ့်ထင်ကြေးနှင့်ကိုယ် ကြူးတိတ်အိက တွက်ကိန်းချမိသည်။

ထို့ကြောင့် ကြူးတိတ်အိသည် လယ်ကွင်းအစပ် သစ်ပင်တန်းလေး ဘေးနားတွင် အသာထိုင်ကာ အေးအေးလူလူပင် စောင့်နေသည်။

မကြာပါ။

လယ်ကွင်းထဲရှိ တိုက်ခိုက်မှုများ အဆုံးသတ်သွားသည်။

ကြူးတိတ်အိ တွက်ထားသလိုပင် တစ်ယောက်တည်းဘက်က အနိုင်ရသည်။

တစ်ဖက်လူသုံးယောက် လဲကျကျန်ကြသည်ကို လှမ်းမြင်ရသည်။

ထို့နောက် အနိုင်ရသောသူသည် ကြူးတိတ်အိတို့လူစု စောင့်ဆိုင်းနေသော သစ်ပင်တန်းလေးဆီသို့ ခပ်သုတ်သုတ် လျှောက်လှမ်းလာသည်။

"ဟ...သူက အနိုင်တိုက်ခိုက်ပြီး ဒီအတိုင်း ဘာကြောင့်ထားခဲ့ရတာလဲ၊ ဘာကြောင့် ဖမ်းခေါ်မလာတာလဲ၊ လက်လွန် ခြေလွန်တွေများ ဖြစ်ကုန်လို့လား၊ လက်လွန်ခြေလွန်ဖြစ်ပြီး ဟိုဘက်က သုံးယောက်လုံး သေကုန်ရင်တော့ ငါတို့အတွက် လမ်းစလုံးလုံး ပျောက်တော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကြူးတိတ်အိမှာ စိတ်ထဲတွင် အမျိုးမျိုး တွေးတောနေမိလေသည်။

ခပ်သုတ်သုတ် လျှောက်လှမ်းလာရာ နီးကပ်လာသည်နှင့် အမျှ လူလုံးလည်း ပိုသဲကွဲလာသည်။

နှင်းမှုန်တိုင်း ဟန်ကျိုက်တုံ ဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်သည်။

ကြူးတိတ်အိကလည်း အသာထရပ် လူလုံးပြလိုက်သည်။

ဟန်ကျိုက်တုံ တွေ့သွားရာ ကြူးတိတ်အိရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် ဦးတည် လျှောက်လှမ်းလာသည်။

"ဟိုသုံးယောက် သေကုန်ကြပြီလား"

အနားသို့ ရောက်လာသော ဟန်ကျိုက်တုံကို ကြူးတိတ်အိက လေသံတိုးတိုးဖြင့် ဆီး၍မေးသည်။

"မသေပါဘူး၊ မှတ်လောက်သားလောက်အောင် လုပ်ထားခဲ့လို့ သုံးယောက်လုံး သတိလစ် လဲကျကျန်ခဲ့တယ်၊ တောက်—အသေသတ်ပစ်ဖို့ ကောင်းတာ"

"ဟာ... မလုပ်ပါနဲ့၊ ကျုပ်က သူတို့ကို အသက်ရှင်ရက် လိုချင်တာပါ"

ကြူးတိတ်အိ ပြောလိုက်သော စကားကြောင့် ဟန်ကျိုက်တုံ မျက်မှောင်ကြုတ်သွားသည်။

"နေပါဦး...ခင်ဗျားတို့ လိုချင်တာက ဟိုကောင်မလေးနဲ့ ကောင်လေးနှစ်ယောက် မဟုတ်လား၊ လယ်ကွင်းထဲက မိုက်သား သုံးယောက်ရော ပါလို့လား"



ကြူးတိတ်အိ ဇဝေဇဝါ ဖြစ်သွားကာ...

"ဟို...ဟို...လယ်ကွင်းတည်းမှာ လဲကျ ကျန်ခဲ့တာတွေက ကျုပ်တို့ လိုချင်တဲ့ လူသုံးယောက် မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဘယ်သူတွေလဲ"

"အလကား သက်သက်ကြားဝင်နှောင့်တဲ့ အမိုက်သုံးကောင်"

"ကျုပ်တို့လိုချင်တဲ့ လူသုံးယောက်ကော..."

"အဲဒီ အမိုက်သုံးကောင် ဝင်ရှုပ်လို့ ဟိုသုံးယောက် လွတ်သွက်သွားတယ်"

"ဟာ... ဒုက္ခပါပဲ"

"မပူပါနဲ့၊ ကျုပ်ကို အပ်ထားတဲ့ကိစ္စ ပြီးပြတ်အောင် ကျုပ် လုံးပမ်းပေးပါ့မယ်၊ အခု လက်လွှတ်သွားပေမယ့် သူတို့နောက်ကို ကျုပ်လိုက်ပြီး အမိဖမ်းပေးပါ့မယ် စိတ်ချ"

ငွေကြေး မက်လောက်အောင်ရ၍ မလုပ်လိုလှဘဲ လက်ခံခဲ့သော အလုပ်ကိစ္စ ဖြစ်သော်လည်း မအောင်မြင်ဘဲ ချွတ်ချော်သွားရမှုကြောင့် ဟန်ကျိုက်တုံမှာ ရှက်လည်းရှက်၊ ခံလည်းခံပြင်းလျက် မိမိ၏အစွမ်းအစကို စိန်ခေါ်မှုအဖြစ်မှတ်ယူကာ မဖြစ်ဖြစ်အောင် လုပ်ဖို့ ဟန်ကျိုက်တုံက စိတ်ပိုင်းဖြတ်ထားသည်။

စိတ်ပျက် လက်ပျက်ဖြစ်သွားသော ကြူးတိတ်အိမှာလည်း ဟန်ကျိုက်တုံ၏ ရဲရဲကြီးအာမခံလိုက်မှုကြောင့် စိတ်ဓာတ် ပြန်တက်လာသည်။

"ဒီလိုဆိုရင်တော့ ကျေးဇူးပါပဲဗျာ၊ ဒီကိစ္စ အောင်မြင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကိုထပ်ပြီး ဆုချပါဦးမယ်၊ သူတို့နောက်ကို အမြန်သာလိုက်ပါ၊ သူတို့ သိပ်ဝေးဝေး မရောက်နိုင်သေးပါဘူး”

“ကောင်းပြီ၊ အခုပဲ သူတို့နောက်ကို လိုက်မယ်၊ သင်းတို့ ကျုပ်လက်က မလွတ်နိုင်ပါဘူး”

ခံပြင်းဒေါသဖြစ်နေသော ဟန်ကျိုက်တုံသည် ထိုသို့ ပြော ပြီးနောက် ကေမိဝါတို့ကို ခြေရာခံလိုက်နိုင်ရန် ထိုနေရာမှ အမြန်ပင် ထွက်သွားလေသည်။

ကြူးတိတ်အိတို့လူစုကတော့ ခေတ္တဆက်၍ ထိုနေရာတွင် နေကြပြီးမှ ခရီးဆက်ထွက်လာခဲ့ကြသည်။

➤ ➤ ➤



## အခန်း(၅)

“ညနေစာ အေးအေးဆေးဆေးစားပြီး ညအိပ်စခန်းချလို့ [illegible]ဖြစ်တော့ဘူး၊ ခရီးဆက်သွားကြမယ်၊ သွားရင်း လာရင်း ညစာကို [illegible]မြန်စားထားကြတာပေါ့”

ခရီးအတန်ကြာနှင်မိပြီးနောက် ဟိုဖိန့်က ပြောသည်။

သူတို့လူစုသည် မောင်းကွမ်းရွာနှင့် အတန်ကွာလှမ်းသည့် [illegible]သို့ရောက်လျှင် ဝယ်ယူလာခဲ့သော ထမင်းဟင်းလျာများနှင့် [illegible]စာ စားသောက်ပြီး တစ်ညတာ စခန်းချ နေထိုင်ရန် မူလက [illegible]ခဲ့ကြသည်။

သို့သော်...

နှင်းမုန်တိုင်း ဟန်ကျိုက်တုံနှင့် ရင်ဆိုင် တိုးခဲ့ရမှုကြောင့် [illegible]က ထိုအစီအစဉ်ကို ပြောင်းလဲရန် ပြောဆိုလေတော့သည်။

ထိုအစီအစဉ် ပြောင်းလဲမှုကို လုအိမ်လိမ်က ဘာမျှမပြော

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကေမိဝါက ကန့်ကွက်သည်။

"ကျွန်မတို့ တစ်နေကုန် ခရီးပြင်းနှင်လာခဲ့ကြတာ လူ အတော်ပင်ပန်းနေကြပြီ၊ အဲဒါ ညဘက်လဲ မနားဘဲ ဆက်သွား ဆိုရင် ပိုပင်ပန်းမှာပေါ့၊ အရေးအကြောင်းကြုံရင် ရှောင်တိမ်း လွှားဖို့ ခက်လိမ့်မယ်၊ ဒီတော့ ကျွန်မတို့ ရနိုင်သမျှ အနားယူကြ ကောင်းတယ်၊ ခရီးပန်းလျက်နဲ့ ဆက်သွားရင် ဘာမှလဲ ခရီးတွင် မဟုတ်ဘူး"

"ဟိုလူကြီးက တို့နောက်ကို ခြေရာခံလိုက်မလာ ပြောနိုင်လို့လား"

"ဒါကိုတော့ ကျွန်မက ဘယ်လိုလုပ် ပြောနိုင့်မှာလဲ မယ့် အခုလောလောဆယ်တော့ အနားယူ၊ ညနေစာစားသော လိုအပ်နေတာ အမှန်ပဲ"

ဟိုဖိန့်နှင့် လုအိမ်လိမ်တို့မှာလည်း ဗိုက်အပေါ် ဆာ သည်။

သို့သော် သူတို့သည် ခရီးတွင်နိုင်သမျှ တွင်အောင် သွားလိုကြသည်။

"အန္တရာယ်ရှိနိုင်မယ့်အချိန်မှာ ရပ်နားနေလို့ မ ထင်တယ်"

ဟု လုအိမ်လိမ်က ဝင်ပြောသည်။

"ကျွန်မတို့ အခုသွားကြမယ့် ခရီးလမ်း တစ် အန္တရာယ်က အချိန်မရွေး ပေါ်လာနိုင်တယ်ဆိုတာ ကျွန် တို့က ပိုသိမှာပေါ့၊ အဲဒီလို အန္တရာယ် အမြဲရှိနေနိုင်တာ



ကျွန်မတို့ အနားမယူဘဲ တစ်ချိန်လုံး ခရီးသွားနေရမှာလား၊ ကိုင်း… တို့ နားချင်နား မနားချင်နေ၊ ကျွန်မကတော့ ဗိုက်ဆာနေပြီ ညနေ စားတော့မယ်"

ကေမိဝါက ပြောပြောဆိုဆို ဆတ်ခနဲ ထိုင်ချလိုက်ပြီး ခင်းထုပ်ကိုဖြေကာ စားလေသည်။

အလားတူ ဆာလောင်နေကြသော ဟိုဖိန့်နှင့် လုအိမ်လိမ် တို့မှာလည်း ဘာမှ ခရီးမဆက်နိုင်ကြတော့ဘဲ ကေမိဝါနှင့် အတူထိုင် ကာ ညနေစာ စားသောက်ကြတော့သည်။

"ကိုင်း…ခရီးဆက်ကြရအောင်"

ညနေစာ စားသောက်ပြီးသောအခါ ဟိုဖိန့်က ပြောသည်။

ဟိုဖိန့်နှင့် လုအိမ်လိမ်တို့နှစ်ယောက် ထိုင်ရာမှ ထရပ်လိုက် ကြသည်။

ကေမိဝါ ထိုင်ရာမှ မထသေးဘဲ…

"ကျွန်မပြောတာကို နားထောင်စမ်းပါဦး"

"ဘာပြောမှာလဲ မြန်မြန်ပြော"

လုအိမ်လိမ်က စိတ်မရှည်သလို ပြောသည်။

"အန္တရာယ်တွေ ပေါ်လာနိုင်တာကို ကျွန်မတို့အားလုံး သိ မယ့် ဘယ်အချိန် ဘယ်နေရာမှာ အန္တရာယ်နဲ့ ရင်ဆိုင်ရမယ်ဆို တာကိုကော အတိအကျ ပြောနိုင်သလား"

"ဟာ…ဒါကတော့ ဘယ်လိုလုပ်ပြောနိုင်မှာလဲ"

"ဒီလို အတိအကျ မပြောနိုင်တဲ့အတွက် ကျွန်မတို့အနေနဲ့ ရာယ်ပေါ်လာရင် ရင်ဆိုင်ကျော်လွှားနိုင်အောင် အတတ်နိုင်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားတာမျိုးပဲ လုပ်လို့ရမယ်၊ ဒါကြောင့် ခြေကုန် လက်ပန်းကျသွားနိုင်လောက်အောင် ခရီးပြင်း မနားမနေ သွားတာမျိုး တတ်နိုင်သမျှ ရှောင်ရမယ်၊ ကိုယ့်ဘက်က အားအင်ပြည့်ပြည့်ဝဝ အန္တရာယ်ကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားရမယ်၊ ဒါကြောင့် အခု ခရီးဆက်တော့ဘဲ ဒီမှာပဲ နားနေစခန်းချမယ်၊ သတိရှိရှိနဲ့ အသင့်ပြင်ဆင်ထားဖို့လိုတယ်"

ဟိုဖိန့်နှင့် လုအိမ်လိမ်တို့သည် ခရီးပြင်း သွားလိုကြသော်လည်း ကေမိဝါ ပြောသည်ကလည်း ဟုတ်နေသောကြောင့် အကျောက်အကန် ငြင်းမနေတော့ဘဲ ထိုညအိပ်နားနေစခန်းချရန် သဘောတူလိုက်ရလေသည်။

➤ ➤ ➤

အရုဏ်တက်လုလုအချိန်။

အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီတွင် အရုဏ်ဦး၏ ရွှေရောင်နီလေးများပင် ထွန်းစပြုနေပြီ။

ဟိုဖိန့်နှင့် လုအိမ်လိမ်တို့နှစ်ယောက်သည် သစ်ပင်ခွဆုံနေရာများတွင် နှစ်ခြိုက်စွာ အိပ်မောကြနေကြသည်။

ကင်းတာဝန်ကျသော ကေမိဝါသာ သစ်ပင်အောက်ခြေအမြစ်ဆုံကြားတွင် ထိုင်ရင်း ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ရှုနေသည်။

အရုဏ်တက်လျှင် သူတို့ ခရီးဆက်ကြရမည်။



အရုဏ်တက်ဖို့လည်း သိပ်မလိုတော့ပါ။

ပတ်ဝန်းကျင်ကတော့ တိတ်ဆိတ်ငြိမ်သက်နေဆဲ။

အရုဏ်ဦး အလင်းရောင်နှင့်အတူ ပတ်ဝန်းကျင်သည်လည်း မကြာမီ လှုပ်ရှားသက်ဝင် နိုးကြားလာတော့မည်ကို ကေမိဝါ သိနေသည်။

နေ့သစ်တစ်ခု အစပျိုးတော့မည့် အချိန်လေး၏ အေးငြိမ်းလှပမှုကို ကေမိဝါ ခံစားကြည့်ရှုနေမိသည်။

ထိုအခိုက်…

ကေမိဝါ၏စိတ်ထဲ ထင့်ခနဲ ဖြစ်သည်။

အန္တရာယ် အငွေ့အသက်ကို ခံစားမိသလိုလို။

အရုဏ်ဦး ရောင်နီပျိုးစ သဘာဝအလှကို အာရုံရောက်မိရာမှ ကေမိဝါသည် ချက်ချင်းပင် သတိဖြင့် နိုးကြားလျက် ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ပင် အကဲခတ် ကြည့်ရှုနေလေသည်။

နားကိုလည်း အစွမ်းကုန်စွင့်ကာ လှုပ်ရှားသံများကို နားထောင်သည်။

လှုပ်ရှားသံများ ကြားလိုက်ရသလိုလို ထင်သည်။ လှုပ်ရှားမှုများ မြင်မိသလိုလို ရှိသည်။

သေသေချာချာ ကြည့်တော့လည်း ဘာမှမဟုတ်။

ဘာမှမမြင်ရ။

ဘာမှ မကြားရ။

ဘယ်လိုဖြစ်တာလဲ။

ဟစ်ခုခု ထူးခြားတာကတော့ အမှန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်းသာ မသိနိုင်တာ။

ယခု…

သူတို့ ညအိပ် စခန်းချသည့် နေရာသည် လွင်ပြင်ကျယ်ဖြစ်ေ ဟုတ်။

သစ်ပင်ချုံနွယ်များ အတန်ပင် ထူထပ်သည်။

ကေမိဝါ ကင်းစောင့်နေသည့် သစ်ပင်၏ အနီးအနားတွင် အတန်ရှင်းလင်းသော်လည်း မလှမ်းမကမ်း ဝန်းကျင်တစ်ဝိုက်မှာတော့ ချုံပုတ်များ၊ သစ်ပင်များ ထူထူထပ်ထပ် ရှိလေသည်။

အကယ်၍…

သူတို့ကို အန္တရာယ်ပေးမည့် ရန်သူတစ်စုံတစ်ယောက် ထိုသစ်ပင်များ ချုံပုတ်များကို မျက်ကွယ်ယူကာ ပုန်းအောင်းချဉ်းကပ်လာပါလျှင် ကေမိဝါအနေဖြင့် တွေ့နိုင်မြင်နိုင်ဖို့ ခက်လေသည်။

ကေမိဝါ၏စိတ်ထဲတွင် ဟိုနားက ချုံပုတ်ကပဲ လှုပ်ရှားသလိုလို၊ သည်ဘက်နားက သစ်ပင်ယိမ်းနွဲ့သလိုလို ထင်နေမိသည်။

နေရာအနှံ့ သူ မျက်စိတရစပ် ကစားကာ သေသေချာချာ လိုက်ကြည့်နေမိသည်။

ထိုအခိုက်…

ကေမိဝါ ကင်းစောင့်သော သစ်ပင်ခြေရင်းနှင့် ဆယ့်ငါးပေ ခန့်အကွာရှိ ချုံပုတ်ကြီးတစ်ခု၏နောက်မှ လူတစ်ယောက် ဘွားခနဲ ပေါ်လာသည်။

မောင်းကွမ်းရွာမှ အထွက်တွင် လမ်းပိတ်ဟန့်တား တိုက်ခိုက်ရန် ကြံခဲ့သူ နှင်းမုန်တိုင်း ဟန်ကျိုက်တုံဖြစ်ကြောင်း ကေမိဝါ



ချက်ချင်း မှတ်မိသည်။

ဟန်ကျိုက်တုံသည် ကေမိဝါရှိရာသို့ ပြေးဝင်ရန် ဟန်ပြင်လိုက်သည်။

ညာလက်ကလည်း နောက်ကျောတွင် လွယ်ထားသော ဓားရှည်ရှိရာသို့ လှမ်းသည်။

ပြေးဝင်ရင်း ဓားရှည်ကိုလည်း အသင့်ဆွဲထုတ်တော့မည့်အသွင်။

ကေမိဝါမှာ ရုတ်တရက် ဘာလုပ်ရမည်မသိဘူး ငေးကြောင်သွားသည်။

သို့သော် ချက်ချင်းပင် သတိဝင် ဟိုဖိန်နှင့် လုအိမ်လိမ်တို့ကို အော်ခေါ်မည် ပြုလိုက်သည်။

သို့သော်…

➤ ➤ ➤

ဟန်ကျိုက်တုံသည် လွတ်မြောက်ထွက်ပြေးသွားသော ကေမိဝါတို့နောက်သို့ ကြိုးကြိုးစားစားပင် ခြေရာခံကာ လိုက်လံရှာဖွေသည်။

သူသည် အမဲလိုက်ခွေးတစ်ကောင် သားကောင်၏ ခြေရာကို ခံသည့်နှယ်ပင် လိုက်၍ ခြေရာခံသည်။

မိမိ၏ လုပ်ရည်ကိုင်ရည် အစွမ်းအစကို စိန်ခေါ်သလိုမျိုး ခံစားရသောကြောင့် ဟန်ကျိုက်တုံ သည်မျှလောက် အစွမ်းကုန် ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားနေခြင်း ဖြစ်သည်။

မိမိတတ်မြောက်ထားသော ပညာအကုန်၊ အတွေ့အကြုံ အားလုံး၊ အင်အား အလုံးစုံတို့ကို အပြည့်အဝသုံးကာ လုပ်ဆောင်သည်။

ကြိုးစာရကျိုး နပ်သည်ဟု ဆိုရမည်။

ကေမိဝါတို့ သုံးယောက်ကို ခြေရာခံမိသည်။

ကေမိဝါတို့ ညအိပ်စခန်းချနေရာ သစ်ပင်ကြီးကို ရှာ၍ တွေ့သည်။

သည်တစ်ခါတွင် လက်လွှတ်လို့မဖြစ်။

ပိုင်ပိုင်နိုင်နိုင်လုပ်မှ ဖြစ်မည်ဟု တွေးဆကာ ရှာတွေ့သည်နှင့် ချက်ချင်း လှုပ်ရှားတိုက်ခိုက်ခြင်းပင် မပြု။

အသာပုန်းအောင်းကာ အခြေအနေကို စောင့်ကြည့်နေသည်။

ဝင်ရောက်တိုက်ခိုက်ရန် နည်းလမ်းများကိုလည်း အကောင်းဆုံး ဖြစ်အောင် စဉ်းစားအကြံထုတ်သည်။

ပြီးတော့မှ ကေမိဝါတို့လူစု ညအိပ်စခန်းချနေရာ သစ်ပင်ကြီးဆီသို့ သားကောင်ကို ချောင်းသော ကျားရဲတစ်ကောင်အလား တဖြည်းဖြည်း တရွေ့ရွေ့ ပိုင်နိုင်စွာ ချဉ်းကပ်လာသည်။

အပြေး ဝင်ရောက်တိုက်ခိုက်ရန် အကွာအဝေးကောင်းသို့ ရောက်တော့မှ ဓားဆွဲထုတ်ကာ တစ်ရှိန်ထိုး ပြေးဝင်တိုက်ခိုက်ရန် ပြင်သည်။

မိမိအနေဖြင့် အပိုင်အနိုင် တိုက်ခိုက်အောင်မြင်နိုင်မည်ဟု



ဟန်ကျိုက်တုံအတွက် သည်ပွဲမြန်မြန် သိမ်းနိုင်ရန်အတွက် လက်နက်ကိုပင် ထုတ်သုံးကာ အပြတ်တိုက်ခိုက်တော့မည်။

သို့သော်...။

ဟန်ကျိုက်တုံက တစ်ရှိန်ထိုး ပြေးဝင်ရန် ကိုယ်ဟန်ပြင် အားယူပြီး ဓားရှည်ကို ဆွဲထုတ်ရန် ဓားရိုးဆီသို့ လက်လှမ်းလိုက်သည့် အချိန်မှာပင်...။

"ဒုတ်"

"ဖောက်"

"စွပ်"

မည်သည့်နေရာက မည်ပုံရောက်လာသည်မသိ။ လက်နက်ပုန်း သုံးခုကို ဟန်ကျိုက်တုံ ရင်ဆိုင်ရသည်။

အမှန်ပြောရလျှင် ထိုလက်နက်ပုန်းများ လွင့်ပျံဝင်ရောက်လာသည်ကိုပင် ဟန်ကျိုက်တုံ လုံးဝမသိ။

သူ၏ဓားရှည် လက်ကိုင်ရိုး၊ ဓားလက်ကိုင်ရိုးကို ဆုပ်ကိုင်ရန် လှမ်းလိုက်သည့် ညာလက်မှ အကျီလက်မောင်း၊ ဓားရှည်ကို သိုင်းလွယ်ထားသော သားရေကြိုးပြားတို့ကို လက်နက်ပုန်းသုံးခု ပြိုင်တူ ထိမှန်သော အခါတွင်မှ မိမိကို လက်နက်ပုန်းဖြင့် အပစ်ခံရကြောင်း ဟန်ကျိုက်တုံ သိရလေတော့သည်။

"ဟာ"

ဟန်ကျိုက်တုံမှာ အကြီးအကျယ် တုန်လှုပ်ကာ ပါးစပ်မှ ဟာခနဲ ရေရွတ်ရင်း ထခုန်လိုက်မိလေသည်။

ကေမိဝါထံသို့လည်း ပြေးဝင်မသွားနိုင်တော့။

www.burmeseclassic.com

ဓားရှည်ကိုလည်း ဆွဲမထုတ်နိုင်တော့။

အတွေ့အကြုံ ရင့်ကျက်နေသော ဟန်ကျိုက်တုံသည် ထို လက်နက်ပုန်းသုံးခုကို ပစ်လွှတ်လိုက်မှုသည် အံ့လွန်အားပြင်းသ လောက် အချိန်အဆမှန်ကန်စွာ လက်နက်ပုန်း ရေလခွင်းသံ မပေါ် အောင်လည်း ပညာသားပါပါ ပစ်လွှင့်ထားကြောင်းကို နားလည်သိရှိ သည်။

ဟန်ကျိုက်တုံ တွေ့ကြုံဖူးသည့် လက်နက်ပုန်းပစ်ခတ်မှု များနှင့် လုံးဝမတူ။

တစ်မျိုးတစ်ဘာသာ ထူးဆန်းဆန်းကြွယ်သည်။

"အရိပ်မဲ့ လက်နက်ပုန်း ပစ်နည်းများလား"

ဤသို့ တွေးမိချိန်တွင် ဟန်ကျိုက်တုံမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့သည်။

သူသည် ရှေ့ဆက်တိုးဖို့ စိတ်ကူးမရှိတော့။

ချာခနဲ လှည့်ကာ တစ်ချိုးတည်း သုတ်ခြေတင်၍ ပြေးထွက် သွားရာ တစ်ခဏအတွင်းမှာပင် သစ်ပင်ချုံနွယ်များအကြားတွင် တိုး ဝင်ပျောက်ကွယ်သွားလေတော့သည်။

ကေမိဝါမှာတော့ ဘာတွေ ဖြစ်ကုန်သည်ကို မသိ။

ဟန်ကျိုက်တုံ ရုတ်တရက် ပြေးထွက်လာသည်ကို မြင်ရ၍ ကြီးမားသော အန္တရာယ် ကျရောက်ပြီဟုသာ သိသည်။

ဟန်ကျိုက်တုံ ရုတ်တရက် ပြေးလာကာ ချက်ချင်း ပြန် နောက်ဆုတ် ပြေးထွက်သွားတာ ဘာကြောင့်ဆိုတာ မတွေးတတ်။

သူမ၏ နားထဲတွင်တော့ လက်နက်တစ်စုံတစ်ရာ ထိမိသံ



တွေလိုလို ကြားမိသယောင် ရှိသည်။

သေသေချာချာ ကြားလိုက်ရသည်ကတော့ ဟန်ကျိုက်တုံ ၏ အလန့်တကြား 'ဟာ'ခနဲ ရေရွတ်လိုက်မှု။

ဟန်ကျိုက်တုံ နောက်ကြောင်းပြန်လှည့်ကာ သုတ်ခြေတင် ပြေးသွားသောအခါ ကေမိဝါမှာ ဘာလုပ်ရမှန်းမသိဘဲ သစ်ပင်ခြေ ရင်းတွင် အကြောင်သား ရပ်နေမိလေသည်။

ဟိုဖိန့်နှင့် လုအိမ်လိမ်တို့ကို လှမ်းအသံပြု အချက်ပေးမည့် စိတ်ကူးကိုလည်း အကောင်အထည် မဖော်နိုင်တော့။

အပေါ်စီးမှ လှမ်း၍ကြည့်လျှင် ပြန်လှည့်ပြေးသွားသော ဟန်ကျိုက်တုံ၏ လှုပ်ရှားမှုများကို မြင်နိုင်မည်ဟု အတွေးပေါက်လာ ရာ သစ်ပင်ပေါ်တက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်...

ဟိုဖိန့်နှင့် လုအိမ်လိမ်တို့နှစ်ယောက်သည် သစ်ပင်ပေါ်တွင် သတိဖြင့် နိုးနိုးကြားကြား အိပ်စက်နေကြရာ ဟန်ကျိုက်တုံ၏ အလန့်တကြား ဟာခနဲ ရေရွတ်လိုက်သံကြောင့် အိပ်ပျော်နေရာမှ လန့်နိုးလာကြသည်။

လန့်နိုးလာသည်နှင့် နှစ်ယောက်သား ပြိုင်တူလိုလိုပင် သစ် ပင်အောက်သို့ လျှင်မြန်စွာ ခုန်ဆင်းလာကြသည်။

သစ်ပင်ပေါ် လှမ်းတက်ရန် ဟန်ပြင်နေသော ကေမိဝါမှအ ပ အနီးအနားတွင် အခြား မည်သူမျှ မရှိသည့်အတွက် ဟိုဖိန့်တို့မှာ အတွေးရခက်ကုန်ကြသည်။

"စောစောက အသံလိုလို ကြားလိုက်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုအိမ်လိမ်က မိမိဘာသာ ပြောသလိုလိုနှင့် မေးခွန်းတုတ်နှုးစမ်းသလိုလို ရေရွတ်သည်။

"ဟို...ဟိုလူကြီး ရောက်လာတာ"

ကေမိဝါ ပြောသည်။

အံ့ဩတုန်လှုပ်မှု မပြေပျောက်သေးသည့်အတွက် သူမ၏အသံက အနည်းငယ် တုန်ယင်သလို အမူအရာတွေလည်း ပျက်ချင်ချင် ဖြစ်နေသည်။

"ဘယ်ကလူကြီးလဲ"

လုအိမ်လိမ်က ကေမိဝါလို စိမ်းစိမ်းကြည့်ပြီး မေးလိုက်သည်။

"ဟိုလေ...မောင်းကွမ်းရွာအထွက်မှာ တွေ့ခဲ့ရတဲ့ လူကြီး"

"နှင်းမုန်တိုင်း ဟန်ကျိုက်တုံလား"

"ဟုတ်တယ်...ဟုတ်တယ်"

"အခု ဘယ်မှာလဲ"

"ထွက်ပြေးသွားပြီ"

"ထွက်ပြေးသွားပြီ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်ပြီး ထွက်ပြေးတာလဲ"

"ကျွန်မကို မြင်တော့ ပြန်လှည့်ပြေးသွားတာပဲ"

ဟန်ကျိုက်တုံ တစ်ချိုးတည်း သုတ်ခြေတင် ပြေးရသည့်အကြောင်းရင်းကို ကေမိဝါမသိပေ။

ဒါကြောင့် သူမ တွေ့ကြုံရသည့် အတိုင်းသာ ပြန်ပြော



လိုက်မိသည်။

တကယ်တော့...

သူမကို မြင်သည်နှင့် ဟန်ကျိုက်တုံ ထွက်ပြေးသွားရခြင်းဖြစ်မည်ဟုတော့ သူမကိုယ်တိုင်လည်း သိပ်မယုံချင်ပါ။

လက်မခံချင်ပါ။

ဟိုဖိန့်နှင့် လုအိမ်လိမ်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ကေမိဝါ ပြောသော စကားများကို သူတို့ယုံဖို့ ခက်နေလေသည်။

ကေမိဝါ၏အမူအရာ ပျက်ချင်ချင် ဖြစ်နေပုံကလည်း သူတို့ကို ပို၍ သံသယပွားစေသည်။

လုအိမ်လိမ်ကမူ ကေမိဝါသည် မိမိတို့နှစ်ယောက် အိပ်ပျော်နေကြခိုက် တစ်စုံတစ်ရာသော လုပ်ကြံမှုလုပ်ဖို့ သစ်ပင်ပေါ်တက်မည်ပြုစဉ် မိမိတို့ နိုးလာကြသောကြောင့် ပြောမိပြောရာဆွ လျှောက်ပြောနေသည်ဟုပင် ထင်မိလေသည်။

လုအိမ်လိမ်သည် နဂိုကပင် ကေမိဝါကို လုပ်ကြံ၍ ကေမိဝါထံ၌ရှိသော သော့ကို ရယူဖို့ မကောင်းကြံစည်မှု ရှိနေခဲ့ရာ မိမိကိုယ်နှင့်နှိုင်း၍ ယခုလို သံသယဝင်မိခြင်း ဖြစ်သည်။

ဟိုဖိန့်မှာမူ လုအိမ်လိမ်လိုတော့ မူလက မကောင်းကြံဖို့ စိတ်မရှိ။

သို့သော်...

သူ့အနေနှင့်လည်း ကေမိဝါအပေါ်တွင် အနည်းနှင့်အများ

www.burmeseclassic.com

www.burmeseclassic.com



တော့ သံသယဖြစ်မိသည်။

သည်ကောင်မလေးကို သတိနှင့် စောင့်ကြည့်မှ ဖြစ်မည်ဟု တော့ တွေးသည်။

သို့သော်...

တစ်ခရီးတည်း အတူသွားကြသူများအကြားတွင် ပြဿနာ အထင်အရှား ပေါ်မလာစေလိုသောကြောင့် ထိန်းထိန်းသိမ်းသိမ်း လုပ်နေလိုက်သည်။

"တို့ ဒီနေရာမှာ ဆက်နေဖို့ မသင့်တော့ဘူး၊ အခုပဲ သွားကြမယ်"

သို့ဖြင့်...

သုံးယောက်သား ခရီးဆက်ခဲ့ကြလေသည်။

လုအိမ်လိမ်ကတော့ ကေမိဝါကို အယုံအကြည် သိပ်မရှိတော့။

မိမိနှင့် ဟိုဖိန်က ညဘက်မနားဘဲ ခရီးဆက်မည်ကို ကေမိဝါက မရမက ကန့်ကွက်ကာ ညအိပ်ရပ်နားစေခဲ့ကတည်းက ကေမိဝါ အပေါ် အတော်ပင် မယုံသင်္ကာ ဖြစ်ခဲ့သည်။

ကေမိဝါ အကြံအစည်တစ်ခုခု ရှိမည်ဟု ထင်ခဲ့သည်။

ယခု ဖြစ်ပျက်ခဲ့မှုများက လုအိမ်လိမ်၏ သံသယစိတ်ကို ဆထက်ထမ်းပိုး တိုးပွား ကြီးထွားလာလေစေသည်။ မူလ စိတ်ထဲ ကြံစည်ခဲ့သည့်အတိုင်း ကေမိဝါကို အပြတ်ရှင်းပစ်ကာ ကေမိဝါထံ ရှိနေသည့်သော့ကို အရယူလိုက်ချင်ပြီ ဖြစ်သည်။

သို့ရာတွင် လုအိမ်လိမ်သည် သိုင်းပညာ သိပ်အဆင့်မြင့်



သည့်အတွက် မိမိတစ်ယောက်တည်း ကေမိဝါကို အနိုင်တိုက်နိုင်ဖို့ မလွယ်ဟု နားလည်သည်။ ဟိုဖိန်၏ အကူအညီပါမှသာ ဤအကြံအစည် အောင်မြင်အောင် အကောင်အထည် ဖော်နိုင်မည်။

ဟိုဖိန်က ထိုသို့ အချင်းချင်း လုပ်ကြံမှုမျိုးကို မလိုလားသည့်အတွက် လုအိမ်လိမ်အဖို့ အကျပ်ရိုက်နေသည်။ ဟိုဖိန်ပါ အလိုတူ အလိုပါ ဝိုင်းဝန်းကူညီလာအောင်လုပ်ဖို့ လိုအပ်နေသည်။

ယခုဆိုလျှင် ဟိုဖိန့်ကို ကြည့်ရသည်မှာ ကေမိဝါအပေါ် သံသယ အတော်ပင်နေပုံရပေရာ မိမိ၏အကြံကို လက်ခံကူညီနိုင်မည့် အလားအလာ ပိုကောင်းလာပြီဟု လုအိမ်လိမ်က တွေးသည်။

ဟိုဖိန့်ကို ထပ်မံ ပြောဆို ဖျောင်းဖျကြည့်ရမည်။

➤ ➤ ➤

ဟိုဖိန့်၊ လုအိမ်လိမ်နှင့် ကေမိဝါတို့ သုံးယောက်သည် အမြဲပင် သတိထားကာ ခရီးဆက်၍ နှင်ခဲ့ကြသည်။

သူတို့ဘက်က အစစအရာရာ သတိနှင့် ရှိနေသော်လည်း နောက်ထပ် မည်သည့် အန္တရာယ်မျှ မကြုံဘဲ တုံစီးမြို့သို့ အေးချမ်းအဆင်ပြေစွာ ရောက်ရှိသွားကြသည်။ လူစုကွဲသွားလျှင် ပြန်ဆုံကြရန် ချိန်းနေရာအဖြစ် ကြိုတင် သတ်မှတ်ပေးခဲ့သော မြို့မြောက်ဘက် အဝင်ဝနားရှိ ဇရပ်ကြီးတွင်ပင် ခေတ္တရပ်နား တည်းခိုနေထိုင်ကြသည်။

တုံစီးမြို့မှနေ၍ အရှေ့ဘက်စူးစူးသို့ ခရီးလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းကာ ဆက်လက် လာခဲ့ကြလေသည်။ ဤသို့ဖြင့် တရုတ်ပြည် အလယ်ပိုင်းဒေသအတွင်းရှိ လို့ရန်မြို့အနီးသို့တိုင်အောင် ရောက်လာကြသည်။

ခရီးရှည်ကြီး၏ အစပိုင်း မြောင်နယ်မှအထွက်တွင် နှင်းမ တိုင်း ဟန်ကျိုက်တုံ၏ ဟန့်တားရန်မူမှုကို ကြုံခဲ့ရပြီးနောက် ကျန်ခရီး လမ်းတစ်လျှောက်တွင် သဘာဝ အခက်အခဲများနှင့် ဒေသခံ သိုင်းသမားဆိုး အချို့၏ လုယက် တိုက်ခိုက်ရန် ကြိုးစားခဲ့မှု အနည်းငယ်မှ လွဲ၍ သူတို့လူစုကို ဟန့်တားရန်ပြုသည့် အန္တရာယ်များ မတွေ့ခဲ့ကြပေ။

ဤအတွက် သူ၏ စိတ်ထဲတွင် အတော့်ကို အတွေးရခက်၍ နေကြသည်။

ရန်ပြုမည့်သူများက တို့ကို မျက်ခြည်ပြတ်ကုန်ကြ၍လား ဒါမှမဟုတ် ရှောင်တိမ်း နောက်ဆုတ် သွားကြသောကြောင့်လား အခွင့်အရေးကောင်းကို ချောင်းကာ အပိုင် တိုက်ခိုက်ရန် ကြံ၍ စောဆိုင်းနေကြတာလား။

အခုသွားနေသည့် ခရီးလမ်းဆုံး နေရာနှင့် မည်သည့်အကြောင်း ကိစ္စအတွက်ကြောင့် သွားနေရသည်ဆိုခြင်းကို ကေမိဝါက မသိမသာ စကားထောက်လျက် စုံစမ်းမှုများ ပြုနိုင်သလောက် ပြုသည်။ သို့သော် ထူးထူးခြားခြား ဘာမျှ မသိရသေးပေ။

ကေမိဝါကို အပြတ်ရှင်းဖို့ လုအိမ်လိမ်၏ အကြံအစည်မှာလည်း အကောင်အထည် ပေါ်မလာသေးပေ။

ခရီးနှင်ခဲ့ကြသည့် အချိန်ကာလကတော့ တစ်လကျော်



ကျော် နှစ်လနီးပါးပင်ရှိ၍ လာခဲ့လေပြီ။

မည်သို့ဆိုစေ ကေမိဝါအဖို့တော့ မြို့ရွာဒေသ အတော်များကို ရောက်ဖူးကာ အတွေ့အကြုံသစ်တွေ များစွာ ရရှိခဲ့သည်ကတော့ အမှန်ပင်။

➤ ➤ ➤

အချိန်က ညနေစောင်း နေဝင်ပြီးကာစ…

ကေမိဝါတို့သုံးယောက် လို့ရန်မြို့၏ အနောက်ဘက် ငါးမိုင်ကျော်ကျော်ခန့် အကွာရှိ ရွာပျက်ဟောင်းတစ်ခုသို့ ရောက်လာကြသည်။

ထိုရွာဟောင်းနေရာတွင် ညအိပ်စခန်းချရန် ပြင်ဆင်ကြသည်။ ကေမိဝါက ပါလာသော ရိက္ခာခြောက်များဖြင့် ညနေစာ ချက်ပြုတ်သည်။ ဟိုဖိန်နှင့် လုအိမ်လိမ်တို့က ညအိပ်နိုင်ဖို့ နေရာ ရှင်းလင်းပြင်ဆင်သည်။

"မနက်ဖြန်ကျရင် လို့ရန်မြို့ထဲကို ဝင်မယ်၊ ဒါပေမယ့် အဲဒီမှာ မနားဘူး၊ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ခြမ်းပြီး ခရီးဆက်မယ်"

ညနေစာ စားသောက်ရင်း ဟိုဖိန်က ပြောသည်။

"ကျွန်မတို့ ဘယ်လောက်ကြာကြာ ဆက်သွားရဦးမှာလဲ"

ကေမိဝါက စူးစမ်းကြည့်သည်။

"အဲဒါကိုတော့ အတိအကျ မပြောနိုင်ဘူး၊ ခရီးလမ်းဆုံး ရောက်သေးသရွေ့တော့ သွားနေရဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟိုဖိန့်က ပြန်ပြောသည်။

"ခရီးလမ်းဆုံး နေရာက ဘယ်မှာလဲ"

"ရောက်တော့ မင်း သိမှာပေါ့ကွာ၊ ဘာလဲ၊ ခရီးချည်း သွားနေရတာ စိတ်ပျက်နေပြီလား"

"စိတ်ပျက်တယ်လို့တော့ ဘယ်ဟုတ်မှာလဲ၊ ကိုယ်သွားမယ့် ခရီးပန်းတိုင်ကိုတော့ သိချင်တာပေါ့၊ အခုလို ဘယ်နေရာကိုမှန်း မသိဘဲ သွားသွားနေရတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

လုအိမ်လိမ်က ကြားဖြတ်ကာ...

"ခရီးလမ်း အစုံရော၊ အခြား အကြောင်းကိစ္စအစုံရော သိချင်တယ်ဆိုရင် ဝန်ယုကောင်း ပေးထားခဲ့တဲ့ သော့တံကို ကျွန်တော့်လက် အပ်ပါလား၊ ဒါဆိုပြောပြမယ်"

ကေမိဝါ စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေသည်။

ဝန်ယုကောင်းက သူမကို ပေးအပ်ထားသည်မှာ ခေါင်းယပ်တောင်လေး တစ်ခုသာ ဖြစ်သည်။

လုအိမ်လိမ်က သော့တံဟု ဆိုလာသည်။

ဘယ်လိုကြီးလဲ။

ကေမိဝါသည် မျက်နှာအမူအရာ မပျက်ရအောင် အနိုင်နိုင်ထိန်းလိုက်ပြီး...

"ကျွန်မကိုယ်တိုင် ရှင်တို့နဲ့အတူ လိုက်ပါနေမှတော့ အဲ့သော့တံကို ထုတ်ပေးထားစရာ လိုလို့လားရှင့်"

"ခင်ဗျားကို ကျွန်တော်တို့နဲ့ အတူတူ ခေါ်သွားနေတာပဲ တော့ ခင်ဗျားအနေနဲ့ ခရီးလမ်းဆုံးနေရာကို ကြိုတင်သိထားဖို့ ...



သေးလို့လား"

လုအိမ်လိမ်ကလည်း အားကျမခံ ပြန်ပြောသည်။

"သော့တံကို မင်းပဲ ဆက်ယူထားပါ၊ ပြီးတော့ ခရီးလမ်းဆုံးနေရာအကြောင်းကိုလဲ သိပ်မစပ်စုနဲ့"

ဟိုဖိန့်က ဝင်ပြောသည်။

"ကောင်းပါပြီရှင်... ကောင်းပါပြီ၊ မစပ်စုတော့ပါဘူး"

ကေမိဝါက ခပ်ငေါ့ငေါ့လေး ပြန်ပြောသည်။

"ဒီကောင်မလေးက မစပ်စုတော့ပေမယ့် ကျုပ်တို့ကတော့ ခပ်စုရလိမ့်မယ်"

ကေမိဝါ၏ စကားအဆုံးတွင် အေးစက်စက် ပြောလိုက်သံ တစ်ခု တစ်ဆက်တည်းလိုလို ပေါ်ထွက်လာလေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ရုတ်တရက်ပေါ်လာသော အေးစက်စက် စကားသံကြောင့် ဟိုဖိန့်၊ လုအိမ်လိမ်နှင့် ကေမိဝါတို့သုံးယောက် အံ့သြထိတ်လန့်ကုန်သည်။

ထိုင်နေရာကြရာမှ ပြိုင်တူပင် ခုန်ထလိုက်မိကြသည်။

လှမ်းကြည့်လိုက်ကြရာ သူတို့ရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာနေသော အမျိုးသမီးကြီး တစ်ယောက်ကို တွေ့ကြရသည်။

သူတို့နှင့် အတန်ငယ်တော့ အလှမ်းဝေးသေးသည်။

အမျိုးသမီးကြီးသည် သက်လတ်ပိုင်းဖြစ်ကာ အရပ်မြင့်လျက် ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းအချိုးကျသည်။

အသားအရေ ဖြူဖွေးသည်။



ရုပ်ရည်လည်း အတော်ပင် ချောမောလှပသည်။

သို့သော်...

ညာဘက်ပါးပြင်ပေါ်တွင် ရှိနေသော အမည်းကွက်ကြီးက အမျိုးသမီးကြီး၏အလှကို ဖျက်ဆီးသလို ဖြစ်စေ၏။

နောက်ကျောတွင် ဓားရှည်တစ်လက် လွယ်ထားသည်။

ခါးပတ်တွင် ပေါက်ဓားလေးများ စီ၍ချိတ်ထား၏။

ကျာပွတ်ပျော့တစ်ချောင်းကိုလည်း ခွေလျက် ညာလက်တွင် ကိုင်ထားသည်။

"ကြာပန်းအဆိပ်မယ် ထောက်ရှောင်လီဆိုတာလားဟင်"

ကေမိဝါက ဟိုဖိန့်ကို ခပ်တိုးတိုး မေးလိုက်၏။

ခရီးရှည်မထွက်မီ ကေမိဝါကို အဘိုးဖြစ်သူက သိုင်းလောကမှ သိုင်းအကျော်အမော်များအကြောင်း ထိုက်သင့်သလောက် ပြောခဲ့သည်။

ထိုသို့ ပြောပြခဲ့သည့်အထဲ၌ ကြာပန်းအဆိပ်မယ် ထောက်ရှောင်လီ အကြောင်းလည်း ပါဝင်၏။

ထို့ကြောင့်လည်း ကေမိဝါသည် ထောက်ရှောင်လီနှင့် တစ်ခါမျှ မတွေ့ဖူးသော်လည်း သူမ၏ထူးခြားသော ရုပ်ရည်သွင်ပြင်ကိုတော့ ကောင်းကောင်းသိရှိနေသည်။

"ကောင်မလေးက မဆိုးဘူး၊ ငယ်ပေမယ့် ဗဟုသုတ အတော်ရှိသားပဲ၊ ကျုပ်ကိုတောင် သိနေတယ်"

ကေမိဝါ ခပ်တိုးတိုး မေးလိုက်သော စကားကို ကြားလိုက်ဟန်ဖြင့် ထောက်ရှောင်လီက မပွင့်တပွင့် ပြုံး၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



အသံက ကြည်လင်သည်။

ပြုံးလိုက်ပုံက လှပသည်။

သို့သော် အေးစက်မာကြောသော မျက်လုံးအကြည့်အတော့ ရက်စက်မှုအပြည့်။

"ဘာအကြောင်းကိစ္စကြောင့် ရောက်လာသလဲဆိုတာ သိပါရစေ"

ဟိုဖိန့်က ဦးညွှတ်အရိုအသေပေးပြီး မေး၏။

ထိုသို့မေးရင်း အလွတ်ရုန်းရှောင် ထွက်ပြေးနိုင်မည့် နည်းလမ်းကို စဉ်းစားနေသည်။ အခွင့်ကောင်းကို ရှာနေသည်။

"အင်း...စပ်စုချင်လို့ဆိုပါတော့"

ထောက်ရှောင်လိက ခပ်ပြုံးပြုံးပင် ပြန်ဖြေသည်။

ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာနေသော ထောက်ရှောင်လိသည် ဟိုဖိန့်တို့နှင့် ဆယ့်ငါးပေ သာသာခန့် အကွာသို့ ရောက်နေပြီ။

ဓားတစ်ကမ်းစာ မဟုတ်သေးသော်လည်း ကျားပွတ်နှင့် လှမ်းရိုက်လျှင်တော့ မီနိုင်လောက်သည့် အကွာအဝေး ဖြစ်၏။

"ဘာကို စပ်စုချင်တာလဲ"

ထိုသို့မေးပြီးသည်နှင့် ဟိုဖိန့်သည် တစ်ဟုန်ထိုးပြေး၍ ထွက်သည်။

နောက်လှည့်ကာ ပြေးခြင်းမဟုတ်သလို ထောက်ရှောင်လိထံသို့ ပြေးဝင်ခြင်းလည်း မဟုတ်။

ထောက်ရှောင်လိ၏ညာဘက်သို့ ခပ်စောင်းစောင်း ဦးတည်



ကာ ဓားလွယ်ခုတ် လမ်းကြောင်းအတိုင်း ပြေးထွက်ခြင်း ဖြစ်သည်။

ရုတ်တရက် ပြေးထွက်စတွင်တော့ ထောက်ရှောင်လိထံသို့ပဲ အတင်းပြေးဝင် တိုက်ခိုက်တော့မယောင် ထင်မှားစေ၏။

ထောက်ရှောင်လိ ကြောင်အမ်းအမ်း ဖြစ်သွားစေရန် ရည်ရွယ်၍ ဟိုဖိန့်က ယခုလိုမျိုး ပြေးထွက်ခြင်း ဖြစ်သည်။

အကယ်၍ နောက်လှည့်ကာ ပြေးလျှင် ထောက်ရှောင်လိက ထက်ကြပ်မကွာ ပြေးလိုက်နိုင်သည်။

တည့်တည့်ပြေးဝင် တိုက်ခိုက်လျှင်လည်း ဟိုဖိန့် အနေဖြင့် ထောက်ရှောင်လိကို ထိရောက်အောင် ဘာမျှ တိုက်နိုင်စွမ်း ရှိမည်မဟုတ်။

ညာဘက်သို့ ဓားလွယ်ခုတ်လမ်းကြောင်းအတိုင်း ခပ်စောင်းစောင်း ပြေးထွက်လိုက်ခြင်းသည် ထောက်ရှောင်လိကို အမှန်ပင် ဇဝေဇဝါ ဖြစ်သွားစေခဲ့သည်။

ဟိုဖိန့်၏ ရည်ရွယ်ချက်ကို ရုတ်တရက် မတွေးတတ်သောကြောင့် ထောက်ရှောင်လိ အနေဖြင့် ချက်ချင်း လှုပ်ရှားမှု မလုပ်နိုင်။

ငေးကြောင်သလို ဖြစ်သွားသည်။

ဟိုဖိန့်အတွက် ဒါက တကယ့် အခွင့်ကောင်း။

ထောက်ရှောင်လိ ကြောင်အမ်းအမ်း ဖြစ်သွားသည့် အချိန်လေးမှာပင် ဟိုဖိန့်က အတော်ဝေးဝေးသို့ အရောက်ထွက်ပြေး သွားနိုင်ခဲ့လေပြီ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ဟိုဖိန့်၏ ရုတ်တရက် ပြေးထွက်သွားမှုသည် ထောက်ရှောင်လိကို ကောင်းကောင်း အငိုက်ဖမ်းလိုက်နိုင်သည်။

ထောက်ရှောင်လိ တစ်ယောက်တည်းသာ မဟုတ်။

ဟိုဖိန့်အနီးတွင် ရှိနေကြသော လုအိမ်လိမ်နှင့် ကေမိဝါတို့ နှစ်ယောက်ပင်လျှင် ရုတ်တရက်တော့ ငေးကြောင်သွားကြသည်။

သို့သော် သူတို့နှစ်ယောက် အနေဖြင့် အန္တရာယ်တစ်ခုခု ကြုံလျှင် ရင်ဆိုင်ခြင်းမပြုဘဲ အလွတ်ရုန်း ရှောင်ထွက်ပြေးကြရမည် ဆိုသည့် အချက်ကို ကြိုတင်သိနေမှုက ထောက်ရှောင်လိထက် တစ်ကွက်သာသလို ဖြစ်နေသည်။

ငေးကြောင်သွားကြတာချင်း အတူတူ လုအိမ်လိမ်နှင့် ကေမိဝါတို့က အခြေအနေမှန်ကို ထောက်ရှောင်လိထက် နည်းနည်းစော မှု သာ၍ သဘောပေါက်သည်။

ထို့ကြောင့်...

သူတို့နှစ်ယောက်တည်း ပြိုင်တူပင် ထွက်ပြေးကြလေတော့ သည်။

လုအိမ်လိမ်က ဘယ်ဘက်သို့ ဓားလွှယ်ခုတ် ခပ်စောင်း စောင်းပြေးသည်။

ကေမိဝါကတော့ ချာခနဲ နောက်လှည့်ကာ ပြေးသည်။

သည်လိုလမ်းကြောင်း မတူဘဲ ပြေးကြသည်ကလည်း ကိုယ့်တွက်ကိန်းနှင့်ကိုယ်။

ယခု သူတို့ရောက်နေကြသော ရွာပျက်သည် မြောက် တောင်သို့ တန်းနေသည့် ရွာတန်းရှည်လေး ဖြစ်သည်။



သူတို့က ရွာလယ်ပိုင်းလောက်တွင် ရှိနေကြသည်။

အရှေ့ဘက်ကို မျက်နှာမူ၍ ရပ်နေကြခြင်းလည်း ဖြစ်သည်။

ညာဘက်သို့ဖြစ်စေ၊ ဘယ်ဘက်သို့ဖြစ်စေ ပြေးလျှင်၊ ရွာဟောင်း နေရာတွေတစ်လျှောက် ပြေးရပေမည်။

ရွာဟောင်း နေရာတစ်ကြောမှာ မြေကွက်လပ်တွေလို ဖြစ်နေသည်က များ၏။

ပုန်းအောင်း ခြေရာဖျောက်စရာ နေရာကောင်းမရှိ။

သူတို့ ကျောပေးထားရာ အနောက်ဘက် အရပ်မျက်နှာတွင်တော့ တောတန်းတွေ ရှိသည်။

ပေတစ်ရာခန့် အားသွန်ပြေးမိလျှင် တောတန်းထဲသို့ ဝင်နိုင်သည်။

တောထဲတွင် သစ်ပင် ချုံနွယ်များအကြား တိုးဝင် ကိုယ်ရှောင် ဖျောက်နိုင်သည်။

ကေမိဝါက တောတန်းထဲ တိုးဝင် ကိုယ်ရောင်ဖျောက် ရှောင်တိမ်းရန် ရည်ရွယ်ကာ နောက်သို့ ချာခနဲလှည့်ကာ ပြေးခြင်းဖြစ်သည်။

လုအိမ်လိမ်၏ တွက်ကိန်းကတော့ တစ်မျိုး။

ထောက်ရှောင်လိသည် ဟိုဖိန့်နောက်သို့ ပြေးလိုက်ရမည်ဟု လုအိမ်လိမ်က မှန်းဆသည်။

ထို့ကြောင့် ဟိုဖိန့် ထွက်ပြေးရာနေရာ၏ ဆန့်ကျင်ဘက် ဘယ်ဘက်ဆီသို့ ဦးတည်ကာ ပြေးထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုအိမ်လိမ်၏ မှန်းဆချက် မှန်သည်။

ကြောင်အမ်းအမ်း ဖြစ်သွားရာမှ သတိပြန်ဝင်လာသော ထောက်ရှောင်လိသည် ညာဘက်သို့ ပြေးထွက်သွားသူ ဟိုဖိန့်နောက်သို့ အတင်းလိုက်သည်။

လုအိမ်လိမ်ကို သည်အတိုင်း လွှတ်ပေးလိုက်သလို ဖြစ်သွားသည်။

လုအိမ်လိမ်လည်း အားတက်ကာ ပို၍ မြန်မြန်ပြေးသည်။

မိမိတော့ လွတ်မြောက်နိုင်ပြီဟုလည်း တွေးသည်။

သို့သော်…

ယခုအထင်တွင်တော့ လုအိမ်လိမ်၏တွက်ကိန်း လွဲသည်။

ထောက်ရှောင်လိသည် တစ်ယောက်တည်း လာခြင်း မဟုတ်ကြောင်း မတွက်မိသည်က လုအိမ်လိမ်၏အမှား။

ထောက်ရှောင်လိနှင့်အတူ နောက်လိုက်နောက်ပါတွေလည်း ပါလာသည်။

ထိုနောက်လိုက်နောက်ပါများသည် လူလုံးထွက်မပြသေးဘဲ ပုန်းအောင်း၍ အသာကြည့်နေကြလေသည်။

➤ ➤ ➤



မီးလျှံဖီးကွက်ယန်ကုန်းမင်းသည် ထောက်ရှောင်လိနှင့်အတူ လိုက်ပါလာခဲ့သည်။

သူပုန်းအောင်းနေသော နေရာသည် ကံကောင်းထောက်မစွာ (လုအိမ်လိမ်အတွက်ကတော့ ကံအကြောင်းမလှစွာ) လုအိမ်လိမ် ပြေးထွက်လာသည့် လမ်းကြောင်းတည့်တည့်ပေါ်တွင် ဖြစ်သည်။

သည်တော့…

ယန်ကုန်းမင်းအနေဖြင့် သူ့ထံသို့ တန်းတန်းမတ်မတ် ပြေးဝင်လာသော လုအိမ်လိမ်ကို အလိုက်သင့် အသာဖမ်းလိုက်ရုံသာ ရှိတော့သည်။

လုအိမ်လိမ်မှာ သိုင်းပညာ သိပ်အဆင့်မြင့်မြင့် မတတ်မြောက်သည့်အပြင် အငိုက်မိသလိုလည်း ဖြစ်သွားရလေရာ ရုတ်တရက် ပေါ်ထွက်ဖမ်းဆီးလာသော ယန်ကုန်းမင်း၏လက်မှ ရှောင်မထွက်နိုင်။

'ကွိ'ခနဲနေအောင်ပင် ဖမ်းချုပ်ခံလိုက်ရလေတော့သည်။

အလစ်ဖမ်းကာ တစ်ကွက်ကြောအောင် ထွက်ပြေးသွားနိုင်ခဲ့သော ဟိုဖိန့်မှာ သူ့နောက်မှ ထောက်ရှောင်လိ ပြေးလိုက်လာသောအခါ မျက်လုံးပြူးသွားလေသည်။

အတန်ငယ် ကွာလှမ်းသော်လည်း သိပ်စိတ်မချနိုင်။

"နောက်ကနေ့ပစ်လိုက်"

ခြေကုန်သုတ်ကာ ထွက်ပြေးရင်း ဟိုဖိန့်က အော်ဟစ်လိုက်သည်။

သူ အော်ပြောသလို နောက်ဘက်မှ လက်နက်ပုန်းနှင့် ဝှမ်း

www.burmeseclassic.com

www.burmeseclassic.com



ပစ်မည့်သူ တစ်စုံတစ်ယောက်မျှ မရှိပါ။

သို့သော်...

ထောက်ရှောင်လီကိုတော့ အငိုက်ဖမ်းလိုက်နိုင်ပြန်သည်။

ဟိုဖိန့်၏ အော်ဟစ်လိုက်သံကြောင့် ထောက်ရှောင်လီသည် အလိုလို နောက်သို့ စောင်းကြည့်မိရာ ခြေလှမ်းလည်း တုံ့နှေးသွားသည်။

ဤနည်းဖြင့် ဟိုဖိန့်မှာ အလွတ်ရုန်းကာ ထွက်ပြေးသွားနိုင်ခဲ့သည်။

ကေမိဝါ ထွက်ပြေးသည့်ဘက်တွင်တော့ ပုန်းအောင်းနေသူ တစ်ယောက်မျှမရှိ။ ကေမိဝါသည် တောလမ်းထဲသို့ အရောက် ပြေးဝင်သွားနိုင်ခဲ့သည်။

ထောက်ရှောင်လီသည် ထွက်ပြေးသူများနောက်သို့ မလိုက်တော့။ ဖမ်းမိထားသော လုအိမ်လိမ်ထံသို့သာ သွားသည်။

"ရှူ"

ထောက်ရှောင်လီက လေချွန်သံတစ်ချက် ပြုလိုက်ရာ သူ၏ တပည့်မလေးများဖြစ်ကြသော ကြာဖြူ၊ ကြာနီနှင့် ကြာညိုတို့သုံးယောက် ပုန်းအောင်းနေရာမှ ထွက်လာကြသည်။

➤ ➤ ➤



လုအိမ်လိမ်မှာ ထောက်ရှောင်လီတို့၏ ရှေ့မှောက်တွင် စိုးရိမ်ထိတ်လန့်တုန်လှုပ်စွာ ရှိနေသည်။

သူ့ကို အကြောပိတ်မထားသလို ကြိုးဖြင့် တုတ်နှောင်ထားခြင်းလည်း မရှိပါ။

သို့သော် လုအိမ်လိမ်မှာ ထွက်ပြေးဖို့ စိတ်မကူးဝံ့။ နည်းနည်းလေးမျှပင် မလှုပ်ရဲ။

ထောက်ရှောင်လီတို့ စိတ်မထင်လျှင် မိမိ၏ အသက်တစ်ချောင်း ရုတ်ခြည်း ပြုတ်ကြွေသွားနိုင်ကြောင်း သူ ကောင်းကောင်း သိသည်။

"ကြာညိုရေ ဒီကောင့်ကို ပျားနက် အဆိပ်အပ်အစွမ်း နည်းနည်းလောက် မြည်းစမ်းကြည့်ခိုင်းလိုက်ပါ"

ထောက်ရှောင်လီက အမိန့်ပေးရာ ကြာညိုသည် ပျားနက် အဆိပ်အပ်ကို ဘူးလေးထဲမှ အသာထုတ်ယူလိုက်သည်။

ပျား၏ အဆိပ်အပ်ဆိုသည်ကို မကြားဖူးသော်လည်း အဆိပ်လက်နက်တစ်မျိုး ဖြစ်မည်ကိုတော့ လုအိမ်လိမ် သိသည်။

မိမိ ကောင်းကောင်းကြီး ဒုက္ခတွေ့တော့မည်ကိုလည်း နားလည့်သည်။

"မလုပ်ကြပါနဲ့ဗျာ၊ ချမ်းသာ အားအား"

လုအိမ်လိမ်က အလန့်တကြား တောင်းပန်စကားဆိုဆဲမှာပင် ဘယ်ဘက်လက်မောင်းရင်းကို ပျားနက် အဆိပ်အပ်ဖြင့် စစ်ခနဲ ထိုးစိုက်ခြင်း ခံရသည်။ အပ်ဖျား ဝင်ရုံမျှသာ ထိုးစိုက်ခံရခြင်းပါ။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကတော့ ပြင်းလှသည်။

လုအိမ်လိမ်မှာ မီးစကြီးနှင့် အထိုးခံရသလို ဖြစ်သည်။

ညာလက်မောင်းတစ်ခုလုံးသည် တစစ်စစ်နှင့် ကိုက်၍လာသည်။

တောင်းပန်စကားပင် ဆုံးအောင် မပြောနိုင်တော့ဘဲ တအားအား အော်ဟစ်ညည်းညူနေရှာလေသည်။

ခဏကြာမှ နာကျင်မှုဝေဒနာဒဏ် လျော့ကျသည်။ လုံးလုံးလျားလျားတော့ မပျောက်။ အရမ်းမနာကြင်တော့တာသာ ရှိသည်။

"ရွှေဒဂၤါးသေတ္တာတွေ ဝှက်ထားတဲ့နေရာကို မင်းတို့ သွားကြမယ်ဆိုတဲ့အကြောင်း ကျုပ်တို့ သိပြီးပြီ၊ ဘူးကွယ်ဖို့ စိတ်မကူးနဲ့ မေးတာတွေကို ကောင်းကောင်းနဲ့ ပြည့်ပြည့်စုံစုံဖြေ၊ အဲဒီလိုဆိုရင် မင်းကို ထိုက်သင့်တဲ့အစုပေးမယ်၊ လိမ်ညာလှည့်ဖြားဖို့ ကြံရင်တော့ မရှုမလှ နာကျင်အောင် အနာခံရပြီး အသေဆိုးနဲ့ သေရမယ် နားလည်လား"

ထောက်ရှောင်လိက လေအေးအေးနှင့် ခြိမ်းခြောက်ပြောကြားသည်။

လုအိမ်လိမ်မှာတော့ အသည်းတုန်ခမန်း ကြောက်နေတာခေါင်းကို ကမန်းကတန်း ညိတ်လိုက်ရလေသည်။

"နားလည်ပါတယ်၊ နားလည်ပါတယ်"

ပါးစပ်ကလည်း ကမန်းကတန်းပြောသည်။

"ပျားစိမ်းအဆိပ်အပ်ကို မြည်းကြည့်ခိုင်းလိုက်ဦး"

ထောက်ရှောင်လိက ကြာညိုကို အမိန့်ပေးလိုက်ပြန်သည်။ ကြာညိုက ဘူးလေးတစ်ခုကို ဖွင့်ကာ ပျားစိမ်းအဆိပ်အပ်ကို ထုတ်သည်။



"မလုပ်ပါနဲ့တော့ဗျာ... မလုပ်ပါနဲ့ ကြောက်ပါတယ်၊ မေးတာ ဖြေပါ့မယ်၊ မလုပ်ပါနဲ့တော့"

ပျားနက်အဆိပ်အပ်၏ နာကျင်မှုဒဏ်ကို ခံနေရဆဲ ဖြစ်သော လုအိမ်လိမ်က ကြောက်လန့်တကြား ပြောဆိုတောင်းပန်နေရှာသည်။

ကြာညိုကတော့ ပျားစိမ်းအဆိပ်အပ်ဖြင့် လုအိမ်လိမ်၏ ညာဘက်လက်မောင်းရင်းကို သွေးကလေးစို့ရုံ အသာထိုးလိုက်သည်။

"အား...အား သေပါပြီ၊ အား"

ပျားစိမ်းအဆိပ်အပ်ထိုးစိုက်ခံရမှု ဝေဒနာသည် ပျားနက်အဆိပ်အပ်၏ ဒဏ်ထက်ပိုပြင်းသည်။

လုအိမ်လိမ်မှာ ငယ်သံပါအောင် အော်မိသည်။

လူမှာလည်း မတ်တတ်ပင် မနေနိုင်။

မြေကြီးပေါ် လဲကျလူးလှိမ့်နေမိသည်။

အတန်ကြာမှ...

ပြင်းပြလှသော နာကျင်မှုဝေဒနာ အနည်းငယ်လျော့ပါးသည်။

လုံးလုံးကြီး မနာတော့တာတော့ မဟုတ်။

တစစ်စစ်နှင့် တစ်ကိုယ်လုံးပုရွက်ဆိတ်တွေအန့် ကိုက်သလို နာနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"ပျားနက်အဆိပ်အပ်နဲ့ ပျားစိမ်းအဆိပ်အပ်တွေအကြောင်း သိပြီ မဟုတ်လား"

ထောက်ရှောင်လိက မေးမြန်း၏။

"သိပါပြီ ခင်ဗျာ... သိပါပြီ၊ မေးချင်တာမေးပါ၊ ဖြေပါ့မယ်"

"ကျုပ်တို့ဆီမှာ ဒီထက် ပိုအဆိပ်ပြင်းတဲ့ လက်နက်ဗျေ အများကြီး ရှိသေးတယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ကြောက်ပါတယ်ဗျာ၊ ကြောက်ပါ တယ်"

"မင်းက အသက်အသေခံပြီး ဖုံးကွယ်ထားမယ် ဆိုရင်ဒါ ကျုပ်တို့အတွက်က အကြောင်းမဟုတ်ဘူး၊ ဟိုကောင်လေးနဲ့ ကောင် မလေးကို မိအောင်ဖမ်းပြီး မေးရုံပဲ၊ မင်းအသက်သေရတာပဲ အဖတ် တင်မယ်၊ နားလည်လား"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

"ဒါဆိုရင် ပြောစမ်း၊ မင်းတို့ ရွှေဒင်္ဂါးသေတ္တာတွေကို ဘယ် နေရာမှာ ဝှက်ထားသလဲ"

"စင့်မော်ဘုံကျောင်းပျက်ရဲ့ မြေအောက်ခန်း တစ်ခုမှာပါ"

"အဲဒီနေရာကို မင်းလိုက်ပြနိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့...ပြပေးနိုင်ပါတယ်၊ ဒါပေမယ့် မြေအောက်ခန်း သော့ကို ဖွင့်တဲ့သော့တံတော့ ကျွန်တော့်မှာ မရှိဘူး"

"သော့တံက ဘယ်သူ့ဆီမှာ ရှိနေတာလဲ၊ ဟိုကောင် လေးဆီမှာလား၊ ဟိုကောင်လေး ဆီမှာလား"

"သူတို့နှစ်ယောက်ဆီမှာ သော့တံ တစ်ယောက်တစ်ချောင်း



ရှိနေကြတယ်၊ သော့တံ နှစ်ချောင်းလုံးစုံမှ မြေအောက်ခန်းရဲ့ တံခါး သော့ကို ဖွင့်လို့ရနိုင်မယ်"

ထောက်ရှောင်လိက ယန်ကုန်းမင်းကို လှမ်းကြည့်လိုက်ပြီး

"ထွက်ပြေးသွားတဲ့ နှစ်ယောက်နောက်ကို ရှင့်ရဲ့ တပည့်ဇီး ကွက်တွေက ခြေရာခံလိုက်ထားနိုင်ကြပါ့မလား"

"အဲဒါအတွက် မပူပါနဲ့၊ သူတို့ ကောင်းကောင်း ခြေရာခံ ထားနိုင်ကြမှာပါ"

ယန်ကုန်းမင်းက ရဲရဲကြီးပင် အာမခံ ပြောကြားလိုက်လေ သည်။

"ဒါဆို ဟန်ကျပြီ၊ ကြာဖြူနဲ့ ကြာနီက ယန်ကုန်းမင်းရဲ့ တပည့် ဇီးကွက်တွေနဲ့ ဆက်သွယ်ပြီး ဟိုနှစ်ယောက်ကို တွေ့အောင် ရှာ၊ သော့တံတွေကို အရယူခဲ့ကြ၊ ငါတို့ ဒီနေရာမှာပဲ စခန်းချမယ်၊ ပြီးရင် စင့်မော်ဘုံကျောင်းပျက်နားက စောင့်မယ်"

ထောက်ရှောင်လိက သူမ၏တပည့်မလေး နှစ်ယောက်ကို အစ်ဆက်တည်းပင် အမိန့်ပေး စေခိုင်းလိုက်လေသည်။

ကြာဖြူနှင့် ကြာနီတို့နှစ်ယောက်လည်း မဆိုင်းမတွပင် ထွက်ခွာသွားကြသည်။

"မင်းကိုယ်ထဲမှာ ပျားနက်အဆိပ်နဲ့ ပျားစိမ်းအဆိပ်တွေ ဝင်နေပြီ၊ အဲဒီအဆိပ်တွေက သုံးရက်တစ်ကြိမ် ဆပွားအစွမ်းပြ မယ်၊ အဆိပ်ထိန်းဆေးမသောက်ရင် တိုးပွားလာတဲ့ အဆိပ်အာနိ သင်ကြောင့် မင်းဟာ ကိုးရက်လုံးလုံး ဝေဒနာဒဏ် အပြင်းအ ထန် ခံစားရလိမ့်မယ်၊ အခန့်မသင့်ရင် အသက်တောင် သေချင်သေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်၊ သုံးရက်တစ်ခါ အဆိပ်ထိန်းဆေး သောက်သွားရင်ဆေး ... ကိုးရက်မြောက်နေ့မှာ အဆိပ်ပျက်ပြယ်ကုန်မယ်၊ ကိုယ့်ဒုက္ခ ... ရှာချင်တယ်ဆိုရင်တော့ ထွက်ပြေးပေတော့"

ထောက်ရှောင်လိက လုအိမ်လိမ်ကို သတိပေး ခြိမ်းခြောက် ... သည်။

➤ ➤ ➤

ကေမိဝါသည် မူလက တောတန်းထဲတွင် အသား ... အောင်းနေရန် စိတ်ကူးရှိခဲ့လေသည်။

ထို့ကြောင့် သစ်ပင်မြင့်ကြီးတစ်ပင်၏ ထိပ်ပိုင်း သစ်ကိုင်း ... ဆုံသို့တက်ကာ ထူထပ်သော သစ်ရွက်များအကြား မျက်ကွ ... ပုန်းအောင်းရင်း ထောက်ရှောင်လိတို့ လူစု၏ အခြေအနေကို လှမ်း ... ကဲခတ်ကြည့်နေသည်။

အတော်ပင် အလှမ်းဝေးသောကြောင့် လူကို မျက်စိ ... လှမ်းမြင်နေနိုင်သော်လည်း ပြောစကားများကိုတော့ သဲသဲကွဲ ... မကြားနိုင်ပေ။

လုအိမ်လိမ်ကို ဖမ်းမိထားပြီး စစ်မေးနေသည်ကို သိ ... ပြီးတော့ ထောက်ရှောင်လိ၏တပည့်မလေး နှစ်ယော ... ထွက်သွားကြသည်ကို မြင်ရသည်။

ထို့ပြင် ထောက်ရှောင်လိတို့လူစု ရွာပျက်နေရာတွင် ... လက်စခန်းချ နေထိုင်ကြမည့် အရိပ်လက္ခဏာများကိုလည်း ...



... သည်။ သည်နေရာတွင် ဆက်လက်နေပါက အန္တရာယ်နှင့် ... ကြောင်း စဉ်းစားမိသည့်အတွက် ကေမိဝါသည် မူလအကြံကို ... သစ်ပင်ပေါ်မှ ပြန်ဆင်းခဲ့သည်။

ယခု မိမိရောက်နေသည့် နေရာသည် လို့ရန်မြို့၏ အ ... ဘက် ငါးမိုင်သာသာခန့် အကွာတွင်ဖြစ်ကြောင်း ကေမိဝါ ... သည်။

လို့ရန်မြို့တွင် အဘိုးဖြစ်သူ၏ မိတ်ဆွေဟောင်းများ ရှိနေ ... ကြောင်းကိုလည်း သတိရသည်။

ထို့ကြောင့် ရှောင်ကွင်းသည့် အနေဖြင့် လို့ရန်မြို့သို့ သွား ... ရန် ကေမိဝါက ဆုံးဖြတ်ကာ အရှေ့ဘက်ဆီသို့ ဦးတည်၍ ... လာခဲ့လေသည်။

ဤအရပ် ဤဒေသသို့ ကေမိဝါ တစ်ခေါက်မျှ မရောက်ဖူး ...

သို့သော် အဘိုးပြုလုပ်ပေးလိုက်သော ခရီးလမ်းညွှန်မြေပုံ ... ကို အားကိုးအားထားပြုကာ လမ်းကြောင်းများ ရှာ၍ လာခဲ့ရာ ... သန်းခေါင်ကျော်ကျော်လောက်တွင် လို့ရန်မြို့သို့ ရောက်ရှိသွား ... တော့သည်။

လို့ရန်မြို့သည် ခရီးလမ်းဆုံ မြို့ကြီးဖြစ်ရာ အထူးစည်ကား ... သည်။

အုတ်တံတိုင်းရံပတ်၍ မြို့တံခါးများဖြင့် အပိုင်းအခန့် ပိုင်းရံ ... သော မြို့အတွင်းပိုင်းအပြင် မြို့တံတိုင်း အပြင်ဘက်၌လည်း ... ဆင်ခြေဖုံးဟု ခေါ်ရမည်ဖြစ်သော လူနေရပ်ရွာများ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ရိုး အပြင်ဘက် ဆင်ခြေဖုံးဒေသများတွင် စားသောက်ဆိုင်အချို့နှင့် တည်းခိုဆိုင်များက ညလုံးပေါက် ဖွင့်ထားသည်။

မီးအလင်းဖွင့်သော ဆိုင်များ၏ အနီးတစ်ဝိုက်တွင် လူသွားလူလာ အတန်အသင့်ရှိကာ ကျန်နေရာများတွင်တော့ လူသူပြတ်လတ် တိတ်ဆိတ်နေသည်။

လူသူပြတ်လတ်ကာ တိတ်ဆိတ်ပြီး မှောင်ရိပ်ကျနေသော လမ်းကြား တစ်နေရာကို ကေမိဝါ ဖြတ်အသွားတွင် နောက်ဘက်မှ လှုပ်ရှားသံသဲ့သဲ့ကို ကြားရသည်။

ကေမိဝါသည် ချက်ချင်းပင် ခြေလှမ်းရပ်ကာ နားကို အစွမ်းကုန် စွင့်ထားလိုက်သည်။

အမှောင်ရိပ်က ကြီးစိုးနေသောကြောင့် အသံကိုသာ ဂရုစိုက် နားထောင်ရသည်။

ဘာလှုပ်ရှားသံမှ မကြားရ။

ငြိမ်သက်နေသည်။

ပြီးတော့မှ...

မိမိ ရှိနေရာသို့ ရှေ့ရှုလျှောက်လှမ်းလာသော ခြေသံများ ကေမိဝါ ကြားရသည်။

ကေမိဝါက ဓားရှည်ကို အသာဆွဲထုတ်လိုက်သည်။

ဓားဆွဲထုတ်သံလေး ခပ်သဲ့သဲ့ ပေါ်ထွက်သည်။

သူမထံသို့ ရှေးရှုလျှောက်လှမ်းလာသူသည် ဓားထုတ်သံ ခပ်သဲ့သဲ့ကို ကြားသွားဟန်တူသည်။

ခြေသံဖွဖွသည် ချက်ချင်းပင် ရပ်တန့် ပျောက်ကွယ်သွားသည်။



တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ်ရာ ကြီးစိုးလာသည်။

"ကေမိဝါ တို့ပါ။ အရမ်းမလုပ်နဲ့"

ခပ်တိုးတိုး ပြောလိုက်သံကို ကေမိဝါ ကြားရသည်။

အသံက အတော်တိုးညင်းသည်။

ဘာပြောကြောင်း သိသော်လည်း မည်သူမည်ဝါ၏အသံဟု ခြားရန် ခက်နေသည်။

မိတ်ဆွေအသွင်ဟန်ဆောင်ကာ ချဉ်းကပ်လာသော ရန်သူ တော့ မဖြစ်နိုင်ဘူးလား။

တစ်ဖက်လူက မိမိ မည်သူမည်ဝါ ဖြစ်သည်ကို သိနေတာ တော့ သေချာသည်။

"ဘယ်သူလဲ"

ကေမိဝါကလည်း ခပ်တိုးတိုး ပြန်မေးသည်။

လက်ထဲရှိ ဓားရှည်ကတော့အသင့်။

အခြေအနေ မဟန်လျှင် ချက်ချင်း တိုက်ခိုက်ရပေမည်။

"ကျင်းယုလိုင်ပါ။ မင်းနဲ့ နောင်မင်းဟန်ရွာ ဈေးနေ့မှာ တွေ့ကြပြီး မင်းက ယာယီရွက်ဖျင်တဲတွေ ဘာတွေတောင် ဝိုင်းကူ ဝယ် ခဲ့သေးတယ်လေ"

ကျင်းယုလိုင်ဟု ပြောလာတိုင်း ယုံရဖို့ ခက်နေသော ကေ မှာ မိမိနှင့် ကျင်းယုလိုင် စတင် တွေ့ဆုံသိကျွမ်းခဲ့ပုံကိုပါ ထည့် လာတော့မှ သံသယရှင်းသွားလေသည်။

"ရှင်က ဘယ်လိုလုပ်ပြီး ဒီနားရောက်နေတာလဲ"

ကျင်းယုလိုင် အမှန်ဖြစ်ကြောင်း သေချာစွာ ယုံကြည်သွား

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ကေမိဝါက လှမ်းပြောသည်။

ဓားရှည်ကိုလည်း ပြန်သိမ်းလိုက်သည်။

ခြေသံဖွဖွကြားရပြီး သူမအနားသို့ ကျင်းယုလိုင် ရောက်လာသည်။

"မင်း ခရီးရှည်ထွက်တဲ့နောက်သို့ အသာလိုက်ပြီး ကူညီပေးမယ်လို့ ပြောထားတာ မေ့နေပြီလား"

"ရှင်က တကယ်ပဲ ကျွန်မတို့နောက်က လိုက်ခဲ့တာလား"

"တကယ်ပေါ့"

"ဘာကြောင့် အခုမှ ကျွန်မနဲ့ လာတွေ့ရတာလဲ"

"တစ်ခုခု သွားစားရင်း အေးအေးဆေးဆေး စကားပြောကြရအောင်လား"

"သွားလေ"

ကေမိဝါနှင့် ကျင်းယုလိုင်တို့နှစ်ယောက် လမ်းကြားလေးနှ လျှောက်လှမ်း ထွက်ခွာလာကြသည်။

➤ ➤ ➤



စားသောက်ဆိုင်လေးတစ်ဆိုင်ထဲသို့ ကေမိဝါနှင့် ကျင်းယုလိုင်တို့ ဝင်ရောက်လာကြ၏။

ချောင်ကျကျ စားပွဲတစ်ခုတွင် ဝင်ထိုင်ကာ ခေါက်ဆွဲပြုတ်နှစ်ပွဲ မှာလိုက်သည်။

"ကိုင်း...ပြောစမ်းပါဦး"

ခေါက်ဆွဲပြုတ်များ စားသောက်ရင်း ကေမိဝါက စကားစလိုက်သည်။

"မင်းတို့နောက်ကို ခရီးလမ်းတစ်လျှောက်လုံး နောက်ယောင်ခံလိုက်နေကြတဲ့လူ ရှိတယ်"

"ကြာပန်းအဆိပ်မယ်ဆိုတဲ့ မိန်းမကြီးတို့လူစု မဟုတ်လား"

"မဟုတ်ဘူး၊ သူတို့က ခပ်ခွာခွာကနေ လိုက်ကြတာ၊ မင်းတို့ကို အနီးကပ် ခြေရာခံလိုက်နေတဲ့လူကို ပြောတာ"

"ဟုတ်ရဲ့လားရှင်၊ ကျွန်မတို့ မသိရပါလား"

"သူက သိပ်ကို အပုန်းအအောင်း အရှောင်အတိမ်း ကောင်းတာ၊ တို့တောင် သူ့ကို တစ်ခါတစ်လေမှ တွေ့မြင်မိတာ"

"သူကကော ရှင့်ကို မမြင်ဘူးလား"

"မြင်မိချင်လဲ မြင်မိမှာပေါ့၊ ဒါပေမယ့် အဲဒီလူက မင်းတို့ကို ပိုအရေးထားတာဆိုတော့ တို့ကို သိပ်အရေးမစိုက်ဘူးလေ"

"အဲဒီလူ ဘယ်သူလဲ၊ အခုကော ကျွန်မတို့နောက်က ပါလာသလား"

"စောစောကလောက်အထိတော့ မင်းနောက်က တကောက်ကောက် ပါနေတာပဲ၊ အခုတော့ မရှိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရောက်သွားလဲ"

"တို့ ရှင်းပစ်ခဲ့လို့ မှောက်ကျန်နေခဲ့ပြီလေ"

"လက်စသတ်တော့ စောစောက လမ်းကြား မှောင်ရိပ်မှာ ကြားရတဲ့ ခပ်သွဲ့သွဲ့ လှုပ်ရှားသံတွေက ရှင့်လက်သံတွေကိုး"

"အင်း...ဟုတ်တယ်၊ မင်းနောက်ကို ဆက်ပြီး ခြေရာခံ လိုက်မနှောင့်ယှက်နိုင်တော့အောင် ရှင်းပစ်လိုက်တာ"

"အဲဒီလူ ကျွန်မနောက်က နောက်ယောင်ခံလိုက်နေတာ မှန်း သိရက်နဲ့ စောစောကတည်းက ဘာကြောင့် ရှင်းမပစ်ခဲ့တာလဲ"

"ခရီးလမ်းဆုံးနေရာကို မင်းတို့ မရောက်ကြသေးခင် ဘာမှ လှုပ်လှုပ်ရှားရှား လုပ်မပြချင်လို့ ဆိုပါတော့"

"အခု ကျွန်မတို့ ခရီးလမ်းဆုံးနေရာကို ရောက်တော့မယ်လို့ ရှင်က ဆိုလိုတာလား"

"မမှားဘူး"

"ဒါဆိုရင် ခရီးလမ်းဆုံးနေရာကို ရှင်သိနေပြီပေါ့"

"သိနေပြီလို့ပဲ ပြောရမှာပေါ့"

"ဘယ်နေရာလဲ"

"မင်းက အခု ဘယ်ကိုသွားမလို့လဲ"

"မိုးလင်းလို့ မြို့တံခါးဖွင့်ရင် လို့ရုန်မြို့ထဲကို ဝင်မယ်"

"ပြီးတော့ကော..."

"ဘိုးဘိုးရဲ့ မိတ်ဆွေဟောင်းတစ်ယောက်ကို နှုတ်ဆက် ဂါရဝ ပြုပြီးရင် ဟိုဖိန့်နဲ့ ပြန်ဆုံရဖို့ သတ်မှတ်ထားတဲ့ စုရပ်နေရာကို သွားမယ်လေ"



"စုရပ်နေရာဆိုတာက..."

"စင့်မော်ဘုံကျောင်းပျက်ကြီးရဲ့ အနောက်ဘက်ဝင်ပေါက် နားက ရေကန်ကြီးဘေးနားပဲ"

"အေး...မင်းတို့ရဲ့ ခရီးရှည်ကြီးဟာ စင့်မော်ဘုံကျောင်း ပျက်ကြီးမှာ ခရီးလမ်းဆုံးမှာပဲ"

"ဘာလဲ အဲဒီ ရေကန်ဘေးနားလား"

"ရေကန်ဘေးနား ဖြစ်ချင်ဖြစ်မယ်၊ စင့်မော်ဘုံကျောင်းပျက် ကြီးရဲ့ တစ်နေရာရာဆိုတာတော့ သေချာနေပါပြီ"

"ရှင်က ဘာကြောင့် ဒီလို တပ်အပ်သေချာ ပြောနိုင်ရတာ လဲ"

"ဟိုဖိန့်တို့ရဲ့ အတိတ်က ဇာတ်ကြောင်းတွေရယ်၊ အခု မင်းတို့ လာခဲ့ကြတဲ့ ခရီးလမ်းကြောင်းတွေရယ်ကို ဆက်စပ်ကြည့်ပြီး ပြောနိုင်တာပါ"

➤ ➤ ➤

ကြာဖြူသည် ဓီးကွက်စိမ်းနှင့် အဆက်အသွယ်ရကာ ဟို ဖိန့်၏ ခြေရာကို ကောက်နိုင်ခဲ့သည်။

ဟိုဖိန့်သည် လို့ရုန်မြို့ဆီသို့ပင် ဦးတည်၍ သွားနေသည်။

လို့ရုန်မြို့သို့ မရောက်မီ မိုင်ဝက်ခန့်အလိုတွင် ကြာဖြူက ဟိုဖိန့်ကို လိုက်၍ မီသွားသည်။

ကြာဖြူသည် ချက်ချင်း တိုက်ခိုက်ခြင်း မပြုသေးဘဲ အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေကို အသာပင် အကဲခတ်၍ ကြည့်နေသည်။

ဟိုဖိန့်သည် လို့ရန်မြို့တွင် မနား။ မြို့ဆင်ခြေဖုံး နေရာသို့ မဝင်။ မြို့ကို ဖြတ်ကျော်၍ ဆက်သွားသည်။

လို့ရန်မြို့သည် လူသူစည်ကားသည့် မြို့ကြီးရပ်ကြီး ဖြစ်သော်လည်း ယခုလို သန်းခေါင်ကျော်ကျော် ညနက်ပိုင်း အချိန်တွင်တော့ မြို့အနီးဝန်းကျင်တွင် လူသွားလူလာ မရှိဘဲ ဖြစ်နေသည်။

လို့ရန်မြို့မှ အလွန်တွင် ကြာဖြူက ဟိုဖိန့်ကို ဖြတ်ကျော်တက်ကာ ရှေ့မှ ပိတ်ဆို့ဟန့်တားလေတော့သည်။

"မင်း ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ"

ခြေလှမ်းသွက်သွက်ဖြင့် ခရီးတွင်နိုင်သမျှ တွင်အောင် လျှောက်လှမ်းသွားနေသော ဟိုဖိန့်သည် မိမိရှေ့မှောက်တွင် ရုတ်တရက် ပေါ်လာသော ကြာဖြူကို မြင်ရသောအခါ ခြေလှမ်းတုံ့ရပ်လျက် မေးလိုက်လေသည်။

စိတ်လှုပ်ရှားသောကြောင့်လား၊ ကြောက်လန့်နေသောကြောင့်လား၊ ဒါမှမဟုတ် ခရီးပြင်း မရပ်မနား နှင်ခဲ့ရ၍ မောပန်းနေသောကြောင့်လား၊ ဘာကြောင့်လည်းတော့ မသိ။ ဟိုဖိန့်၏အသံက တုန်ယင်နေသည်။

"ကြာပန်းအဆိပ်မယ် ထောက်ရှောင်လိရဲ့ တပည့်မ ကြာဖြူဆိုတာ ကျွန်မပဲ၊ ရှင့်ဆီမှာရှိတဲ့ သော့တံကို လိုချင်တယ်"

ကြာဖြူက ခပ်တည်တည်ပင် ပြောသည်။

ဟိုဖိန့်သည် ကြာဖြူကိုမသိ။ ကြာပန်းအဆိပ်မယ် ထောက်ရှောင်လိဆိုသော အမည်ကိုတော့ ကြားဖူးသည်။ ကြာပန်း



အဆိပ်မယ်၏ ပထမတပည့်မလေးသည် သိပ်တော့ အစွမ်းအစ ညံ့မည်မဟုတ်ဟု နားလည်သည်။

"ဘယ်က သော့တံလဲ၊ တို့ မသိဘူး"

ဟိုဖိန့်က ခေါင်းခါ၍ ငြင်းလိုက်သည်။

"ရှင်တို့ ရွှေဒင်္ဂါးသေတ္တာတွေ သိမ်းဝှက်ထားခဲ့တဲ့ မြေအောက်ခန်းရဲ့ တံခါးသော့ကိုဖွင့်ဖို့ သော့တံလေ၊ အဲဒီ သော့တံကို ကျွန်မလက်အပ်ပါ၊ ဒါဆိုရင် ရှင့်အသက်ကို ချမ်းသာပေးမယ်၊ ပြီးတော့ ထိုက်သင့်သလောက် ဝေစုကိုလဲ ရှင့်ကို ချီးမြှင့်မယ်၊ မဟုတ်ရင်တော့ ရှင့်ကို အပြတ်ရှင်းပြီး သော့တံကို အရယူရမှာပဲ"

ဟိုဖိန့် ပို၍ တုန်လှုပ်ချောက်ချားသွားသည်။ မိမိတို့အကြောင်း အတော့်ကို သိနေတာပါလား။ ဖြောင်ငြင်းကွယ်လို့လည်း ရနိုင်မည်မဟုတ်။

ဟိုဖိန့်က လက်နက်ပုန်းများကို ထုတ်ယူကာ ကြာဖြူထံသို့ ခပ်သွက်သွက် ပစ်ပေါက်လိုက်သည်။

"ဝှစ်...ဝှစ်...ဝှစ်"

ဟိုဖိန့် ပစ်လွှတ်လိုက်သော လက်နက်ပုန်းသုံးခု ကြာဖြူထံသို့ တန်း၍ ဝင်လာသည်။

ကြာဖြူက ညာလက်ဖြင့် ဓားရှည်ကို ဆတ်ခနဲ ဆွဲထုတ်ကာ လျှင်မြန်စွာ ဝှေ့ယမ်းရိုက်ထုတ်ပစ်လိုက်သည်။

"ဒေါင်...ဒေါင်...ဒေါင်"

ဓားရှည်ဖြင့် ရိုက်ထုတ်မှုကြောင့် ဟိုဖိန့် ပစ်လွှတ်ခဲ့သော လက်နက်ပုန်းသုံးခုမှာ ကြာဖြူထံ မရောက်တော့ဘဲ ခပ်ဝေးသို့

www.burmeseclassic.com



လွှင့်စဉ်ထွက်ကုန်သည်။

ဟိုဖိန့်သည် ကြာဖြူကို လက်နက်ပုန်းများနှင့် ထိမှန်အောင် ပစ်ဖို့ မရည်ရွယ်ပေ။ ကြာဖြူ ခေတ္တ တုံ့ရပ်သွားအောင် ဟန့်တားရန်သာ ပစ်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် လက်နက်ပုန်းများ ပစ်ပြီးသည်နှင့် ဟိုဖိန့်သည် နောက်ပြန်လှည့်ကာ တစ်ဟုန်ထိုး ပြေးထွက်ခဲ့လေတော့သည်။

"ပြေးလို့ လွတ်မယ် ထင်သလား"

ကြာဖြူက အော်ဟစ်ပြောဆိုရင်း ဟိုဖိန့်နောက်သို့ အတင်း ပြေးလိုက်သည်။

ဘယ်လက်ကို ဆတ်ခနဲ လှုပ်ရှားလိုက်ရာ ပေါက်ဓား ဓားမြှောင်လေးတစ်ချောင်း ဟိုဖိန့် ရှိရာသို့ တန်း၍ ဝင်သွားသည်။

"ဝှီး"

အားပြင်းပြင်း အရှိန်မြန်မြန် ပစ်လွှတ်လိုက်သောကြောင့် အသံကလည်း အတော်ကျယ်ကျယ် မြည်ဟိန်းသည်။

"ဝှီး"

ကြာဖြူက နောက်ထပ် ဓားမြှောင်တစ်လက်ကို ဆက်လက်၍ ပစ်လိုက်ပြန်ရာ လေခွင်းသံ ဆက်လက် မြည်ဟိန်းပြန်သည်။

ဟိုဖိန့်သည် ကမန်းကတန်းပင် သူ့ထံသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာသော ဓားမြှောင်နှစ်လက်ကို ရှောင်တိမ်းလိုက်ရလေသည်။ အသံအတော်ကျယ်ကျယ် မြည်ဟိန်းသည့်အတွက် နောက်သို့ လှည့်ကြည့်ရန် မလိုဘဲ ဓားမြှောင်များလာရာ လမ်းကြောင်းကို မှန်းဆကာ လွတ်အောင် ရှောင်တိမ်းလိုက်နိုင်သည်။



ဓားမြှောင်နှစ်လက်သည် ဟိုဖိန့်ကို မထိဘဲ လွဲချော်ထွက်သွားသည်။

သို့ရာတွင် ဓားမြှောင်များကို ရှောင်တိမ်းလိုက်ရမှုကြောင့် ဟိုဖိန့်၏ ခြေလှမ်းများကတော့ အနည်းငယ် တုံ့နှေးသွားသည်။ ထို့ကြောင့် ကြာဖြူအနေဖြင့် ဟိုဖိန့်ကို ချက်ချင်းလိုလိုပင် အမီလိုက်လာနိုင်ခဲ့သည်။

စောစောက ဟိုဖိန့် သုံးလိုက်သော နည်းပရိယာယ်မျိုးကိုပင် ကြာဖြူက ပြန်လည် သုံးလိုက်ခြင်း ဖြစ်သည်။

ဟိုဖိန့်အနေဖြင့် အလွတ်ရုန်းထွက်ပြေးရန် အခွင့်အလမ်း မသာတော့။

ကြာဖြူကို အသေအကြေ တိုက်ခိုက်ရန်သာ ရှိတော့၏။

ဟိုဖိန့်သည် ဆက်မပြေးတော့ဘဲ ဓားရှည်ကို ရှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

ကြာဖြူသည် နောက်သို့ လှစ်ခနဲ ဆုတ်သွားကာ ဘယ်လက်ဖြင့် ဓားရှည်တစ်လက်ကို အမြန်ဆွဲထုတ်သည်။

ဘယ်ညာ လက်နှစ်ဖက်လုံးတွင် ဓားရှည်ကိုယ်စီ ကိုင်ဆွဲမိသည်နှင့် သိုင်းဟန်တစ်ကွက် လှုပ်ရှားလိုက်သည်။

ဘယ်ညာလက်နှစ်ဖက်တို့ ညီညာစွာ လှုပ်ရှားသည်။

ကိုင်ထားသော ဓားရှည်နှစ်လက်သည်လည်း တစ်ပုံစံတည်း တစ်ထေရာတည်း မျဉ်းပြိုင်နှစ်ခုပမာ ပြိုင်တူ လှုပ်ရှားသွားလေသည်။

ဟိုဖိန့်သည် ဓားရှည်ကို ဆွဲထုတ်ပြီးသည်နှင့် ကြာဖြူကို

www.burmeseclassic.com

www.burmeseclassic.com



အတင်းဝင်တိုက်ဖြစ်သည်။

သို့သော် ကြာဖြူက နောက်သို့ဆုတ်ကာ လှုပ်ရှားပြလိုက်သော ဓားသိုင်းဟန်ကြောင့် ဟိုဖိန့်ကိုယ်ဟန်တို့ကာ မျက်လုံးအပြူးသား ဖြစ်သွားရ၏။

သိုင်းလောကနှင့် ပတ်သက်၍ ဗဟုသုတ အတော်အသင့်ကြွယ်ဝသော ဟိုဖိန့်သည် စိတ်ကူးယဉ်သိုင်းကွက်များအကြောင်းကို ကြားဖူးထားသည်။

အထူးသဖြင့် မျဉ်းပြိုင်ဓားသိုင်း လိုစင်းဟန်အကွက်ဆန်းများကို မိမိအနေဖြင့် အောင်မြင်စွာ တီထွင်လေ့ကျင့်နိုင်လျှင် မည်မျှကောင်းမည်နည်းဟု စိတ်ကူးယဉ်ခဲ့ဖူးသည်။

ယခု ကြာဖြူ လှုပ်ရှားကစားပြသည်မှာ မျဉ်းပြိုင်ဓားသိုင်းဟန်မျိုး ဖြစ်နေသောကြောင့် ဟိုဖိန့် အံ့သြစေသလို ထိတ်လန့်တုန်လှုပ်သွားမိသည်။

စောစောတုန်းကတော့ အကြိတ်အနယ် တိုက်ခိုက်လျှင် သည်မိန်းကလေးကို မိမိအနေဖြင့် ချေမှုန်းနှိမ်နင်းနိုင်မည်ဟု ဟိုဖိန့်မျှော်လင့်ချက် ရှိနေခဲ့သည်။

ယခုတော့ မျဉ်းပြိုင်ဓားသိုင်း အောင်မြင်စွာ လေ့ကျင့်တတ်မြောက်ထားသော ကြာဖြူကို မိမိအနေဖြင့် မည်သို့ တိုက်ခိုက်ကျော်လွှားသွားနိုင်မည်နည်းဟု တွေးကာ စိတ်ဓာတ် အတော်ကျသွားသည်။

ဓားရှည်ကြီးသို့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ကျောက်ရုပ်တစ်ခုလို ငြိမ်သက်စွာ ရပ်နေမိသည်။



လှုပ်ရှားတိုက်ခိုက်ခြင်း မပြုတော့။

"မိုက်ရူးရဲလုပ်ပြီး တိုက်ခိုက်ဖို့ စိတ်မကူးပါနဲ့ ဟိုဖိန့်၊ သေဘေးကိုသာ အေးအေးဆေးဆေး ထုတ်ပေးပါ"

ကြာဖြူက ဟန်ဟိတ်အပြည့်နှင့် ပြော၏။

ဟိုဖိန့်မှာ မိမိနှင့် သက်တူရွယ်တူ မိန်းကလေးတစ်ယောက်က ခပ်ကြောကြောဟန်ပန်နှင့် ပြောလာမှုကြောင့် အတော့်ကို ခံပြင်းသည်။

ထို့ပြင် မိမိ၏လက်ထဲသို့ ရောက်နေပြီဟုပင် ဆိုနိုင်သော ရွှေဒင်္ဂါးသေတ္တာများကို တပ်မက်သည့် လောဘစိတ်ကလည်း အလွန်ပင် ကြီးမားနေရာ အကျဉ်းအကြပ် အခြေအနေ တွေ့နေသည့်တိုင် လက်မြှောက် အလျှော့မပေးချင်။

ဖြစ်လိုရာဖြစ် အသက်စွန့်ကာ အသေခံ စွန့်စားတိုက်ခိုက်ပစ်လိုက်မည်ဟူသော စိတ်ရိုင်းများ ဝင်လာ၏။

ထိုအခါ...

➤ ➤ ➤

"ရှေ့...ဒီဓားရှည်ပဲယူ"

ဟိုဖိန့်က ပြောပြောဆိုဆို ကြာဖြူကို အတင်းပြေးဝင် တိုက်ခိုက်သည်။

ကြာဖြူက ဘယ်ညာလက်နှစ်ဘက်ကို ဆတ်ခနဲ ရှေ့သို့ဆန့်ထုတ်ကာ ဓားရှည်နှစ်လက်ကို ပြိုင်တူဝှေ့ယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လူကလည်း နောက်သို့ ခြေနှစ်လှမ်းဆုတ်သည်။

မျဉ်းပြိုင်ဓားသိုင်းကို ရှိန်နေသောစိတ်က ရှိသောကြောင့် ဟိုဖိန့်မှာ အရမ်းရှေ့မတိုးဘဲ ကြာဖြူကို တန်းခနဲ လှမ်းထိုးလိုက်သည့် မိမိ၏ဓားရှည်ကို ချက်ချင်း ဓားကွက်ပြောင်းကာ ဝှေ့ဝိုက်လှုပ်ရှား လိုက်၏။

ကြာဖြူ၏ဓားရှည်နှစ်လက် တိုက်ချက်များကို ဆီး၍ ခံ ဆောင့်လိုက်ခြင်း ဖြစ်သည်။

အကယ်၍ ကြာဖြူသည် နေရာတွင် ရပ်မြဲရပ်နေလျှင် ကြာဖြူ၏ဓားရှည်များနှင့် ဟိုဖိန့်၏ဓားရှည်တို့ အနည်းဆုံးတော့ ဆိုင်ခုတ် မိပေလိမ့်မည်။

သို့သော် ကြာဖြူက နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသောကြောင့် ဓားရှည်များ ဆိုင်ခုတ်မိခြင်း မရှိပေ။

ဟိုဖိန့်၏စိတ်ထဲတွင် သံသယတစ်ခု ဝင်လာ၏။

ထို့ကြောင့် ရှေ့သို့ ခြေတစ်လှမ်းထပ်တက်ကာ ကြာဖြူကို ဓားရှည်ဖြင့် စလွယ်သိုင်း ခုတ်ပိုင်းချသည်။

ကြာဖြူက ဘယ်ညာလက်နှစ်ဘက်တွင် ကိုင်ထားသော ဓားနှစ်လက်ကို ညာမှဘယ်သို့ ဖြတ်သိမ်းကာ ပင့်ခုတ်သည်။

ကြာဖြူ၏ဓားဟန်သည် စလွယ်သိုင်းခုတ်ချလာသော ဟိုဖိန့်၏ဓားချက်ကို ပိတ်ဆို့ရင်း ဟိုဖိန့်ရင်ဘတ်သို့ ဦးတည်ထိုးခုတ်ခ လိုက်တော့မယောင် ဖြစ်၏။

ဟိုဖိန့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

ဓားချက်ကို ချက်ချင်း ပြန်သိမ်းကာ မိမိ၏ရင်ဘတ်ကို ရှေ့



တွင် ကန့်လန့်ဖြတ်ထောင်တင်လိုက်သည်။

ကြာဖြူသည် ဓားဟန် လှုပ်ရှား ထိုးခုတ်လိုက်ချိန်တွင် စောစောကလိုပင် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြန်သည်။

ထို့ကြောင့် ကြာဖြူ၏ဓားချက်သည် ဟိုဖိန့်ကို ခြိမ်းခြောက်ရုံသာရှိလျက် *တကယ့်ထိုးနက်ချက်မဖြစ် ဝင်ရောက်လာခြင်း မရှိ။*

တစ်ဖက်နှင့်တစ်ဖက် ဓားချင်းဆိုင်၍လည်း ထိဆိမ်မိ ခုတ်မိကြ။

ကြာဖြူ၏ဓားချက်များနှင့် ပတ်သက်၍ ဟိုဖိန့်၏ ရင်ထဲ တွင် သံသယစိတ်တွေ ပိုများလာသည်။

"ကျား...ယား ယား...ကျား"

ဟိုဖိန့်သည် ပါးစပ်မှ မာန်သွင်းဟစ်ကြွေးပြီးနောက် ခပ် ကြမ်းကြမ်းပင် တိုက်စစ်ဆင်သည်။

သူက ရှေ့သို့ လွှားခနဲ ခုန်လှမ်းတက်သလို ဓားရှည်ခုတ် ချက်များကလည်း သွက်လက်မြန်ဆန်စွာ ပူးတွဲ ပါဝင်လေသည်။

ဓားရိပ် ဓားရောင်များက တစ်လက်လက် ဖြစ်သည်။

ဓားချက်များက ကြာဖြူကို လွှမ်းမိုးကုန်ကြသည်။

ကြာဖြူကလည်း ရှေးနည်းတူပင် ဓားရှည်နှစ်လက် ညီညာစွာ အပေါ်သို့ မြှောက်တင်လျက် ဆတ်ခနဲ ဝိုက်၍ ခုတ်လေသည်။

ဟိုဖိန့်မှာ ရင်ထိတ်ခနဲတော့ ဖြစ်သည်။

သို့သော်...

စောစောပိုင်းတုန်းကလို ဓားချက်ကို ရုပ်သိမ်းကာ ခြေလှမ်း ဆုတ်လျက် ကမန်းကတန်း ကာကွယ်မှုမျိုး မလုပ်တော့။

www.burmeseclassic.com

www.burmeseclassic.com



ဓားချက်များကို ဆက်၍ ခုတ်ပိုင်းသည်။

ဆက်၍ တိုက်စစ်ဆင်သည်။

ရှေ့သို့ တက်မြဲတက်သည်။

ကြာဖြူသည် ခြေတစ်လှမ်းနောက်သို့ ဆုတ်သေးသည်။

သို့သော်...

ဟိုဖိန့်က ရှေ့သို့ဖိ၍ တက်လှမ်းတိုက်ခိုက်နေရာ ကြာဖြူ၏ ခြေတစ်လှမ်း နောက်ဆုတ်မှုသည် ဘာမျှအရာမရောက်။

ဓားရှည်ချင်း ဆိုင်ခုတ်မိတော့မည့် အနေအထား ပေါ်သည်။

သိုင်းကွက်ချင်းလည်း ထိပ်တိုက်ပင် ရင်ဆိုင်မိသည်။

မျဉ်းပြိုင် လှုပ်ရှားနေသော ဓားရှည်နှစ်လက်၏ အနေအထားသည် ရုတ်ခြည်း ပြောင်းလဲသွားသည်။

ကြာဖြူက ညာလက်တွင် ကိုင်ထားသော ဓားရှည်က သိုင်းဟန် တစ်မျိုးပြောင်းလဲကာ ဆတ်ခနဲ တန်းထိုးလာလေသည်။

ဘယ်လက်ရှိ ဓားရှည်ကတော့ သိုင်းဟန်မပြောင်း။

ဟိုဖိန့်၏ ဓားရှည်နှင့် ကြာဖြူ၏ ဘယ်ဘက်ဓားရှည်တို့ ထိတွေ့မိသည်။

"ဒလန်"

ကြာဖြူ၏ ဘယ်လက်ထဲမှ ဓားရှည် လွင့်စဉ်ထွက်သွားသည်။

ဓားချင်းဆိုင် ခုတ်မိလိုက်ချိန်တွင် ဟိုဖိန့်အနေဖြင့်လည်း ပြောပလောက်သော အင်အားအရှိန်အဟုန်ကိုပင် ထိတွေ့ရင်ဆိုင်ရ



ခြင်းမရှိ။

ထိရောက်လာသော တန်ပြန်အားအင်ခံဆောင်ခြင်း မရှိသည့်အတွက် ဟိုဖိန့်မှာ အားလွန်သလိုပင်ဖြစ်ကာ ကိုယ်ယိမ်းယိုင်၍ သိုင်းဟန်ပျက်ကုန်သည်။

အလွန်လည်း အံ့သြသွားသည်။ ထိုအချိန်မှာပင်...

တန်းထိုးလိုက်သော ကြာဖြူ၏ညာဘက်ဓားရှည်က ဟိုဖိန့် ရင်ဝတည့်တည့်သို့ တစ်ဖြောင့်တည်း ဝင်လာသည်။

ကိုယ်လုံးကြီးယိမ်းယိုင် သိုင်းဟန်ပျက်ပြားကာ အံ့အားသင့်နေသော ဟိုဖိန့်မှာ ထိုဓားချက်ကို ဘယ်လိုမှ ရင်ဆိုင်မှုခံနိုင်စွမ်း မရှိ။

"ဇွပ်"

ဓားသွားက ဟိုဖိန့်၏ရင်ထဲသို့ စူးနစ်စိုက်ဝင်သည်။

"ဟင်...မင်းရဲ့ မျဉ်းပြိုင်ဓားသိုင်းက..."

ကြာဖြူက စိုက်ဝင်သွားသော ဓားသွားကို အောက်သို့ သည့်ကာ ဖိချထိုးခွဲလိုက်သည်။

ဟိုဖိန့် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ပေ။

ကြာဖြူ အသုံးပြု တိုက်ခိုက်သော မျဉ်းပြိုင်ဓားသိုင်း၏ သို့ဝှက်ချက်ကို ဟိုဖိန့် သိရှိလိုက်ရသော်လည်း မည်သို့မျှ ထုတ်ဖော်ပြောဆိုခြင်း ပြုနိုင်တော့မည် မဟုတ်ပေ။

သူ၏အသက်နှင့်အတူ တမလွန်ဘဝသို့ ယူဆောင်သွားခဲ့ရလေပြီ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းပြီ။

လို့ရန်မြို့၏ မြို့တံခါးများ ဖွင့်သည်နှင့် ကေမိဝါသည် မြို့အတွင်းဘက်ပိုင်းသို့ ဝင်ရောက်ခဲ့လေသည်။

ကျင်းယုလိုင်က ကေမိဝါနှင့် အတူမလိုက်ဘဲ နှုတ်ဆက်ကာ လမ်းခွဲ၍ နေရစ်ခဲ့သည်။

လို့ရန်မြို့အတွင်းသို့ ရောက်သော်အခါ အဆိပ်နဂါးမင်း ယိုလိုင်ဝမ်း၏နေအိမ်ကို မေးမြန်းစုံစမ်းသည်။

ယိုလိုင်ဝမ်းသည် လို့ရန်မြို့တွင်သာ မဟုတ်၊ တရုတ်ပြည် အလယ်ပိုင်းဒေသတွင်ပါ အထူးလူသိများ ထင်ရှားသော သိုင်းအကျော်အမော်ကြီးတစ်ယောက် ဖြစ်လေရာ သူ၏နေအိမ် တည်ရှိရာကို အလွယ်တကူပင် စုံစမ်းသိရှိသည်။

ယိုလိုင်ဝမ်း၏နေအိမ်သို့ သီးသန့် လမ်းသွယ်လေးတစ်ခုမှ သွားရသည်။

ကေမိဝါသည် လမ်းသွယ်လေးအတိုင်း လျှောက်လှမ်းလာရာ နေအိမ်အနီးတွင် လူရွယ်တစ်ယောက်နှင့် တွေ့ဆုံမိလေသည်။

"အဲဟိုအိမ်ဟာ သိုင်းဆရာကြီး အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းရဲ့အိမ် မဟုတ်လားရှင်"

ကေမိဝါ လူရွယ်ကို မေးလိုက်သည်။

မိမိ စုံစမ်းသိရှိခဲ့ရမှု ပိုသေချာအောင် လုပ်သည့်သဘောပင်။

"ဟုတ်ပါတယ်၊ မင်းက အဲဒီအိမ်ကို သွားမလား"

လူရွယ်က ရည်မွန်စွာပင် ပြန်ပြောသည်။



"ဟုတ်ကဲ့ရှင်...ကျွန်မက အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းကို တွေ့ချင်လို့ပါ"

လူရွယ် မျက်မှောင်ကြုတ်သွားသည်။

ငယ်ရွယ်နုပျိုသော ဆယ်ကျော်သက် မိန်းမငယ်တစ်ယောက်က သက်ကြီးရွယ်အို အကျော်ဇေယျ သိုင်းပညာရှင်ကြီးတစ်ယောက်ကို သွားရောက်တွေ့ဆုံမည်ဆိုခြင်းအတွက် အံ့သြသွားပုံရသည်။

"အကြောင်းကိစ္စထူး ရှိလို့လား"

"အကြောင်းကိစ္စထူးရယ်လို့တော့ မဟုတ်ပါဘူး၊ လို့ရန်မြို့ဘက်ကို ရောက်လာခိုက် ဝင်တွေ့ဆုံပြီး ဂါရဝပြုဖို့ပါ"

လူရွယ်မှာ သိသိသာသာပင် မျက်မှောင်ကြုတ်သွားလေသည်။

နှစ်ယောက်သား ဘာမျှ ထပ်စကား မပြောဖြစ်ကြဘဲ ဆက်လက်လျှောက်လာကြရာ နေအိမ်ခြံဝင်း တံခါးပေါက်ကြီးသို့ ရောက်လာသည်။

ဝင်းတံခါးကြီးက ပိတ်နေသည်။

တံခါးဝတွင် မည်သူမျှလည်း မရှိသောကြောင့် ကေမိဝါမှာ ခေတ္တတရက် ဘာလုပ်ရမည်မသိဘဲ ရှိနေသည်။

"မင်း ဒီက ခဏစောင့်နေပါလား၊ ဘို့ ဝင်ပြီး အကြောင်းကြားပေးမယ်"

လူရွယ်က ပြောသည်။

"သြော်...ရှင်က ဒီအိမ်သားကိုး"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်သားရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အခု လောလောဆယ်တော့ ဒီအိမ်မှာ တည်းခိုနေပါတယ်၊ ဒါနဲ့... မင်းနာမည်"

"ကေမိဝါ"

လူရွယ်က တံခါးချပ်ကြီးဘေးနားရှိ ကြိုးတစ်ခုကို အသာဆွဲလိုက်သည်။

ခဏအကြာတွင် တံခါးချပ်ကြီး လူတစ်ယောက် ဝင်သာပွင့်သွားသည်။

"ခဏစောင့်နေနော်"

"ဟုတ်ကဲ့"

လူရွယ် ဟသွားသော တံခါးချပ်ကြားမှ အသာ တိုးဝင်သွားသည်။

တံခါးဖွင့်ပေးသူက ကေမိဝါကို စူးစမ်းသလို တစ်ချက်ကြည့်ပြီး တံခါးကို ပြန်ပိတ်သည်။

ကေမိဝါလည်း တံခါးပေါက်နားတွင် အသာရပ်ကာ စောင့်ဆိုင်းနေလေသည်။

အိမ်လိပ်စာကို စုံစမ်းရတာ လွယ်သော်လည်း အိမ်ထဲဝင်ရန်တော့ ခက်များနေမည်လားဟုလည်း စိတ်ထဲမှ တွေးမိသည်။

သိပ်ကြာကြာတော့ မစောင့်လိုက်ရပါ။

တံခါးချပ်ကြီး စောစောကလို လူတစ်ယောက် ဝင်ရုံသာ ဟသွားပြီး လူရွယ် ပြန်ထွက်လာသည်။

"လာ...တို့နောက်ကို လိုက်ခဲ့ပါ"



လူရွယ်က ကေမိဝါကို အိမ်ဝင်းထဲသို့ ဖိတ်ခေါ်၍ သွားလေသည်။

အိမ်ဝင်းသည် အတော်ပင် ကျယ်ဝန်းသည်။

ဝင်းထဲရှိ အိမ်ဂေဟာကြီးကလည်း အတော့်ကို ကျယ်ဝန်းခမ်းနားသည်။

လူရွယ်က ကေမိဝါကို အိမ်ဂေဟာ အရှေ့ဘက်အစွန်ပိုင်းရှိ ဧည့်ကြိုနေရာ ဖြစ်ဟန်တူသော အခန်းငယ်တစ်ခုထဲသို့ ခေါ်ဆောင်သွားသည်။

အခန်းထဲတွင် ထိုင်ခုံများ မရှိပေ။

အနီရောင် မွေးပွကောဇောများကို ခန်းလုံးပြည့် ခင်းထားသည်။

အခန်း၏ ဦးပိုင်းနေရာဘက်တွင် အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် တင်ပျဉ်ခွေကာ ထိုင်နေသည်။

ကေမိဝါကို လမ်းပြခေါ်လာသော လူရွယ်က အဘိုးအို၏ ရှေ့မှောက်တွင် အသာဒူးတုပ်ထိုင်ကာ ဦးညွှတ်အရိုအသေ ပေးသည်။

ကေမိဝါလည်း လူရွယ်၏ နောက်ဘက်နားတွင် ဒူးထောက်ထိုင်ကာ အဘိုးအိုကို ဂါရဝပြုသည်။

"ငါက အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းရဲ့သား ယိုပန်းဟော်ပဲ၊ ပြောစရာ အကြောင်းကိစ္စရှိရင် ငါ့ကို ပြောနိုင်တယ်"

အဘိုးအိုက စကားစသည်။

"ဘာအကြောင်းကိစ္စမှ မရှိပါဘူး၊ ကျွန်ုပ်ရဲ့ဘိုးဘိုးက သူ့မိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆွေဟောင်းကြီးကို တွေ့ဆုံဂါရဝပြုဖို့ မှာကြားလိုက်တာကြောင့် အခု လို ဝင်ရောက်လာတာပါ"

ကေမိဝါက ပြန်ပြောသည်။

"မင်းရဲ့ ဘိုးဘိုးဆိုတာက..."

"သြော်...ဟုတ်ကဲ့၊ ဘိုးဘိုးနာမည်တောင် မပြောမိဘူး။ ကေဟုန်ချိန်ပါ"

ဟိုပန်းဟော်သည် တစ်ချက်တွေ၍ စဉ်းစားပြီးနောက် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကာ...

"သြော်... အင်း မှတ်မိပြီ...မှတ်မိပြီ၊ သူ အခု ဘယ်မှာ ရောက်နေလဲ၊ သူ့သတင်း မကြားရတာ အတော်တောင် ကြာသွားပြီ"

"မြောင်နယ် တောင်ဘက်ပိုင်းက ကျောက်စိမ်းမြိုင်စခန်းမှာ ရှိနေပါတယ်"

"ကျန်းကျန်းမာမာပဲလား"

"ဟုတ်ကဲ့...ကျန်းမာပါတယ်၊ ဘိုးဘိုးကြီး ယိုလိုင်ဝမ်းကော အသက်ရှည် ကျန်းမာနေဆဲ ဖြစ်မယ်ထင်ပါတယ်"

"အိမ်း...ဖခင်ကြီးက အသက်လဲရှည် ကျန်းလဲကျန်းမာပါ တယ်၊ သူ့ဘာသာသူ အေးအေးချမ်းချမ်း နေထိုင်ပြီး ဧည့်သည်တွေ ကိုလဲ လက်ခံတွေ့ဆုံခြင်း မလုပ်တော့တာကြောင့် မင်းကို ဖခင်ကြီး ရှေ့မှောက် ပို့ဆောင် မပေးနိုင်တာကို ခွင့်လွှတ်ပါ။ မင်းရောက်လာတဲ့ အကြောင်းကိုတော့ ပြောဆို အသိပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မရဲ့ဘိုးဘိုး ကေဟုန်ချိန်က နှုတ်ဆက်



ဂါရဝပြုလိုက်တဲ့ အကြောင်းလဲ ပြောပေးပါ"

"အေး...အေး ပြောလိုက်ပါ့မယ်၊ ခရီးတစ်ထောက်နားမယ် ဆိုရင် ငါတို့ဆီမှာ တည်းခိုနေထိုင်ဖို့လဲ ဖိတ်ခေါ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဘဘ၊ ကျွန်မ ဒီမြို့မှာ မနားပါဘူး၊ ခရီးဆက်သွားပါ့မယ်၊ ကျွန်မကို ခွင့်ပြုပါဦး"

ကေမိဝါက ယိုပန်းဟော်ကို ဦးညွှတ်ဂါရဝ ပြုလိုက်သည်။

"ခရီးဆက်စရာ ရှိတယ်ဆိုရင်လဲ သွားပေဦးပေါ့၊ ငါတို့ဆီက အကူအညီလိုရင် အချိန်မရွေး လာနိုင်တယ်၊ ကဲ... ကျန်းယိ မင်းပဲ ဧည့်ပို့ လုပ်ပေးလိုက်ပါကွယ်"

ယိုပန်းဟော်က လူရွယ်ကိုပါ တစ်ဆက်တည်း လှမ်းပြော သည်။

"ဟုတ်ကဲ့ ဆရာ"

ကျန်းယိက ဦးညွှတ်အရိုအသေ ပေးကာ အမိန့်နာခံလိုက် သည်။

ကေမိဝါကို ကျန်းယိက ခြံဝင်းတံခါးပေါက်ကြီးသို့ လိုက်ပို့ ပေးသည်။

"ရှင်က ဒီဂေဟာရဲ့ အိမ်သားမဟုတ်ဘူးဆိုတော့ သူတို့ ဂိုဏ်းဝင်ပေါ့ ဟုတ်လား"

တံခါးမကြီးရှိရာသို့ လျှောက်လှမ်းလာရင်း ကေမိဝါက မေး သည်။

"ဂိုဏ်းဝင်လဲ မဟုတ်ပါဘူး"

"ဒါဆို ရှင်က ဒီအိမ်ဂေဟာက လူတွေနဲ့ ဘယ်လိုမှ မပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်ဘူးပေါ့"

"ဟာ... ဒီလိုလဲ မဟုတ်ပါဘူး၊ တို့က ဆရာ့ဆီမှာ အဆင့်မြင့် သိုင်းပညာတွေ လာသင်နေတာပါ"

"လက်စသတ်တော့ ရှင်က ဘာဘ ယိုပန်းဟော်ရဲ့ တပည့်ကိုး"

"ဟုတ်ပါတယ်၊ အဲဒီလိုပါပဲ"

ဝင်းတံခါးဝသို့ ရောက်လာကြရာ ကျန်းယိက တံခါးမကြီးကို ကိုယ်တိုင် ဖွင့်ပေးသည်။

ကေမိဝါလည်း ကျန်းယိကို နှုတ်ဆက်ကာ အဆိပ်နဂါးမင်း ယိုလိုင်ဝမ်း၏ အိမ်ဂေဟာမှ ထွက်ခွာလာခဲ့လေတော့သည်။

➤ ➤ ➤

## အခန်း(၇)

ကေမိဝါသည် လို့ရန်မြို့မှ ထွက်ကာ စင့်မော်ဘုံကျောင်းကြီး ရှိရာဘက်သို့ ရှေးရှုကာ ခရီးဆက်ခဲ့လေသည်။

လို့ရန်မြို့မှ ထွက်ခဲ့ပြီး အချိန်အနည်းငယ်အကြာတွင် ကျင်းယုလိုင်နှင့် ဆုံမိပြန်လေသည်။

"ကေမိဝါရေ... မင်းအတွက် အန္တရာယ်က အရိပ်လို လိုက်လာနေပြီ"

ဆုံတွေ့မိသည်နှင့် ကျင်းယုလိုင်က အလန့်တကြားပင် ပြောသည်။

ကေမိဝါမှာလည်း ထိတ်ခနဲ ဖြစ်သည်။

သို့သော် အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံတွေ့ရလျှင် စိတ်ကို အာတ်နိုင်ဆုံး တည်ငြိမ်စွာ ထားရှိရန် အဘိုးဖြစ်သူ ကေဟုန်ချိန်၏

www.burmeseclassic.com

www.burmeseclassic.com



မှာကြားချက်ဟု သတိရသောကြောင့် စိုးရိမ်ထိတ်လန့်သွားသောစိတ်ကို အသာထိန်းလိုက်သည်။

"ဘယ်လိုများ ဖြစ်လာလို့လဲ၊ အကျိုးအကြောင်း ပြောစမ်းပါဦး"

ကေမိဝါက မေးလိုက်သည်။

"ဟိုဖိန့်ရဲ့ အလောင်းကို လို့ရန်မြို့ပြင်နားမှာ တွေ့ခဲ့ရတယ်။ သူတို့ဘက်က လက်ဦးသွားပြီလေ၊ သူတို့ဘက်က အတိအလင်းထွက်ပြီး တိုက်ခိုက်သတ်ဖြတ်လာပြီ၊ ဟိုဖိန့်ပြီးရင် မင်းဘက်ကို လှည့်လာကြမှာပဲ"

"ကျွန်မနောက်ကို ခြေရာခံလိုက်ကြည့်နေတဲ့ သူတို့လူကိုရင် ရှင်းပစ်ခဲ့ပြီးပြီပဲ၊ သူတို့ဘက်က လူအင်အားများပြီး လက်တံလဲတော်တော်ရှည်တယ်၊ သူတို့လူတွေ လို့ရန်မြို့အနီးဝန်းကျင်မှာ ရောက်နေကြတာကတော့ သေချာတယ်"

"ကျွန်မ ဘာလုပ်ရမလဲ"

"အခုလို အခြေအနေမျိုး ရောက်မှတော့ အန္တရာယ်ကို ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့၊ တို့လဲ မင်းနားမှာ အတူလိုက်လာခဲ့တော့မယ်၊ အရင်တုန်းကလို အဝေးက ပုန်းလျှိုးစောင့်ကြည့် မနေတော့ဘူး"

"ဒါဆို ပိုကောင်းတာပေါ့ရှင်"

လုအိမ်လိမ် ဖမ်းဆီးခံရလျက် ဟိုဖိန့်လည်း သေဆုံးသွားပြီဖြစ်ရာ ကေမိဝါအနေဖြင့် အဖော်မပါဘဲ တစ်ယောက်တည်း ကျန်နေတော့မည့်သဘော ဖြစ်နေသည်။



ကေမိဝါမှာ သတ္တိမသေးသော်လည်း မိမိ တစ်ခါမျှ မရောက်ဖူးသော အရပ်ဒေသတွင် အဖော်မပါ တစ်ယောက်တည်း ရှိနေရမည်ကို အားငယ်သလိုတော့ ဖြစ်သည်။

ယခု ကျင်းယုလိုင် မိမိဘေးနားတွင် အတူလိုက်ပါလာမည်ဆိုတော့ ကေမိဝါအဖို့ ခရီးဖော်ရလာကာ အားငယ်သလို ဖြစ်ချင်သော စိတ်များလည်း ပပျောက်သွားသည်။

"အေး...ကောင်းတယ်၊ မင်းတို့နှစ်ယောက် အတူတူရှိနေကြတော့ ငါတို့အတွက် တစ်လက်စတည်း အလုပ်ပြတ်သွားတာပေါ့"

စကားသံနှင့်အတူ လူသုံးယောက် ပေါ်ထွက်လာသည်။

ကြာပန်းအဆိပ်မယ် ထောက်ရှောင်လိ၊ ကြာဖြူနှင့် ကြာနီတို့ ဖြစ်ကြသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါ၏နောက်မှ လျှို့ဝှက်စွာ နောက်ယောင်ခံလိုက်ကြည့်နေခဲ့သော ဇီးကွက်ဖြူမှာ ကျင်းယုလိုင်၏ အလစ်ချောင်းတိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

ထို့ကြောင့် ကြာနီမှာ ဇီးကွက်ဖြူနှင့် အဆက်အသွယ် ပြုလုပ်၍ မရနိုင်တော့ဘဲ ကေမိဝါကိုလည်း ဘယ်လိုရှာဖွေရမည်မသိဖြစ်နေသည်။

ကြာဖြူသည် ဟိုဖိန့်ကို တိုက်ခိုက်ကာ သော့တံရယူပြီးနောက် ကြာနီကို အကူအညီပေးရန်ရှိက ပေးနိုင်ရန် လိုက်လာခဲ့ရာ ဇီးကွက်စိမ်းလည်း ကြာဖြူနှင့်အတူ ပါလာခဲ့သည်။

ဇီးကွက်စိမ်းနှင့် ကြာနီတို့က ကေမိဝါ၏ ခြေရာကို ပြန်ကောက်နိုင်ရန် ကြိုးစားရှာဖွေ ကျန်ခဲ့ကြလျက် ကြာဖြူက ထောက်ရှောင်လီထံသို့ ပြန်သွားကာ အကျိုးအကြောင်း ပြောပြခဲ့သည်။

ထောက်ရှောင်လီသည် ကေမိဝါကို အပိုင်တိုက်နိုင်ရန် ကိုယ်တိုင် လိုက်လာခဲ့သည်။

ဇီးကွက်စိမ်းကလည်း ကေမိဝါ၏ ခြေရာကိုခံမိရာ ထောက်ရှောင်လီ ရောက်လာသောအခါ အားလုံး အတူတူပူးပေါင်းလျက် ကေမိဝါကို အတိအလင်း ရင်ဆိုင် တွေ့ဆုံကြခြင်း ဖြစ်လေသည်။

ကျင်းယုလိုင်၏ အရိပ်အယောင် တစ်စွန်းတစ်စကိုလည်း ထောက်ရှောင်လီတို့ သိရှိနေခဲ့ကြသည်။ သို့သော် ဟိုဖိန့်တို့အပေါ် အဓိကအာရုံစိုက်ရမည့် အခြေအနေကြောင့် ကျင်းယုလိုင်ကို သိပ်အလေးမထားနိုင်ခဲ့ကြ။

ဟိုဖိန့်တို့နှင့် ကိစ္စပြီးပြတ်မှသာ ကျင်းယုလိုင်ဘက်သို့ လှည့်



မည်ဟု စိတ်ကူး၍ အသာ ချိုထားခဲ့ကြသည်။ ထို့ပြင် ကျင်းယုလိုင်သည် ကေမိဝါတို့နှင့် ဆက်နွယ်ပတ်သက်မှု ရှိလိမ့်မည်ဟုလည်း သူတို့ မတွက်မိကြပါ။

ယခု ကေမိဝါနှင့် ကျင်းယုလိုင်တို့နှစ်ယောက် ဆုံမိကာ ပြောဆိုကြသည့် စကားများကို အသာစောင့်ကာ နားထောင်ခဲ့ရသောအခါမှသာ အဆက်အသွယ်မှန်များကို သိသင့်သလောက် သိသွားခဲ့ကြရသည်။

ကေမိဝါနှင့်အတူ ကျင်းယုလိုင် ပါရှိနေမှုကြောင့် ဘာပဲပြောပြော ထောက်ရှောင်လီတို့အဖို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို ကျင်းယုလိုင်ကို နောက်ထပ် ရှာဖွေ စာရင်းရှင်းစရာ မလိုတော့ပေ။

➤ ➤ ➤

ထောက်ရှောင်လီသည် ကေမိဝါနှင့် ကျင်းယုလိုင်တို့ ရှိရာသို့ ခပ်အေးအေးပင် လျှောက်လှမ်းလာသည်။

ကြာဖြူနှင့် ကြာနီတို့က သူမ၏နောက်ဘက် ခြေတစ်လှမ်းအကွာမှ အသာလိုက်ပါလာကြသည်။

ထောက်ရှောင်လီတို့က ကေမိဝါကို တိုက်ခိုက် ရန်ပြုကြတော့မည်ဟု ကျင်းယုလိုင်က တွက်ဆထားပြီး ဖြစ်သည်။ သို့သော် ခင့်မော်ဘုံကျောင်းပျက် အနီးအနားသို့ ရောက်သောအခါတွင်မှ အတိအလင်း ပေါ်ထွက်လာမည်ဟု ထင်ထားသည်။

မိမိက ကေမိဝါနှင့်အတူ ပူးပေါင်းကာ ပေါ်ပေါက်လာမည့်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကို ရင်ဆိုင်နိုင်ရေးအတွက် ကြိုတင်တိုင်ပင် ပြင်ဆင်ထား ရန်လည်း စိတ်ကူးရှိခဲ့သည်။

ယခု ကေမိဝါနှင့် မည်သို့မျှ တိုင်ပင် စီစစ်ခြင်း မပြုရသေး ထောက်ရှောင်လီတို့လူစု အင်နှင့်အားနှင့် ပေါ်ထွက်ရောက်ရှိလာသော ကျင်းယုလိုင်အဖွဲ့ အတော့်ကို အကျပ်ရိုက်သွားခဲ့သည်။ ပြီးတော့ ထောက်ရှောင်လီတို့ဘက်မှ သည်မျှလောက် အင်အားဖြင့် အန္တရာယ် ပေးလိမ့်မည်ဟုလည်း ထင်မထားခဲ့ပေ။

မည်သို့ပင်ဆိုစေ ယခုလက်ရှိ အခြေအနေတွင် ပေါ်ပေါက် လာသော အန္တရာယ်ကို ရင်ဆိုင်ရန်သာ ရှိပေတော့သည်။

"အသေအကြေ တိုက်မနေနဲ့နော်၊ အခွင့်ကောင်းကြုံတာနဲ့ အလွတ်ရုန်းပြီး ထွက်မယ်၊ လူကွဲသွားတယ်ဆိုရင် ဟိုနေရာမှာ ပြန်ဆုံ ကြမယ်"

ကေမိဝါက ကျင်းယုလိုင်၏ နားရွက်နားသို့ အသာကပ်ကာ နှစ်ကိုယ်ကြား တီးတိုးပြောလိုက်လေသည်။

ထောက်ရှောင်လီတို့သည် အတန်ငယ် လှမ်းနေသော ကြောင့် ကေမိဝါ ပြောလိုက်သည့် စကားများကို သဲသဲကွဲကွဲ မကြား ကြပါ။ သို့သော် ကေမိဝါက ကျင်းယုလိုင်အား တစ်စုံတစ်ရာ ပြော၍ တိုင်ပင်ကြောင်းကိုတော့ မြင်တွေ့ သိရှိလိုက်ကြသည်။

ထောက်ရှောင်လီက ကေမိဝါ ထိုသို့ ပြောဆိုတိုင်ပင်သည် ကို သိပ်အရေးမထားပေ။ သည်နှစ်ယောက်ကို မိမိတို့ အနေဖြင့် ကောင်းကောင်း တိုက်ခိုက် အနိုင်ယူနိုင်မည်ဟု သူမက ထင်မှတ် ကြည်ထားလေသည်။



"ကေမိဝါ… ရှင်းရှင်းနဲ့ ပြတ်ပြတ်ပဲ ပြောမယ်၊ မင်းဆီမှာ ရှိနေတဲ့ သော့တံကို လိုချင်တယ်၊ သော့တံထုတ်ပေးရင် မင်းကို ဘယ် လို အန္တရာယ်မှ မပေးဘူး၊ မင်းအတွက် ထိုက်သင့်တဲ့ဆုတောင် ပေး ဦးမယ်၊ ဘယ်လို သဘောလဲ၊ ပြောစမ်း"

ကေမိဝါတို့နှင့် ပေနှစ်ဆယ်သာသာခန့်အကွာတွင် ခြေ လှမ်းတို့ရပ်ပြီးနောက် ထောက်ရှောင်လီက ပြောသည်။

"ဘာ သော့တံလဲ၊ ကျွန်မ မသိဘူး"

ကေမိဝါက ခပ်ပြတ်ပြတ်ပင် ငြင်းလိုက်သည်။

ထောက်ရှောင်လီက လှောင်ပြုံးတစ်ချက် ပြုံးလိုက်ပြီး…

"မင်းက အေးအေးဆေးဆေး ပြေလည်ရာပြေလည် ကြောင်း ပြောတာကို လက်မခံဘဲ ခေါင်းမာနေတာကိုး၊ ဒီလိုဆိုရင်လဲ ရပါတယ်၊ မင်းကို အပြတ်ရှင်းပြီး သော့တံ ယူလိုက်ရုံပေါ့၊ ဟောဒီက ကျုပ်တပည့်မလေးတွေရဲ့ အစွမ်းအစတွေကို ကြည့်လိုက်စမ်းပါဦး၊ ကဲပေါ့… ကြာဖြူ"

ကြာဖြူသည် ဓားနှစ်လက်ကို ရွှမ်းခနဲရွှမ်းခနဲ ဆွဲထုတ်ပြီး နောက် မျဉ်းပြိုင်ဓားသိုင်း လှုပ်ရှားဟန်များကို ခပ်သွက်သွက် လှုပ် ရှားကစားပြသည်။

ကေမိဝါသည် စိတ်ကူးယဉ်သိုင်းကွက်များအကြောင်းကို သိပေ။

မျဉ်းပြိုင်ဓားသိုင်းကိုကား မကြားဖူးပါ။

ထို့ကြောင့်…

ကြာဖြူ၏သိုင်းဟန်သည် တစ်မူဆန်းကာ အတော် စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသည်ဟု ထင်သည်။

စိတ်ကူးယဉ် သိုင်းကွက်များအကြောင်းကို သိထား ကျင်းယုလိုင်ကတော့ အတော့်ကို စိုးရိမ်ပူပန်၍ နေလေသည်။

"ကြာနီက အစွမ်းပြလိုက်စမ်းပါဦး"

မျဉ်းပြိုင်ဓားသိုင်းလှုပ်ရှားဟန် သုံးလေးကွက်မျှ ကြာ လုပ်သေသပ်စွ လှုပ်ရှားကစားပြပြီးသောအခါ ထောက်ရှောင်လ ကြာနီကို အချက်ပေးလိုက်ပြန်သည်။

"ဒုတ်...ဒုတ်"

ထောက်ရှောင်လီ၏ အချက်ပေးသံနှင့် မရှေးမနှောင်း လိုပင် ကေမိဝါနှင့် ကျင်းယုလိုင်တို့ လွယ်ထားကြသော ဓားလွယ် များကို လက်နက်ပုန်းတစ်ခု လာ၍ထိမှန်သည်။

လက်နက်ပုန်း လွင့်ပျံလာသံကိုလည်း မကြားရ၊ အ ယောင် လှုပ်ရှားမှုကိုလည်း မမြင်ရဘဲ ထိမှန်သောအခါတွင်မှ နရှာ်ပုန်းနှင့် ပစ်လိုက်ခြင်းဖြစ်ကြောင်း သိကြရလေသည်။

အရိပ်မဲ့ လက်နက်ပုန်း ပစ်ခတ်မှုပညာအကြောင်းကို သော ကေမိဝါပင် ထိတ်ခနဲ ဖြစ်သည်။

ကျင်းယုလိုင်မှာမူ သိသိသာသာပင် တုန်လှုပ်ချောက် သွားသည်။

"ဘယ်လိုလဲ ကေမိဝါ၊ ကျုပ်ရဲ့တပည့်မလေးတွေကို ရ တိုက်ခိုက်ဖို့ စိတ်ကူးရဲသေးသလား"

ထောက်ရှောင်လီက ခပ်ကြွားကြွားလေး ပြောသည်။

ကြာဖြူနှင့် ကြာနီတို့သည် ကေမိဝါနှင့် အသက်ချင်း



သိမ်း မိန်းမပျိုလေးများ ဖြစ်သည်။

မိမိနှင့် သက်တူရွယ်တူ မိန်းမပျိုလေးများကို အလျှော့ပေး က်မြှောက်ဖို့ ကေမိဝါက လုံးဝစိတ်မကူး။

"ဟွန့် သူတို့က ဘာမို့လို့လဲ၊ ဟန်ရေးထုတ် သိုင်းပြနိုင်တာနဲ့ ာပြောမနေနဲ့၊ တကယ်တမ်း တိုက်ရေးခိုက်ရေးမှာ စွမ်းရဲ့လားလို့ စမ်းကြည့်ရအောင်"

ကေမိဝါသည် ပြောပြောဆိုဆို နဂါးဖြူဓားကို ဆွဲထုတ် က် ကြာဖြူအား အတင်းဝင်၍ တိုက်ခိုက်လေတော့သည်။

➤ ➤ ➤

"ကေမိဝါ ရမ်းမလုပ်နဲ့ သတိထား"

ကြာဖြူ၏ မျဉ်းပြိုင်ဓား သိုင်းဟန်များဖြင့် လှုပ်ရှား ဓားရေး အပေါ် အတော်ဖြုန်၍နေသော ကျင်းယုလိုင်က ကမန်းကတန်း တိပေးဟန့်တားသေးသည်။

မရတော့။

ကေမိဝါ၏ နဂါးဖြူဓားက ကြာဖြူထံသို့ ထိုးနှက်တိုက်ခိုက် ရောက်သွားလေပြီ။

ရှောင်လင်ဂိုဏ်းက နာမည်ကျော် မိုးကြိုးဓားသိုင်းဖြင့် က်ခိုက်ခြင်းမို့ ဓားချက်များသည် အားပြည့်ကာ သေသပ်ပိရိသည်။

ထောက်ရှောင်လီတို့မှာ ရုတ်တရက် အငိုက်ခံလိုက်ရသလို ဘုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါ ယခုလို အတင်းဝင် တိုက်လာလိမ့်မည်ဟု သူတို့လုံးဝ ထင်မထားခဲ့ကြပေ။

ကြာဖြူနှင့် ကြာနီတို့၏ မျဉ်းပြိုင်ဓားသိုင်းနှင့် အရိပ်မဲ့လက်နက်ပုန်း ပစ်ခတ်မှုအစွမ်းတို့ကို မြင်ရပြီး ကေမိဝါတို့ တုန်လှုပ်နောက်တွန့်ကုန်ကြမည်ဟု အပိုင်တွက်ထားကြသည်။

သူတို့ တွေးထင်ထားသလို မဟုတ်ဘဲ ကေမိဝါက ဖြူနီးစားကြီး မြေးဝင်တိုက်သောအခါ ထောက်ရှောင်လိတို့ ဆင်ထားသောပရိယာယ်ဆင်ကွက်တွေ ရှုပ်ထွေးပျက်ပြားကုန်လေတော့သည်။

ကြာဖြူက ညာဘက်ရှိ ဓားရှည်ကို ထောင်တင်ကာ ကေမိဝါ၏ ဓားခုတ်ချက်ကို ခံဆောင်ဖျက်ထုတ်လေသည်။

တိုက်ကွက်အရှိန်အဟုန် တုံ့နှေးပျက်ပြားအောင် ကြိုးစားသေးသည်။

ကေမိဝါ ထုတ်သုံးသော မိုးကြိုးဓားသိုင်းသည် ရှောင်လင်ဂိုဏ်း၏ စစ်မှန်သော သိုင်းပညာရပ် ဖြစ်လေရာ အကွက်ကျသည်။

သေသပ်သည်။

တစ်ဆင့်ပြီးတစ်ဆင့် လှုပ်ရှားသည်။

ထို့ကြောင့်...

ကြာဖြူ၏ ဟန့်တားနှောင့်ယှက်ချက်မှာ အရာမရောက်။

ကြာဖြူသာလျှင် မိုးကြိုးဓားသိုင်း၏ ဓားရိပ်ဓားယောင်များလွှမ်းမိုးအုပ်စီးမှုကို အသက်ရှူမဝတဝ ရင်ဆိုင်နေရလေသည်။

ရှောင်လင်သိုင်းပညာသည် ကြမ်းတမ်းရက်စက်စွာ ထိုးနှက် တိုက်ခိုက်ကွက်တွေ မပါသောကြောင့်သာ ကြာဖြူ ကံကောင်း



နေခြင်း ဖြစ်သည်။

ကြာဖြူမှာ အလန့်တကြားပင် နောက်သို့ အတင်းဆုတ်ပေးနေရသည်။

တကယ်တော့ ကြာဖြူ၏ မျဉ်းပြိုင်ဓားသိုင်းသည် ဟန်ရေးပြနိုင်ရုံသက်သက်သာလျှင် ဖြစ်သည်။

ဓားရှည်နှစ်လက်ကို ညီညီညာညာ ပြိုင်တူလှုပ်ရှား ခုတ်ပိုင်း၍ သိုင်းပြနိုင်သော်လည်း ဓားချက်များတွင် အတွင်းအားမပါသော သိုင်းဟန်လှုပ်ရှားကွက် သက်သက်တွေသာ ဖြစ်သည်။

သိုင်းဟန်လှုပ်ရှားပုံကို မြင်ရလျှင် ဟန်ဟိတ် အပြည့်နှင့်မို့ အထင်ကြီး ကြောက်လန့်ဖွယ်ရှိသော်လည်း ရင်ဆိုင်တိုက်ခိုက်လျှင်မူ အတွင်းအား မပါသောကြောင့် ဘာမျှအသုံးမကျပေ။

ဟိုဖိန်နှင့် တိုက်ခိုက်ခဲ့စဉ်က ဟိုဖိန်၏စိတ်ထဲတွင် မျဉ်းပြိုင်ဓားသိုင်းကို ရှိန်နေမှုကို အခွင့်ကောင်းယူကာ ကြာဖြူ အလစ်အငိုက်ခမ်း၍ အနိုင်ယူခဲ့ခြင်း ဖြစ်၏။

ယခု ကေမိဝါက ကြာဖြူ၏မျဉ်းပြိုင်ဓားသိုင်းဟန်များလှုပ်ရှားပြသမှုကို မည်သို့မျှ အရေးမလုပ်ဘဲ အတင်းဝင်ရောက်တိုက်ခိုက်လာရာ ကြာဖြူမှာ ရုတ်တရက် ဘာလုပ်ရမည်မသိဘဲ အလူးအလဲပင် ခံနေရ၏။

နောက်သို့ ခြေလှမ်းငါးလှမ်းမျှ ဆုတ်ပေးရပြီးသည့်နောက်တွင်မှ ကြာဖြူသည် ကိုယ်ဟန်ကို ပြန်ထိန်းနိုင်ကာ ကေမိဝါကို ရင်ဆိုင်တိုက်ခိုက်သည်။

မျဉ်းပြိုင်ဓားသိုင်းဟန်တွေကို မသုံးတော့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်ရှိ ဓားရှည်ကိုလည်း လွှတ်ပစ်လိုက်ကာ ညာလက်ဓားရှည်ဖြင့်သာ ပြန်တိုက်၏။

ကြာဖြူ၏ပင်ကိုယ်ဓားသိုင်းပညာအစွမ်းကတော့ သိပ်မသေးလှပါ။

သို့သော် ကေမိဝါ၏ မိုးကြိုး ဓားသိုင်းလောက်တော့ သေသပ်စနစ်ကျနခြင်း မရှိ။

ကေမိဝါသည် သိုင်းပညာအားဖြင့် အစွမ်းသာလွန်သည့်အပြင် အုပ်စီးလွှမ်းမိုးမှုလည်း ရထားရာ ကြာဖြူက အားတင်းကာ ပြန်လည်ခုခံသော်လည်း ကေမိဝါ၏တိုက်စစ်ကို ရိုက်ချိုးပိတ်ဆို့ခြင်း မပြုနိုင်ခဲ့။

"ဒလန်..."

တစ်ချီတွင် ဓားချင်းဆိုင် ခုတ်မိချိန်တွင် ကေမိဝါက ညာလက်ကောက်ဝတ်ကို ဇွဲဝိုက်ကစားလိုက်ရာ ကြာဖြူ၏လက်ထဲရှိ ဓားရှည် လက်လွှတ်ထွက်သွားသည်။

"ကြာနီ ဘာလုပ်နေတာလဲ၊ ဟိုကောင်လေးကို အဆိပ်လက်နက်ပုန်းနဲ့ ပစ်ပါတော့လား"

ထောက်ရှောင်လီ၏ အော်ဟစ်ပြောဆိုသံ ပေါ်လာလေသည်။

ကေမိဝါမှာ ကျင်းယုလိုင်အတွက် စိုးရိမ်စိတ်ဝင်လာသောကြောင့် ဓားရှည်လက်လွှတ်သွားသော ကြာဖြူကို ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကျင်းယုလိုင် ရပ်နေရာဘက်သို့ ခုန်လွှားဝင်သွား၏။



ကြာဖြူထံသို့ ကေမိဝါ ပြေးဝင်တိုက်ခိုက်သောအခါ ကျင်းယုလိုင်ကလည်း ဓားရှည်ကို ဆွဲထုတ်လျက် ကေမိဝါကို ကူညီပေးရန် အသင့်ရှိနေသည်။

ကေမိဝါက ကြာဖြူကို ဓားချက်များဖြင့် လွှမ်းမိုးတိုက်ခိုက်ထားနိုင်သောကြောင့် ကျင်းယုလိုင်လည်း အသာပင် ရပ်ကြည့်နေသည်။

ထောက်ရှောင်လီ၏ အော်ပြောသံကြားရသောအခါ ကျင်းယုလိုင်သည် ဓားရှည်ကို စက်ဝိုင်းသဏ္ဍာန်ဇွေ့ယမ်း၍ မိမိထံသို့ ဝင်လာမည့် လက်နက်ပုန်းများကို ကာကွယ် တားဆီးလိုက်လေသည်။

သို့သော်...

သူ၏ကာကွယ်မှုသည် အချည်းနှီးသာ ဖြစ်သည်။

"ဒုတ်...ဒုတ်"

"ဖောက်...ဖွပ်"

လက်နက်ပုန်းနှစ်ခု သူ၏ဓားလွယ်ကို ထိမှန်သည်။

လက်နက်ပုန်း တစ်ခုက သူ၏အင်္ကျီညာဘက် ရင်ခြမ်းကြားမှ အင်္ကျီစကို စိုက်ဝင်ထိုးဖောက်သွားသည်။

လက်နက်ပုန်းတစ်ခုက သူ၏ကျောတွင် လွယ်ထားသော ဓားအိမ်တောင်အိတ်ကို စိုက်မိသည်။

"ဟာ..."

ကျင်းယုလိုင် အတော်ထိတ်လန့် တုန်လှုပ်နေသည်။

သူ၏ညာလက်ရှိ ဓားရှည်လည်း လွှတ်ကျတော့မလို ဖြစ်၍ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင်...

"ဗိုး..."

စူးရှသော လေခွင်းသံနှင့်အတူ နောက်ထပ် လက်နက်ပုန်း တစ်ခု ကျင်းယုလိုင်ထံသို့ အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်လာသည်။

➤ ➤ ➤

ကြာနီ၏ အရိပ်မဲ့ လက်နက်ပုန်းပစ်ခတ်မှုသည်လည်း ကြာဖြူလှုပ်ရှားပြသော မျှဉ်းပြိုင်စားသိုင်းဟန်များနှင့် ဘာမျှမထူးခြားပါ။

လက်နက်ပုန်းပစ်ခတ်မှု အဓိကစွမ်းရည်ဖြစ်သော အတွင်းအား လုံးဝမပါရှိ။

ပစ်ခတ်ရာတွင် အသံမမြည်မှု၊ တစ်ဖက်လူ မမြင်မတွေ့နိုင်မှုဟူသော အရည်အချင်းနှစ်ရပ်သာ ရှိသည်။

ဦးတည်ပစ်မှတ်တို့ကလည်း လူကို မဟုတ်ဘဲ စားလွယ်၊ အဝတ်အစား ခါးပတ်စသော လူကိုယ်ပေါ်ရှိ အသုံးအဆောင်ပစ္စည်းများထံသို့သာ ဖြစ်သည်။

ထိုပစ္စည်းများကို ထိမှန်စေခြင်းဖြင့် လက်နက်ပုန်း ပစ်လွှတ်မှုတွင် အတွင်းအား မပါသည်ကို မရိပ်မိတော့ဘဲ အရိပ်မဲ့လက်နက်ပုန်းပစ်ခတ်မှုအဖြစ် တစ်ဖက်လူက အထင်ကြီး ကြောက်လန့်သွားရအောင် ဖန်တီးထားလေသည်။

ဤသို့ဖြစ်အောင် လေ့ကျင့်ထားသည့်အတွက် ကြာနီမှာ



လူကို ထိမှန်အောင်ပင် မပစ်ခတ်တတ်တော့ပေ။

ပြီးတော့ သူ့ထံတွင် အဆိပ်လက်နက်ပုန်းလည်း မရှိတော့ပေ။

ထောက်ရှောင်လိက ကြာနီကို အဆိပ်လက်နက်ပုန်းနှင့် ပစ်ခတ်ရန် လှမ်းအော် ပြောလိုက်ခြင်း ဖြစ်သည်။

ပရိယာယ်သက်သက်သာသာ ဖြစ်သည်။

ကြာနီက သူမ အထူးလေ့ကျင့်ထားသည့် အရိပ်မဲ့လက်နက်ပုန်း ပစ်ခတ်နည်းအသွင်အတိုင်း ပစ်သည်။

ကြာနီ ပစ်လွှတ်လိုက်သော လက်နက်ပုန်းများကြောင့် ကျင်းယုလိုင် စိတ်လှုပ်ရှား တုန်လှုပ်သွားသည့် အချိန်တွင်မှ ထောက်ရှောင်လိကိုယ်တိုင် ပျားနက်အဆိပ်အပ်ဖြင့် ကျင်းယုလိုင်ထံသို့ လှမ်းပစ်လိုက်သည်။

ထောက်ရှောင်လိ၏ လက်နက်ပုန်း ပစ်ခတ်မှုတွင်တော့ အတွင်းအားက အပြည့်ပါဝင်သည်။

ထို့ပြင် လက်နက်ပုန်း လေခွင်းသံလည်း ပေါ်ထွက်သည်။

အရိပ်အယောင်ကိုလည်း မြင်ရသည်။

ကေမိဝါက ပျားနက်အဆိပ်အပ်ကို စားရှည်ဖြင့် ဆီး၍ရိုက်ထုတ်သည်။

အတန်ငယ် အလှမ်းဝေးနေသောကြောင့် မထိ။

ကျင်းယုလိုင်ကလည်း ကမန်းကတန်း ရှောင်တိမ်းသည်။

ပရိယာယ်ဆင်ကာ အလစ်ဖမ်း၍ အမိအရ ပစ်လွှတ်လိုက်ခြင်း ဖြစ်သောကြောင့် ရှောင်၍မလွတ်။

www.burmeseclassic.com

www.burmeseclassic.com



"စွပ်"

ပျားနက်အဆိပ်အပ်သည် ကျင်းယုလိုင်၏ ညာဘက် ပခုံးတွင် စူးနစ် စိုက်ဝင်သွားလေသည်။

အပ်သေးသေးလေး ဖြစ်သော်လည်း အဆိပ်ပါရှိသောကြောင့် ထိချက်ဒဏ်ပြင်းသည်။

ကျင်းယုလိုင်မှာ မီးစကြီးနှင့် အထိုးခံရသလို ဖြစ်သည်။

ညာဘက် ပခုံးသာမက ညာလက်နှင့် ညာဘက် ကိုယ်တစ်ခြမ်းလုံးပင် အောင့်၍ နာကျင်သည်။

"အား"

နာကျင်စွာ အော်ဟစ်လျက် ကျင်းယုလိုင်၏ကိုယ် ယိမ်းယိုင်သွားသည်။

လဲပြိုကျတော့မည်ကဲ့သို့ ဖြစ်သည်။

ထိုအချိန်တွင် စိုးရိမ်တကြီး ပြေးဝင်လာသော ကေမိဝါမှာ ကျင်းယုလိုင်၏အနားသို့ ရောက်လာသည်။

ကေမိဝါက အဆိပ်လက်နက်ပုန်း အထိခံရကာ အဆိပ်တက်၍ လဲပြိုကျလုလု ဖြစ်နေသော ကျင်းယုလိုင်ကို သိုင်းဖက်တွဲထူလိုက်သည်။

ယခုအချိန်တွင် ကေမိဝါအနေဖြင့် အလွတ်ရုန်းကာ ထွက်ပြေးမည်ဆိုပါက အကောင်းဆုံးအချိန် ဖြစ်သည်။

ဒါပေမယ့် ကေမိဝါမှာ အဆိပ်သင့် ဒဏ်ရာရနေသော ကျင်းယုလိုင်ကို ဒီအတိုင်း ပစ်မထားရက်ခဲ့။

တစ်ယောက်တည်းပင် လွတ်မြောက်အောင် မနည်းကြိုး



စား ရုန်းကန်ထွက်ပြေးရမည့် အခြေအနေတွင် အဆိပ်သင့်နေသော ကျင်းယုလိုင်ကို ဖေးမ တွဲခေါ်သွားဖို့ကတော့ လုံးဝမဖြစ်ပါပေ။

ထိုအချိန်မှာပင် အင်အား ခုနစ်ယောက်ခန့် ရှိမည်ဖြစ်သော သိုင်းသမားတစ်စု ရုတ်တရက် ပြေးဝင် ရောက်ရှိလာပြီး ထောက်ရှောင်လီတို့ကို ဝင်တိုက်ကြသည်။

အခြေအနေ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်ပြီ။

ကေမိဝါသည် ထိုလူစု မည်သူမည်ဝါတွေ ဖြစ်သည်ကိုပင် သိအောင် စူးစမ်းကြည့်ရှုခြင်း မပြုနိုင်ပါ။

အခွင့်အရေး ပေါ်လာသည်ကို မလွှတ်တမ်း အသုံးချကာ ကျင်းယုလိုင်ကို ဖေးမတွဲခေါ်လျက် အလွတ်ရုန်း ထွက်ပြေးသွားလေတော့သည်။

➤ ➤ ➤

ထောက်ရှောင်လီတို့ကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သည့် လူစုမှာ ဟိုပန်းဟော်၏တပည့် သိုင်းသမားများ ဖြစ်ကြသည်။

ထိုလူစုတွင် ကျန်းယီလည်း ပါဝင်သည်။

လို့ရန်မြို့သို့ သိုင်းဂိုဏ်းအသီးသီးမှ လမ်းမှန်လမ်းလွဲ သိုင်းသမား ပေါင်းစုံတို့ သွားလာဝင်ထွက် လှုပ်ရှားနေကြလေရာ သိုင်းသမားများနှင့် ပတ်သက်သည့် အရေးအရာ ကိစ္စအဝဝကို စီမံဖြေရှင်းပေးရန် ခုံသမာဓိ အဖွဲ့တစ်ခု ဖွဲ့စည်းထားသည်။

ယိုပန်းဟော်သည် ထိုခုံသမာဓိအဖွဲ့တွင် အဖွဲ့ဝင်လူကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဟိုဖိန့်၏အလောင်းနှင့် ဇီးကွက်ဖြူတို့၏ အလောင်းများကို တွေ့ရှိပြီး ခုံသမာဓိအဖွဲ့ဝင်တို့ စစ်ဆေးကြရာ၊ ကျန်းယီက ဟိုဖိန့်ကို မှတ်မိ ဖော်ထုတ်နိုင်ခဲ့သလို ဇီးကွက်ဖြူကိုလည်း မြောင်နယ်မှ သိုင်းသမားဆိုးတစ်ယောက်အဖြစ် သိရှိခဲ့ကြသည်။

ကေမိဝါမှာလည်း မြောင်နယ်မှ ထွက်လာခဲ့သူဖြစ်ကြောင်း သိထားရာ၊ သူမ၏နောက်သို့ အန္တရာယ် လိုက်လာနိုင်ကြောင်း တွက်ဆမိသောကြောင့် လိုအပ်လျှင် ကူညီစောင့်ရှောက်ပေးရန် ကျန်းယီ အပါအဝင် သိုင်းသမား ခုနစ်ယောက်ကို ယိုပန်းဟော်က စေလွှတ်လိုက်သည်။

ကျန်းယီတို့လူစုသည် ကေမိဝါကို ခြေရာခံ လိုက်ရှာကြရာ ထောက်ရှောင်လီတို့နှင့် ကေမိဝါ ရင်ဆိုင်တိုးနေသည့် နေရာသို့ ရောက်လာကြသည်။

ကျင်းယုလိုင် အဆိပ်လက်နက် အထိခံရလျက် ကေမိဝါ အကျဉ်းအကြပ် အခြေအနေ တွေ့နေချိန်တွင် ကျန်းယီတို့လူစု ရောက်လာကာ ထောက်ရှောင်လီတို့ကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ထောက်ရှောင်လီက ထိထိမိမိ ပြန်လည် တိုက်ခိုက်မည်ဆိုလျှင် ပြင်းထန် ကြမ်းတမ်းသော တိုက်ပွဲ ဖြစ်ပွားနိုင်သည်။

သို့သော် ထောက်ရှောင်လီသည် ကေမိဝါထံမှ သတင်းရရှိနိုင်ရေးကိုသာ ပိုအလေးထားပေရာ ကျန်းယီတို့ကို အနည်းငယ်သာ ပြန်လည် တိုက်ခိုက်ဟန့်တားလျက် အလွတ်ရုန်းကာ ရှောင်တိမ်းထွက်သွားကြသည်။



ထောက်ရှောင်လီတို့ နောက်ဆုတ် ရှောင်တိမ်းသွားသောအခါ ကေမိဝါတို့လည်း မရှိကြတော့ပေ။

အခွင့်အရေးကောင်းပေါ်ခိုက် အမြန်ပင် ရှောင်တိမ်းကာ အလွတ်ရုန်းထွက်ရသည်မို့ ကေမိဝါမှာလည်း သူမတို့ လွတ်မြောက်လမ်းပေါ်အောင် ဝင်ရောက်ကူညီ တိုက်ခိုက်ပေးသူတို့မှာ ကျန်းယီတို့ ဖြစ်ကြောင်းကို သိမသွားခဲ့ကြပေ။

ထောက်ရှောင်လီတို့ ရှောင်တိမ်း နောက်ဆုတ်သွားကြပြီးသောအခါ ကျန်းယီတို့လူစုက ကေမိဝါကို ခြေရာခံကာ လိုက်ရှာကြည့်ခဲ့ကြသေးသည်။

ကေမိဝါသည် ထောက်ရှောင်လီတို့ အလွယ်တကူ လိုက်မလာနိုင်စေရန် ခြေရာလက်ရာများ ဖျောက်ဖျက်ရှောင်တိမ်းသွားကြလေရာ ကျန်းယီတို့မှာလည်း ကေမိဝါကို ခြေရာခံမရတော့ဘဲ လမ်းစပျောက် မျက်ခြည်ပြတ်သွားကြလေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ကေမိဝါသည် တစ်ချိုးတည်း ထွက်ပြေးသွားခြင်းတော့ မလုပ်နိုင်။

အလွတ်ရုန်း ထွက်ပြေးလာနိုင်ပြီးနောက် ကူထပ်သိပ်သည်းသော ချုံကြီးတစ်ခုထဲတွင် တိုးဝင်ကာ ပုန်းအောင်းရင်း ကျွင်းယုလိုင်၏ အဆိပ်သင့်နေမှု သက်သာအောင် အတတ်နိုင်ဆုံး ကြိုးစားပြုစုပေးသည်။

အဘိုးကေဟုန်ချိန် ပေးလိုက်သော အဆိပ်ဖြေဆေးပါးသောသည် ဤနေရာတွင် အထူးပင် အသုံးတည့်လေသည်။

ကေမိဝါသည် ကျွင်းယုလိုင်၏ အဆိပ်လက်နက် အထိခံသော ညာဘက်ပခုံးမှ ဒဏ်ရာနေရာကို အဆိပ်ဓားပါးလေးနှင့် ထိုးကာ အဆိပ်အမှဲကို ဖယ်ထုတ်သည်။



အဆိပ်သင့်နေသော သွေးများကို ညှစ်ထုတ်သည်။

ပါလာသော အဆိပ်ဖြေဆေးများ ထည့်ပေးသည်။

အဆိပ်ချက်ချင်း မပြေသော်လည်း အဆိပ်အတက်ကြွမ်းမှုကိုတော့ ကောင်းကောင်း ထိန်းနိုင်ခဲ့သည်။

အန္တရာယ်စက်ကွင်းမှ မလွတ်နိုင်သေးသည်မို့ ရှေးဦးအဆိပ်ဖိတ်ကုသမှုလုပ်ပြီးသည်နှင့် ဆက်၍ ခရီးပြင်းနှင်ရပြန်သည်။

ကေမိဝါသည် မူလခရီး ဦးကည်လမ်းကြောင်းဖြစ်သော အရှေ့ရှူးရှူးဆီသို့ ဆက်မသွားတော့။

ဦးတည်လမ်းကြောင်းကို ဆန့်ကျင်ဘက် ပြောင်းလဲကာ အနောက်မျက်နှာဘက်သို့ ပြန်၍ လှည့်သွားသည်။

လို့ရန်မြို့ကို ကွင်းရှောင်လျှက် ဟိုဖိန့်ဘို့နှင့် ညအိပ်စခန်းချ၍ စီစဉ်ခဲ့ဖူးသော ရွာပျက်နေရာလေးသို့ ပြန်လာသည်။

ယန့်ကုန်းမင်းနှင့် ကြာညိုတို့သည် ဖမ်းဆီးထားသော လုအိမ်လိမ်ကို ခေါ်ဆောင်၍ ယောက်ရှောင်လိတို့၏ နောက်သို့ လိုက်၍ ထွက်သွားကြပြီမို့ ထိုရွာဟောင်း နေရာလေးတွင် ကေမိဝါတို့အတွက် အနှောင့်အယှက် အန္တရာယ် သိပ်မရှိတော့ပါ။

"တို့က မင်းကို ကူညီကာကွယ်ပေးမယ် ဘာညာဆိုပြီး အခုတော့ မင်းက တို့ကို ပြန်ကူညီ စောင့်ရှောက်နေရပြီ"

ကျွင်းယုလိုင်က စိတ်မကောင်းဟန်ဖြင့် ပြောသည်။

"ဟာ...ဒီလိုတော့ ဘယ်ဟုတ်မှာလဲ၊ ရှင်က ကျွန်မကို ကူညီတိုက်ခိုက်ပေးရင်း ဒဏ်ရာရ အဆိပ်သင့်ခဲ့တာပဲ၊ ရှင်နဲ့အတူ ပူးပေါင်းမတိုက်ခိုက်ရင် ဟိုမိန်းမကြီးတို့ကို ကျွန်မတစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ဘာမှအားနာစကား မပြောနေနဲ့၊ ရှင်နဲ့ ကျွန်မနဲ့က အခု တစ်ခရီးတည်းသွား ရဲဘော်ရဲဘက်တွေ ဖြစ်နေကြပါပြီ”

ကေမိဝါနှင့် ကျင်းယုလိုင်တို့သည် ထိုရွာပျက်နေရာလေးတွင် သုံးရက်တာမျှ ပုန်းအောင်းစခန်းချ နေထိုင်ကြသည်။

ကျင်းယုလိုင်၏ အခြေအနေလည်း အတော်အသင့် ကောင်းမွန်လာသည်။

သို့သော် ကျေနပ်အားရလောက်အောင်တော့ မဟုတ်သေး။

အဆိပ်လုံးဝ ပျက်ပြယ်ပျောက်ကင်းခြင်း မရှိသေး။

အဆိပ်မတက်အောင်တော့ ထိန်းသိမ်းနိုင်လေရာ အသက်အန္တရာယ်စိုးရိမ်စရာ အခြေအနေမျိုး မရှိတော့ပါ။

ကျင်းယုလိုင် အနေဖြင့် သာမန်ရိုးရိုး လှုပ်ရှားသွားလာမှုများလုပ်နိုင်လာသည်။

သို့သော် အတွင်းအား စိတ်တိုင်းကျ စုစည်းလည်ပတ်ခြင်း မလုပ်နိုင်။

သည်တော့ သူ၏သိုင်းပညာကိုလည်း ထိထိမိမိ အစွမ်းပြလောက် အသုံးမချနိုင်။

အတွင်းအား ဆုံးရှုံးသွားသော သိုင်းသမားတစ်ယောက်လိုမျိုး ဖြစ်၍နေသည်။

မိမိတတ်သိသမျှ ပြုစုကုသပေးခဲ့ပြီဖြစ်ရာ ကျင်းယုလိုင်၏ အခြေအနေ ပိုမိုကောင်းမွန်လာရေးအတွက် မိမိထက် ပိုမိုတတ်သိသော သိုင်းပညာရှင် ဆရာကြီးများထံ သွားရောက်အကူအညီ တောင်းမှ ဖြစ်တော့မည်ဟု ကေမိဝါ စဉ်းစားမိသည်။



ဤသို့ စဉ်းစားမိသောအခါ ရှောင်လင်ဂိုဏ်းကို သတိရလာသည်။

“ရှောင်လင်ဂိုဏ်း ဌာနချုပ်စခန်း ဘယ်မှာရှိတယ်ဆိုတာ သိလား”

ရှောင်လင်ဂိုဏ်းသို့ သွားရောက် အကူအညီတောင်းရန် ခရီးကူးရသောကြောင့် ကေမိဝါက ကျင်းယုလိုင်ကို မေးမြန်းကြည့်မိသည်။

“ဟာ…သိတာပေါ့၊ ရှောင်လင်ဂိုဏ်းဆိုတာ အထင်ရှားဆုံး သိုင်းဂိုဏ်းကြီး တစ်ခုပဲ”

“ရှောင်လင်ဂိုဏ်း ဌာနချုပ်စခန်းက ဒီနေရာကဆိုရင် အတော်ဝေးသလား”

“သိပ်မဝေးပါဘူး၊ ခရီးပြင်းနှင်မယ်ဆိုယင် သုံးရက်လောက်နဲ့ ရောက်နိုင်တယ်၊ အေးအေးဆေးဆေး သွားမယ်ဆိုရင်တော့ ခုနစ်ရက်၊ တစ်ပတ်ခရီးလောက်တော့ ရှိလိမ့်မယ်”

“ကျွန်မတို့ အဲဒီကို သွားကြရအောင်လား”

“ဘယ်ကိုလဲ”

“ရှောင်လင်ဂိုဏ်း ဌာနချုပ် စခန်းကိုလေ”

“ဘာသွားလုပ်မှာလဲ”

“ရှင့်ရဲ့ အဆိပ်ဒဏ် ရှင်းရှင်းပျောက်သွားအောင် ကုသဖို့ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ကျင်းယုလိုင်က ခေတ္တစဉ်းစားလိုက်ပြီး...

"ရှောင်လင်ဂိုဏ်းဟာ လမ်းမှန်ကမ်းမှန် သိုင်းအဖွဲ့တစ်ခု ဖြစ်ပြီး ဘေးဒုက္ခရောက်နေတဲ့လူတွေကို ကူညီပေးတာကတော့ မှန်ပါတယ်၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းမှာ ထုံးတမ်းစဉ်လာ စည်းကမ်းသတ်မှတ်ချက်တွေက အတော့်ကို များတယ်၊ စည်းကမ်းလဲ ကြီးတယ်၊ သူတို့ဂိုဏ်း ဌာနချုပ်စခန်းကို သွားပြီး အကူအညီ တောင်းတိုင်းလဲ သူတို့က ကူညီဆောင်ရွက်ပေးကြတာ မဟုတ်ဘူး၊ ပြီးတော့ သူတို့က အဆိပ်ဒဏ် သင့်နေတယ်ဆိုပေမယ့် အသက်အန္တရာယ် ဖြစ်လောက်တဲ့ အခြေအနေ မဟုတ်တော့ဘူးလေ၊ တို့က ရှောင်လင်ဂိုဏ်းဝင်လဲ မဟုတ်၊ ရှောင်လင်ဂိုဏ်းနဲ့ ဆက်နွယ်ပတ်နေတဲ့သူလဲ မဟုတ်တော့ တို့ကို ကူညီပေးဖို့ သူတို့အနေနဲ့ အခက်အခဲ ရှိနိုင်တယ်"

"ဒါဆိုရင် ရှင်နဲ့ ဆက်သွယ်ပတ်သက်ပြီး ရှင့်မှာ သင့်နေသေးတဲ့ အဆိပ်ဒဏ်တွေ လုံးလုံး ပျောက်သွားအောင် ကူညီကုသပေးနိုင်တဲ့ သိုင်းပညာရှင်ကြီးတွေကော မရှိဘူးလား"

"ရှိပါတယ်၊ ဒါပေမယ့် သူတို့ဆီကို အရောက်သွားဖို့ ခရီး အတော်ဝေးတယ်"

"ခရီး ဘယ်လောက်ဝေးဝေး သွားရမှာလဲ"

"ဟ...မင်းကို အားနာစရာဖြစ်..."

"ရှင်နဲ့ ကျွန်မနဲ့က တစ်ခရီးတည်းအတူ သွားဖော်တွေ ဖြစ်နေပြီလို့ ပြောပြီးပြီပဲ၊ ဘာများ အားနာစရာ ရှိသေးလဲ"

"မင်းအတွက် အချိန်လင့်ပြီး ထိခိုက် ဆုံးရှုံးသွားတာမျိုး



တို့က မဖြစ်စေချင်ဘူး"

"ရှင် ဘာကို ဆိုလိုတာလဲ"

"မင်းအတွက် အကျိုးအမြတ် အများကြီး ဖြစ်ထွန်းနိုင်မယ့် ခရီးလမ်းဆုံးနေရာက မဝေးတော့ဘူး မဟုတ်လား၊ စင့်မော်ဘုံ ကျောင်းပျက်ကြီးကို မင်း မသွားတော့ဘူးလား"

"အခုလောလောဆယ် ရှင့်အတွက် အဆိပ်တွေ ပျောက်ပြယ်အောင် ကုသဖို့ ပိုအရေးကြီးတယ်လေ၊ ရှင့်အတွက် စိတ်ချလက်ချဖြစ်အောင် လုပ်ပြီးမှ စင့်မော်ဘုံ ကျောင်းပျက်ကြီးကို သွားလဲ ဖြစ်နိုင်ပါတယ်"

"အဲဒီလိုဆိုရင် မင်းအတွက် အချိန်အတော်ကို နောက်ကျသွားနိုင်တာပေါ့"

"နောက်ကျသွားလဲ ကိစ္စမရှိပါဘူး၊ အမှန်အတိုင်း ပြောရရင် ကျွန်မအနေနဲ့ အခုလို ခရီးရှည်ထွက်လာတဲ့အတွက် လမ်းခရီး အတွေ့အကြုံတွေ အတော်များများ ရခဲ့တာကိုကပဲ အကျိုးအမြတ် ရှိနေပါပြီ"

ကျင်းယုလိုင်သည် ခေတ္တမျှ စဉ်းစားလိုက်ပြန်ကာ...

"စင့်မော်ဘုံကျောင်းပျက်ကြီးမှာ ဘယ်လိုပစ္စည်းတွေ ရှိနေတယ်ဆိုတာ မင်း သိရဲ့လား"

"အတိအကျတော့ ဘယ်လိုလုပ် သိနိုင်မှာလဲ၊ အဖိုးထိုက်တန်တဲ့ ပစ္စည်းတွေ ရှိနိုင်တယ်ဆိုတာလောက်ပဲ မှန်းဆကြည့်ရတာပေါ့"

"ရွှေဒင်္ဂါးသေတ္တာ ဆယ့်နှစ်လုံးရှိတယ်၊ သေတ္တာတစ်လုံးစီ

www.burmeseclassic.com

www.burmeseclassic.com



မှာ ရွှေဒင်္ဂါးတစ်ထောင်စီ ပါတယ်"

"ဟာ... များလှချည်လား"

"ဟုတ်တယ်၊ မင်း အဲဒီ ရွှေဒင်္ဂါးတွေ မလိုချင်ဘူးလား"

"အခွင့်ကောင်းကြုံပြီး ထိုက်သင့်လို့ ရနိုင်မယ်ဆိုရင်တော့ ယူချင်တာပေါ့၊ ဒါပေမယ့် ရကောင်းစေဆိုပြီး အရမ်းမက်မက်မော မောတော့ မလိုချင်ပါဘူး၊ ဒါနဲ့ ရှင်ပြောတဲ့ ရွှေဒင်္ဂါးသေတ္တာတွေက စင့်မော်ဘုံကျောင်းပျက်ကြီးရဲ့ ဘယ်နေရာမှာ ရှိနေတာလဲ"

"တို့ စိတ်ထင် ပြောရရင် မြေအောက်ခန်း တစ်ခုခု၊ ဒါမှ မဟုတ် လျှို့ဝှက်ခန်း တစ်ခုခုထဲမှာ ရှိလိမ့်မယ်"

"ရွှေဒင်္ဂါး သေတ္တာတွေက အဲဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

"ဒီကိစ္စက တို့အတွက် လျှို့ဝှက်ချက်ပဲ၊ ဒါပေမယ့် မင်း အနေနဲ့တော့ အစအခြေအနေမှာ သိသင့်ပါတယ်၊ ဒါကြောင့် ပြောပြ မယ်"

"အင်း... ဆိုစမ်းပါဦး၊ ဘယ်လိုများတဲ့လဲ"

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော် နှစ်နှစ်လောက် အချိန်တုန်း က ကျားပျံ သယ်ယူပို့ဆောင်ရေး အဖွဲ့ရဲ့ မြင်းလှည်းအုပ်စုတစ်စုဟာ ရွှေဒင်္ဂါးသေတ္တာ ဆယ့်နှစ်လုံးကို တာဝန်ခံ သယ်ယူလာခဲ့တာ စင့် မော်ဘုံကျောင်းပျက်နားမှာ စခန်းချ ရပ်နားနေတုန်း သစ်စိမ်းဂိုဏ်း သားတွေက တိုက်ခိုက် လုယက်သွားခဲ့ကြတယ်၊ အဲဒီ ရွှေဒင်္ဂါးတွေဟာ တိုင်းပြည်ဘဏ္ဍာတွေ ဖြစ်နေတာမို့ ကျားပျံသယ်ယူပို့ဆောင်ရေး အဖွဲ့အတွက် ပိုပြဿနာ တက်ခဲ့ရတာပေါ့"



"သစ်စိမ်းဂိုဏ်းနဲ့ သွားပြီး စာရင်းမရှင်းကြဘူးလား"

"ဘယ်နေမှာလဲ... သွားတာပေါ့၊ ဒါပေမယ့် သစ်စိမ်း ဂိုဏ်းက ဒီကိစ္စဟာ သူတို့ဂိုဏ်းနဲ့ မပတ်သက်ဘူး၊ သူတို့ ဂိုဏ်းဝင် တချို့က ကိုယ့်သဘောနဲ့ကိုယ် လုပ်ခဲ့ကြတာလို့ ငြင်းပယ်တယ်၊ သူတို့ ဂိုဏ်းဝင်တချို့ ကိုယ့်သဘောနဲ့ကိုယ် လုပ်ခဲ့တဲ့အတွက်ပဲ တောင်းပန် စကား ပြောတယ်၊ ပြီးတော့ ရွှေဒင်္ဂါးသေတ္တာတွေကလဲ စုပ်စမြုပ်စကို ပျောက်နေတာဆိုတော့ ခက်နေပြန်တာပေါ့၊ ဒီလောက်များပြားတဲ့ ရွှေဒင်္ဂါးတွေ ပျောက်ကွယ်နေတာကို ထောက်ရင် တစ်နေရာရာမှာ ဝှက်ထားရမယ်လို့ ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့က တွက်တယ်၊ ဝှက်နိုင်မယ့်နေရာဟာလဲ စင့်မော်ဘုံကျောင်းပျက်ထဲမှာပဲ ဖြစ်ဖို့များ တယ်ဆိုပြီး လိုက်ရှာကြည့်ကြပေမယ့် မတွေ့ခဲ့ဘူး၊ အင်း... အခု တော့ ရွှေဒင်္ဂါး သေတ္တာတွေဟာ စင့်မော်ဘုံကျောင်းပျက်ရဲ့ မြေ အောက်ခန်း ဒါမှမဟုတ် လျှို့ဝှက်ခန်း တစ်ခုခုမှာ ထည့်ဝှက်ထား မယ် ဆိုတာကတော့ သေချာသလောက် ရှိနေပါပြီ"

"ဟိုဖိန့်တို့ ဝန်ယုကောင်းတို့က သစ်စိမ်းဂိုဏ်းသားတွေ လား"

"မဟုတ်ပါဘူး၊ သူတို့က သစ်စိမ်းဂိုဏ်းသားတွေ လက်ထဲ က သူခိုးလက်က သူဝှက်လုဆိုတာလိုမျိုး ရွှေဒင်္ဂါးသေတ္တာတွေကို ဖြတ်လုထားလိုက်ကြတာ"

"ဒါနဲ့ နေပါဦး၊ ရှင်က ဒီအကြောင်းတွေကို ဘယ်လိုလုပ် သိနေတာလဲ"

"တို့က ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ အမှုထမ်း

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားတစ်ယောက်ပဲ၊ ရှေးဂါးသေတ္တာတွေကို စုံစမ်းရှာဖွေဖော်ထုတ်ပေးဖို့ အတူးတာဝန်ယူထားရတယ်"

➤ ➤ ➤

ကျင်းယုလိုင်ကို နောင်မင်းဟန်းရွာတွင် စတင် တွေ့ဆုံသိကျွမ်းခဲ့စဉ်ကပင် လျှို့ဝှက်ချက်တွေရှိသည့် လူတစ်ယောက်ပု ထင်နေခဲ့သည်။

ကျင်းယုလိုင်၏ လျှို့ဝှက်ချက်များကိုလည်း သိလိုနေခဲ့သည်။

ယခုတော့...

ယခုတော့ သိလိုနေသော လျှို့ဝှက်ချက်များကို ကေမိဝ်သိရပေပြီ။

"အင်း အခုမှပဲ ဇာတ်ရှည်လည်ရတော့တယ်၊ ရှေးဂါးတွေဟာ တိုင်းပြည်ဘဏ္ဍာတွေ ဖြစ်နေတာဆိုတော့ ကျွန်မအဖို့ ဗိုလ်မလိုချင် မတပ်မက်တော့ဘူး၊ ဒါပေမယ့် တိုင်းပြည်ဘဏ္ဍာတွေ ဆုံးရှုံးရအောင်တော့ ရှင်နဲ့အတူ ပူးပေါင်းပြီး ဆက်လုပ်ရှားရမှာပေါ့ ဒါပေမယ့် အခုလောလောဆယ်မှာတော့ ရှင့်အတွက် အဆိပ်ဖြေ ကုသပေးနိုင်မယ့် နေရာကို သွားကြမယ်၊ ဘယ်ကို သွားရမလဲဆိုတာ သာ ပြောပေတော့"

ဇာတ်လမ်းအစုံ သိရသောအခါ ကေမိဝါက ပြောသည်။

"မင်းဆီက အခုလို စကားမျိုးကြားရတာ တို့အများကြီး



ဝမ်းသာပါတယ်၊ တို့မှာ သင့်နေတဲ့ အဆိပ်တွေကို လုံးဝ ကင်းစင်ပပျောက်သွားအောင် ကုသပေးနိုင်တဲ့ သိုင်းပညာရှင်ကြီးကလဲ ဝေးဝေးလံလံမှာ မဟုတ်ပါဘူး၊ လို့ရန်မြို့ထဲက အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းပါပဲ"

"သြော်... ရှင်က အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းနဲ့ သိကျွမ်းနေတာကိုး"

"ဟာ...မဟုတ်တာ၊ တို့က ဘယ်လိုလုပ်ပြီး အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းလို အကျော်အမော် သက်ကြီးရွယ်အို သိုင်းပညာရှင်ကြီးတစ်ယောက်နဲ့ အသိအကျွမ်း ဖြစ်ရမှာလဲ၊ တို့ရဲ့ ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ ဦးစီးသိုင်းဆရာကြီး တိုက်ချိန်စန်းကသာ သူနဲ့ သိကျွမ်းတာပါ၊ အဆိပ်အန္တရာယ်ကြုံရရင် အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းဆီကို သွားပြီး အကူအညီတောင်း ကုသဖို့ တို့ရဲ့ ဦးစီးသိုင်းဆရာကြီးက မှာလိုက်တယ်၊ လိုရမယ်ရ မိတ်ဆက်စာလဲ ရေးပေးလိုက်တယ်"

"အဲဒီလိုမျိုး စောစောက ပြောလိုက်မြီးရော၊ ကျွန်မမှာဖြင့် ရှင့်အတွက် စိတ်ပူပန်ပြီး နည်းလမ်းရှာ စိတ်ကူးနေလိုက်ရတာ တကာည်း"

"တို့အတွက် စိတ်ပူပန်တယ်ဆိုတာ တကယ်လား"

"တော်စမ်းပါ၊ ကိုင်း...သွားကြစို့"

"ဘယ်ကို သွားမှာလဲ"

"လို့ရန်မြို့ထဲကိုပေါ့၊ မြို့တံခါးမပိတ်ခင် အိမ်ရောက်အောင် အမြန်သွားမှ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းယုလိုင်နှင့် ကေမိဝါတို့သည် ရွာပျက် နေရာလေးမှ ထွက်ကာ လို့ရှန်မြို့သို့ အမြန်လာခဲ့ကြသည်။

ကျင်းယုလိုင်မှာ အတွင်းအားစုစည်းမှု ကောင်းစွာ မလုပ်နိုင်သော်လည်း ပုံမှန် လှုပ်ရှားသွားလာမှုများကိုတော့ လုပ်ဆောင်နိုင်သည့်အတွက် ခရီးသိပ်မဖင့်လှပေ။

မြို့တံခါးမပိတ်မီ လို့ရှန်မြို့သို့ ရောက်ရှိ သွားခဲ့ကြလေသည်။ ခရီးတွင်ရန် စိတ်စောနေသောကြောင့် ကေမိဝါသည် ခြေရာလက်ရာများကို သေသေချာချာ မဖျောက်မိခဲ့ကြပေ။

ထို့ကြောင့် ဖီးကွက်စိမ်းက သူတို့နှစ်ယောက်ကို ခြေရာခံသွားခဲ့လေသည်။

➤ ➤ ➤

ကျင်းယုလိုင်နှင့် ကေမိဝါတို့ ယိုပန်းဟော် ရှေ့မှောက်သို့ ရောက်ရှိသွားကြသည်။

"မင်းအတွက် အန္တရာယ်တွေ ပေါ်နိုင်တာကြောင့် လိုအပ်ရင် ကူညီစောင့်ရှောက်ပေးဖို့ ကျန်းယီနဲ့ လူအချို့ စေလွှတ်ထားတယ် ကြာပန်းအဆိပ်မယ်နဲ့ မင်းတို့ ရင်ဆိုင်တိုက်ခိုက်နေကြတာတွေ့လို့ ငါ့လူတွေက ဝင်ကူညီ ပေးခဲ့ပြီးတဲ့နောက်၊ မင်းတို့ တစ်ခါတည်း ခြေရာပျောက်သွားကြတယ်လို့ သိရတယ်၊ ဘေးအန္တရာယ် ကင်းကြရဲ့လား"



ယိုပန်းဟော်က ပြောသည်။

ဤအခါတွင်မှ လို့ရှန်မြို့မှအထွက် ထောက်ရှောင်လိတို့၏ ရန်ပြုတိုက်ခိုက်မှုကို ရင်ဆိုင်ရစဉ် ဝင်ရောက်ကူညီ တိုက်ခိုက်ပေးခဲ့ကြသူများမှာ ယိုပန်းဟော်၏လူများဖြစ်ကြောင်း ကေမိဝါ သိရှိရလေတော့သည်။

"အဲဒီလူတွေက ဘဘရဲ့ လူတွေကိုး၊ သူတို့ ဝင်ကူညီပေးလို့ အသက်ဘေးရန်က လွတ်ခဲ့ပါတယ်၊ ဒါပေမယ့် ဟောဒီက ကျွန်မရဲ့ မိတ်ဆွေကတော့ ကြာပန်းအဆိပ်မယ်ရဲ့ အဆိပ်အပ် အထိခံရပြီး အဆိပ်သင့်ခဲ့ပါတယ်၊ အဲဒါ သူ့ကို ကုသပေးဖို့ တောင်းပန် အကူအညီတောင်းရအောင် ကျွန်မတို့ ရောက်လာတာပါ"

ကေမိဝါက ပြန်ပြောပြီး ယိုပန်းဟော်ကို ကျင်းယုလိုင်နှင့် မိတ်ဆက်ပေးသည်။

ကျင်းယုလိုင်ကလည်း မိမိတို့ ကျားပျံသယ်ယူပို့ဆောင်ရေး အဖွဲ့၏ ဦးစီးသိုင်းသမားကြီး တိုက်ချိန်စန်း ရေးပေးလိုက်သော မိတ်ဆက်စာကို ထုတ်ပေးသည်။

"ဖခင်ကြီးက သီးသန့် အေးအေးချမ်းချမ်း နေထိုင်နေတာဆိုတော့ အဆိပ်ဖြေ ဆေးကုတာတွေ ဘာတွေလဲ မလုပ်တော့ပါဘူး၊ ဒါပေမယ့် ဘာမှမပူကြနဲ့၊ ဒီမောင်ရင်လေးမှာ သင့်နေတဲ့ အဆိပ်တွေ ချက်ပြယ်ကုန်အောင် ငါကပဲ ဖခင်ကြီးကိုယ်စား ကုသပေးပါ့မယ်"

မိတ်ဆက်စာကို စာဖတ်ကြည့်ပြီးနောက် ယိုပန်းဟော်က ပြောသည်။

"ဟုတ်ကဲ့…ကျေးဇူးကြီးလှပါတယ် ဘဘခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းယုလိုင်က ဦးညွှတ်အရိုအသေ ပေးပြီးပြော၏။

"ဒီမှာ ခဏစောင့်နေကြဦး၊ မင်းတို့ ရောက်လာကြတဲ့အကြောင်း ဖခင်ကြီးကို ပြောပြလိုက်ဦးမယ်၊ ကေမိဝါကို ခြေရာခံမရဘဲ ပျောက်နေတာကြောင့် ဖခင်ကြီး စိုးရိမ်မကင်း ဖြစ်နေတယ်၊ အကျိုးအကြောင်း သိချင်နေတယ်"

ဤသို့ပြောပြီး ယိုပန်းဟော် ထွက်သွားသည်။

ကျင်းယုလိုင်နှင့် ကေမိဝါတို့နှစ်ယောက် အခန်းထဲတွင် ကျန်ရစ်နေခဲ့သည်။

သူတို့နှစ်ယောက်သည် စကားမပြောဖြစ်ကြ။

ယိုပန်းဟော် အလာကို နှုတ်ဆိတ်စွာဝင် စောင့်ဆိုင်းနေကြသည်။

အချိန်အနည်းငယ်အကြာတွင် ယိုပန်းဟော် ပြန်ရောက်လာသည်။

သူနှင့်အတူ အိမ်အမှုထမ်းဖြစ်ဟန်တူသော အဘိုးအိုတစ်ယောက် ပါလာသည်။

"ကေမိဝါရေ...ဖခင်ကြီးက မင်းကို သူ့ဆီလွှတ်လိုက်ဖို့ ပြောလိုက်တယ်၊ ဒီတော့ ဟောဒီလူနောက် လိုက်သွားပေတော့"

မိမိဘာသာ သီးသန့် နေထိုင်နေသော အဆိပ်နဂါးမင်း ယိုလိုင်ဝမ်းက မိမိကို တွေ့လိုသည်ဆိုသောကြောင့် ကေမိဝါ အံ့သြသွားသည်။

ပထမအခေါက် သူ့ကို ဂါရဝပြုရန်ရောက်စဉ်က တွေ့ခွင့်မရခဲ့ဘဲ ယခု ကျင်းယုလိုင်၏ အဆိပ်ဒဏ်ကို ကုသပေးဖို့ အကူအ



ညီတောင်းရန် ရောက်သည့်အခါတွင်မှ ယိုလိုင်ဝမ်း၏ ရှေ့မှောက်သို့ ဝင်ရောက်ခွင့်ရသည်ကိုတော့ ထူးခြားသည်ဟု ကေမိဝါ ထင်သည်။

အိမ်အမှုထမ်း အဘိုးအိုနောက်သို့ ကေမိဝါ လိုက်လာခဲ့သည်။

➤ ➤ ➤

အိမ်အမှုထမ်း အဘိုးအိုက ကေမိဝါကို ဝင်းခြံကြီး၏ အနောက်ဘက်ပိုင်းတွင် ရှိသော အိမ်ငယ်လေးတစ်ခုသို့ ခေါ်သွားသည်။

အိမ်လေးမှာ ဝါးဖြင့် ဆောက်လုပ်ထားသည်။ ခပ်သေးသေးပင် ဖြစ်သည်။

သီးသန့်ဝင်းခြံခတ်ထားသည်။

အခြား အဆောက်အအုံများနှင့် အတန်ပင် လှမ်းသည်။

"အဲဒီ အိမ်လေးထဲကို ဝင်သွားပါ"

ဝင်းခြံလေး၏ တံခါးဝနားကို ရောက်သောအခါ လမ်းပြခေါ်လာသူ အိမ်အမှုထမ်း အဘိုးအိုက ပြောသည်။

"အခုလို လမ်းပြပေးတာ ကျေးဇူးတင်ပါတယ် ဘိုးဘိုး"

ကေမိဝါက ကျေးဇူးတင်စကားဆိုပြီး ဝင်းခြံလေးထဲသို့ အသာ လျှောက်လှမ်းဝင်လာသည်။

အိမ်အမှုထမ်း အဘိုးအိုတမူ ကေမိဝါနှင့်အတူ လိုက်မလာ။

ဝင်းခြံအဝင်ဝနားတွင် မတ်တတ်ရပ်လျက် ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးအိမ်လေးရှေ့သို့ ကေမိဝါ ရောက်သွားသည်။

"အထဲကို ဝင်လာခဲ့ပါ ငါ့မြေး"

ဝါးအိမ်လေးထဲမှ မတိုးမကျယ် အသံ ပေါ်ထွက်လာလေသည်။

အသံ တည်ငြိမ်အေးချမ်းသည်။

ကေမိဝါသည် ခြေကိုဖွနင်းကာ စေ့ရုံစေ့ထားသော ဝါးတံခါးလေးကို အသာတွန်းဖွင့်ကာ အိမ်လေးထဲသို့ ဝင်လာခဲ့သည်။

အိမ်ရှေ့ခန်းတွင် ထိုင်ခုံတစ်ခုတလေမျှ မရှိ။

ကြမ်းပြင်ပေါ်တွင် ဖျာချောများသာ အပြည့်ခင်းထားသည်။

ဖျာပေါ်တွင် အဘိုးအိုနှစ်ယောက် ထိုင်နေသည်။

နှစ်ယောက်လုံး အတော်ပင် အသက်အရွယ် ကြီးရင့်အိုမင်းနေကြပြီ။

အသက်ကြီးနေကြသော်လည်း သန်သန်မာမာတော့ ရှိကြဆဲ...

အဘိုးအိုတစ်ယောက်က အညိုရင့်ရောင် ဝတ်စုံကြီး ဝတ်ထားသည်။

ကျန်အဘိုးအိုကတော့ အဖြူရောင်ဝတ်စုံ ခပ်ပါးပါး ဝတ်ထားသည်။

နီညိုရောင်ဝတ်စုံ ဝတ်ထားသူ၏ ခေါင်းတွင် ဆံပင်မရှိ၊ ခေါင်းတုံးပြောင်ကြီး ဖြစ်သည်။

အဖြူရောင်ဝတ်စုံဝတ် အဘိုးအိုကတော့ ဆံပင်ရှိသည်။



ဆံပင်အားလုံး ဖြူဖွေးနေသည်။

အဘိုးအိုနှစ်ယောက်အနက် မည်သူသည် အဆိပ်နဂါးမင်း ယိုလိုင်ဝမ်း ဖြစ်သည်ကို ကေမိဝါ မသိ။

"ဘိုးဘိုးကို မြေးမလေး ကေမိဝါ ကန်တော့ပါတယ်ရှင်"

အဘိုးအိုနှစ်ယောက်လုံးက ကေမိဝါအတွက် ဆုမွန်များ တော့ပြောင်းကြသည်။

"ဟောဒါက ရှောင်လင်ဂိုဏ်း တာ့မိုဆောင်ရဲ့ အဆောင်မှူး ကျောက်ရိန် ဖြစ်တယ်၊ လို့ရန်မြို့အထိ ခရီးထွက်လာရင်း ငါ့ဆီမှာ တည်းခိုနေထိုင်နေတာပဲ၊ သူက ငါ့မြေးရဲ့အဘိုး ကေဟုန်ချိန်ရဲ့ အခြေအနေ သတင်းတွေ သိချင်လို့တဲ့၊ ဒါကြောင့် ငါ့မြေးကို အခုလို ခေါ်တွေ့တာပဲကွယ်"

အဖြူရောင်ဝတ်စုံဝတ် အဘိုးအိုက ပြောသည်။

ရှောင်လင်ဂိုဏ်း တာ့မိုအဆောင်မှူးနှင့် ယခုလို တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံရသည့်အတွက် ကေမိဝါ အတော်ပင် ဝမ်းမြောက်သည်။

ကေမိဝါက ကျောက်ရိန်ကို ဦးညွတ် အရိုအသေ ပေးလိုက်ပြီး...

"ဘိုးဘိုးက ရှောင်လင်ကျောင်းတော်ကို ဝင်ရောက်ပြီး တာ့မိုအဆောင်မှူး ဆရာကြီးကို တွေ့ဆုံဂါရဝပြုဖို့ မှာလိုက်ပါတယ်၊ ခရီးလမ်း မသင့်လို့ မရောက်နိုင်သေးတာပါ"

ကေမိဝါက ဆက်လက်၍ အဘိုး ကေဟုန်ချိန် ကျောက်စိမ်းမြို့စခန်းတွင် အေးချမ်းစွာ နေထိုင်လျက်ရှိမှုနှင့် မိမိကို ရှောင်လင်

www.burmeseclassic.com



သိုင်းပညာများ အမွေပေး သင်ကြားပေးခဲ့ပုံ အကြောင်းများကို ပြောပြသည်။

မိမိနှင့်အတူ ပါလာသော ရှောင်လင်တမန် ကျောက်စိမ်းအင်းကွက်ကို ထုတ်ယူ၍ ကျောက်ရန်၏လက်သို့ အပ်သည်။

"ငါ့မြေး တတ်မြောက်ထားတဲ့ ရှောင်လင်သိုင်းပညာ အစွမ်းအစတွေကို ပြစမ်းပါဦး"

ရှောင်လင်တမန် ကျောက်စိမ်းအင်းကွက်ကို လက်ခံရယူပြီး နောက် ကျောက်ရန်က ပြောသည်။

ထိုအခါ ကေမိဝါသည် အဘိုးဖြစ်သူ သင်ပြလေ့ကျင့်ပေး ထားသော မိုးကြိုးဓားသိုင်း၊ လေလှိုင်း လက်ဝါးသိုင်းနှင့် နဂါးပျံကျား ပွတ်သိုင်းတို့ကို လှုပ်ရှား ကစားပြသည်။

ကေမိဝါ၏ သိုင်းဟန် လှုပ်ရှားမှုများကို ကြည့်ပြီး အဘိုးကြီးနှစ်ယောက်လုံး ခေါင်းတညိတ်ညိတ် ဖြစ်နေကြသည်။

သိုင်းဟန်လှုပ်ရှားမှု မှန်ကန်ကာ စည်းစနစ်ကျသည်ဟု ကျောက်ရိန်က မကြာခဏပင် ထုတ်ဖော်ချီးမွမ်းသည်။

"ငါ့မြေးမှာ ရန်ပြုမယ့်လူတွေရဲ့ ဘေးအန္တရာယ်တွေ ရှိနေတယ်လို့ သိရတယ်၊ ဘယ်လိုအန္တရာယ်တွေ ဘာကြောင့် ပေါ်ပေါက်နေတယ်ဆိုတာ ပြောပြပါလား"

ကေမိဝါ သိုင်းကွက်လှုပ်ရှား ပြသပြီးစီးသောအခါ ယိုလိုင်ဝမ်းက မေးသည်။

ကေမိဝါကလည်း ဝန်ယုကောင်းနှင့် တွေ့ဆုံခဲ့သည်မှ အစ ပြု၍ ကာ ယခု နောက်ဆုံး သည်အိမ်ဂေဟာသို့ ရောက်လာသည်အထိ



ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို မခြွင်းမချန် ပြောပြသည်။

"ထောက်ရှောင်လီနဲ့ ငါ့မြေးက ထိပ်တိုက် ရင်ဆိုင်တိုးကြရ တော့မှာကိုး၊ ထောက်ရှောင်လီဟာ ထိပ်တန်းသိုင်းအကျော်အမော် တစ်ယောက် မဟုတ်ပေမယ့် သူ့ရဲ့ အဆိပ်သိုင်းကွက်နဲ့ အဆိပ်လက် နက်တွေကတော့ ကြောက်စရာကောင်းတယ်၊ ပြီးတော့ သူက အကောက်ဉာဏ်တွေ ပရိယာယ်တွေ ဲ များတယ်၊ ထောက်ရှောင် လီနဲ့ ရင်ဆိုင်ရတဲ့အခါ သူ့ရဲ့ ပရိယာယ်ဆင်ကွက်ထဲ တိုးမဝင်မိ အောင်ရယ် အဆိပ်လက်နက်တွေ ရယ်ကို အထူးသတိထား"

ယိုလိုင်ဝမ်းက ပြောသည်။

"ငါ့မြေးက ရှောင်လင်တမန် ကျောက်စိမ်းအင်းကွက် ပြန် ညှိပေးအပ်တာကို တုံ့ပြန်ချီးမြှင့်တဲ့အနေနဲ့ 'တံလျှပ်ရှောင်တိမ်း ကွက်'ကို သင်ပြပေးမယ်၊ နေရာထိုင်ခင်းကိုတော့ မိတ်ဆွေကြီး ယို လိုင်ဝမ်းဆီကပဲ အကူအညီ တောင်းရမှာပဲ"

ကျောက်ရန်က ဤသို့ပြောရာ ယိုလိုင်ဝမ်းက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ကာ...

"ဖြစ်ပါတယ်၊ ဒီအတွက် ဘာမှပူမနေနဲ့"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



ကျင်းယုလိုင်နှင့် ကေမိဝါတို့သည် အဆိပ်နဂါးမင်း ယိုလိုင်ဝမ်း၏ အိမ်ဂေဟာတွင်း (၇)ရက် တည်းခိုနေထိုင်ခဲ့ကြသည်။

ထိုရက်များအတွင်း ယိုပန်းဟော်က ကျင်းယုလိုင်တွင် သင့်နေသော အဆိပ်များ ပျောက်ပြယ်သွားအောင် ကုသပေးသလို ကျောက်ရန်ကလည်း ကေမိဝါကို 'တံလျှပ်ရှောင်တိမ်းကွက်'များ သင်ကြားလေ့ကျင့်ပေးသည်။

ဤအိမ်ဂေဟာတွင် ကျောက်ရန်နှင့် ခရီးကြုံကာ တွေ့ဆုံရသည်မှာ ကေမိဝါအတွက် ကုသိုလ်ကံ ကောင်းသည်ဟု ဆိုရပေမည်။

ရှောင်လင်ဂိုဏ်းသည် အမျိုးသမီးများနှင့် ကင်းကင်းရှင်းရှင်း နေရသည့် ထုံးတမ်းစဉ်လာ ရှိပေရာ၊ အကယ်၍ ကေမိဝါသည် တာ့မိုအဆောင်မှူးကျောက်ရန်ကို ရှောင်လင်ကျောင်းတော်တွင် သွားရောက် တွေ့ဆုံမည်ဆိုလျှင် မျက်နှာချင်းဆိုင် တွေ့ဆုံခွင့်ရရန်ပင် လွယ်မည်မဟုတ်။

ထို့ပြင် ကျောက်ရန် အနေဖြင့်လည်း ကေမိဝါကို ရှောင်လင်ကျောင်းတော်၏ ပရဝုဏ်အတွင်း၌ သိုင်းပညာများ သင်ကြားလေ့ကျင့်ပေး၍ မဖြစ်နိုင်ပေ။

ယခု ဤအိမ်ဂေဟာတွင် ကျောက်ရန်သည် ဧည့်သည်ဖြစ်နေရာ အိမ်ရှင်ယိုလိုင်ဝမ်းကို လာရောက် တွေ့ဆုံသော ကေမိဝါ ခရီးသွားဟန်လွှဲ ဆိုသလို လက်ခံ တွေ့ဆုံနိုင်သည့်အပြင် အိမ်ရှင်၏ မြေးတပည့်လေးအဖြစ် သတ်မှတ်ကာ သိုင်းပညာ သင်ပြပေးခြင်းလည်း လုပ်နိုင်ခဲ့ပေသည်။

ဤသို့ လုပ်ဆောင်မှုအတွက် ကျောက်ရန်အနေဖြင့် ရှော



လင်ကျောင်းတော်သို့ ပြန်ရောက်သောအခါ အပြစ်ဖြေ*ဝန်ဆောင်မှု အထိုက်အသင့်တော့ လုပ်ဆောင်ရလိမ့်မည်။

ထိုခုနစ်ရက်တာသော အချိန်အတွင်း ကျင်းယုလိုင်တွင် သင့်နေသော အဆိပ်အားလုံး ပြေပျောက် သန့်စင်သွားသလို ကေမိဝါမှာလည်း တံလျှပ်ရှောင်တိမ်းကွက်များကို အတော်ပင် နားလည်တတ်ကျွမ်းလာခဲ့ပေသည်။

ထောက်ရှောင်လီတို့၏အန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကာ ရွှေဒင်္ဂါးသေတ္တာများကို အပြီးတိုင် ရှာဖွေဖော်ထုတ်ရန် သူတို့နှစ်ယောက် အသင့်ရှိနေကြလေပြီ။

ထောက်ရှောင်လီတို့ကလည်း ကျင်းယုလိုင်နှင့် ကေမိဝါတို့နှစ်ယောက်ကို အသင့်ပင် စောင့်လင့်နေကြ၏။

ဟိုဖိန့်ထံမှ သော့တစ်ချောင်းကို ကြာဖြူက အရယူနိုင်ခဲ့သော်လည်း ကေမိဝါထံမှ သော့တံမရသေးသည့်အတွက် ထောက်ရှောင်လီမှာ ရည်မှန်းချက်အတိုင်း မအောင်မြင်သေးဘဲ နှောင့်နှေးကြန့်ကြာ၍ နေရ၏။

သော့တံနှစ်ချောင်းလုံး မစုံလင်သေးသည့်အတွက် လုအိမ်လိမ်ကလည်း ရွှေဒင်္ဂါးသေတ္တာများ သိမ်းဝှက်ထားရာ မြေအောက်ခန်းကို မပြသသေးပေ။

လုအိမ်လိမ်မှာ အကင်းပါးသူ ဖြစ်သည့်အတိုင်း ယခု ထိုနေရာကို ပြသလိုက်ပြီးလျှင် မိမိကို ထောက်ရှောင်လီတို့က ဖယ်ရှားသုတ် သင်ပစ်နိုင်ကြောင်း တွေးမိသည်။

ဤအခြေအနေတွင် ကေမိဝါသည် အမိကသော့ချက်နေရာ

www.burmeseclassic.com



တွင် ရှိနေရာ ထောက်ရှောင်လီတို့လူစုသည် ကေမိဝါကို အပြင်းအထန် လိုက်လံစုံစမ်းရှာဖွေခဲ့ကြသည်။

ကေမိဝါတို့သည် ဝေးဝေးလံလံသို့ ထွက်သွားနိုင်မည်မဟုတ်ဟု တွက်ဆကာ လိုရန်မြို့ အနီးဝန်းကျင်တွင် ပိုက်စိပ်တိုက်ရှာဖွေနေခဲ့ကြသည်။

ကေမိဝါတို့ ခြေရာဖျောက် အပုန်းအရှောင် ကောင်းနေသောကြောင့် သတင်းအစအန မရနိုင်ဘဲ ရှိနေကြသည်။

သို့သော် ကျင်းယုလိုင်၏အဆိပ်များ ဖြေဖျောက်ကုသနိုင်ရန် လိုရန်မြို့သို့ ကေမိဝါတို့ လာကြသောအခါတွင်တော့ ဓားကွက်စိမ်းက ခြေရာခံမိသွားသည်။

လိုရန်မြို့ထဲတွင် ကေမိဝါတို့ ရှိနေသည်ကို သိသွား၏။

အဆိပ်နဂါးမင်း ယိုလိုင်ဝမ်း၏နေအိမ်ထဲသို့ကား ထောက်ရှောင်လီတို့ ဝင်ရောက်မရှမ်းကားရဲကြပေ။

မိမိပစ်လိုက်သော ပျားနက် အဆိပ်အပ် ထိမှန်ခံရသော ကျင်းယုလိုင်ကို အဆိပ်ဖြေကုသရန်အတွက် အဆိပ်နဂါးမင်းထံ သွားရောက်ခြင်းဖြစ်မည်ဟု ထောက်ရှောင်လီက တွက်၏။

ထို့ကြောင့် ဆေးဝါးကုသပြီး ပြန်ထွက်လာမည့်အချိန်ကို စောင့်ခဲ့ကြသည်။

ထိုသို့ ပြန်ထွက်လာလျှင် အပိုင်အနိုင် တိုက်ခိုက်ချေမှုန်းနိုင်ရန် နည်းလမ်းအစီအစဉ်များ ကြိုဆပြင်ဆင်၍နေ၏။

အဆိပ်နဂါးမင်း ယိုလိုင်ဝမ်း၏နေအိမ်အနီးတွင် ဓားကွက်စိမ်းနှင့် ဓားကွက်ညိုနှစ်ယောက်လုံးကို စောင့်ကြည့်ခိုင်းထားရာ ကေမိဝါတို့ ထွက်လာသည်နှင့် ထိုသတင်းသည် ချက်ချင်းလိုလိုပင် ထောက်ရှောင်လီထံသို့ ရောက်ရှိသွားပေသည်။



ကျင်းယုလိုင်နှင့် ကေမိဝါတို့နှစ်ယောက်သည် စင့်မော်ဘုံကျောင်းပျက်ကြီးဆီသို့ တစ်ခါတည်းပင် ရှေးရှုလာခဲ့ကြလေသည်။

➤ ➤ ➤

ကေမိဝါတို့နှစ်ယောက်သည် ထောက်ရှောင်လီ၊ ကို့ လူစုနှင့် စင့်မော်ဘုံကျောင်းပျက်ကြီး၏ အနောက်ဘက် မိုင်ဝက်သာသာခန့် အကွာတွင် ရင်ဆိုင်မိကြ၏။

ထောက်ရှောင်လီနှင့်အတူ ကြာဖြူ၊ ကြာနီ၊ ကြာညိုတပည့်မလေးသုံးယောက် ယန်ကုန်းမင်းတို့ အစုံအလင်ပင် ရှိနေသည်။

ထောက်ရှောင်လီတို့ လက်တွင်း ရောက်ရှိနေသူ လုအိမ်လိမ်လည်း ပါဝင်နေသည်။

အချိန်က ညနေစောင်း ငလေးနာရီသာသာခန့်။

"သြော်...မင်းတို့နှစ်ယောက် ရောက်လာကြပြီကိုး"

နှစ်ဦးနှစ်ဖက် ရင်ဆိုင်မိသောအခါ ထောက်ရှောင်လီက ခနဲ့သလိုလို ပြော၏။

"ဟုတ်ဘယ်...ရောက်လာပြီ၊ ခင်ဗျားတို့နဲ့ တစ်ခါတည်း အပြတ်ရှင်းရမယ်"

ကျင်းယုလိုင်က ခပ်ပြတ်ပြတ်ပြောပြီး ဓားရှည်ကို ဆွဲထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကေမိဝါကတော့ နဂါးဖြူစားရှည်ကို မထုတ်သေးဘဲ ကျာ ပွတ်ကိုသာ ဆွဲထုတ်ကိုင်ဆောင်လိုက်သည်။

"ကံကောင်းထောက်မလို့ သေတွင်းက ပြန်တက်နိုင်ခဲ့တာ ကို မမှတ်သေးဘူးလား၊ ဒီတစ်ခါတော့ မင်း ကံမကောင်းနိုင်တော့ ဘူး"

"ခင်ဗျားတို့ရဲ့ သိုင်းပညာ အတုတွေကို ဟိတ်ဟန်ထုတ်ပြီး ခြိမ်းခြောက်လှည့်စားလို့ မရနိုင်တော့ဘူးဆိုတာကိုလဲ မေ့မနေနဲ့ဦး"

ကျင်းယုလိုင်က ထိုသို့ပြောလိုက်သောအခါ ထောက်ရှောင် လီမျက်နှာ တင်းခနဲ ဖြစ်သွား၏။

"တောက်...ကြည့်ကြသေးတာပေါ့"

ထောက်ရှောင်လီက ကြိမ်းဝါးပြောဆိုပြီး ညာလက်[illegible] မြှောက်ကာ အချက်ပေးလိုက်၏။

ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့သုံးယောက် ကျင်းယုလိုင်တို့[illegible] ပြေးဝင်တိုက်ကြသည်။

ကြာဖြူက မျဉ်းဖြိုင်ဓားသိုင်းဟန်မျိုးတွေ လှုပ်ရှားက[illegible] မနေတော့ပါ။

ဓားရှည်တစ်လက်တည်းကိုသာ ကိုင်ကာ သူမ၏ ပင်[illegible] ဓားသိုင်းကွက်များဖြင့် တိုက်ခိုက်သည်။

ကြာနီကလည်း အရိပ်မဲ့ လက်နက်ပုန်းပစ်ခတ်မှုကို [illegible] တတ်မြောက်နေသလိုလို ပရိယာယ်ဆင် အစွမ်းမပြတော့။

ဝံပုလွေတုတ်ဟုခေါ်ကာ ဆူးချွန်များပါရှိသည့် တုတ်[illegible] ဖြင့် ခပ်ကြမ်းကြမ်း ဝင်တိုက်သည်။



ကြာညို၏လက်နက်ကတော့ စုတ်တံချွန်လေးနှစ်ချောင်း။

ဘယ်ညာ လက်တစ်ဖက်စီတွင် စုတ်တံချွန်တစ်ချောင်းစီ ကိုင်ဆောင်ကာ သွေးကြောကွက်နေရာများကို အဓိကဦးတည် ထိုး ဆိုက်တိုက်ခိုက်သည်။

ထိုစုတ်တံချွန်များတွင် အဆိပ်ထည့်ထားသည်။

ထိမိရှမိလျှင်ပင် အဆိပ်သင့်နိုင်သည်။

မိန်းကလေးသုံးယောက်သည် ကျင်းယုလိုင်ကိုသာ အဓိက ပစ်မှတ်အဖြစ် ဝိုင်းညှပ်တိုက်ခိုက်ကြသည်။

ကေမိဝါက ကျာပွတ်ကို ဝှေ့ယမ်းရိုက်နှက်ကာ ကျင်းယုလိုင် ဘက်မှ ဝင်ရောက်ကူညီ တိုက်ခိုက်သည်။

ကျင်းယုလိုင်နှင့် ကေမိဝါတို့နှစ်ယောက်သည် အတူတူတွဲ ကာ တိုက်ပွဲဝင်ခဲ့မှု အတွေ့အကြုံရှိသော်လည်း အခြေခံ သိုင်းပညာ ချင်းမှ တစ်ယောက်နှင့်တစ်ယောက် မတူကြ။

ထို့ပြင်...

နှစ်ယောက်တွဲ သိုင်းဟန်လှုပ်ရှား တိုက်ကွက်ဖော်မှုကို လည်း ပူးတွဲလေ့ကျင့်ထားမှုမရှိ။

ထို့ကြောင့်...

နှစ်ယောက်အတူတွဲကာ တိုက်ခိုက်ရာတွင် အံဝင်ကာ အ ဆင်ပြေသွားသည့် အကွက်တွေ ရှိသလို အံချော်ကာ အပေးအယူ လွဲမှုတွေလည်း ပေါ်ပေါက်သည်။

ထို့ပြင်...

ကြာဖြူ၊ ကြာနီနှင့် ကြာညိုတို့သည် ကျင်းယုလိုင်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



သဲသဲမဲမဲ တိုက်ခိုက်ကြလျက် ကေမိဝါကိုမူ မရှောင်မလွှဲနိုင်သည့် အချိန်အခါတွင်သာ ရင်ဆိုင်တိုက်ကြလေရာ တိုက်ခိုက်မှုများသည် ကျောင်းယုလိုင်ဘက်တွင်သာ တစ်ဖက်သတ် မိထားသလို ဖြစ်နေသည်။

ထောက်ရှောင်လီသည် တိုက်ပွဲအခြေအနေကို ခေတ္တအကဲခတ် ကြည့်သည်။

ထို့နောက်…

ညာလက်ကို ဝှေ့ယမ်းလှုပ်ရှားကာ အဆိပ်လက်နက်ပုန်းများဖြင့် လှမ်းပစ်လေတော့သည်။

ထောက်ရှောင်လီ လက်နက်ပုန်းအများစုက ကေမိဝါထံသို့ ဦးတည်နေသည်။

ကျောင်းယုလိုင်ထံသို့ တစ်ခုနှစ်ခုမျှသာ ဝင်လာသည်။

ကေမိဝါသည် ကိုယ်ဟန်ကို ပေါ့ပါးစွာ လှုပ်ရှားလျက် ညာလက်တွင် ကိုင်ထားသော ကျားပွတ်ကိုလည်း သွက်လက်မြန်ဆန်စွာ ဝှေ့ယမ်းရိုက်ထုတ်ပစ်သည်။

ထောက်ရှောင်လီ ပစ်လွှတ်လိုက်သည့် အဆိပ်လက်နက်ပုန်း အချို့ကို လွတ်အောင်ရှောင်နိုင်သည်။

ကျန်လက်နက်ပုန်းများကိုတော့ ကျားပွတ်ဖြင့် ရိုက်ထုတ်ပစ်လိုက်သည်။

ထို့ကြောင့်…

ထောက်ရှောင်လီက ကေမိဝါထံသို့ ဦးတည်ပစ်လိုက်သော အဆိပ်လက်နက်ပုန်းအားလုံးမှာ ဘေးချော်ထွက်ကာ လွင့်စဉ်ကုန်



ကာ ဘာမျှထိရောက်မှု မရှိကြတော့ဘဲ အလဟဿ ဖြစ်ကုန်ကြသည်။

ကျောင်းယုလိုင်ထံသို့ ဝင်သွားသော လက်နက်ပုန်း [illegible] လေမှာလည်း ကေမိဝါ၏ ကျားပွတ်နှင့် လှမ်းရိုက်ဖယ်ထုတ်မှုကြောင့် လမ်းကြောင်း တိမ်းစောင်းကာ ဘေးချော် ထွက်ကုန်ကြသည်။

နောက်ထပ် အဆိပ်လက်နက်ပုန်းတွေ [illegible] ပြန်သည်။

ဒုတိယအသုတ် ပစ်လွှတ်သော လက်နက်ပုန်း [illegible] သည် ကေမိဝါထံသို့သာ ဦးတည်နေကြသည်။

ကျောင်းယုလိုင်ကို တစ်ခုတစ်လေမျှပင် မသွား။

ကေမိဝါကလည်း စောစောက လှုပ်ရှားခုခံမှုအတိုင်းပင် ထောက်ရှောင်လီထံ ဒုတိယအသုတ် လက်နက်ပုန်းများကို ရင်ဆိုင်သည်။

အချို့ကို လွတ်အောင်ရှောင်သည်။

ကျန်သည်များကို ကျားပွတ်ဖြင့် ရိုက်ထုတ်သည်။

ထောက်ရှောင်လီ၏ ဒုတိယအသုတ် လက်နက်ပုန်းများ ပစ်လွှတ် တိုက်ခိုက်မှုသည်လည်း ဘာမျှအရာမရောက်။

ကေမိဝါ၏ ထူးခြားသော ရှောင်တိမ်း ခုခံဟန်များကို ထောက်ရှောင်လီ သတိပြုမိသွားသည်။

မည်သို့သော သိုင်းကွက်သိုင်းဟန် ဖြစ်သည်ကို အတိအကျ မသိသော်လည်း ပစ်လွှတ်သော လက်နက်ပုန်းများကို မထိမှန်ရ အောင် ရှောင်တိမ်း ရိုက်ထုတ်နိုင်စွမ်း အပြည့်ရှိကြောင်းကိုတော့

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်မိသည်။

မိမိ အလွန်အားထားသော အဆိပ်လက်နက်ပုန်းများဖြင့် ကေမိဝါကို တိုက်ခိုက်၍ မရနိုင်မှန်းလည်း နားလည်လိုက်သည်။

ထောက်ရှောင်လိက ကေမိဝါကို အဆိပ်လက်နက်ပုန်းများဖြင့် သဲသဲမဲမဲ ပစ်လွှတ် တိုက်ခိုက်သည့် အချိန်တွင် ကြာဖြူ၊ ကြာနီနှင့် ကြာညိုတို့ကလည်း ကျင်းယုလိုင်ကို တရကြမ်းပင် မီးကုန်ယမ်းကုန် အပြင်းအထန် တိုက်ခိုက်ကြသည်။

ထောက်ရှောင်လိ ပစ်လွှတ်သော အဆိပ်လက်နက်ပုန်းများနှင့် ကေမိဝါ အလုပ်များနေသောကြောင့် တစ်ဖက် မိန်းကလေး သုံးယောက်၏ ပြင်းထန်ကြမ်းတမ်းသော တိုက်စစ်ဆင်မှုကို ကျင်းယုလိုင် တစ်ယောက်တည်းပင် ရင်ဆိုင်ရလေတော့သည်။

သုံးယောက်တစ်ယောက် ရင်ဆိုင်ရသော်လည်း ကျင်းယုလိုင်သည် ကောင်းစွာ တိုက်ခိုက်နိုင်သည်။

မိန်းကလေးသုံးယောက်တို့၏ တိုက်စစ်သည် ကျင်းယုလိုင်၏ ခံစစ်ကို ထိုးဖောက် မကျော်လွှားနိုင်။

ကျင်းယုလိုင်က ဟန်ပြတိုက်ကွက်များ ဖော်ထုတ်လာသော အခါတွင်တော့ မိန်းကလေးသုံးယောက်တို့၏ တိုက်စစ် ဖရိုဖရဲ ဖြစ်သည်။

ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့ သုံးယောက်၏ အနီးကပ် ထိုးစစ်ဆင်မှုကို မိမိက အဝေးမှ အဆိပ်လက်နက်ပုန်းများ ပစ်ခတ်တိုက်ခိုက် အားဖြည့်ပေးခြင်းဖြင့် ကျင်းယုလိုင်နှင့် ကေမိဝါတို့ကို အပြတ်အနိုင်ယူရန် ထောက်ရှောင်လိက စီစဉ်ထားခဲ့သည်။



ယခုမူ ကေမိဝါက အဆိပ်လက်နက်ပုန်းများကို အံ့သြလောက်အောင် ရင်ဆိုင်တိုက်ခိုက် ဖယ်ထုတ်နိုင်ခဲ့ရာ ထောက်ရှောင်လိတို့၏ တိုက်ကွက်နည်းဗျူဟာမှာ ထင်တိုင်းမပေါက်တော့ပေ။

အနီးကပ် တိုက်စစ်ဆင်သော ကြာဖြူတို့ သုံးယောက်ပင် အခြေယိုင်စပြုပြီ။

အရေးနိမ့်ရမည့် အခြေအနေတွေ ပေါ်လာပြီ။

မိမိအနေဖြင့် ထိရောက်သော တိုက်ကွက်တစ်ခုခု ဖော်ပေးမှ ဖြစ်တော့မည်ဟု ထောက်ရှောင်လိ သဘောပေါက်သည်။

ထို့ကြောင့်...

➤ ➤ ➤

ထောက်ရှောင်လိသည် အဆိပ်အတွင်းအားများကို အဆင့်ကုန် စုစည်းလိုက်သည်။

သူမ၏မျက်နှာ တင်းမာ ခက်ထန်လာသည်။

တစ်ကိုယ်လုံးရှိ အသားအရေများသည်လည်း အဆိပ်အတွင်းအား စီးဝင်နေသည့် သွေးရည်များ အရှိန်ပြင်းပြင်း လည်ပတ်မှုကြောင့် ညိုပုပ်ပုပ်အရောင် သမ်းလာသည်။

"ဟီး...ယား"

ထောက်ရှောင်လိသည် ဝမ်းခေါင်းသံကြီးနှင့် ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းသွားအောင် အော်ဟစ်ပြီး တိုက်ပွဲအတွင်းသို့ အပြေးပြေးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ပြေးဝင်လာမှုနှင့်အတူ ဘယ်ညာ လက်နှစ်ဖက်သည်လည်း အကြမ်းပတမ်း လှုပ်ရှားကာ အဆိပ်လက်ဝါးရိုက်ချက်တွေ ဆင့်ကဲဆင့်ကဲ ရိုက်ထုတ်သည်။

ပြေးဝင်လာသော ထောက်ရှောင်လိ၏ ရှေ့ဘက်တွင် အဆိပ်ဓာတ်များပြွန်းသော လေလှိုင်းလှုပ်ရှားမှု ရှေ့ပြေးအသွင်မျိုး ဖြစ်ပေါ်သည်။

တစ်သက်လုံး လေ့ကျင့်ထားသမျှ အဆိပ်အတွင်းအားများကို အကုန်အစင် စုစည်းထုတ်သုံးထားရာ ထောက်ရှောင်လိ၏ တိုက်ခိုက်မှုသည် ကြောက်စရာကောင်းလှသည်။

လူစိတ်ပင် ပျောက်သလို ဖြစ်နေသည်။

ဘာကိုမှလည်း သတိမမူမိတော့။

လက်ဝါးရိုက်ချက်များက ဆင့်ကဲဆင့်ကဲ တစ်ချက်ပြီးတစ်ချက် ရိုက်ထုတ်လျက်။

လူကလည်း ရှေ့သို့ အတင်းပြေးဝင်လျက်။

ထိုသို့ အရမ်းကာရော အတင်း ပြေးဝင်တိုက်ခိုက်လာရာ သူ့လူကိုယ့်လူဟုပင် မခွဲခြားနိုင်တော့။

ထောက်ရှောင်လိ တရကြမ်း ရိုက်ထုတ်သော အဆိပ်လက်ဝါးရိုက်ချက်၊ အားအင်များကို ကြာဖြူတို့ အရင်ဆုံး ထိတွေ့ကြရသည်။

မိန်းကလေးသုံးယောက် အလန့်တကြားဖြစ်ကာ စူးစူးဝါးဝါး ဘေးဖယ်ရှောင်တိမ်းကြသည်။

ထောက်ရှောင်လိ၏ အဆိပ်လက်ဝါးရိုက်ချက် စက်ကွင်းက



တော့ လုံးလုံးလျားလျား မလွတ်။

စက်ကွင်းမိသွားသော ကြာဖြူ တုံးခနဲ လဲကျသည်။

စက်ကွင်း အဖျားခတ်မိသော ကြာနီနှင့် ကြာညိုတို့နှစ်ယောက် ဒယီးဒယိုင်နှင့် ဘေးသို့ လွင့်စဉ်ထွက်ကုန်သည်။

ကျင်းယုလိုင်မှာလည်း ကမန်းကတန်းပင် နောက်သို့တအား ခုန်ဆုတ် ရှောင်တိမ်း ထွက်လိုက်ရသည်။

အဆိပ်လက်ဝါး ရိုက်ချက်စက်ကွင်းမှ သီသီလေးကပ်ကာ လွတ်သည်။

အားကုန်သုံးကာ နောက်သို့ ခုန်ရှောင်လိုက်ရသောကြောင့် ကျင်းယုလိုင်သည် အရှိန်ကို မသတ်နိုင်ဘဲ ပက်လက်လန်ကာ လဲကျသည်။

ထောက်ရှောင်လိ ရှေ့သို့ ခြေသုံးလေးလှမ်း ပြေးတက်ရောက်ရှိလာလျှင် အဆိပ်လက်ဝါးရိုက်ချက် စက်ကွင်းသည် ပက်လက်လန် လဲကျနေသော ကျင်းယုလိုင်အပေါ်သို့ မိမိရရ ကျရောက်ပေတော့မည်။

ကျင်းယုလိုင်သာ မဟုတ်။

ကေမိဝါလည်း စက်ကွင်း အမိခံရတော့မည့် အခြေအနေ ရောက်နေသည်။

အခြေအနေ သိပ်အရေးကြီးနေပြီ။

သေရေးရှင်ရေး အန္တရာယ် ရင်ဆိုင်နေရပြီ။

လက်နှေးလျှင် အသက်ပေးရတော့မည်။

ထို့ကြောင့် ကေမိဝါသည် ဘယ်လက်တွင် ဆုပ်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



သော တန်ပြန် အဆိပ်ဆူးချွန်လက်နက်ပုန်း သုံးခုနှင့် ထောက်ရှောင်လိကို တအားကုန် ပစ်ပေါက်လိုက်လေတော့သည်။

လူချင်း အတော့်ကို နီးကပ်နေသည်မို့ ပစ်ကွင်းက မလွဲ။

တန်ပြန် အဆိပ်ဆူးချွန် လက်နက်ပုန်း သုံးခုလုံးပင် ထောက်ရှောင်လိ၏ ရင်ဘတ်ကို စူးဝင်ထိုးစိုက်မိသည်။

"အား"

ထောက်ရှောင်လိ၏ ငယ်သံပါအောင် အော်ဟစ်လိုက်သံက ကြောက်ခမန်းလိလိ ပေါ်ထွက်လာသည်။

ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ဖြစ်ပေါ်နေသော အဆိပ်လက်ဝါး ရိုက်ချက် စက်ကွင်းသည်လည်း ချက်ချင်းပင် အားပျော့ပျောက်ကွယ်သည်။

ပြေးဝင်လာသော ထောက်ရှောင်လို၏ ခြေလှမ်းများ တုန့်ရပ်သည်။

ပြီးတော့...

ထောက်ရှောင်လိ ဘိုင်းခနဲ လဲကျသွားလေတော့သည်။

မိမိတို့ဘက်မှ အခြေမဟန်တော့သည်ကို ရိပ်မိသော ယန်ကုန်းမင်းသည် ဘာမျှ စဉ်းစားမနေတော့ဘဲ သုတ်ခြေတင်ကာ ထွက်ပြေးလေတော့သည်။

➤ ➤ ➤



ထောက်ရှောင်လိ၏ အန္တရာယ် ကင်းရှင်းသွားပြီ။

အဆိပ်လက်ဝါး စက်ကွင်းမိသွားသော ကြာနီနှင့် ကြာညိုတို့ နှစ်ယောက်ကို ကေမိဝါတို့က ဆေးဝါးကုသ အဆိပ်ဖြေပေးကြသည်။

အဆိပ်သင့် ခံနေရသေးသော လုအိမ်လိမ်ကိုလည်း ကုသပေးသည်။

ထောက်ရှောင်လိ၏ အင်္ကျီအိတ်ထဲမှ အဆိပ်ဖြေဆေးများ ရှိသောကြောင့် ကုသပေးရာတွင် လွယ်ကူအဆင်ပြေသည်။

ဟိုဖိန့်ထံမှ ရရှိသွားသော သော့တံကိုလည်း ထောက်ရှောင်လိ၏ အင်္ကျီအတွင်းအိတ်ထဲမှ ပြန်လည်ရယူနိုင်ခဲ့ကြသည်။

လုအိမ်လိမ်က ရွှေဒင်္ဂါးသေတ္တာများ သိမ်းဝှက်ထားသည့် မြေအောက်ခန်းကို လိုက်ပြသည်။

လုအိမ်လိမ်၏ အကြံပေးချက်အရ ဝန်ယုကောင်း ပေးသွားသော ခေါက်ယပ်တောင်ကို ချိုးဖျက်ကြည့်ရာ အထဲတွင်ထည့်၍ ဝှက်ထားသော သော့တံကို တွေ့ရှိရလေသည်။

ဤသို့ဖြင့် ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့ တာဝန်ခံ သယ်ယူပို့ပေးရသော တိုင်းပြည်ဘဏ္ဍာ ရွှေဒင်္ဂါးသေတ္တာ (၁၂)လုံးအနက်မှ (၁၁)လုံးကို ပြန်လည် ရှာဖွေတွေ့ရှိခဲ့သည်။ ပို့ရမည့်နေရာသို့ အရောက် ပို့ပေးနိုင်ခဲ့သည်။

ရွှေဒင်္ဂါးသေတ္တာ တစ်လုံးထဲမှ ရွှေဒင်္ဂါးများကတော့ ဟိုဖိန့်၊ ဝန်ယုကောင်းနှင့် လုအိမ်လိမ်တို့သုံးယောက် ခွဲဝေသုံးစွဲပြီးကြလေပြီ။

ရွှေဒင်္ဂါးသေတ္တာများ သိမ်းဝှက်ထားသည့် နေရာကို ဖော်ထုတ်ပြသပေးခဲ့မှုကို ထောက်ထားကာ လုအိမ်လိမ်ကို အပြစ်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပေးကြသည်။ ဆုကြေးငွေ အသင့်အတင့်လည်း ချီးမြှင့်သည်။

ကျင်းယုလိုင်ကို ကျားပျံ သယ်ယူပို့ဆောင်ရေးအဖွဲ့က ရာထူး တိုးမြှင့်ပေးသည့်အပြင် ဆုငွေလည်း ချီးမြှင့်သည်။

ကေမိဝါကတော့ ဆုကြေးအများဆုံး ရရှိသည်။

သက်ဆိုင်ရာ အာဏာပိုင်များနှင့် ကျားပျံသယ်ယူပို့ဆောင်ရေးအဖွဲ့တို့ ပူးပေါင်းကာ ရွှေဒင်္ဂါး အပြားတစ်ထောင်တိတိ ဆုချီးမြှင့်ခြင်း ခံရသည်။

ကိစ္စအဝဝ ပြီးစီး၍ ကျောက်စိမ်းမြို့စခန်းသို့ ကေမိဝါ ပြန်သောအခါ ကျင်းယုလိုင်လည်း အဖော်အဖြစ် အတူလိုက်ပါသွားသည်။

ကေမိဝါသည် သူမကို ချစ်မြတ်နိုးသော ဘာဝဖော်ချစ်သူတစ်ယောက်လည်း ရရှိခဲ့ပေသည်။

ပြီးပါပြီ။

www.burmeseclassic.com